
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com




မိုးကောင်းကင်ကြီးလည်း ... ပြိုကျလာစရာ မလိုပါဘူး။
မြေပြင်တစ်ခုကလည်း ... ခုန်တက်ပြေးကပ်လို့ မလာနိုင်ဘူး။
ဒါပေမဲ့ ..."မိုးကုပ်စက်ဝိုင်းတစ်နေရာ"... ဆိုတာရှိတယ်။
မိုးကုပ်စက်ဝိုင်းကို ယုံကြည်ရင် ... ဆုံနိုင်ခွင့် ဆိုတာလည်း ...
တစ်နေ့တော့ ရှိလာနိုင်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## အခန်း(၁)

အိမ်ရှေ့သို့ Bentley Imperator ကားကြီး ထိုးဆိုက် ရောက်ရှိလာလျှင် ဦးစွာ ဖျတ်ခနဲ ခေါင်းထောင်ကြည့်လိုက်သူမှာ **"ဘိုမ"**ဝင် ဖြစ်ပါသည်။ ပြီးတာနဲ့ ချက်ချင်းမတ်တတ်ထရပ်၊ အိမ်ရှေ့ဖိနပ်ချွတ်ကပြင်ကလေးကနေ လမ်းမပေါ်အထိပါ ဆင်းဖို့ ဟန်ပြင်လိုက်ပြီမို့ **"ရှရှ"**က ဘိုမကို စိတ်ပျက် စိတ်ညစ်သလို တစ်ချက်လှမ်းကြည့်လိုက်ရင်း ...

"ပြောနေလက်စ စကားကို ဖြတ်သွားရသလား။ အဲဒီကားကြီးကငါတို့ဘဝရှေ့ရေးအကြောင်း တိုင်ပင်နေကြတဲ့စကားတွေလောက် ဘာများအရေးကြီးသလဲ။ ကိုယ်နဲ့လည်းမဆိုင်၊ ဘယ်သူမှန်းလဲလည်း မသိတဲ့သူတွေကို အလကားသွားစပ်စုဦးမယ်"

"မဆိုင်ဘူးလို့ နင့် ဘယ်သူကပြောလဲ"

"အဲဒီလိုကားမျိုးကြီးက ငါတို့နဲ့ ဆိုင်စရာ ဘာအကြောင်းရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကလွဲတဲ့ ကျန်တဲ့တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးနဲ့ရော ဆိုင်စရာရှိမယ် ထင်လို့လား။ ဘာပဲဖြစ်ဖြစ် လာရပ်လိုက်တာကတော့ ငါတို့အိမ်ရှေ့မှာပဲလေ"

ဘိုမက ရုရုကို ဆက်လက်အရေးစိုက်နေလိုဟန်မရှိတော့ဘဲ ဖိနပ်ချွတ်ကလေးကနေ လှေကားသုံးထစ်ကို ဖြတ်ဖြတ်နဲ့ လျှင်လျှင်မြန်မြန် ဆင်းချသွားသည်မှာ လမ်းပေါ်သို့ပင် ရောက်ရှိသွားပါပြီ။ တစ်စီးလုံး နက်မှောင်နေသော ကားကြီးမှာ မှန်များကလည်း ဖိုတိုဂရေးကာလာများနှင့် ခပ်မှောင်မှောင်မို့ ခုလို နေ့လယ်နေ့ခင်း အချိန်မျိုးမှာပင် ကားပြင်ကလူက မှန်အပြည့်တင်ထားတဲ့ ကားအတွင်းကို လှမ်းမမြင်သာပါ။ သို့သော် … ဘိုမတစ်ယောက် ကားဆီသို့ကပ်သွားလိုက်တာနဲ့ တစ်ပြိုင်နက် နောက်ခန်းကမှန်တစ်ချပ် လျှောခနဲ ပွင့်ဟသွားကာ …

"ဒီအိမ်က ဦးတင်အောင်တို့ အိမ်များလား"

"ဟာ … ဟုတ်တာပေါ့၊ ဒါပေမဲ့ …"

ဘိုမရဲ့စကား မဆုံးလိုက်ရပါ။ မှန်တစ်ချပ်လျှောချထားသော နောက်ခန်းတံခါးက ဖျတ်ခနဲ တံခါးပွင့်လာကာ ခြေထောက်လေးတစ်ဖက်က လမ်းပေါ်သို့ ထွက်ကျလာသည်။ ပြီးတာနဲ့ နောက်တစ်ဖက်။ လူတစ်ကိုယ်လုံးပါ အပြင်ရောက်တဲ့အခါမှာတော့ ကားနားအထိ သွားရပ်နေတဲ့ ဘိုမသာမက အိမ်ပေါက်ဝအထိသို့ ယောင်ယောင်ကမ်းကမ်းနှင့် ရောက်လာပြီဖြစ်တဲ့ ရုရုပါ နှစ်ယောက်လုံး ပါးစပ်အဟောင်းသားပင် ဖြစ်သွားကြရပါတော့သည်။





ကားပေါ်က ဆင်းလာသူမှာ အမျိုးသမီးတစ်ယောက်ပါ။ အသက်အရွယ် အတန်ငယ်ရနေပြီဆိုတာ သိသာနေပေမယ့် ထိုအမျိုးသမီးကြီးရဲ့ နှုဖပ်စိုပြည်၊ ဝင်းပကြော့ရှင်းနေလိုက်ပုံဟာ မြီးကောင်ပေါက် အပျိုအရွယ်လေး နှစ်ဦးဖြစ်တဲ့ ဘိုမနဲ့ ရုရုတို့ကို ပါးစပ်အဟောင်းသားတွေ ဖြစ်နေစေရုံမျှမက၊ ကျန်တဲ့တစ်ရပ်ကွက်လုံးအတွင်းက လူတော်တော်များများကိုလည်း (မသိမသာလိုလို၊ စောင်းပါးရိပ်ခြည်လိုလိုနှင့်) ဘိုမနဲ့ ရုရုတို့ရဲ့ အိမ်ကလေးရှေ့ကို တဖွဲဖွဲ ဆိုက်ရောက်လာစေလိုက်ပါသည်။ အိမ်ကလေးရဲ့ရှေ့က မြေကွက်လပ်ငယ်ဟာ ရုတ်ခြည်းဆိုသလိုပင် ကလေးလူကြီး အရွယ်စုံပရိသတ်တို့နဲ့ အပြည့်ဖြစ်သွားပြီး ကားနက်ကြီးနံဘေးမှာလည်း လူတွေအုပ်အုပ်စုစုနှင့် ဖြစ်သွားသည်။

အမျိုးသမီးကြီးက ပရိသတ်လူစုကို ကြည့်ကျက်ရှောင်ရှားကာ သူကပင် ဦးဆောင်ပြီး အိမ်ကလေးဆီသို့ ဦးတည်လျှောက်လှမ်းသွားပါသည်။ ထိုအခါမှပင် နောက်မှာကျန်ရစ်သလိုရှိတဲ့ ဘိုမက လူတွေကို တွန်းတန်တွန်း၊ ဖယ်တန်ဖယ်လုပ်နေရင်းက နှုတ်မှလည်း အဆက်မပြတ်ဆိုသလို …

"နည်းနည်းလောက်တော့ ဖယ်ကြပါဦးလား၊ ဘယ်လိုဖြစ်နေကြလို့ ဒီလောက် တိုးဝှေ့ပြုံနေကြတာလဲ၊ ရုပ်ရှင်ရိုက်နေတယ်များ မှတ်နေကြလား။ ဘာမှမဆိုင်ဘူး။ သွား … ပြန် … ဖယ် …။ ဟဲ့ … ဟိုကောင်လေး … ဘာလို့လှေကားထစ်အလယ်ကြီးကို ပိတ်ထိုင်ထားရတာလဲ။ ဖယ်စမ်း၊ ညှိသည်က ဘယ်လိုလုပ် တက်ရတော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုမလောက် တဖြတ်ဖြတ်နဲ့ ဖျတ်ဖျတ်လတ်လတ် မရှိလှသော်လည်း အိမ်ပေါ်မှ ရုရုကလည်း ဆက်လက်ငေးကြောင် မနေပါ။ အမျိုးသမီးကြီး အိမ်ပေါ်သို့ မရောက်မီ မိနစ်ပိုင်းကလေး အတွင်းမှာ (ခုနက ချဉ်ပေါင်ရွက်ခြွေရင်း ထိုင်စကားပြောနေကြ သည်ဖြစ်၍) ညှော်ခန်းလို နေရာမျိုးလေးထဲမှာ ပွရှုပ်ပြန့်ကျဲနေတဲ့ ချဉ်ပေါင်ရိုးတွေ၊ အမှိုက်တွေကို ရှင်းလင်းပြီးသား ဖြစ်သွားကာ ဖျာကလေးတစ်ချပ်ကိုပါ သပ်သပ်ရပ်ရပ်ကလေး ဆွဲယူခင်းပေးပြီး ဖြစ်သွားခဲ့ပြီ။

ပရိသတ်ကတော့ ဘိုမရဲ့စကားနဲ့ အတွန်းအဖယ် လောက်ကိုတော့ ရှိသည်တောင်မထင်ပေ။ တွန်းတုန်း ခဏမျှ လောက်သာ ယိုင်သွား၊ တိမ်းသွားကြပြီး ချက်ချင်းပင် အိမ်ရှေ့မှာ ပြန်ပြီးအုံခဲသွားကြသည်။ အိမ်ပေါ်အထိ တက်လိုက်လာကြ သူတွေကတော့ ရပ်ကွက်လူကြီးကတော်လည်းဖြစ်၊ ဒီအိမ်ကလေး ရဲ့အိမ်ရှင်လည်းဖြစ်တဲ့ ကြီးတော်မြနဲ့ သူ့တူမ အပျိုကြီး မမအေး လောက်သာ ရှိပါသည်။

အဲဒီလောက် ကောင်းလွန်းအားကြီးနေတဲ့ ကားကြီး မျိုးဟာ ဒီလိုရပ်ကွက်ငယ်တစ်ခုရဲ့ လမ်းမြောင်ကြားထဲကို တစ်ခါ မှမဝင်လာဖူးခဲ့တာကတစ်ချက်၊ ကားပိုင်ရှင် အမျိုးသမီးကြီးရဲ့ ပြောစမှတ်ပြုရလောက်အောင် ခန့်ညားပြတ်သတ်ထွက်နေတဲ့ ဟန် ပန်သွင်ပြင်တို့ကြောင့်ကတစ်ချက်။ ဘိုမတို့ ရုရုတို့အိမ်ကို ဆိုက် ရောက်လာတဲ့ ဧည့်သည်တစ်ယောက်ဟာ တစ်ရပ်ကွက်လုံးအတွက်





တော့ သူတို့ချစ်သော ကိုရီးယားအဘွားအိုဒ်မိမင်းသမီးတစ်ယောက် ကို အကောင်လိုက် အရှင်လတ်လတ်ကြီး မြင်လိုက်ရသလို၊ ဖုတ် သွင်းရထားပဲ ဆိုက်သလို တထူးတဆန်း အံ့ဘနန်းကြီးတွေကို ဖြစ်နေကြတော့သည်။

"ဦးတင်အောင် မရှိတော့ဘူးဆိုတာ သိပါတယ်"

ဖျာပေါ်မှာ သေချာဝင်ထိုင်ပြီးတော့မှ အမျိုးသမီးကြီး က သူ့နားမှာ ကျုံ့ကျုံ့ရုံ့ရုံ့လေးတွေ ဖြစ်နေကြတဲ့ ဘိုမနဲ့ ရုရု နှစ်ယောက်လုံးကို ခြုံကြည့်ကာ သူကပဲ အရင်စကားစလာပါသည်။

"အန်တီကတော့ ..."

"အဘိုးရဲ့အလုပ်ရှင် မဟုတ်လားဟင်"

စကားကိုဖြတ်ပြီး ဝင်မေးပစ်လိုက်တဲ့ ဘိုမကို ရုရုက အသာလက်ကုတ်သည်။ သို့သော် ဘိုမက ရုရုရဲ့လက်ကို ပြန်ပုတ် ထုတ်ပစ်လိုက်ကာ ...

"ဟုတ်တယ်နော်၊ မမက အဘိုး အမြဲတမ်း ထခုတ်တရ၊ တဖွဖွပြောပြောနေတတ်တဲ့ သူ့အလုပ်ရှင်ဆိုတာပဲ နေမှာ ပါ"

ရုရုမှာ ဒီတစ်ခါတော့ ဘိုမကိုပဲ အံ့သြတကြီးကြည့် လိုက်မိပါသည်။ အဘိုးလောက် စကားနည်းတဲ့၊ နှုတ်ဆိတ်တဲ့သူ တစ်ယောက်က သူ့နံဘေးမှာ အမြဲတမ်းရှိနေတတ်တဲ့ ရုရုတောင် မသိလိုက်ရဘဲ ဘယ်တုန်းလောက်ဆီကများ သူ့အလုပ်ရှင်ရဲ့ အကြောင်းတွေကို ဘိုမထံ အမြဲတဖွဖွ ပြောပြခဲ့ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးတင်အောင်ရဲ့ အလုပ်ရှင်က တို့တော့ မဟုတ်ပါဘူး။ တို့ရဲ့အဖေပါ၊ ဦးတင်အောင်ရဲ့ အလုပ်ရှင်ဖြစ်ခဲ့တဲ့ ဦးမင်းဒင်က အန်တီရဲ့အဖေပါ"

"ဒါပေမဲ့ အဘိုးပြောပြခဲ့တဲ့ အထဲမှာ မမရဲ့အကြောင်းတွေလည်း ပါ,ပါတယ်"

ဘိုမကား မလျှော့ပေ။ ဟိုက"အန်တီ"တတွင်တွင်သုံးလည်း သူကဇွတ်ကြီးပင် "မမ"။ သူ့ပြောပြန်ရင်လည်း "ဘယ်လိုအသက်အရွယ်၊ အဆင့်အတန်းနဲ့ မိန်းမမျိုးမဆို ငယ်ရနုရတာကို လူတိုင်းကြိုက်တယ်။ အဘွားအရွယ်ကို "မမ"လို့ခေါ်လည်း ဘယ်သူမှ စိတ်မဆိုးဘူး။ ငယ်တာ နုတာအပြင် သူတို့ရဲ့အဆင့်အတန်းကို ဂုဏ်မြှင့်ခေါ်ပေးရာပါရောက်လို့ လူတိုင်းကြိုက်တယ်"ဆိုတဲ့ ဆရာမကြီးဆန်တဲ့ စကားမျိုးကို ပြန်ရမှာ အမှန်ပင်။

ရုရုဖြင့် ကိုယ့်အမေရဲ့အရွယ်နီးပါး အမျိုးသမီးကြီးတစ်ယောက်ကို "မမ"ဟု မခေါ်ရဲတာ အမှန်ပင်။ ဘိုမကတော့ "အထက်တန်းကျတဲ့ စရိုက်ကို မရှိဘူး"ဟု ကဲ့ရဲ့ချင်လည်းကဲ့ရဲ့ပေလိမ့်မည်။ ခုလည်းပဲ "အန်တီ"နဲ့ "မမ"ဇွတ်ကြီးဖြစ်နေတာကို လက်ကုတ်ပြီး သတိပေးချင်ပေမယ့် ခုနကလို သိသိသာသာကြီး ပြန်ပုတ်ထုတ်ပစ်လိုက်မှာကို စိုးရတာကြောင့် အသည်းတယားယားနှင့်ပင် ငြိမ်နေရပါသည်။

"ဦးတင်အောင်က အန်တီ့အဖေဆီမှာ အလုပ်မလုပ်တော့တဲ့နောက်ပိုင်းမှာ အန်တီတို့အိမ်နဲ့ သူနဲ့ အဆက်အသွယ်ပြတ်





သွားကြတယ်တော့ မဟုတ်ပေမယ့် အရေးကိစ္စ မရှိရင်မရောက်ဖြစ်ကြတာမျိုးပေါ့။ အန်တီ့အဖေကလည်း မကျန်းမမာနဲ့ အိပ်ရာထဲလဲနေခဲ့တာဆိုတော့ ဦးတင်အောင်ဆုံးတုန်းကလည်း အလုပ်ထဲက မန်နေဂျာကိုလွှတ်ပြီးတော့ပဲ ကူညီခဲ့ရတယ်။ ဖေဖေရော အန်တီတို့ပါ မရောက်နိုင်ခဲ့ကြဘူး။ ခုတော့ အန်တီ့ဖေဖေကလည်း ပြီးခဲ့တဲ့လကပဲ ဆုံးပါးသွားခဲ့ပါတယ်။ အဲဒီတော့ ဖေဖေ့ကိစ္စနဲ့ အန်တီလည်း မအားလပ်တာနဲ့ လူရောစိတ်ပါ ပန်းနေခဲ့ရတာနဲ့ ဖေဖေမှာသွားခဲ့တဲ့ ကိစ္စလေးကို ခု ဖေဖေ့လ,လည်လုပ်ပြီးကာမှပဲ အကောင်အထည်ဖော်ဖြစ်ဖို့"

ဒီတစ်ခါတော့ တစ်ဖက်သားစကားကို ဝင်မဖြတ်ဘဲ အဆုံးထိ စိတ်ရှည်လက်ရှည် နားထောင်နေသည့် ဘိုမတစ်ယောက် အမျိုးသမီးကြီးက သူ့စကားစကို ခဏရပ်တန့်လိုက်ကာမှပင် လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားပါသည်။ ရုရုထံ အကြည့်တစ်ချက်ရောက်လာသည်မို့ ရုရုကလည်း မျက်လွှာလေးတစ်ချက် လှန်ကြည့်မိကာ ခေါင်းကို ပြန်ငုံ့ထားလိုက်သည်။

ဘိုမရင်ထဲ ဘယ်လိုဖြစ်နေမလဲ၊ ရုရုသာ အသိဆုံးကိုယ်ချင်းအစာနိုင်ဆုံး ဖြစ်ပါသည်။ ခုနကလေးတင် ဒီထူးခြားအံ့သြဖွယ်ကောင်းတဲ့ ဧည့်သည် အန်တီကြီး ရောက်မလာခင်လေးတင်မှာပင် ရုရုနဲ့ဘိုမတို့ဟာ ကိုယ့်ဘဝရှေ့ခရီးတွေကို ဘယ်လိုဆက်ကြရင် ကောင်းမလဲလို့ တိုင်ပင်နေခဲ့ကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com

အဘိုး ဆုံးသွားခဲ့တာ ခြောက်လလောက် ရှိပါပြီ။ အသက်ခုနစ်ဆယ်အရွယ်မှာ ဆုံးသွားခဲ့တဲ့ အဘိုးဟာ မဆုံးခင် ခြောက်ဆယ့်ငါးနှစ်ကျော်ကျော်လောက် အထိတော့ အိမ်တစ်အိမ်မှာ ကားဒရိုင်ဘာကြီးတစ်ယောက်အဖြစ် အလုပ်လုပ်ခဲ့သည်။ ဒီဝင်ငွေနဲ့ပဲ မြေးမနှစ်ယောက်ဖြစ်တဲ့ ရုရုနဲ့ ဘိုမကို ကျွေးမွေးကျောင်းထားနိုင်ခဲ့သည်။ အဘိုး အသက်ခြောက်ဆယ့်ငါးနှစ်လောက်မှာ ကား accident တစ်ခု ဖြစ်ကာ ခြေသလုံးရိုးကျိုးသွားခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ အဘိုးဟာ ကားဆက်မမောင်းနိုင်တော့ပါ။ ဒါပေမဲ့ အဲဒီအချိန်ကနေ အခု အဘိုးဆုံးပါးသွားခဲ့တဲ့အချိန်အထိ။ ပြောရမယ်ဆိုရင် ဆုံးပါးပြီးခဲ့တဲ့တိုင်အောင် ခုထိ၊ နောက်ထပ်ခြောက်လလောက် ကြာသည့်အထိ ရုရုနဲ့ ဘိုမတို့မှာ အခြေမပျက်ခဲ့ရပါ။

ခါတိုင်းလိုပဲ လောက်ငရုံလောက်တော့ လူတန်းစေ့ကလေး ဆက်နေနိုင်ခဲ့တာ။ အရင်က တစ်ခါမှ မစဉ်းစားမတွေးခေါ်မိတာကို ခုမှ သေချာခေါင်းထဲ ပြန်ထည့်ကြည့်မိရင်း အဘိုးက အလုပ်မလုပ်နိုင်တော့ပေမယ့် အလုပ်ရှင်က ငါးနှစ်တိုင်တိုင်ဆက်ထောက်ပံ့ထားခဲ့တာမျိုးပဲ နေမှာပါ။ အဘိုးမရှိတော့တဲ့နောက်ပိုင်းမှာတော့ လူတစ်ယောက် ရောက်လာပြီး ပေးခဲ့တဲ့ "အသုဘာကိစ္စအတွက် အကူငွေ" ဆိုတဲ့ ပမာဏဟာ ကျန်ရစ်သူ မြေးမငယ်တစ်ဝမ်းကွဲ ညီအစ်မနှစ်ယောက်ကို ခြောက်လလောက်အထိပင် ဆက်လက်ဖူလုံနေစေခဲ့သည်။





"ဟဲ့ ... ရုရု၊ ဟိုပိုက်ဆံ ကုန်ပြီနော်။ ကုန်ဆို ဒီလကုန်လောက်ဆိုရင်ပဲ တစ်ပြားမှ မကျန်တော့ဘူးလို့ မှတ်လိုက်တော့။ အဲဒါ နင် ဘာဆက်လုပ်မှာလဲဆိုတာ ခုလောက်ကတည်းက စ,စဉ်းစားပြီး ဆုံးဖြတ်တော့"

အဲဒီအဖြစ်ကို ကြုံတွေ့ပြီး အိပ်မပျော်၊ စားမဝင်ဖြစ်နေခဲ့ရတဲ့ ရုရုအဖို့ ဘိုမရဲ့ သတိပေးသံက နားနားကပ်ပြီး ဗုံးခွဲချလိုက်သကဲ့သို့ပင်။ အဘိုးမရှိတော့တဲ့နောက်ပိုင်းမှာ အဲဒီလိုဖြစ်လာတော့မယ်ဆိုတာကို သိသိကြီးနဲ့ ဘယ်လိုဖြေရှင်းရမလဲ မသိနိုင်လို့သာ စိတ်ညစ်ခြင်းကိုပဲ အဖော်ပြုနေခဲ့ရတာပါ။

"ပိုက်ဆံပမာဏတစ်ခု လက်ထဲ ထုထုထည်ထည်ရှိတုန်း တစ်ခုခု ကြိုတင်စီစဉ်ကြရအောင်" ဆိုပြန်တော့လည်း ငွေကိုင် ဘိုမက "အဲဒီလို စဉ်းစားလို့ရအောင် နင့်ပိုက်ဆံကဖြင့် စီးပွားရေးကြီးတစ်ခုခု ထလုပ်ရလောက်အောင် များလို့လား။ အရှည်လေး ဆက်ဆွဲစားနေနိုင်ဖို့တောင် အနိုင်နိုင်ရယ်ဟာကို" တဲ့။

သူက ပိုလည်လည်ဝယ်ဝယ် ချက်ချက်ချာချာရှိလို့ "ငွေကိုင်" လုပ်နေတာဆိုတော့လည်း ရုရုက "ဘာတွေကြောင့် ကုန်သွားရတာလဲ" ဆိုတာကို လိုက်မေးမြန်း စာရင်းစစ်နေဖို့ မရှိပါ။ "နင် ... နင်ရော ဘာဆက်လုပ်မလဲဆိုတာ စဉ်းစားထားပြီးသားရှိလား" ဆိုတော့ ...

"ငါကတော့ လောလောဆယ်တော့ ငါ့ကို အလိုရှိရှိမရှိရှိ ငါ့အမေအိမ်ပေါ်ကို အတင်းသွားတက်နေမှာပေါ့ဟာ၊ ဒါပဲရှိတဲ့ဟာ။ အဲလိုပဲ တွေးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟင် ... ဒါဖြင့် ...။ ရရ စိတ်ထဲ ဝမ်းနည်းအားငယ် စိုးထိတ်သွားလိုက်ရတာဆိုတာ။ ဟုတ်တာပေါ့။ ငယ့်စဉ်တောင်ကျေး ကလေးဘဝတည်းက ဒီအဘိုးနဲ့သာ အတူနေ အတူကြီးခဲ့ကြတာဆိုပေမယ့် ရရကသာ မိဘမဲ့ တစ်ကောင်ကြွက်တစ်ယောက်ဖြစ်ကာ ဘိုမကတော့ ဘယ်ဆီရောက်နေမှန်း မသိတဲ့ အဖေရယ်၊ နောက်အိမ်ထောင် ပြုသွားတဲ့ အမေရယ်နဲ့ အားကိုးရရမရရ မိဘစုံရှိသေး ဟုတော့ အနည်းဆုံး ပြောနိုင်တာမျိုးပဲ။

ဘိုမရဲ့အဖေနဲ့ ရရရဲ့အဖေတို့က အဘိုးရဲ့သားနှစ်ယောက်ပါ။ ရရကတော့ ငယ်ငယ်လေးတည်းက မိဘနှစ်ပါးစလုံးမရှိတော့တာမို့ အဘိုးနဲ့သာ ကြီးခဲ့ရတာဖြစ်ပြီး၊ ဘိုမကတော့ သူ ဆယ့်နှစ်နှစ်သမီးလောက် အရွယ်ရောက်မှ သူ့အမေက နောက်ယောက်ျားနဲ့ လိုက်သွားခဲ့လို့ဆိုပြီး သူ့အဖေက အဘိုးအိမ်ကိုလာပို့ထားခဲ့တာ။ အဲဒီကတည်းက သူ့အဖေကလည်း ဘယ်ဆီရောက်မှန်းမသိ ရောက်ရာ ပေါက်ရာ ထွက်သွားလိုက်တာဆိုတော့ ခုထိသတင်းမရတော့သူပါ။

"နင် ... နင်က ... နင့်အမေနဲ့တော့ အဆက်အသွယ်ရှိတာပေါ့နော်"

"ကျွတ် ... ! ဘာလို့မရှိရမှာလဲ။ ငါ့အမေပဲဟာ။ အဘိုးကတော့ သူ့သမီးမှ မဟုတ်တာ မဆက်သွယ်နဲ့ပဲ ပြောမှာပေါ့။ အဘိုးလည်း မရှိတော့ပါဘူးဟာ။ နင်လည်း လိုက်တိုင်လို့ မရတော့ပါဘူး။ မျက်လုံးကြီးပြူးမနေစမ်းပါနဲ့။





သူ့စကားသာ နားထောင်ခဲ့မိရင် ငါလည်း ခုလိုအချိန်မျိုးကျ နင့်လိုပဲ ဘာလုပ်ရမှန်းမသိ ဒုက္ခရောက်ရပါလား"

ဘိုမ ပြောလိုက်မှပင် ရရမှာ ကိုယ့်အဖြစ်ကို ပိုလို့တောင် ဝမ်းနည်းသွားရကာ မျက်ရည်ကြီးတွေ လည်လာမိရတော့တာ။ "အမေ့အိမ်ပဲ အတင်းသွားတက်နေမှာပဲ" ဆိုတဲ့ ဘိုမက "နင်ကော လိုက်မလား" လို့ တစ်ခွန်းမှ မမေးခဲ့သည်ကိုတော့ ရရက နားလည်ပေးနိုင်ပါသည်။ သူတောင် ဘယ့်နှယ်ရှိဦးမည် မသိတာ။ ဘာမှမဆိုင်တဲ့ ရရကိုပါ ဘယ်လိုလုပ် လောက်ကွတ်လုပ်နိုင်မလဲ။

ဒါပေမဲ့ ဒီအိမ်ပိုင်ရှင် ... ကြီးတော်မြကာ ...

"မိန်းကလေးတွေ စုနေကြတဲ့ အဆောင်မျိုးကို ပြောင်းနေကြပေါ့ဟဲ့။ ဒီလို အိမ်တစ်ခြမ်းငှားနေတဲ့ လခထက်တော့ အများကြီး သက်သာတာပေါ့။ ပြီးရင် ညီအစ်မနှစ်ယောက်လုံး အထည်ချုပ်ဖြစ်ဖြစ်၊ စက်ရုံတစ်ခုခုမှာပဲဖြစ်ဖြစ် အလုပ်ဝင်ကြ။ ငါ လိုက်ရှာဖွေပြောပေးပါ့မယ်။ နယ်ကမိန်းကလေးတွေတောင် ဒီလိုပဲ ရန်ကုန်တက်လာပြီး တစ်ယောက်တည်း ရုန်းကန်နေလို့ ဖြစ်နေကြသေးတာ။ နင်တို့ဆို ကိုယ့်ညီအစ်မနှစ်ယောက် အဖော်လည်းရှိတယ်။ နှစ်ယောက်စာပေါင်းသုံးရင် တစ်ယောက်တည်း သုံးနေတာထက်လည်း သက်သာနိုင်တာတွေရှိတယ်။ အဲဒီလိုပဲ စီစဉ်လိုက်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောခဲ့တာကို အင်းမလှုပ် အဲမလှုပ်နှင့် "စဉ်းစားဦးမယ်"လောက်ပင် အကြောင်းမပြန်လေတာကိုတော့ ရရက ဘိုမအပေါ် အံ့သြဝမ်းနည်းရလေသည်။ သူ့အမေအိမ်ကို (ဟိုကလည်း မခေါ်ဘဲနဲ့များ) အတင်းသွားတက်နေရမှာက ရရနဲ့ နှစ်ယောက် တက်ညီလက်ညီ လက်တွဲပြီး ဆက်ရန်းကြရမှာထက် သာမယ်လို့များ ထင်နေလို့လား မသိပါ။

အဲဒီလို လိပ်ခဲတင်းတင်း ညိုမရ၊ ပြုမရ၊ ပြောမရသေးသည့် အခြေအနေမျိုးမှာပဲ အိမ်ရှေ့ကို ဖုတ်သွင်းရထားက ဖြုန်းခနဲ လာဆိုက်လိုက်တာပဲ ဖြစ်ပါသည်။ အဘိုးရှိစဉ်ကတည်းက အလုပ်မလုပ်နိုင်တော့သော်လည်း ဆက်ထောက်ပံ့ပေးထားဟန်ရှိတဲ့ အဘိုးရဲ့အလုပ်ရှင်များဟာ "ဖေဖေ မှာသွားခဲ့တဲ့ကိစ္စလေးတစ်ခုကို အကောင်အထည် ဖော်ချင်လို့" ဆိုပါလား။

ရရရဲ့စိတ်ထဲမှာ "ဒီတစ်ခါ ထောက်ပံ့ငွေကလေး လုံးလုံးခဲခဲ ရခဲ့ရင်တော့ ဘိုမကို အကုန်ပေးမကိုင်ထားတော့ဘူး။ မှုမှုတတ တစ်ဝက်ခွဲပြီး ငါ ယူကိုင်ထားဦးမှ"ဆိုတဲ့ အတွေးမျိုးတွေ ဖျတ်ခနဲ ပေါ်လာပြီးမှ ကိုယ့်အတွေးတွေအတွက် ကိုယ်ပြန်ပြီး အရမ်းရှက်သွားရပါသည်။ မျှော်လင့်တပ်မက်ရာလည်းကျ၊ စားမာန်ခုတ်ရာလည်း ကျလှတဲ့ အတွေးမျိုးကို ဟိုအန်တီကြီးနဲ့ ဘိုမတို့ ဘယ်လိုမှ မရိပ်မိနိုင်ပါဘူးဟု သေချာနေတဲ့ကြားကပင် ကိုယ့်ဟာနဲ့ကိုယ် ရှက်လွန်းလို့ ခေါင်းမဖော်ရဲ။ ခုနကတည်းက ငုံ့ထားပြီးသား ခေါင်းကြီးကို ပိုလို့ ဖွတ်တိုးကာ ထပ်ငုံ့ချလိုက်သည်။

"တို့ဖေဖေက ပြောသွားတယ်။ ဦးတင်အောင်ဟာ မိဘမဲ့ သူ့မြေးကို တော်တော်လေး စိတ်မချ လက်မချနဲ့ နောက်ဆံ တင်းရှာတယ်တဲ့၊ အဲဒီတော့ အဲဒီသူ့မြေးကို တို့ကပဲ စောင့်ရှောက်ပေးပါလို့ မှာသွားတယ်။ နို့မို့ ဖေဖေသာ အစောကြီးတည်းက ပြောခဲ့နိုင်ရင် ဦးတင်အောင် ဆုံးသွားကတည်းက တို့ ဒီကိုရောက်လာဖြစ်မှာပါ။ ဒါပေမဲ့ ဖေဖေကလည်း လေဖြတ်ထားတော့ အဲဒီအချိန်က စကား မပြောနိုင်ဘူး။ ခုမှ ဆုံးကာနီးကျမှ စကားက တစ်ခွန်းစ၊ နှစ်ခွန်းစ ပြန်ပြောလာနိုင်တော့မှ ဖေဖေ အရင်ဆုံးပြောခဲ့တာ အဲဒီအကြောင်းပဲ"

ဘိုမရဲ့မျက်နှာက ကွက်ခနဲ ပျက်သွားပါသည်။ အန်တီကြီးရဲ့ ပြောစကားထဲမှာက "မိဘမဲ့မြေး"ဆိုတော့ သူနဲ့ပဲ မဆိုင်သလိုလို ဖြစ်နေတော့တာ မဟုတ်လား။ သို့သော် ဘိုမက ပျက်ယွင်းသွားသည့် သူ့မျက်နှာသူ အမြန်ဆုံး ပြန်ပြင်လိုက်ကာ... "ဟုတ်ကဲ့ပါ မမ"ဟု စကားထောက်တစ်ခွန်းဆိုရင်း "ဘယ်နည်း ဘယ်ပုံနဲ့ စောင့်ရှောက်မယ့်သဘောလဲ"ဆိုတာကိုသာ အစွမ်းကုန် ဆက်လက်မျှော်လင့် နားစွင့်ထားသည်။

"မိဘမဲ့ဆိုတော့ အုပ်ထိန်းသူတွေ ဘာတွေလဲ မရှိတော့ဘူး ဆိုရင် ဟိုအရင်တွေကလို အပေးကနေ ထောက်ပံ့ပေးနေပြီး ကြည့်ရှုတာထက် တို့ရဲ့မျက်စိရှေ့မှောက်အောက်ကိုပဲ ခေါ်ထားလိုက်ဖို့ တို့က ခုတစ်ထိုင်တည်းပဲ ဆုံးဖြတ်လိုက်တယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဟင်"ဆိုတဲ့ အသံနှစ်ခုနောက်မှာ ပရိသတ်ထဲမှ ကြွက်စီကြွက်စီ အသံတွေလည်း ဆူညံပြီးတော့ ထွက်လာပါသည်။ "မွေး … မွေးစားမှာမျိုးလားဟင် … မမ"ဆိုတဲ့ ဘိုမရဲ့အသံလေးဟာ တုန်ခါလှုပ်ရှားနေတာအပြင် ကိုယ့်လေနဲ့ကိုယ် ပြန်သီးပြီး ဆို့နင့်နင့်နဲ့ ထွက်တချို့ ပျောက်တချို့လည်း ဖြစ်နေသည်။

"မွေးစားတာထက် စောင့်ရှောက်မှာပါ။ ဘဝမှာလူတစ်လုံး သူတစ်လုံး ဖြစ်လာနိုင်တဲ့အထိ ကြည့်ရှုစောင့်ရှောက်သွားမယ်"

ပရိသတ်ထဲမှ နှစ်ထောင်းအားရ၊ အားကျသံတွေ အလျှိုလျှို အသီးသီး ပုံစံအမျိုးမျိုးနှင့် ထွက်ပေါ်လာကြပါသည်။ "ကုသိုလ်ကံများ … ဆိုးတော့မလိုလိုနဲ့ ကောင်းချက်တော်"ဆိုတဲ့ ကြီးတော်မြရဲ့ မုဒိတာသံ ပစ်ပစ်နှစ်နှစ်ကြီးရဲ့နောက်မှာတော့ ထိုအန်တီကြီးက …

"ဦးတင်အောင်ရဲ့ ကျန်ရစ်ခဲ့တဲ့ မိဘမဲ့မြေးဆိုတာ မင်းပဲလား"

"နှစ်ယောက်ပါ မမ၊ နှစ်ယောက်စလုံးပါပဲ။ ကျွန်မက ဘိုမပါ၊ သူကတော့ ရုရုတဲ့။ နှစ်ယောက်လုံး အဘိုးရဲ့မြေး အရင်းတွေပါ။ ဘိုမတို့ချင်းကတော့ တစ်ဝမ်းကွဲတွေတော် ကြပါတယ်"

ရုရုတို့အတွက် ဇာတိချက်မြှုပ် မဟုတ်လေတဲ့ ဒီလိုရပ်ကွက်မျိုးမှာ "ဘိုမဟာ မိဘမဲ့မဟုတ်" ဆိုတာကို ဝင်ငြင်း





နေမယ့်သူလည်း တစ်ယောက်မှမရှိပါ။ အန်တီကြီးကတော့ သူ စောင့်ရှောက်ရမယ့်သူက သူမှန်းလာသလို တစ်ယောက်တည်း မဟုတ်ဘဲ နှစ်ယောက်ဖြစ်နေလေတာကို မျက်ခုံးလေးတစ်ချက် ပင့်ကာ အံ့သြသွားဟန်တော့ရှိသည်။ သို့သော် ခဏမျှသာပါ။ အဲဒီအဖြစ်ဟာ သူ့အတွက်တော့ ဘာမှအနှောင့်အယှက် မရှိလှ တဲ့ဟန်နဲ့ …

"နှစ်ယောက်ဆိုလည်း နှစ်ယောက်ပေါ့။ ဒါဖြင့် မင်းတို့ နှစ်ယောက်ကို တို့ ခေါ်သွားပြီး စောင့်ရှောက်မယ့်အကြောင်း ဒီရပ်ကွက်ထဲက လူကြီးတွေကိုပဲဖြစ်ဖြစ် အသိသက်သေ သဘောအဖြစ်လောက်တော့ အကြောင်းကြားရမယ် ထင်တယ်နော်"

"မမ … ဒါက ကြီးတော်မြတဲ့။ ဘိုမတို့ရပ်ကွက်လူကြီးရဲ့ မိန်းမပါ။ ကြီးတော်မြ အဘက ဘယ်သွားနေတာလဲ၊ ကျွန်မတို့ မမက တွေ့ချင်လို့တဲ့ ခေါ်ပေးဦးလေ"

ဘိုမရဲ့အမိန့်ပေးသံဆန်ဆန် စကားကြောင့် မမအေးခများ "အေးပါဟဲ့ … အေး … အေး"ဟု ခပ်မြန်မြန်လေး အဖြေပေးကာ သူတို့အိမ်ဘက်ခြမ်းသို့ အပြေးကလေး ပြန်သွားပါသည်။ ဘိုမကတော့ ပင်လယ်ထဲမှာ လက်ပန်းကျကာနီးဆဲဆဲ ရုတ်တရက် ဘွားခနဲ ရောက်ရှိလာတဲ့ မဏိမေခလာနတ်သမီးလို ထူးဆန်းအံ့သြဖွယ် ကယ်တင်ရှင် အန်တီကြီးနဲ့ ပါးစပ်ပြန်မစေ့နိုင်အောင် စကားဖောင်ဖွဲ့ လက်ဆုံကျလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘ၀မှာ လူတစ်လုံး သူတစ်လုံး ဖြစ်လာတဲ့အထိ" တဲ့ ...။ ဘယ်လောက်များ လှပဆန်းပြားဖို့ကောင်းတဲ့ ကံကြမ္မာ အပြောင်းအလဲပါလဲ။ ကိုယ်ချည်းသက်သက် ဒီအတိုင်းသာဆိုရင် လူတစ်လုံး သူတစ်လုံး ဖြစ်လာဖို့နေနေ စားဝတ်နေရေးဆိုတဲ့ အဓိကလိုအပ်ချက်သုံးခု အလျဉ်မီနေဖို့ကိုတောင်မှ မနည်းကြိုးစား ရုန်းကန်ယူရတော့မယ့် အခြေအနေမျိုးလေ။

"အဘိုးကတော့ နင့်တစ်ယောက်တည်းကိုပဲ ပိုသည်းပြီး ကွက်ချစ်ပြီး စိတ်မချလက်မချ ရှိနေမယ် မထင်ပါဘူး၊ ငါလည်း သူ့မြေးအရင်းကြီးပဲဟာ။ ဟိုအဘိုးကြီးက သေခါနီးမှ စကားပြန်ပြောနိုင်တာဆိုတော့ သူပြောနိုင်တာ အမှတ်ရတာလောက်ကိုပဲ ဘူးလုံးနားမထွင်း မပီမသတွေ လျှောက်ပြောသွားတာ နေမှာပေါ့။ ငါလည်း ငါ့ကံနဲ့ငါပဲ။ နင့်ကံကိုမှီပြီး ဆင်ဖြူတော်နားမှာ ကြံလိုက်စုပ်ရမယ့်မိန်းမ လို့ နင် ယောင်လို့များတောင် ခေါင်းထဲမရောက်မိပါစေနဲ့၊ အတူတူချင်းဟာကို တစ်လုံးပိုရူပြီး မောက်ကြွားမယ် လည်း မကြံနဲ့။ ဟုတ်ပြီနော်"

ဘိုမက လူတွေရဲ့အလစ်မှာ ရုရုကို ခပ်တည်တည် မျက်နှာပေးနဲ့ လက်ညှိုးတစ်ချောင်းထောင်ကာ သတိပေးသလို ကြိမ်းခဲ့ပါသည်။ ရုရုမှာ မျက်လုံးပြူးကြီးများနှင့်သာ၊ "ငါကကော ဘာများပြောနေသေးလို့လဲ"ဆိုတဲ့ စကားမျိုးထက် ဘာမှပိုပြီး မပြောတတ်ခဲ့။

❦ → ❦





"ဟဲ့ ... ဘိုမ၊ ငါတို့တွေ ဒီအတိုင်းကြီးတော့ ဇိမ်နဲ့ထိုင်နေ နပ်နေလို့ မကောင်းဘူးနဲ့တူတယ်။ ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာ နေတော့မယ်ဆိုရင် အိမ်အလုပ်တို့၊ မီးဖိုထဲတို့တော့ ကူမှကောင်းမှာပေါ့။ နော် ... ဟုတ်တယ်မလား"

"နင် ဆရာ မလုပ်ပါနဲ့ ငါ သိပါတယ်။ ငါမလုပ်မှာစိုးလို့ တောင်းပန်ပြီးတောင် ပြောယူရပါတယ်ဆိုတဲ့ အချိုးလည်း လာချိုးမနေနဲ့။ ငါလား မလုပ်မှာ။ နင့်တစ်ယောက်တည်း မျက်နှာသာတွေရနေပြီး ငါ့ကျ(–)မြင်တွေ ကပ်နေတာမျိုးဖြစ်အောင် ငါလားနေမှာ။ အရူးလား။ မသကာ နင့်ထက်ပိုသာအောင်ပဲ ကြံတော့မပေါ့ ... ဟွန်း"

ဘိုမက ပြောပြောဆိုဆိုနှင့် အခန်းတံခါးကို "ချပ်"ခနဲ လှည့်ဖွင့်ထွက်ကာ အိမ်ကြီး၏အောက်ထပ်သို့ ရုတ်တရက် ပြေးဆင်းချသွားသဖြင့် ရုရုမှာ ကိုယ်လည်း နောက်ကနေ ပြေးလွှားပြီး လိုက်ရပါတော့သည်။ ဒီနေ့က ရုရုနှင့် ဘိုမတို့ ဒီအိမ်ကြီးသို့ ပထမဦးဆုံး စရောက်ရှိကြသည့်နေ့ ဖြစ်ပါသည်။ ရောက်ကတည်းက "ဒေါ်စိန်ရေ သူတို့ကို အခန်းလိုက်ပြလိုက်ပါ"ဟု ပြောပြီး **"အန်တီမေဇော်"က** အောက်ထပ်က အခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းမှ မယူခဲ့ကြနဲ့" ဆိုလို့ လက်ချည်းသက်သက်၊ လူချည်းသက်သက် ကောက်ထ လိုက်လာကြရသော ရုရုတို့မှာ ဒေါ်စိန် ဆိုတဲ့ အဘွားကြီးရဲ့ အရိပ်အကဲကိုကြည့်ပြီး ဧည့်ခန်းထဲကနေ ခြံထဲပဲ ပြန်ဆင်းကြရနိုးနိုး။ နောက်ဘက်ခန်းတွေထဲပဲ တန်းဝင်ကြရနိုးနိုး။ သို့သော် ဒေါ်စိန်က "လာ ... ကလေးတို့" ဟုဆိုကာ ရုရုနှင့် ဘိုမကို ကြီးမားခံ့ညားလှသော လှေကားကွေ့ကြီးတစ်ခုကတစ်ဆင့် အပေါ်ထပ်ကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားပါသည်။

"ဒါ ကလေးတို့နှစ်ယောက် နေကြရမယ့် အခန်းပဲ။ သူစိမ်းတွေချည်း ရှိနေတဲ့အိမ်ကို ခုမှစရောက်လာရတာရယ်၊ သီအစ်မနှစ်ယောက် တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်နေအောင်ရယ်၊ ကလေးတို့ကို တစ်ယောက်တစ်ခန်းစီ သီးသန့်မစီစဉ်ပေးဘဲ နှစ်ယောက်တစ်ခန်းပဲ ထားပေးလိုက်ပါလို့ မမေဖော်က မှာထားတယ်"

ရုရုရော ဘိုမပါ ပါးစပ်အဟောင်းသားတွေနှင့် ဖြစ်ကြရပြန်ပါပြီ။ နှစ်ယောက်ခန်းတစ်ခန်းဆိုတဲ့ အခန်းဟာ ရုရုတို့ အဘိုးနှင့်အတူ အိမ်တစ်ခြမ်းကို ငှားနေခဲ့ကြသည့် တစ်ခြမ်းစာထက်ပင် ပိုကျယ်နေသေးကာ ခုတင်နှစ်လုံး၊ ဗီရိုနှစ်လုံး၊ မှန်တင်ခုံနှစ်ခုနဲ့အတူ တီဗီတစ်လုံးတင်ထားသော စားပွဲငယ်တစ်ခု၊ သီးသန့်စားပွဲငယ်နှစ်ခုနှင့် ရေခဲသေတ္တာ အသေးစားကလေးတစ်လုံးတို့လည်း ပါသေးသည်။ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်း



အတွင်းမှာရော အိပ်ခန်းတစ်ခုလုံးမှာပါ ပန်းနုရောင်ဖျော့ဖျော့နံရံများ၊ ပစ္စည်းအသုံးအဆောင်များနှင့် လွှမ်းခြုံလျက်ရှိလေသည်။

ဘိုမက "ဝေး ..." ဟု နှုတ်မှ ထုတ်ဖော်အော်ဟစ်လိုက်ကာ ...

"ပြတင်းပေါက်၊ ဝရန်တာနဲ့ ကပ်နေတဲ့ဘက်က ငါ့ခုတင်"

ပြောပြောဆိုဆို ခုတင်လေးဆီသို့ပြေး၍ မွန်းခနဲ ကျောခင်းအိပ်ချပစ်လိုက်ပါသည်။ ရုရုမှာလည်း ကြောင်ရုပ်အဖြူရောင်ကြီးတွေနှင့် အင်မတန်လှပချစ်စဖွယ်ကောင်းသော ပန်းရောင်မွေ့ရာခင်းကြီးပေါ်သို့ ဘိုမလိုပဲ "ဟေး" ခနဲ ပစ်လှဲချလိုက်ချင်ပါသော်လည်း ဒေါ်စိန့်ကို ရှက်နေရွံ့နေသေးသဖြင့် မျက်လုံးလေးနှင့်ပဲ ဖွေကြည့်ကာ ပြုံးတုံးတုံးလေးပဲ လုပ်နေရသည်။

ဘိုမကတော့ ခုတင်ပေါ်မှာ ကျောနှင့်ပဲ နှစ်ချက်သုံးချက်လောက် ခုန်လိုက်ပြီးမှ ဖြတ်ခနဲ ပြန်ထရပ်ကာ သူ့ခုတင်နှင့်ကပ်ရပ်က သော့တန်းလန်းနှင့် ဗီရိုတစ်လုံးကို ဝုန်းခနဲသွားဆွဲဖွင့်လိုက်ပြန်သည်။

"ဟာ ... အများကြီးပဲ၊ ဟား ဟား ဟား ... ဓိမ်ပဲ။ ကြည့်စမ်း ... အရမ်းလှတာပဲ။ ဟဲ့ ... ရုရု၊ အသေကြီးလိုလုပ်မနေနဲ့၊ နင့်ဘက်က ဗီရိုကိုလည်း သွားဖွင့်စမ်း။ ဒီဘက်နဲ့ အကုန်တူတူပဲလား၊ ဘာတွေကွာသလဲ၊ တိုက်ကြည့်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာပဲပြောပြီး သူ့ဘာသာပဲ ဒီဘက်ကဘီရိုကိုလည်း လာဆွဲပြေးဖွင့်ကြည့်၊ ဟိုဘက် ဒီဘက် ယှဉ်ကြည့်။ ဝရန်တာဘက် ပြေးထွက်ကာ ဝရန်တာကနေ ခြံထဲမြင်ကွင်းကိုကြည့်။ ရေချိုးခန်းထဲ ပြေးဝင်ကာ ရေပန်းကိုဖွင့်ကြည့်၊ ဘေစင်ပေါ်က ဆပ်ပြာရည်ဘူး၊ ခေါင်းလျှော်ရည်ဘူးတွေကို ဖွင့်ကြည့်၊ နမ်းကြည့်။ Bath Tub ကြီးထဲသို့လည်း ခြေတစ်လှမ်းလောက်ဝင်ကြည့်။ အိပ်ခန်းထဲ ပြန်ပြေးဝင်လာပြီး စားပွဲအံဆွဲတွေ ဆွဲဖွင့်မွှေနှောက်ကြည့်၊ ရေခဲသေတ္တာလေးကို ဆွဲဖွင့်ကာ အထဲက အချိုရည်ဘူး၊ ရေဘူးများကို လျှောက်ကိုင်ကြည့်။ တီဗီစင်ကလေးနဲ့အောက်က အခွေတွေထည့်ထားတဲ့အံကို မွှေကြည့်။ ဘိုမတစ်ယောက် တစ်ယောက်တည်း ယောက်ယက်ခတ် ဗျာများနေဆဲမှာ ဒေါ်စိန်က အခန်းထဲမှ ပြုံးပြုံး ပြုံးပြုံးနှင့် ပြန်ထွက်သွားခဲ့ပါပြီ။

"ဣန္ဒြေ့ရှင်ကြီးလိုလို ဘာလိုလိုနဲ့ ဒါမျိုး ဒီအခြေအနေ၊ ဒီပစ္စည်းတွေကို တစ်သက်လုံး သုံးဖူးပြီးသား၊ မအံ့ဩပါဘူး ဆိုတဲ့ ပုံစံကြီး။ ဟန်ဆောင်မနေစမ်းပါနဲ့ အပိုမရယ်"

"ဟယ် ... မအံ့ဩဘူးလို့ ဘယ်သူက ပြောသလဲ။ ဒါပေမဲ့ အံ့ဩသဘောကျတဲ့ပုံစံချင်းကတော့ တူချင်မှ တူမှာပေါ့ ဆပ်စလူးမရဲ့"

ရုရုက လုပသော မွေ့ရာခင်းကြီးနှင့် သပ်ရပ်တင်းပြန့်နေသော အိပ်ရာပေါ်သို့ ခုမှပင် ဝင်ထိုင်လိုက်သည်။





"ရေမိုးချိုး အလှပြင်ပြီး ဟိုဂါဝန်အဖြူလေးတွေ ဆင်တူလဲဝတ်ထားကြရင် မကောင်းဘူးလား ... ဟဲ့ ... ငပိုမ ... ပြုံးချည်းမနေနဲ့။ လုပ်မလား"

"မလုပ်ရဲသေးပါဘူးဟာ"

"ဟဲ့ ... လုပ်ဖို့ပေးထားတဲ့ဟာကို"

"ဒါပေမဲ့ ရေချိုးနေတုန်းမှာမှ လာကြဦးလို့ အောက်က ပြန်ခေါ်လိုက်ရင် ဘယ်လိုလုပ်မလဲ။ အခုကကော ဒီမှာဆက်နေနေရမှာလား။ အခန်းကို တက်ကြည့်ပြီးရင်ပြီးပြီ၊ အောက်ပြန်ဆင်းရမှာလား"

"သူကဖြင့် ဘာမှမပြောတော့ဘဲ အခန်းတစ်ခုထဲပဲ ဝင်သွားတဲ့ဟာကို"

"အေးလေ ... အဲဒီအခန်းဝမှာပဲဖြစ်ဖြစ် သွားပြန်စောင့်နေရမှာလား"

"နင်ဟာလေ သိပ်အပိုတွေ စဉ်းစားတာပဲ"

"နင်ကကော မပိုလို့လား၊ အန်တီကတောင် အန်တီပါဆိုနေမှ သူက 'မမ'ချည်း တစ်ချိန်လုံး လုပ်နေတယ်။ ငါတောင် ကာယကံရှင် မဟုတ်ဘဲနဲ့ နားယားတယ်"

"နားယားရင် နားကြပ်တောင်နဲ့ ကလိလိုက်။ မပျောက်သေးရင် သံတစ်ချောင်းသာ ရိုက်ထည့်လိုက်တော့။ အန်တီ ... အန်တီပဲ လုပ်နေပေမယ့် မမ ခေါ်တာကို လုံးဝမကြိုက်ရင် 'မခေါ်နဲ့ ... အန်တီလို့ပဲ ခေါ်ပါ'လို့ ဟန့်မှာပေါ့။ အခုတစ်ခွန်းမှ မဟန့်ဘူး သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"လာပါတယ် ... အောက်ပြန်ဆင်းရအောင်ပါ"

"ဘယ်သူမှ မတွေ့ရင် တစ်ခါမှ မရောက်ဘူးတဲ့ အကြောင်း မသိ အိမ်ကြီးထဲ နှင်က တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်မလို့လား။ အေး ... အဲဒါလည်း ကောင်းတာပဲ။ လျှောက်ကြည့်ကြမလား။ အနည်းဆုံး ခြံထဲပဲဖြစ်ဖြစ်လေ၊ ငါ ခုန ဝရန်တာထွက်ရပ်တုန်းက ရေကူးကန်ကြီးတစ်ခု တွေ့လိုက်တယ်၊ သွားကြည့်မလား"

ရှရှက ခေါင်းကို ခပ်မြန်မြန် ခါပြလိုက်သည်။ ကိုယ့်ကိုပေးထားတဲ့ အခန်းတစ်ခုထဲ ဆပ်စိလှူးထနေတာက အကြောင်းမဟုတ်လှပေမယ့် တစ်အိမ်လုံးအနှံ့ပါ လိုက်စပ်စု မွှေနှောက်နေရင်တော့ ခုမှစခေါ်လာတဲ့ အန်တီမေဖော်က ဘယ်လိုလှပ်ကြည့်ရနိုင်ပါတော့မလဲ။ သို့သော် တော်တော်ကြာကြာကြီးအထိ ဘာမှထပ်မဆက်သွယ်တော့ဘဲ ငြိမ်သက်နေသောအခါမှာတော့ ရှရှပဲ နေမထိထိုင်မသာတွေ ဖြစ်လာသည်။ ခုလိုကျတော့လည်း "အခန်းလိုက်ပြလိုက်တာနဲ့ ဇိမ်နဲ့နပ်နေကြတော့တာပဲ" လို့ ထင်သွားရင်လည်း ဘယ်ကောင်းပါ့မလဲ။

အဲဒါနဲ့ပဲ စကားပြန်စ,ကြည့်လိုက်တော့ လျှောက်ကြည့်ကြဖို့ တာစူနေပုံရတဲ့ ဘိုမဟာ သူ့စကားသူတောင် သိပ်အဆုံးမသတ်လိုက်ဘဲ ဗြတ်ခနဲ တံခါးဖွင့် ပြေးဆင်းချသွားလိုက်တာ ရေကူးကန်ကို မစပ်စုရရင် မီးဖိုထဲလောက် စပ်စုခွင့်ရှိလည်းနည်းလား ဆိုတဲ့ အတွေးမျိုး ရှိသည်ထင်ပါရဲ့။





ရှရှနှင့် ဘိုမတို့ ထမင်းစားခန်း မီးဖိုဘက်သို့ ရောက်ရှိချိန်မှာ မီးဖိုခန်းထဲ၌ ဒေါ်စိန် ဦးဆောင်သော ကောင်မလေးသုံးယောက်တို့မှာ ကိုယ့်အလုပ်နဲ့ကိုယ် အလုပ်ရှုပ်နေကြချိန် ဖြစ်ပါသည်။

"ခုန ကြားလိုက်တာ ဒေါ်စိန် ဆိုလားလို့နော်။ ဒါပေမဲ့ ကြီးကြီးစိန်လို့ပဲ ခေါ်တော့မ ဒ်။ ကြီးကြီးစိန် ... ဘိုမတို့ ဘာလုပ်ပေးရမလဲ။ ဘာမှမသိသေးလို့ ဘာလုပ်ရမယ်ဆိုတာ ပြောပါ"

"အို ... မလိုဘူး ကလေးတို့ရဲ့။ သွား သွား ... အရှေ့ဘက် ပြန်ထွက်နေကြချေ။ ခဏကြာမှ မမေဖော်တို့လည်း ထမင်းစားကြတော့မှာ။ သူတို့နဲ့အတူ တစ်ခါတည်း စီစဉ်ပေးဖို့ မှာထားတယ်"

"ထမင်းပွဲ ပြင်မယ်ဆိုရင် ဝိုင်းကူပြင်မယ်လေ"

"မလိုဘူး ... ဆိုကွယ့်"

"လိုလို မလိုလို လုပ်မှာပဲ၊ ဒီပြင်ထားပြီးသား ပန်းကန်တွေက အရှေ့ဘက်ကို သယ်သွားရမှာ မဟုတ်လား ... ပေး ပေး"

ဘိုမက ကောင်မလေးတစ်ယောက်ရဲ့ လက်ထဲက ပန်းကန်တွေကို လှယူလိုက်ပြီး အရှေ့ဘက် ထမင်းစားခန်းဘက်ဆီ သယ်သွားဖို့ ဟန်ပြင်လိုက်လျှင် ဒေါ်စိန်က "တတင်းဟင်း" ရယ်သံများနှင့် လိုက်လုကာ ဘိုမရဲ့အင်္ကျီစကိုလည်း ဆွဲထားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ပြင်လို့ မပြီးသေးဘူး၊ ယူသွားလို့ မရသေးဘူး။ ကဲပါ ဝိုင်းလုပ်ချင်တယ်ဆိုလည်း ဒီတစ်နေ့တော့ အေးအေးပဲ ထိုင်ကြည့်ပြီး နမူနာယူတာပေါ့၊ နောက်နေ့တွေကျမှ ကူကြပါ"

ဒါတောင်မှပဲ ဘိုမဟာ ဟိုဟာလေး တောက်တက်၊ ဒီဟာလေးတောက်တက်နှင့် မီးဖိုခန်းအကျယ်ကြီးထဲမှာ လွန်းထိုးပြေးလွှားကာ အအားအလပ်မရှိ အသားတကျတွေ ဖြစ်နေပါသည်။ အဘိုးနဲ့ နေကြရစဉ် တစ်သက်လုံး ရှိရှိသမျှ အိမ်အလုပ်ပေါင်းစုံကို တစ်ယောက်တည်း ခါးချိုးလုပ်ကိုင်လာခဲ့ဖူးသည့် ရှုရှုမှာတော့ "ဝိုင်းကူကြမှ ကောင်းမယ်ထင်တယ်"ဟူသော စကားမျိုးကို ကိုယ်ကလည်း စပြောခဲ့သူ ဖြစ်ပါရက် ဘိုမလို လုယက်၊ အကွက်မြင်၊ လျင်လျင်မြန်မြန် အသားကျခြင်း အတတ်ပညာမျိုးမှာတော့ မကျွမ်းကျင်သူမို့ တစ်ယောက်တည်း ငေါင်းစင်းစင်းလေးရပ်ကာ သာ ငေးကြည့်နေမိသည်။

"ဒေါ်စိန် မီးဖိုထဲမှာ ဘာတွေဖြစ်နေကြတာလဲ"

အန်တီမေဇော်ရဲ့အသံက ရုတ်တရက် ထွက်ပေါ်လာပါသည်။ ရှုရှုမှာ ကိုယ်လုံးလေး တောင့်တောင့်လေး ဖြစ်သွားရစဉ် ဒေါ်စိန်ရဲ့ပြန်ဖြေသံကိုမှမစောင့် ဘိုမဟာ မီးဖိုထဲကနေ အမြန်ဆုံး ပြေးထွက်သွားပြီး ...

"ဘိုမတို့ ကြီးကြီးစိန်ကို ဝိုင်းကူနေကြတာပါ မမ"

"အို ... မလိုဘူး ... ဒေါ်စိန် ဘယ်လိုဖြစ်တာလဲ"



"သူတို့က အတင်းပဲ ဘာဝိုင်းလုပ်ရမလဲပဲ ဖြစ်နေကြတယ် မမေဇော်"

"မလိုဘူး ... မလိုဘူး၊ မင်းတို့ကို အန်တီက စောင့်ရှောက်ဖို့ ခေါ်လာတာ၊ အလုပ်သမား ငှားလာတာမှ မဟုတ်ဘဲ။ မင်းတို့ အိမ်အလုပ်တွေမှာ ကူစရာ၊ ဝိုင်းလုပ်စရာ မလိုဘူး။ ကိုယ့်တစ်ကိုယ်ရည်စာ၊ ကိုယ့်အလုပ်လေးတွေလောက်ပဲ ကိုယ့်ဘာသာလုပ်ရင် ရပြီ။ လာ ... လာ ... နှစ်ယောက်စလုံး အဲဒီထဲက ထွက်ခဲ့ကြတော့၊ မင်းတို့ကို မိတ်ဆက်ပေးထားရမယ့်သူတစ်ယောက် ရှိသေးတယ်"

ရှုရှု ထမင်းစားခန်းထဲ ရောက်ခဲ့ချိန်မှာ ဘိုမဟာ ထမင်းစား စားပွဲရှည်ကြီးရဲ့ ထိပ်တစ်ဖက်မှာ ထိုင်နေသူတစ်ဦးရဲ့ အနားသို့ပင် ရောက်ရှိနေခဲ့ပါပြီ။ ထမင်းစား စားပွဲထိပ်မှာတော့ အန်တီမေဇော်နှင့် မတိမ်းမယိမ်းအရွယ်လောက် ယောက်ျားကြီးတစ်ဦး ထိုင်နေပါသည်။ ထိုလူကြီးဟာ အတန်ငယ် ပွန်းသောရာသီဥတု အချိန်အခါမျိုးမှာ ဖြစ်ပါရက် ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးစေ့တပ် ဝတ်ဆင်ထားကာ ရှပ်လက်ရှည်အပေါ်မှာလည်း ခပ်ပါးပါး သိုးမွေးဆွယ်တာလက်ပြတ် အင်္ကျီတစ်ထည်ကို ထပ်စွပ်ဝတ်ဆင်ထားသေးသည်။ လှပစွာ ရိပ်သင်ပုံစံချထားတာမဟုတ်သည့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ ကျို့တို့ကျဲတဲတို့က မျက်နှာပေါ်မှာ နေရာယူထားကြကာ ဆံပင်ကလည်း ပျော့ပျော့ပါးပါးပေမယ့် ခပ်ရှည်ရှည်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အန်တီရဲ့မောင်ပဲ။ အန်တီတို့က မောင်နှမနှစ်ယောက်ပဲ ရှိတယ်၊ သူ့နာမည်က 'ကျော်မင်းဒင်'တဲ့။ မင်းတို့ကတော့ ဒီတစ်အိမ်လုံး ခေါ်ကြသလို 'ဦးကျော်'လို့ ခေါ်ချင်ခေါ်ကြပေါ့။ ကျော် ... အဲဒီနားက တစ်ယောက်က 'ချယ်ရီမေ'တဲ့၊ ဒါပေမဲ့ 'ဘိုမ'လို့ပဲ ခေါ်တယ်။ ဒီတစ်ယောက်ကတော့ 'ကရဏာ'တဲ့၊ 'ရုရု'လို့ ခေါ်ကြတယ်။ မမ ပြောထားတဲ့ နှစ်ယောက်ပဲ"

ပင်ကိုကလည်း သွက်လက်ပြီး၊ အကွက်ပဲချောင်းနေတတ်တဲ့ ဘိုမဟာ ဦးကျော်ဆိုသူထံ ပြေးပြီးမိတ်ဖွဲ့ရင်းနှီးလုံးပစ်လိုက်ဖို့ကိုလည်း နှောင့်နှေးမနေပါ။ ဦးကျော်ဘေး သွားပြေးရပ်ကာ သူ့ရှေ့ထမင်းစား စားပွဲပေါ်က ထမင်းပန်းကန်ပြားချပ်ကို ဆွဲယူလှန်ပေးလိုက်ပြီး ဘေးနားမှာချထားပြီးသား ဖွန်းနဲ့ခက်ရင်းတို့ကိုလည်း ပန်းကန်ထဲမှာ ယှဥ်ချပေးလိုက်ရင်း ...

"သမီးက ဘိုမပါ၊ နှောင်ဆို သမီးကို ခိုင်းချင်တာရှိရင် ခေါ်လိုက်ပါနော်။ မမရော ... ဦးရော သမီး ပြုစုလုပ်ကိုင်ပေးပါရစေ"

ဦးကျော်က ဘိုမ ကောက်ထည့်လိုက်သော ခက်ရင်းနဲ့ဖွန်းကို ပန်းကန်ထဲက ပြန်ထုတ်ကာ ခုနကချထားပြီးသား ပုံစံအတိုင်း စားပွဲပေါ်သို့ပဲ ပြန်ချလိုက်ပြီး ထမင်းစားပန်းကန်ပြားကိုလည်း ပြန်မှောက်လိုက်ပါသည်။ ဘိုမမှာ တစ်မျိုးကလေးတော့ ဖြစ်သွားပေမယ့် "ဟီး ဟီး ... သမီးက အထာမကျသေးပါဘူး"ဟု





ရယ်သွမ်းသွေးပစ်လိုက်ရင်း ဘာမှမဖြစ်သလို ပြုံးကျဲကျဲလေးပဲ လုပ်နေသည်။ ဦးကျော်မင်းဒင်က ဘိုမကိုရော ရုရုကိုပါ မျက်လွှာတစ်ချက်စီ ပင့်တင်ကြည့်လိုက်ပြီးမှ မျက်လွှာပြန်ချထားကာ ခပ်ငြိမ်ငြိမ်လေးပဲ ရှိလေသည်။

ထိုအခိုက်မှာ နောက်ဖေးဘက်ကနေ ဒေါ်စိန်နဲ့ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြတော့ကာ လက်ထဲတွေမတော့ ဗန်းတွေကိုယ်စီနှင့်။

"ရုရု ... ဒီ လာထိုင်လေ"

အန်တီမေဇော်က သူ့နံဘေးက ခုံတစ်လုံးကို ညွှန်ပြကာ လှမ်းပြောလိုက်ပြီး သူကိုယ်တိုင်လည်း ဝင်ထိုင်လိုက်လျှင် သူ့ကိုတော့ ဘာမှထည့်မပြောသည်မို့ ဘိုမက ဦးကျော်မင်းဒင်ရဲ့ နံဘေးကခုံကိုပဲ ဆွဲထုတ်ယူလိုက်ပြီး ဝင်ထိုင်လိုက်ပါသည်။ ပြီးလျှင် ဒေါ်စိန်နှင့် ကောင်မလေးတွေ တစ်ခုချင်း တစ်ဆင့်ချင်း သပ်သပ်ရပ်ရပ် အချိုးတကျလုပ်သွားကြတဲ့ ထမင်းပွဲပြင်ဆင်ခူးခပ်ပေးပုံတွေကို ခေါင်းလေးငုံ့ကာ ကိုယ်လေးစောင်းကာနှင့် မျက်လုံးလေးပြူး၊ ခေါင်းညိတ် စသဖြင့် သိသိသာသာကြီး နည်းနာယူမှတ်သားလျက် ရှိလေသည်။

"ဘိုမ"

သူ့ရှေ့ရောက်လာသည့် ဟင်းတစ်ခွက်ကို ကောက်ကိုင်လိုက်ပြီး ဦးကျော်မင်းဒင်ရဲ့ပန်းကန်နား လက်ဝဲသွားသည့် ဘိုမကို အန်တီမေဇော်က ခပ်မြန်မြန်ပင် ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ရော အန်တီပါ ကိုယ်စီစားတဲ့ဟင်း၊ မစားတဲ့ဟင်းဆိုတာတွေလည်း ရှိတယ်။ ပြီးတော့ ထမင်းပန်းကန်ထဲမှာ ဟင်းတွေပုံခပ်ထည့်ထားပြီးတော့လည်း ထမင်းမစားတတ်ကြဘူး။ ဒီတော့ အန်တီတို့နဲ့အတူ ထမင်းစားတဲ့အခါ ဟင်းတွေ ခပ်ထည့်ပေးတာ၊ ဦးချတာမျိုးတွေ မလုပ်ပါနဲ့။ လူကြီးတွေကို အသိအမှတ်ပြု ဦးစားပေးတဲ့သဘော ရှိပြီးရင် ကိုယ့်ဘာသာ ကြိုက်သလိုထည့်စားနိုင်ပြီ။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ မမ"

ဟင်းပန်းကန်ကြီးကိုင်ထားသည့် ဘိုမရဲ့လက်က စားပွဲပေါ်သို့ ပြန်ရောက်လာပါသည်။ ရရမှာ လူကြီးနှစ်ယောက်တို့ကို ရှိန်နေရတာနှင့် ဘယ်လိုမှ စားမဝင်လိုက်ပါ။ ဘိုမကတော့ ထမင်းတွေ ဘာတွေပင် ထပ်ထည့်လျက်ရှိသည်။ ထမင်းစားပြီးတော့ အန်တီမေဇော်က ...

"မင်းတို့ အပေါ်ပြန်တက်ပြီး ရေမိုးချိုး အနားယူချင်လည်း ရတယ်။ စာဖတ်ချင်ရင် ဧည့်ခန်းဘေးမှာ စာဖတ်ခန်း၊ ကွန်ပျူတာခန်းရှိတယ်။ ဒါမှမဟုတ် ခြံထဲလေး ဘာလေး ဆင်းနေချင်ရင်လည်း ရတယ်နော်။ ကိုယ့်အိမ်ကိုယ့်ရာလိုပဲ ပျော်ပျော်ရွှင်ရွှင်၊ အေးအေးဆေးဆေးနဲ့ နေကြပေါ့ ...

အခုကတော့ မင်းတို့ကို ဦးကျော်နဲ့ မိတ်ဆက်ပေးချင်လို့ အတူဝိုင်းဖွဲ့စားဖို့ ခေါ်လိုက်တာ။ ညနေကျရင်တော့ ဗိုက်ဆာတတ်ရင် လူကြီးတွေ မစားရသေးလည်း ခေါင်းစိန့်တို့





ကို ပြင်နိုင်းပြီး ကြိုးစားထားနှင့်ရင်လည်း ရတယ်။ ဒါမှမဟုတ် ညနေစာကို စောစောစီးစီး မစားတတ်ရင်လည်း ကိုယ်ကြိုက်တဲ့အချိန် နောက်ကျမှစားရင်လည်း ဖြစ်တယ်။ အန်တီတို့ကတော့ ညနေဘက် အိမ်မှာရှိရင် ခြောက်နာရီခွဲလောက် ညစာစားတတ်တယ်"

အန်တီမေဇော်နှင့် ဦးကျော်တို့နှစ်ယောက်က အရင် ထမင်းစားခန်းထဲက ထ,ထွက်သွားကြသောအခါမှာ ရရနဲ့ဘိုမတို့နှစ်ယောက် အံ့သြကရုဏာသက်စရာ တစ်ခုကို မြင်တွေ့လိုက်ကြရပါသည်။ ဦးကျော်မင်းဒင်ဟာ ခြေတစ်ဖက် ဒူးတွတ်ဆွဲလျက်ရှိပြီး တုတ်ကောက်နှင့် လမ်းလျှောက်ရသူတစ်ဦး ဖြစ်နေပါသည်။ အန်တီမေဇော်ထက်တောင် ငယ်သေးသည်ဆိုပြီး မျက်နှာထားကတော့ မှိုင်းမှုန်ရင့်ရော်လျက်ရှိတဲ့ ဦးကျော်မင်းဒင်ဟာ ဒုက္ခိတတစ်ယောက်လည်း ဖြစ်နေခဲ့သည်တည်း။

"ညနေကျရင်တော့ ငါတို့ဘာသာ နှစ်ယောက်ပဲ စားရအောင်ဟာ။ ရှိန်နေလို့ ဘာမှတောင် သိပ်စားမဝင်လိုက်ဘူး။ နော် ... ဘိုမ"

"ဟင့်အင်း ... ငါကတော့ သူတို့နဲ့ပဲ စားမယ်"

"အန်တီမေဇော်က ခုတစ်ကြိမ်တော့ မိတ်ဆက်ပေးဖို့ တမင်ခေါ်လိုက်တာလို့ ပြောတာပဲဟာ။ ပြီးကျတော့ စောစားထားထား၊ နောက်ကျစားစား ကိုယ့်ဘာသာကိုယ် စားကြဆိုတဲ့သဘောကို ပြောလိုက်တာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါတို့နဲ့ လာမစားနဲ့တော့လို့လည်း တစ်ခွန်းမှမ မပြောတာ။ အတူလာစားရင် စားရအောင် သူတို့စားကြတဲ့ အချိန်ကိုတောင် ပြောပြလိုက်သေးတယ်"

"အဲဒါက စောချင်စော၊ နောက်ကျချင် ကျလို့ရအောင် အချိန်ကို ညှိနိုင်အောင် ပြောပြထားတာမျိုးလေ"

"မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ငါကတော့ အတူပဲစား မယ်"

ဘိုမက ခပ်မဲ့မဲ့လေး တစ်ချက်ပြုံးလိုက်သေးသည်။

"ငါလာပြီး မာနကြီးပြနေလို့ကတော့ ဆောရီးပဲ။ တရင်း တနှီး မနေချင်ပါဘူးဆိုတဲ့ သူမျိုးတွေကို ရအောင်လုံးပြ ရတာကမှ အရသာဟဲ့။ မာနကြီးနေတဲ့သူတွေကို အရည် ဖျော်ပစ်ရတာလောက် ပျော်စရာကောင်းမှာ မရှိတော့ဘူး"

"ဟယ် ... မာနကြီးတာမျိုးထက် အေးအေးဆေးဆေး ငြိမ်းငြိမ်းပဲ တစ်ဦးတည်း ဘာသိဘာသာပဲ နေတတ်တဲ့ သဘောမျိုးနဲ့ တူပါရဲ့။ အဲဒီ ဦးကျော်ရဲ့ပုံစံကတော့ သူ ဘာသာသူ စိတ်ပျက်စိတ်ဓာတ်ကျနေတဲ့ပုံမျိုးတောင် ပို ပေါက်နေတာပါ"

"အေးလေ ... မာနကြီးတဲ့သူကို အရည်ဖျော်ရတာနဲ့ စိတ် ဓာတ်ကျနေတဲ့သူကို တက်ကြွလာအောင် လှုံ့ဆော်ဆွပေး ရတာနဲ့ သဘောချင်းကတော့ တူတူလောက်ပါပဲ။ မကွ ပါဘူး။ လုပ်တာကတော့ လုပ်ကိုလုပ်ယူရမှာပဲ"





ရရက ဘိုမကို မျက်လုံးလေးပြူးကာ ကြည့်လိုက် လျှင် ဘိုမက မျက်မှောင်လေးကုတ် မေးစေ့လေးပင့်ကာ ခန္ဓာ ကိုယ်ကိုလည်း တလှုပ်ရှုရှုနှင့် ဆွတတလေး လုပ်နေလေသည်။ ခဏကြာမှ ဘိုမက ခပ်ပြုံးပြုံးနှင့် "ရရ"ဟု တစ်ခွန်းခေါ်လိုက် ကာ ...

"ငါတို့အကြောင်းတွေကိုသာ သူတို့က မေးမြန်းစုံစမ်းယူ ပြီး သိနေကြတာ၊ ငါတို့ကျတော့ သူတို့တွေရဲ့အကြောင်း လည်း ဘာမှသိမထားကြရဘူး။ ဒီအရွယ်ကြီးတွေ ရှိနေပြီ၊ အိမ်ကြီးတစ်လုံးထဲမှာ အစ်မနဲ့ မောင်နှစ်ယောက်တည်းပဲ ရှိနေကြတာ။ သူတို့ကဘာလဲ လူပျိုကြီး၊ အပျိုကြီးတွေလား။ ဘာအလုပ်တွေ လုပ်ကိုင်နေကြလို့ ဒီလောက်ချမ်းသာတဲ့ပုံ ပေါက်နေကြတာလဲ။ ကိုယ့်အဖေရဲ့ဒရိုင်ဘာဟောင်းတစ် ယောက်ရဲ့မြေးတွေကို အိမ်ပေါ်ခေါ်တင်ပြီး ကောင်းကောင်း ကန်းကန်း စောင့်ရှောက်ချင်ပါတယ် ဆိုတာကကော တုံ့ကွာယ့်ပဲ စိတ်သဘောထားတွေက ပြည့်ဝနှလုံးလှနေကြ တာလား။ ဒါမှမဟုတ်ရင် ငါတို့အဘိုးရဲ့ကျေးဇူးဆိုတာမျိုး တွေကော သူတို့အပေါ်မှာ ရှိမနေနိုင်ဘူးလား။ နင့် အဲဒါ တွေ ဘာမှမသိချင်ဘူးလား"

ရရမှာ ဘာပြန်ဖြေရမှန်းမသိ။

"ငါကတော့ သိချင်တယ်။ သိချင်တယ်ဆိုတဲ့ နေရာမှာ လည်း ရပ်မနေဘူး။ ငါ့ပညာနဲ့ငါ သိအောင်လုပ်မယ်။ အဲဒါပဲ။ အဘွားအိုကလေးလို့ မျက်လုံးပြူးလိုက် လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ခါလိုက် လာလုပ်မနေနဲ့။ လူဆိုတာ ကိုယ့်ခံယူချက်နဲ့ကိုယ်ပဲ"

ရုရှမှာ မျက်လုံးဆောင် ထုပ်မပြုံးဝံ့အောင် ဖြစ်နေသည်။ ငယ်စဉ်ကတည်းက အရင်းအချာတွေလည်း မဟုတ်ကြတဲ့ တစ်ဝမ်းကွဲညီအစ်မတွေဆိုတော့ ရုရှနဲ့ ဘိုမတို့ဟာ စကားများကြရန်ဖြစ်ကြနဲ့ မတည့်ကြတာကများပါသည်။ ဖြစ်ကြတိုင်းလည်း အဘိုးက ဘယ်လိုဆူဆူ၊ ရုရှမှာသာ မျက်ရည်တွေနဲ့အပြီးသတ်ရလျက် ဘိုမကတော့ သူ့သဘောသူဆောင်၊ ခပ်တည်တည်ပဲရှိခဲ့သည်ချည်း။ ခုလို ဒီနှစ်ယောက်တည်း မိုစည်းလုံးကြရတော့မည့် အချိန်မှာ ရုရှကတော့ ဘိုမနဲ့ အဆင်မပြေ၊ ပြဿနာတွေ ထပ် မဖြစ်ချင်တော့ပါ။ သူများတကာရဲ့အိမ်မှာ ခိုကပ်နေတုန်း ကြည့်ကျက်နေတတ်ရမယ်ဆိုတဲ့ သဘောတရားကို သူက သူ့ခံယူချက်နဲ့သူ လုပ်ဆောင်ပါမည်ဆိုတော့လည်း ရုရှမှာ ဘာများပြောနိုင်ပါဦးမည်နည်း။

အဲဒီနောက်ပိုင်းမှာတော့ "ငါ့ပညာ"ဆိုတာတွေကို ရုရှမှာ မျက်ဝါးထင်ထင် မြင်တွေ့ရတော့သည်။ အသံကလေးတစာစာ စကားလေးများများ၊ ဟိုပြေးဒီလွှား၊ ယောက်ယက်ခတ်ဗျာများလှုပ်ရှား အရေးသယ်နေတတ်သော ဘိုမဟာ (ရုရှက "လူကြီးတွေတော့ မျက်စိနောက်ကုန်ကြရင် အခက်"ဟု ပူပန်ကြောက်ရွံ့နေချိန်၌) တဖြည်းဖြည်း တစ်စစနှင့် တကယ်ပဲအရေးပါ နေရာရ လူချစ်လူခင် များလာခဲ့ချေသည်။

❦ → ❦





ဘိုမကို လူကြီးတွေကတော့ မျက်စိနောက်မနောက် မသိပေမယ့် ရုရှ တစ်ယောက်ကတော့ဖြင့် (ထိတ်လန့်ခြင်းတစ်မျိုးပါစွက်၍) မျက်စိနောက်လျက် ရှိပါသည်။ ဘိုမဟာ ဦးကျော်မင်းဒင်ကို အရမ်းကပ်၊ တအားကို ရင်းနှီးရောနှော တွေးလုံးနေလိုက်တာ အန်တီမေဇော်နှင့် ဒီပြင်အလုပ်သမား အိမ်သားတွေရဲ့ အမြင်ထဲမတော့ ဘယ်လိုရှိမယ်မသိ။ ရုရှကတော့ လန့်တောင်မှ လန့်လာပြီ။ သူ့ဟာက ရည်ရွယ်ချက်တစ်ခုခု ရှိသလိုတောင် ထင်ရမလို ဖြစ်လာပြီ။

အန်တီမေဇော်ကတော့ ရှိရှိသမျှ အခြေအနေမှန်တွေကို အမှန်အတိုင်း အကုန်လုံး သိချင်မှ သိလိမ့်မပေါ့။ အလုပ်အရမ်းများဟန်ရှိတဲ့ အန်တီမေဇော်ဟာ မိုးလင်းတာနဲ့ အိမ်ကထွက်သွား၊ မိုးချုပ်လုမှ ပြန်ရောက်လာ။ စနေ တနင်္ဂနွေလို နေ့မျိုးမှာတောင်မှ တစ်ခါတလေကျ မြင်ချင်မှ မြင်ရတတ်သူ ဖြစ်လေရာ ဒီနောက်ပိုင်းမှာ ဘိုမတို့ ရုရှတို့နှင့် အတန်ငယ် အလှမ်းဝေးလျက် ရှိပါသည်။

ဒါပေမဲ့ အိမ်တစ်အိမ်ရဲ့ အုပ်ချုပ်သူတစ်ယောက်အတွက် "မင်းနားတစ်ထောင်"ဆိုတဲ့ စကားပုံမျိုးလည်း ရှိနေတာပဲဟာ။ အရာရာကို ကိုယ်တိုင်မြင်ရမှ မဟုတ်ဘဲ သတင်းပို့မယ့် သူမျိုးက ရှိနေနိုင်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

သတင်းပို့နိုင်တဲ့သူ ကိုယ်တိုင်က မပို့ဘဲ မြှုထားပြီး သူပါ- ဝိုင်းဖုံးဖိပေးထားတာမျိုးတော့လည်း ဖြစ်နိုင်သေးသည်။ အကြောင်းကတော့ "ကြီးကြီးစိန် ... ကြီးကြီးစိန်"နှင့် "ကြီးစိန်" ချင်းထပ်နေတဲ့ ဘိုမရဲ့ အညာကိုင် ချွဲနွဲ့မှုများအောက်မှာ အဘွား ကြီး ဒေါ်စိန်ဟာ ကျချင်တိုင်း ပစ်ကျနေခဲ့ပြီ မဟုတ်လား။ ကြီးကြီးစိန်ရဲ့အမိန့်တစ်ခုအောက်မှာ အလုပ်သမား ကောင်မလေး တွေတင်မက ဒရိုင်ဘာနှင့် မာလီတို့သည်ပါ ဘိုမမှ ဘိုမ ဖြစ်နေ ကြလျက် ဘိုမဟာ သူ့ရဲ့ပညာအရာကြောင့် တကယ်ပဲလည်း လူချစ်လူခင် ပေါများပါပေသည်။

အောက်ခြေကို အပိုင်စည်းရုံးထားပြီးသောအခါ ဘိုမ က ဦးကျော်မင်းဒင်ကိုပါ တက်ပြီးစည်းရုံးယူဖို့ ဝန်လေးခက်ခဲ နေစရာ မရှိနိုင်တော့ဘူးပေါ့။ ဦးကျော်မင်းဒင်မို့ မတ်တတ်ထရပ် လိုက်ရုံနှင့် (လမ်းပင်မလျှောက်ရသေး)တစ်ဖက်က တုတ်ကောက် ဆိုလျှင် တစ်ဖက်ကား ဘိုမ။ စစချင်း အခြေအနေတုန်းမှာ ဦးကျော်မင်းဒင်ဟာ တွန်းဖယ် ဟောက်ထုတ်တာမျိုးကို လုပ်ပါ သေးသည်။ သို့သော် အပြုံးလေးနဲ့၊ သွားဖြဲကလေးနဲ့၊ အဆူခံရ လည်း မှုသည်မရှိဘဲ ဆက်လက်တွယ်ကပ်နေတတ်သူမျိုးကို အခါခါ ဟောက်ရသည့် သူကပဲ အရှုံးပေး လက်လျှော့လာရတာ သဘာဝပေ။

ပထမဆုံး စတင်တွေ့ဆုံကြစဉ်က ထမင်းချူးထည့် ချိန် မရောက်သေးဘဲ သူ့ထမင်းစားပန်းကန်ပြားကို ကြိုတင်လှန်





ထားတာကို မကြိုက်တဲ့ပုံစံနဲ့ "ဖြတ်"ခနဲ ပြန်မှောက်ချပစ်ခဲ့တဲ့ ဦးကျော်မင်းဒင်ဟာ ခုတော့လည်း မှောက်လိုမှောက် လှန်လိုလှန်။ ထမင်းစားပန်းကန်ပြားသာမက လူကိုယ်တိုင်ပါ ဘိုမရဲ့စေရာ စေ အနေအထားထဲကို တစ်စထက်တစ်စ ကျဆင်းလာတော့ တာ။

စကားနည်းပြီး လူကလည်း ခပ်တည်တည်တင်း တင်း မှုန်ကုပ်ကုပ်သာ နေတတ်တဲ့သူဟာ စကားများပြီး ထွေး လုံးရောနှော ပြုံးရွှင်ချိုသာနေတတ်သူ တစ်ယောက်ကို ဘယ်လိုမှ ခွာချမရ၊ ဖယ်ထုတ်မရ၊ နေရာပေးကို ပေးလိုက်ရပြီဖြစ်သည့် သဘောတည်း။ ကာယကံရှင်ကိုယ်၌က အန်တီမေဇော်ကို ပြန်ပြော ပြီး တားမြစ်ထားစေတာမျိုးတွေ မရှိသည့်သဘောပဲ ဖြစ်သွားသည်။ နဆို ဦးကျော်မင်းဒင်ရဲ့ တစ်ကိုယ်ရည်စာ ကိုယ်ရေးကိုယ်တာ အလုပ်မှန်သမျှဟာ ဘိုမလက် ဘိုမခြေ ဘယ်သူမှ ထိခွင့်မရ၊ လုပ်ပေးခွင့်မရှိတော့သည့် အနေအထားမျိုးအထိပင် ဖြစ်သွားခဲ့ ပြီ။

ရရနဲ့ ဘိုမတို့ ဒီအိမ်ကိုရောက်လာခဲ့ကြတော့ အန်တီ မေဇော်က "ဘဝရှေ့ရေးမှာ စိတ်ချရအောင် ပညာရေးတွေမှာ လည်း ပြည့်စုံနေမှဖြစ်မယ်"ဆိုပြီး အဝေးသင်တက္ကသိုလ်မှာ စာပေး စာယူအဖြစ် တက်ရောက်နေတဲ့ ရရကိုရော နုထိ "ဆယ်တန်း"ဆိုတဲ့ တောင်ကြီးကို မကျော်လွှားနိုင်သေးတဲ့ ဘိုမကိုပါ အဝေးသင်ဆက် တက်ဖို့နဲ့ ဆယ်တန်းပြန်ဖြေဖို့တွေကို သင်တန်းတွေနဲ့တကွ



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပေးခဲ့ပါသည်။ ဒါတင်မကသေး ကွန်ပျူတာသင်တန်းနဲ့ အင်္ဂလိပ်စာကိုပါ (4)Skills လုံးအတွက် သင်တန်းတွေ စီစဉ်ပေးထားတာမျိုးကိုပါ လုပ်ပေးခဲ့သေးသည်။

နှစ်ယောက်အတူ ပူးမတက်ရမယ့် သူ့ဆယ်တန်းကျူရှင်သင်တန်းများကိုတော့ ဘိုမက မည်သို့မည်ပုံ လုပ်ဆောင်ပေးခဲ့သည် မသိရပါ။ နှစ်ဦးအတူဖြစ်သော ကွန်ပျူတာနဲ့ အင်္ဂလိပ်စာသီးသန့်သင်တန်းတို့ကိုတော့ဖြင့် ပျက်ချည်တစ်ခါ၊ မတက်ချည်တစ်လှည့်။ သူ့မှာ အဲဒီသင်တန်းတွေ ပညာရပ်တွေထက် အရေးတကြီး အချိန်ပေးလုပ်ဆောင်ရမည့် "ကပ်မခွာ"စီမံကိန်းက အကြီးအကျယ် အရေးပါနေခဲ့လေပြီကိုး။ "ဘဝရှေ့ရေးအတွက်" ဆိုတဲ့ အစီအစဉ်တွေမှာ သူ့အတွက် ပိုသေချာတဲ့အရာ၊ ပိုဝါသနာပါတဲ့အရာကိုပဲ စိုက်လိုက်မတ်တတ် ကြိုးစားနေပုံသာ ပေါက်နေပါတော့သည်။

"ဘိုမ ... နင်က ငါ့ကို အဘွားအိုလေးလို တားတားဆီးဆီးတွေ ဝင်ပါမနေနဲ့လို့ ပြောထားပေမယ့် ညီအစ်မချင်းတွေ နင့်မှာ ငါပဲပြောမယ့်သူရှိတာဆိုတော့ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ပြောတာကတော့ ပြောကိုပြောရဦးမှာပဲဟာ"

"ဘာဖြစ်ပြန်ပြီလဲ"

"နင် ... နင်နဲ့ ဦးကျော်"

"ဟဲ ဟဲ ဟဲ ဟဲ"

ဘိုမရဲ့ရယ်သံကို ရုရုဖြင့် လန့်တောင်လန့်သည်။





"နင့်လည်း ငါက သိပ်မပြောရဲပါဘူး။ အဓိကကိုပဲပြောမယ်ဟာ၊ အန်တီမေဖော့်စိတ်ထဲ ခုသွားရင်မကောင်းဘူး၊ ဟုတ်တယ်မှတ်လား"

"ဘာကိုခုရမှာလဲ"

"နင်ကလည်းဟာ ခက်လိုက်တာ။ နင်ကတော့ ဦးလေးသားချင်းလို၊ ကျေးဇူးရှင်လို ပြုစုပေးနေတယ်ပဲ ပြောရင်လည်း ပြောမှာပေါ့။ ဒါပေမဲ့ ယောက်ျားနဲ့မိန်းမလေ။ ဘယ်အရွယ်နဲ့ ဘယ်အရွယ်ပဲဖြစ်ဖြစ် အရမ်းကြီး လက်ပွန်းတတီးကြီး ဖြစ်နေတဲ့အခါကျတော့ ...။ ဒါတွေ နင်က ပိုသိပါတယ်ဟာ၊ ငါ ပြောနေစရာတောင် မလိုပါဘူး"

"အဲဒီ ဘယ်အရွယ်နဲ့ ဘယ်အရွယ်ပဲဖြစ်ဖြစ် စိတ်ချထားလို့မရတဲ့ အမျိုးအစားနှစ်ခုကို တစ်အိမ်တည်း အတူထားထားတာကကော ဘယ်သူလဲ"

"ဟင် ... ! နင် ... နင်က ... အဲဒါ ... ဘာပြောတာလဲ"

"အဘွားကြီးအကြောင်းကို နင့်ထက် ငါက ပိုသိပါတယ်ကွာ ရတာရယ်"

"အဘွားကြီး ... ! အဘွားကြီးဆိုတာ ကြီးကြီးစိန်ကို ပြောတာလား၊ သူနဲ့က ဘာဆိုင်လို့လဲ၊ ငါက အန်တီမေဖော် မကြိုက်နိုင်မှာကိုသာပြော"


www.burmeseclassic.com

www.burmeseclassic.com

"တော်စမ်းပါ၊ အ,ချင်ယောင်က စွတ်ဆောင်ထားရင် ရှုံ့စရာတောင် ကောင်းတယ် ငပိမရဲ့။ နင့်ထွင်လုံးတွေကို ကျန်ခဲ့တဲ့ ငါတို့ရပ်ကွက်ထဲကလူတွေနဲ့လောက်ပဲ သုံးလို့ ရမယ်။ ငါတော့ လာလုပ်ပြမနေနဲ့"

ဘိုမမှာ မျက်လုံးကြီး ပြူးလိုက်ချင်ပါသော်လည်း မပြူးရဲသည့် ရုရုရဲ့အဖြစ်ကို ရိပ်မိသွားပုံနှင့် "တဟဲဟဲ"ရယ်လိုက် ပြန်ရင်းက ...

"ဒေါ်မေဇော့်လို အဘွားကြီးက အစစအရာရာမှာ သူပဲ ဦးဆောင်စီမံချုပ်ကိုင် ခြယ်လှယ်ချင်တဲ့သူပါ။ မောင်နှမ ချင်းတူတူတောင် ယောကျ်ားလေးဖြစ်တဲ့ ဦးကျော်က ကား accident ဖြစ်ပြီးသွားတဲ့ နောက်ပိုင်းမှာ မိသားစုနဲ့ဆိုင်တဲ့ စီမံအုပ်ချုပ်ရေးရာ အဝဝကို သူပဲ ကြီးစိုးလိုက်တယ်။ ဦးကျော်ကို စိတ်ဓာတ်ကျနေတဲ့ ရောဂါသည်ကြီးပဲ မဖြစ်ဖြစ် အောင် ပုံစံချိုးထားလိုက်တယ်။ အရင်အချိန်က အစစ အရာရာ အဘက်ဘက်က ပြည့်စုံတဲ့ လူပျိုကြီးဘဝတုန်းက ကြိုက်တဲ့မိန်းကလေး ခေါင်းခေါက်ယူနိုင်ခဲ့တဲ့ ဦးကျော်ကို ခုလိုဘဝမျိုးမှာကျတော့ သူ့ထက်သာတဲ့၊ ထက်တဲ့၊ သူ စီမံရာ မနာခံမယ့် မိန်းကလေးမျိုးနဲ့ ပေးမဆုံစေချင်တော့ ဘူး။ အဖြေက အဲဒါပဲ"

"အဲ ... အဲဒီတော့ ..."





"နင်ဖြစ်ဖြစ် ငါဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် သူ့မောင်နဲ့ဖြစ် ကြရင် သူ ဘာမှမပြောဘူး သေချာတယ်။ နှလုံးသားပြည့်ဝ တဲ့သူတစ်ယောက် အဖြစ်နဲ့ပဲ သဘောတူပေးလိုက်လိမ့်မယ်၊ လောင်းမလား"

ရုရုမှာ ဘိုမရဲ့စကားတွေကြောင့် ကြက်သီးတဖြန်း ဖြန်းပင် ထသွားမိရပါသည်။ ကိုယ်တိုင်က ဘိုမဟာ "အဲဒီရည် ရွယ်ချက်နဲ့များ ဦးကျော်ကို အဲဒီလောက် လိုက်ကပ်နေခဲ့တာလား" ဟု ထင်ခဲ့မိပေမယ့် "ဟုတ်ပါတယ်"ဆိုတာကို ကာယကံရှင်ရဲ့ နှုတ်ဖျားက ဖွင့်ဟဝန်ခံသလို ကြားလိုက်ရတာက ပိုကြောက်စရာ ကောင်းသည်။ ရုရုကား စိတ်ပျက်လက်ပျက်နှင့်ပင် ... "နင်က လည်းဟယ်"ဟု မပြောသာ ပြောသာလေး ပြန်ပြောလိုက်မိလျှင် ...

"ငါကလည်း သူ့အကြံအစည် စိတ်ကူးတွေကို သိပေမယ့် ဒါက ငါ့အတွက်တော့ မဟာအခွင့်အရေးကြီးလေ။ မဟုတ် ဘူးလား။ ဘယ်လောက်ပဲ အစ်မတစ်ယောက်ရဲ့ ချုပ်ကိုင်မှု တွေကို မတွန်းလှန်နိုင်လှန်နိုင် ဦးကျော်ကလည်း ဒီမိသားစု၊ ဒီအိမ်၊ ဒီပိုင်ဆိုင်ထိုက်တွေနဲ့ တစ်ဝက်တိတိ ဆိုင်ကိုဆိုင် နေသေးတဲ့ ပိုင်ကိုပိုင်ရမယ့် သူတစ်ဦးပဲ"

စိတ်ဓာတ်တွေကအစ တစ်မျိုးကြီးဖြစ်သွားသည့် ဘိုမကို ရုရုမှာ အကြောင်သားလေးပင် ငေးကြည့်နေမိပါသည်။ မပြည့်မစုံ ညီအစ်မချင်းဘဝနဲ့ အတူကြီးပြင်းလာကြရစဉ်က ဘိုမသည် အငြင်းသန်သော၊ ရန်ဖြစ်သန်သော၊ သူ့ဗိုဲပဲ သူကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော၊ ထင်ရာစိုင်းတတ်ကာ လူကြီးပြောစကား နားမထောင်တတ်သော ဘိုမအဖြစ်လောက်နှင့်သာ ကလေးဆိုးမျိုးပဲ ဆိုးတတ်ခဲ့တဲ့ ဘိုမပါ။

ခုကျမှ ...။ မမျှော်လင့်ဘဲ ဘဝတွေက အပြောင်းလဲကြီး ပြောင်းလဲကာ (အဘိုးမရှိတော့တာကလွဲလို့)ရုတ်တရက် ထူးခြားကောင်းသွားသလို ရှိသွားခဲ့တဲ့ အချိန်ကျကာမှ သူ့ရဲ့ စိတ်ဓာတ်တို့ကပါ မည်သို့ပြောင်းလဲသွားရပါသနည်း။ ကြောက်စရာကောင်းလောက်အောင် အကွက်မြင်၊ စီမံကိန်းချ၊ တွက်ချက်တတ်ခြင်းတို့နဲ့ လူကြီးဆိုး ဆိုးတတ်တော့မယ့် သူတစ်ယောက်အဖြစ် ဘယ်တုန်းကများ ရောက်ရှိသွားရပါသနည်း။

"အေးလေ ... ပြောရမယ် ဆိုရင်တော့ ဒီအခွင့်အရေးမျိုး နင့်မှာလည်း ရှိပါတယ်။ နင်လည်း ကြီးစားပိုင်ခွင့်ရှိပါတယ်။ ငါက မတားပါဘူး။ ငါနဲ့တော့ နင် ပြိုင်ရမှာပေါ့"

"တော်စမ်းပါဟာ"

"ပြီးရောပေါ့၊ ဒါ နင့်ရွေးချယ်မှုနော်။ ဒါဆိုရင် ငါ့ကို မတားနဲ့ မနှောင့်ယှက်နဲ့။ ဒီ့ထက်ပိုမွန်မြတ်နိုင်သေးရင် အကူအညီပါပေး ... ဒါပဲ။ အေး ... တစ်ခုတော့ရှိတယ်နော်၊ နင် အခု မမျှော်လင့်ဘဲ ရလာတဲ့အနေအထားတစ်ခုဟာ အမြဲ ခုလိုပဲ ဆက်ရှိနေ ။မဲ့လို့ ထင်ယောင်ထင်မှား ဖြစ်နေရင်တော့ မှားမယ်နော်။ မွေးစားသမီးလည်းမဟုတ် ဘာမှလည်း တရားဝင်မဟုတ်တဲ့ အခြေအနေမှာ ကျေးဇူးရှင်



ဆိုသူတွေ စိတ်ဖောက်ပြန်သွားတဲ့တစ်နေ့မှာ ဒါတွေအားလုံးက ဖျတ်ခနဲပဲ ဆပ်ပြာပူဖောင်းလိုပဲ ဆိုတာကိုတော့ နင့်ခေါင်းထဲ ထည့်ထား"

"အဲဒီတော့ရော ဘာဖြစ်သေးသလဲ။ အစကတည်းက ဒါက ဒါပဲဟာ"

"ဘယ်ဟုတ်ရမှာလဲ။ အဆောင်အယောင် ရာထူးစည်းစိမ်၊ ဥစ္စာဓနဆိုတာတွေဟာ တစ်သက်လုံး တစ်ခါမှ မခံစားခဲ့ဖူးဘူးဆိုလည်း တစ်မျိုးပေါ့။ ခံစားဖူး၊ ရဖူး၊ ရှိဖူးပြီးမှ ပြန်ပြုတ်ကျ ပျောက်ပျက်ရမယ်ဆိုရင် အင်မတန် အထိနာတယ်။ ဘယ်လိုမှ ခံစားလို့ အဆင်ပြေမှာ မဟုတ်ဘူး"

အဲဒါနဲ့ပဲ အကြံကြီးကြီးနဲ့ အစီအစဉ်ကြီးကြီးတစ်ခုကို အကောင်အထည်ဖော်ဖို့ လက်တွေ့ဆုံးဖြတ်လိုက်တာပေါ့လေ။ အဘိုးတစ်ယောက် သက်ရှိထင်ရှား ရှိစဉ်အခါတည်းက သူ့အလုပ်၊ သူ့အလုပ်ရှင်မိသားစုနဲ့ သူ့ဘဝ၊ သူ့မြေးမတွေနဲ့ကို ဘာမှအပတ်အသက်မရှိစေဘဲ ခပ်ကင်းကင်းထားခဲ့၍သာ တော်ပါတော့သည်။ ဘိုမရဲ့ ဒီလိုစိတ်ဓာတ်နဲ့ ဒီလိုလုပ်ရပ်တွေကို အဘိုးသာ သိသွားခွင့်ရခဲ့ရင် နှစ်ခါပြန်လောက် သေသွားချင်မည်ဟု ရရက အလိုလိုသိနေမိသည်။

"ဒါဖြင့် နင်က စောညီကိုရော ဘယ်လိုလုပ်မှာလဲ၊ ဘယ်သွားထားမှာလဲ"

"အို ! စောညီ ! အဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဘိုမက ရုရုကို စေ့စေ့ကြည့်ကာ "ကျွတ် ကျွတ် ကျွတ်"ဟု စုတ်သပ်လိုက်ပြီးမှ ...

"နင် သိပ်တုံးမှန်း သိပေမယ့် အဲဒီလောက်အထိတော့ ထင်မထားဘူးဟာ။ လက်မှတ်ထိုး လက်ထပ်ထားကြပါတယ်ဆိုတဲ့ တရားဝင်လူသိရှင်ကြား လင်မယားကြီးတွေတောင်မှ စိတ်ထဲ ဘာမှမကျန်တော့တဲ့နေ့ကျ "ဖြတ်"ခနဲ ထပြီး ကွဲကွာလို့ရကြသေးရင် ငါက အဲဒီသတ္တဝါကို ခေါင်းပြန်ညိတ်ထားမိတာလေး တစ်ခုတည်းနဲ့ပဲ ရိုးမြေကျ ရတော့မယ့်တာဝန် ရှိသလား။ သွားစမ်းပါ ရုရုရာ"

ရုရုက ဘိုမကို ဘာမှဆက်မပြောတော့ပေ။ ဟိုတစ်နေ့က အဝေးသင်တက္ကသိုလ်ရှိရာ သထုံလမ်းသို့သွားစဉ်က ဘိုမရဲ့ချစ်သူ စောညီနှင့်တောင် ဆုံခဲ့သေးသည် ဆိုတာကိုလည်း ပြောပြမနေချင်တော့။ ရုရုတို့ ဟိုရပ်ကွက်ကလေးမှာ နေခဲ့ကြစဉ်ကတည်းက ချောမောလှပပြီး သွက်လက်ရေပန်းစားလှတဲ့ ဘိုမမှာ ရပ်ကွက်ထဲက ကာလသားချင်းတွေသာမက တခြားတစ်မြေခြားတွေပါ ရတ်ရတ်သဲသဲ ဗျာများရန်ပွားနေရလောက်အောင် ချစ်သူခင်သူ ပေါများခဲ့တာ မဟုတ်လား။

အဲဒီထဲတွေမှာမှ အကောင်းဆုံးလို့ သူ ယူဆခဲ့တဲ့ "စောညီ"ကို သူမခေါင်းခေါက်ရွေးချယ်ပြီး ခေါင်းပြန်ညိတ်ထားခဲ့တာလေ။ စောညီ ဆိုတာကလည်း ခေသူတော့မဟုတ်ပါ။ အချဉ်လည်း မဟုတ်။ ဟိုတစ်နေ့က တွေ့ကြတာတောင်မှ နှုတ်ဆက်စကားဆိုပုံကဖြင့် ကြည့်ဦးလေ။





"ဟဲ့ ... ကောင်မလေး၊ နင့်အစ်မကို ငါနဲ့လည်း အဆက်အသွယ်လုပ်ဦးလို့ ပြောလိုက်ဦး။ ကိုယ့်ဘာဝကိုယ် ဟုတ်လှပြီဆိုပြီး မိုးမမြင် လေမမြင်နဲ့ မျက်လုံးရော ဦးနှောက်ပါ ပိတ်ချင်ရာတွေနဲ့ ပိတ်ချင်တိုင်း ပိတ်မနေနဲ့လို့ ... ကြားလား"

ရုရုမှာ အန်တီမေဖော် စီစဉ်ပေးထားသော အိမ်ကကားနှင့်ဌာနသို့ လာရသည်ဖြစ်ရာ စောညီနှင့် တွေ့ဖြစ်ကြတဲ့နေရာဟာ ကားရပ်ထားရာ နေရာနဲ့ အတန်ငယ် လှမ်းနေပါသော်လည်း "ဒရိုင်ဘာကြီးသာ မြင်သွားရင်"ဆိုတဲ့ စိုးရိမ်စိတ်တို့နဲ့ ကသိကအောက် ဖြစ်နေဆဲ။

"သူ့ကို အဆက်အသွယ် လုပ်ဦးဆိုရင် မလုပ်ဘဲလည်း နေနေဦးမယ်။ တကယ် ဆက်သွယ်ချင်တဲ့လူ မှန်ရင် ခုလောက်ထိ နေမှာမှ မဟုတ်ဘဲ။ ကိုယ်နေခဲ့တဲ့ ရပ်ကွက်ထဲလည်း လုံးဝကိုပြန်တောင်အလည်မလာ၊ စုပ်စမြုပ်စ ပျောက်သွားလိုက်ကြတာ။ ပေးစမ်း ... နင်တို့အိမ် ဖုန်းနံပါတ်"

"ဟို ... ဟို ... မသိ ..."

"ဘာမသိလဲ ... ! ရုရု ... နင်တော့ ငါလုပ်လိုက်ရရင် သေတော့မယ်"

"ဦး ... ဦးနဲ့ အန်တီက ဟန်းဖုန်းပဲကိုင်တာ။ သူတို့ဟန်းဖုန်းနံပါတ်တွေကို တကယ်မသိ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ် ... အဲဒီလိုအိမ်တွေမှာ ဟဲန်းဖုန်းပဲရှိပြီး လိုင်းဖုန်း မရှိပါဘူးဆိုတာ ချေးစားပြောရင်တောင် မယုံဘူး။ ငါ တောင်းတာ နင်တို့အိမ်က လိုင်းဖုန်းနံပါတ်ကို တောင်းနေ တာ"

ရုရု တစ်ယောက် ဘာများတတ်နိုင်ပါမည်နည်း။ စောညီကို ဖုန်းနံပါတ် ပေးလိုက်မိတာဟာ တော်တော်နောက် ကြောင်းမရှင်းတဲ့ လုပ်ရပ်မှန်း သဘောပေါက်ပါသော်ငြားလည်း လောလောလတ်လတ် အန္တရာယ်က ပိုကြီးနေသည်။ လူလည် ကောင်ကြီးမှာ ပေါက်လား ဟိုန်းလား ခြိမ်းခြောက်လားနှင့် ပတ်ဝန်းကျင်ကလည်း တစ်မျိုးမြင်နိုင်သလို၊ ဒရိုင်ဘာကြီးကပါ တစ်မျိုးမြင်ပြီး အန်တီမေဖော့်ထံ သူ့ ထင်ရာမြင်ရာတွေကို ပြန် ပြောတိုင်ကြားနေပြန်ရင်လည်း အခက်လေ။

အဲဒီတုန်းက ပြန်ရောက်ရောက်ချင်း၊ ချက်ချင်း မေ့နေလို့ ပြန်မပြောပြခဲ့မိရသေးတာ။ ခုကျတော့ ဘယ်လိုလုပ် ပြောလို့ဖြစ်ပါတော့မလဲ။ "သူ့ စီမံကိန်းမှာ မနှောင့်ယှက်နဲ့"ဟု ဘိုမက အတိအလင်းပင် ဖွင့်ပြောထားပြီးဖြစ်ရာ စောညီကို ဖုန်း နံပါတ်ပေးမိခြင်းဟာ နည်းတဲ့ပြစ်မှု မဟုတ်ပေ။

"မမဘိုမ ... တယ်လီဖုန်း လာနေပါတယ်"

ရုတ်တရက် အခန်းဝမှာ ကောင်မလေးတစ်ယောက် ပေါ်လာပြီး အော်ပြောလိုက်တာမို့ စောညီ အကြောင်း ခေါင်းထဲ ရောက်နေသည့် ရုရု တစ်ယောက် "အမယ်လေး"ဟု ထမအော်မိ





ရုံတမယ် အထိတ်တလန့် ဖြစ်သွားရပါသည်။ ဘိုမကတော့ သိသိသာသာ မှုဟန်ပျက်သွားသည့် ရုရုကို မျက်စိလေးစွေကာ ကြည့်လိုက်ပြီး သူကိုယ်တိုင်လည်း တစ်ခုခုကို အတန်ငယ် စဉ်းစားနေဟန်ရှိပြီးမှ ...

"ရုရု ... ငါ ဦးကျော်ကို ဆေးတိုက်စရာရှိသေးတာ သူ နိုးပြီလားလို့ သွားကြည့်လိုက်ဦးမယ်။ တယ်လီဖုန်းကို နင်ပဲသွားပြောလိုက်"

"အာ ... ငါနဲ့ ဘာဆိုင်လို့လဲ၊ နင့်ကို ခေါ်တာပဲဟာ၊ နင့် ဆီကို လာတာလေ"

"အေးလေ ... ဒါပေမဲ့ ငါ့ဆီကို တယ်လီဖုန်း လာနိုင်တဲ့ သူတွေထဲမှာ နင်မသိတဲ့သူကော ဘယ်သူရှိနိုင်လို့လဲ။ နင် နဲ့လည်း အားလုံးနဲ့ သိနေနိုင်တာပဲ၊ နင်ပြောလိုက်လည်း ဖြစ်တယ်"

"ဒါပေမဲ့ နင့်ကိစ္စတွေမှ အကုန် ငါမသိ၊ မဆုံးဖြတ်နိုင် တာ"

"ဘာကိစ္စမှ အရေးမကြီးဘူး။ နင် ပြောချင်ရာသာပြောလိုက်၊ ဘာဖြစ်သွားသွား အရေးမကြီးဘူး"

"နင်ကလည်းဟာ နင်သွားပြောလိုက်လည်း ရတာပဲ၊ ခဏ ပဲဟာ"

"နေပါဦး၊ တယ်လီဖုန်းလေး ပြောပေးဖို့ အကူအညီတောင်း တာကို ဘာများဖြစ်နေရတာလဲ။ သရဲနဲ့ တွေ့မှာကျနေတာ



www.burmeseclassic.com

www.burmeseclassic.com



~ ပဲ။ ငါ သွားပြောလိုက်လည်း ရတယ်ဆိုပေမယ့် နင်သွား ပြောလိုက်ရင်လည်း ရတာပဲဟာ။ ခုလို အပြန်အလှန်ငြင်း နေကြရတာကမှ ကြာသေးတယ်။ ငါကလည်း အဲဒီလိုကပ် သပ်နေရင် ပိုလို့တောင်မှ သွားမပြောသေးတယ်။ နင်ပဲ သွား"

အတော်ကလေး ခိုင်မာပြတ်သားသည့် ဘိုမက ဖျတ်ခနဲပင် ထထွက်သွားပါချေပြီ။ ရရမှာသာ အကယ်၍ စောသိ ပဲ ဖြစ်နေခဲ့ပါလျှင်လည်း ဘယ်သူကမှ အရေးလုပ်ကာ သွားမပြော ဘဲ ဒီတိုင်းကြီး လျစ်လျူရှု ပစ်ထားလိုက်ပါက ပိုဆိုးလာနိုင်တာ ကိုပါ တွေးမိထိတ်လန့်ရသည်မို့ "ဘုရား ... ဘုရား"ပဲ အခါတစ် ရာတ,ကာ ...

"ဟုတ်ကဲ့"

"ဘိုမလားဟေ့"

"ရရပါ"

"ဘိုမနဲ့ ပြောပါမယ် ဆိုတာကို ညည်းက ဘာလို့လာကိုင် ရတာလဲ"

"ဟုတ် ... သူ ... သူ မရှိလို့ပါ၊ ဘယ်သူပါလဲ"

"သူက ဘာလို့မရှိရတာလဲ၊ ခုနက ကောင်မလေးတစ် ယောက်ကပြောတော့ ရှိတယ်ဆို"

"ဘိုမက အန်တီနဲ့ အပြင်ပါသွားတာကို အိမ်က ကလေ တွေက မသိကြလို့ပါ"





"အေး ... ပြီးရော၊ သူ ပြန်လာရင် သူ့အမေ ဖုန်းဆက်တယ် လို့ ပြောလိုက်၊ ညည်းက ကရုဏာဆိုရင် ငါ့တော့သိမှာ ပေါ့"

တစ်ဖက်က ဖုန်းဆက်လာသူမှာ ယောကျ်ားသံခပ် ယင်ငယ် မဟုတ်ဘဲ မိန်းမကြီးတစ်ယောက်ရဲ့အသံသာ ဖြစ်နေ၍ စိတ်ချမ်းသာရမလား မှတ်ပါတယ် "ဘိုမရဲ့အမေ"ဆိုတော့ ရရ တစ်ယောက် ခြေဖျားလက်ဖျားတွေ မြန်အေးရပြန်လေပြီ။ ဘိုမဟာ "မိဘမဲ့မြေး"ဆိုတဲ့ နာမည်တပ်လာမှုကို မလိုမ့်တပတ်နဲ့ ကျော် ဖြတ်ဖုံးဖိပစ်ကာ "ကျွန်မလည်း မိဘမဲ့ပါပဲ"ဟု ပေါ်တင်ကြီးထုတ် မပြောခဲ့သော်လည်း ဘာလိုလို လုပ်ပစ်ခဲ့တဲ့သူလေ။ အခု သူ့အမေ က စဆက်သွယ်လာပြီ။

"ညည်း ... ငါတော့ သိမှာပေါ့"တဲ့။ ကောင်းကောင်း သိပါသည်။ သိတာမှ သူ့ကိုတင်မက စိတ်ညစ်စရာ ကောင်းလှ သည့် အကျင့်တို့၊ စိတ်ထားတို့ကိုပါ သိသည်။ အဘိုးရဲ့သားကို ဖောက်ပြားပြီး နောက်တစ်ယောက်နဲ့ အသစ်ရှာထွက်ခွာသွားခဲ့တာ တောင်မှ အဘိုးရဲ့ချွေးနည်းစာ၊ လုပ်စာကို လာခွာနှိုက်ချင်နေတတ် သေးတဲ့ မိန်းမကြီး။ ဘိုမလည်း အရွယ်လေး ရလာရော။ တိတ် တဆိတ် ပြန်လာဆက်သွယ်ပြီး သူ မပြေလည်တာရှိတိုင်း ဘိုမ ကို အဘိုးထံမှာ အကြောင်းပြချက် အမျိုးမျိုးပြကာ ပိုက်ဆံတောင်း ခိုင်းတတ်တဲ့ မိန်းမကြီးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဟာ ဘိုမကို ဆူလည်း ရိုက်လည်း ခဏသာ။ သူ့အမေက ဘာဖြစ်ဖြစ်၊ အသုံးကျကျ မကျကျ "ငါ့မှာ အမေတစ်ယောက် ရှိသေးတယ်ဟေ့"ဟု အဘိုးအပေါ်မှာရော၊ ရှုရှုအပေါ်မှာပါ အကြောင်းပြထားချင်တဲ့ ဘိုမဟာ သူ့ကကျတော့ သူ့အမေကို။ အပေးမရှိ၊ အတောင်းနဲ့ချည်း ပတ်သက်နေချင်တာကို အပြစ်မြင်ချင်မှ မြင်နိုင်ပေမည်။ ရှုရှုကတော့ အမေဖြစ်ရက် ကိုယ့်သမီးကို အကြောင်းပြချက် အမျိုးမျိုးနဲ့ လိမ်လည်ကာပိုက်ဆံတောင်းတတ်အောင် သူကိုယ်တိုင်တောင် ဓာတ်လမ်းထွင်၊ သင်ပေးလိုက်သေးသည့် မိန်းမကြီးမျိုးရဲ့ သမီးဖြစ်နေတာနဲ့စာရင် မိဘမဲ့တစ်ယောက် ဖြစ်ခဲ့ရတာကမှ အများကြီး တော်ပါသေးဟုသာ တွေးမိဖူးခဲ့တာပါပဲ။

ဘိုမက "နင် ပြောချင်ရာသာ ပြောလိုက်၊ ဘာဖြစ်သွားသွား"ဆိုပေမယ့် "အဒေါ် ... ဒီအိမ်ကို ဖုန်းမဆက်ပါနဲ့။ ဒီမှာက ဘိုမကိုပါ မိဘမဲ့လိုလို သိထားကြတာ။ အဒေါ်လုပ်လို့ အားလုံး ရှုပ်ကုန်ပါဦးမယ်"လို့ ပြောလိုက်လို့ ဖြစ်ပါ့မလား။ မလုပ်ရဲပါ။

ဘိုမတော့ ခေါင်းရှုပ်တော့မယ်။ ကိုယ်လည်း ဝိုင်းကူလိမ်လည် ဖုံးဖိထားသူအဖြစ် အန်တီမေဇော်ဆီမှာ မျက်မာန်ရှခံရနိုင်တယ်ဆိုတာ သိသိကြီးနဲ့ပင် ...

"ဟုတ်ကဲ့ ... သိပါတယ်၊ ပြောလိုက်ပါ့မယ်"



"အိမ်လာခဲ့ဦးလို့။ ငါပြောထားတဲ့ကိစ္စက ဘယ်လိုလဲလို့။ ဟော့ ... ဒီမှာ အမြန်ဆုံး အဆင်ပြေအောင်သာလုပ်ပေးလို့သာ ပြောလိုက်တော့၊ ကြားလား"

ဟိုဘက်ကပင် စတင်ကာ ဖုန်းချသွားခဲ့တော့ ရှုရှုမှာ သက်ပြင်းကြီးများနှင့်သာ ကျန်ရစ်ရပါသည်။ ဦးကျော်ရဲ့အခန်းနားဆီမှာ ဘိုမကို သွားပြန်ချောင်းတော့ ထမင်းစားခန်းထဲတင် ထိုင်နေသည့် ဘိုမက အေးအေးဆေးဆေးပုံစံနှင့်ပင် ဆီးကြိုပြီး ...

"ငါ့အမေပဲ မဟုတ်လား"

"တိုးတိုးပြောစမ်းပါ၊ နင်က ကြိုမှန်းထားပြီးသားပေါ့ ဟုတ်လား။ အဲဒါကြောင့် ငါ့ကို ဖုန်းသွားဖြေခိုင်းတာ"

"ရလေလိုလေ အိုတာစ္ဆေပဲဟာ၊ ငါ့ကို ငွေပုံကြီး ဖင်ခုထိုင်မိပြီလို့ ထင်နေတာ"

"အန်တီတို့ပေးထားတဲ့ မုန့်ဖိုးကို နင် ပြန်ပေးလိုက်ချင်ရင်တော့ ဖြစ်နေတာပဲ မဟုတ်လား။ နင် လိုချင်သေးရင် ငါ့ဆီကပါ ယူချင်လည်း ယူလိုက်လေ"

"နှစ်ယောက်လုံးပေါင်းတော့ကော ဘယ်လောက်များ များနေလို့လဲ"

ရှုရှုက "ဟဲ့"ဟု အော်လိုက်ပါသည်။ ဘိုမကတော့ ခပ်မဲ့မဲ့နှင့်ပင် ...

"အဲဒါကြောင့် နင့်ကို ငါက ရှင်းရှင်းပဲ ပြောထားတာလေ။ အစစအရာရာဟာ ကိုယ့်ပိုင်ထိုက်အဖြစ် ကိုယ့်လက်ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com

ခြေ ဖြစ်ထားနိုင်ဖို့ အရေးအကြီးဆုံးပဲ၊ ဘာကြောင့်မှန်းမသိ၊ အကြောင်းမသိ ဆောင့်ရှောက်တယ်ဆိုပြီး မဖြစ်စလောက် ထုတ်ကြည့်ထားတာလေးကိုပဲ ထိုင်မျှော်နေစရာ မလိုတော့ဘူးပေါ့"

ရှရှမှာ ဘိုမရဲ့အနားမှာ ဆက်ထိုင်နေရတာကိုပဲ စိတ်က ကျဉ်းကျပ်ညစ်ရှုပ်လျက် ရှိပါသည်။





## အခန်း(၂)

ခြေချစရာနေရာပင် မရှိတော့လောက်အောင် ကျဉ်းကျပ်နေသော ပလက်ဖောင်းအစွန်းကလေးပေါ်မှာ အုတ်ပုံတွေအဖုတွေကလည်း စလုံးစခုနှင့်မို့ ခနော်နီခနော်နဲ့ ခြေလှမ်းတို့ဟာ ယိုင်သွားလိုက်၊ တိမ်းသွားလိုက်။ ကိုယ့်ကိုယ်ကိုယ် "ငါချော်လဲတော့မယ်၊ ငါတော့ ဒုက္ခပဲ၊ ဘယ်လိုမှ မဟန်နိုင်တော့ဘူး၊ လဲကိုလဲတော့မယ်"ဟု သိရှိလိုက်ပြီးတာနဲ့ တစ်ပြိုင်နက်တည်းလိုလိုမှာပင် ရှရှ တစ်ယောက် ပလက်ဖောင်းတုံးအစွန်းအစပ်ကနေ လမ်းမပေါ်ထက်သို့ ပုံနေရက်သားကလေး ချော်လဲကျသွားပါတော့သည်။

"ဟာ"

အကျယ်ကြီး ထအော်ပစ်လိုက်သံကြီးတစ်ခုမှာ အံ့ဩစိတ်နှင့် အာမေဋိတ်သံမျိုး မဟုတ်ပါ။ မကျေမနပ်စိတ်ကြီးနှင့် စိတ်မရှည် လက်မရှည် ဒေါသတကြီး အော်ထည့်လိုက်ခြင်းမျိုးသာ ဖြစ်ပါသည်။ အဲဒီအသံကြီးက ချော်လဲကျသွားသော ရှရှရဲ့နှုတ်ခမ်းမှကပ်ပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲကွာ"

ရုရုမှာ ပထမတော့ ကိုယ့်ကိုပြောနေမှန်းတောင်မှ မသိပါ။ "ဒီမှာ ... ချော်လဲကျတဲ့ ဟာမလေး"ဟု နောက်တစ်ကြိမ် ထပ်အော်လိုက်သံကြီးကို ကြားလိုက်ရတော့မှပင် အယောင်ယောင် အကမ်းကမ်းနှင့် လှည့်ကြည့်ဖြစ်တော့ကာ ...

"ရှင် ... !"

"ဘယ်လိုဖြစ်တာလဲလို့ မင်းကို ငါ မေးနေတာလေ"

"ယိုင်သွားတာပါ"

ရုရုက လဲကျနေရာမှ မနည်းပြန်ထရပ်ကာ လက်ထဲကနေ ပြုတ်ကျကုန်သည့် စာရွက်စာတမ်းများနှင့် အိတ်တစ်လုံးတို့ကို ပြန်ကောက်ယူနေရင်း အဖြေပေးလိုက်ပါသည်။

"အဲဒါကို ပြောနေတာ မဟုတ်ဘူးကွ"

"ဟင် ... ! ဘာလဲ၊ ကျွန်မ ဘာဖြစ်တာလဲလို့ မေးတာမဟုတ်ဘူးလား၊ ချော်လဲတာလေ"

ကိုယ့်ပစ္စည်းတွေကို အကုန်ပြန်လိုက်ကောက်ပြီးသွားမှပင် "ဒီလူက ဘယ်သူလဲ၊ ဘာတွေလာမေးနေတာလဲ"ဟု ရုရုက စဉ်းစားမိပါသည်။ ကိုယ့်ဘာသာ ချော်လဲကျသွားတဲ့ကိစ္စမှာ နေရင်းထိုင်ရင်း သူက ဘာတွေလာ ဒေါသထွက်နေရတာပါလိမ့်။ မသကာ ကာယကံရှင်ဖြစ်တဲ့ ရုရုကသာ လမ်းမပေါ် လူလယ်ကောင်ကြီးမှာ ဖြစ်ရတာမို့ ရှက်ရမ်း,ရမ်းပြီး ရှက်ဒေါသနဲ့ တရားလွန်အပြည့်အကျပ် နေရာယူထားကြတဲ့ ပလက်ဖောင်းဈေးသည်တွေကိုဖြစ်ဖြစ် ဒေါသထွက်ပြရတယ်ဆိုလည်း ဟုတ်တုတ်တုတ်။





"မင်းချော်လဲတာတွေ၊ ယိုင်သွားတာတွေ ငါ စိတ်မဝင်စားဘူး၊ ဒီမှာကြည့်စမ်း"

သူက သူ့ခြေထောက်တစ်ချောင်းကို ရုရုဘက်သို့ ဆတ်ခနဲ မြှောက်ပြလိုက်ပါသည်။ အရပ်အတော်မြင့်လှတဲ့တစ်ယောက်မို့ ဂျင်းဘောင်းဘီဝတ် သူ့ခြေထောက်ကြီးတစ်ဖက်ဟာ အရှည်ကြီး။ ဆတ်ခနဲ အရှေ့ဘက်ကို ထိုးပြလိုက်တော့ သူနဲ့အနီးကပ်လိုဖြစ်နေတဲ့ ရုရုကို ကန်မိတော့မလိုပင် ဖြစ်သွားရတာမို့ ရုရုမှာ အလန့်တကြား ဟိုတိုးသည်ယိမ်း၊ တိမ်းကာနွဲ့ကာနှင့် ရှောင်ရှားလိုက်ရပါသည်။

"လုပ်ပြန်ပြီ၊ ဘယ်လိုဖြစ်နေတာလဲ။ မင်းကိုယ်မင်း ဆပ်ကပ်မယ်များ မှတ်နေသလား"

"ရှင်က ရှင့်ခြေထောက်ကြီးကို ကျွန်မဘက် ဆန့်ထုတ်မြှောက်လိုက်တာကိုး၊ ထိမိတော့မတတ်ကြီး။ မရှောင်လို့ရမလားရှင့်၊ ကန်မိသွားရင် ဘယ့်နှယ်လုပ်ပါမလဲ"

"ဩော် ... ! ကိုယ့်အတွက်ကျတော့ ကိုယ်သိတတ်လိုက်တာ၊ သူများအတွက်ကျတော့ဖြင့် နည်းနည်းလေးမှထည့်တွေးမပေးပါလား"

"ရှင့်အတွက်လား ... ! ဘာကြောင့်"

"ဒီမှာကြည့်ပါလားကွ"

တော်တော့်ကို မခံမရပ်နိုင် ဖြစ်နေပုံနှင့် တဆတ်ဆတ် လှုပ်ယမ်းခါနေသည့် သူ့ခြေထောက်ကြီးကို ခုမှပင် သေ



www.burmeseclassic.com

www.burmeseclassic.com



ချာကြည့်မိပါသည်။ အပြာဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီရဲ့တစ်ဘက်ခြမ်းမှာ ခြေဖျားနေရာမှသည် ပေါင်ရင်းနေရာသို့တိုင်အောင် ၅ွဲ့စက်၅ွဲ့ကွက် မည်းမည်းတို့က ပျံ့ပျံ့ကျဲလျက် ရှိလေသည်။

ရုရုမှာ ရုတ်တရက် ရယ်များပင် ရယ်ချင်သွားရသော်လည်း အင်မတန် ခါးသီးစိတ်ဆိုးနေဟန်တူသည့်လူကို ထပ်ဆွလိုက်ရာ ရောက်သွားမှာ စိုးရတာမို့ ရယ်ချင်စိတ်ကိုမျိုသိပ်၊ မျက်နှာကိုလည်း ခပ်လွဲလွဲနှင့် ...

"ဒါကတော့ရှင်၊ မတော်တဆ ဖြစ်ရတာပဲ"

"ဘာပြောတယ် ! ဘာမတော်တဆလဲကွ၊ ဒါ မင်းနမော်နမဲ့ ဆတ်ဆတ်ဆော့ဆော့ နိုင်လို့ ဖြစ်ရတာ၊ အဲဒီအစွန်အဖျားလေးမှာ စတန့်ထွင်ပြီး တက်လျှောက်နေစရာအကြောင်းကိုမရှိဘူး"

"လမ်းက ဒီလောက်ပြည့်ကျပ်နေတာကို။ ပြီးကျတော့ ကျွန်မ ချော်လဲတဲ့အတွက် ရှင့်တစ်ယောက်တည်းကိုပဲရွေးပြီး ထိခိုက်သွားစေတာမှ မဟုတ်တာ။ ဒီမှာလည်း ကြည့်ဦးလေ။ ကျွန်မရဲ့လုံချည်တစ်ခုလုံးလည်း မည်းသည်းနေတာပါပဲ"

"မင်းက ကိုယ့်အပြစ်နဲ့ကိုယ်ပဲ၊ ဘာမှစကားထဲ ထည့်ပြောနေစရာမလိုဘူး။ ငါကသာ ကိုယ့်အပြစ် ဘာမှမရှိဘဲနဲ့ မင်းရဲ့ လျှပ်ပလာမှုမှာ အလကားသက်သက် ဒဏ်ဝင်ခံရတာ။ အမိပ္ပာယ်မရှိဘူး"



ရုရုမှာ အံ့သြရသလို ရယ်ချင်စိတ်တို့လည်း ပိုပြင်းထန်လာပါသည်။ ဒါလား ယောက်ျားကြီးတဲ့တော်။ ရန်တွေ့ကလည်း သန်လိုက်တာ။ ပြုံးစိစိတွေနဲ့ မသိမသာ အကဲခတ်နေကြပြီဖြစ်တဲ့ ဘေးဘီက လူအုပ်တချို့ကိုလည်း နည်းနည်းမှကို ဂရုစိုက်ပုံမရ။

"အဲဒီဘောင်းဘီ ဘယ်လောက်တန်သလဲဆိုတာ သိလား၊ ဘာတံဆိပ်လဲ ဆိုတာကော သိလား"

"မသိဘူး"

"ကျွတ် ... တောက်"

"ကဲပါ ... တောင်းပန်ပါတယ်ရှင်။ ကျွန်မရဲ့အပြစ်ကြောင့်ဖြစ်ရတဲ့အတွက် ကျွန်မက အများကြီး တောင်းပန်ပါတယ်"

"တောင်းပန်လို့ ပြီးမလား;ကွ၊ မင်း တောင်းပန်လိုက်တော့ ငါ့ဘောင်းဘီက နဂိုအတိုင်းပြန်ပြီး ဖြူဖွေးသွားသလား"

"ရှင် ... ! ဒါဖြင့် ရှင်က ဘာများဖြစ်စေချင်သေးတာလဲ"

"သုတ်"

"ဘ ... ဘာ ... ဘာ ... ! "

"သုတ်ပေး"

ရုရုမှာ ပါးစပ်အဟောင်းသားနှင့် ဘေးဘီဝဲယာကို လှည့်ပတ်ချောင်းကြည့်လိုက်ရာ လူအုပ်ဟာ သူ့ကိုလည်း ပြုံးစိစိနှင့်။ ကြည့်ကောင်းသည့်ပွဲတစ်ခုအတွက် ဝမ်းပန်းတသာပင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေကြပုံရသည်။ "သုတ်ပေး"တဲ့။ လမ်းမကြီးလယ်ကောင်မှာ သူက ခြေထောက်ရှည်ကြီး ဆန့်ထုတ်ပေးပြီး ရပ်နေမယ်။ ရှရှ မှာတော့ ကုန်းကွပြီး သူ့ငယ်ကျွန်ကြီးလို သူစိမ်းယောက်ျားတစ် ယောက်ရဲ့ ခြေထောက်ကြီးကို တစ်ဖက်ကကိုင်ပြီး ရွှံ့စက်တွေ ပြန်မပျောက်မချင်း သုတ်ပေးနေရမယ် ... ! ဟား ...။

"ဟော့ ... ဟော့ ... ငါပြောနေတယ်လေ"

"ဘယ် ... ဘယ်လိုလုပ်ဖြစ်ပါ့မလဲ"

"ဘာလို့မဖြစ်ရမှာလဲ"

"အိုး ... ရှင်ပဲ စဉ်းစားကြည့်ဦး"

"ဒါဖြင့် မင်းက ပါးစပ်လေးနဲ့ပဲ တောင်းပန်လိုက်ပြီး လက်တွေ့ကျကျတော့ ဘာမှပြန်မလုပ်ပေးနိုင်ဘူးဆိုတဲ့ သဘောလား"

"ဟို ... ဟိုဟာလေ ... ကျွန်မ wet tissue လေးတွေ ဝယ် ပေးလိုက်မယ်"

ရှရှက သူ့ရှေ့ကနေ သုတ်ခနဲ ထပြေးကာ ပလက် ဖောင်းပေါ်မှာ အအေးပုလင်းတွေနဲ့အတူ ရေခဲပုံးလေးတွေနဲ့ထည့် ပြီး ရောင်းနေကြတဲ့ wet tissue လေး သုံး၊လေးထုပ်လောက်ကို ပြေးဝယ်လိုက်ပါသည်။ သူက တစ်ရှူးထုပ် ပြေးဝယ်တဲ့သူကို အဲဒီခဏတဖြုတ်အတွက်ပင် အလွှတ်ပေးချင်ဟန် မရှိဘဲ နောက် ကနေ သူပါ ခပ်သွက်သွက် ပြေးလိုက်လာကာ လာကပ်ရပ်နေပါ သည်။ သဘောကတော့ ရှရှ တစ်ယောက် တစ်ရှူးထုပ်ပြေးဝယ်





သလိုလိုနဲ့ အခြေအနေ အကျဉ်းအကျပ်ထဲကနေ ထွက်များပြေး သွားမလားလို့ နည်းနည်းလေးမှ မယုံစားပေးနိုင်တဲ့ ပုံစံမျိုးနဲ့။

"သူက ခပ်စိုစိုလေးဆိုတော့ သုံး၊လေးခုလောက်နဲ့ ဆက် တိုက်လေး သုတ်လိုက်ရင် နည်းနည်းတော့ ပျောက်သွား မှာပဲထင်တယ်၊ ရော့ ... ရော့ ... ကိုယ့်ဘာသာပဲ သုတ် လိုက်နော်"

"ငါက လမ်းမကြီးအလယ်မှာ ထိုင်သုတ်နေရမယ်"

"ရှင်တောင် မသုတ်ချင်သေးရင် ကျွန်မက ထိုင်သုတ်နေ တော့ ပိုမဆိုးဘူးလား"

"မပျောက်ရင်ကော"

"ကျွတ် ... Laundry ပေးပေးမယ်ရှင် ... ကဲ"

"ဟော့ ... မင်းကလည်းလုပ်သေး၊ မင်းကပဲ စိတ်မရှည် တဲ့လေသံမျိုး ထွက်မလာပါနဲ့။ မင်းက Laundry ပေးပေး မယ်ဆိုတော့ ငါက အဲဒီဆိုင်ကိုလိုက်ပြီး ဘောင်းဘီချွတ် ပေးလိုက်ရမှာလား၊ ဟုတ်သလား"

"အိုး ... ရှင်က တော်တော်ကလေး အကွက်စေ့စေ့၊ ပစိ ပစပ်များတတ်တဲ့လူပဲ။ စိတ်ညစ်စရာ ကောင်းလိုက်တာ"

"အေး ... ကောင်းတယ်။ စိတ်ညစ်ပြီလား"

"ညစ်တာပေါ့ရှင့် ... ဘယ်လိုလဲ"

"နည်းနည်းပါးပါးလောက်ကော ရှက်စရာ ကောင်းတယ်လို့ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရရှမှာ ဘေးနားကလူတွေကို ဝေ့ကြည့်ပြီးမှ သူ့ကို မျက်စောင်းကြီးပဲ ထိုးလိုက်မိပါတော့သည်။

"ငါလည်း ငါ့ဘောင်းဘီအတွက် စိတ်ညစ်တယ်၊ ဒီပုံကြီးနဲ့ လူကြားထဲ ဆက်သွားရမှာရှက်တယ်။ ငါတောင်အပြစ်မရှိဘဲနဲ့ စိတ်ညစ်ရ၊ ရှက်ရရင် အပြစ်ရှိတဲ့မင်းက ပိုစိတ်ညစ်၊ ရှက်သင့်တာပေါ့"

ထိုသူက သူ့စကားဆုံးဆုံးချင်း ရရှရဲ့လက်ထဲက wet tissue ထုပ်တွေကို ဗြတ်ခနဲ ဆွဲယူလိုက်ကာ ရရှရဲ့ရှေ့ကထွက်သွားပါတော့သည်။ ရရှမှာ အကြောင်းသားကလေးပင် သူ့ကိုလိုက်ငေးကြည့်မိနေဆဲ သူက လမ်းဖြတ်ကူးကာ ဟိုဘက်တစ်ဖက်က ပလက်ဖောင်းစပ်မှာ ရပ်ထားသော အဖြူရောင် ကားလုံးလုံးကြီးတစ်စီးပေါ်သို့ တက်သွားတော့၏။

ကားလည်း ဟိုဘက်ကမ်းတင့် ရပ်ထားရက်နဲ့များ ရွှံ့ပေဘောင်းဘီကြီးနဲ့ လူကြားထဲ လမ်းလျှောက်သွားနေရမှာလည်း မဟုတ်ဘဲနဲ့ တမင်သက်သက် လူအအုံခံပြီး ရရှကို စိတ်အနှောင့်အယှက် မဖြစ်,ဖြစ်အောင် လုပ်နေတာပဲ။ ရရှကသာ လိုက်ငေးကြည့်နေမိတယ် သူကတော့ တစ်စက်မှတောင် ပြန်လှည့်ကြည့်မသွားပါ။

ကားထဲ ဝင်ထိုင်လိုက်ပြီးချိန်မှာ သူ ယူသွားတဲ့ wet tissue အိတ်တွေကိုဖောက်ပြီး သူ့ဘောင်းဘီကို သုတ်ပစ်မယ် ထင်မိတာလည်း မဟုတ်။ အိတ်တွေကို ကားနောက်ဘက်





ထိုင်ခုံပေါ်ကို ဒီအတိုင်း ပစ်တင်လိုက်ပြီး သူကလည်း သပ်သပ်ဒီအတိုင်း ငြိမ်ငြိမ်ကလေး ဝင်ထိုင်လိုက်တာ ဖြစ်ပါသည်။ ဒီအရွယ်ယောကျ်ားတစ်ယောက် ဖြစ်ရက်နဲ့လည်း ကားကို ကိုယ်တိုင်မမောင်း။ ဒရိုင်ဘာမောင်းသောကားကို နောက်ခန်းကနေ စီးသွားတာသာဖြစ်သည်။

ဘုကျ၊ ခွကျပြီး အကြောင်းပြ၊ ပညာပေးချင်စိတ်ပြင်းထန်သလောက် ကိန်းကြီးခန်းကြီးလည်း အတော်နိုင်တဲ့သူမျိုးထင်ပါရဲ့။ အသက်ကဖြင့် ဘာမှမရှိသေး။ ရရှတို့နဲ့ မတိမ်းမယိမ်းလောက် ရှိမှာဖြစ်ရက် ဇရာမ သူဌေးမင်းကြီးတစ်ယောက်လိုဟန်ကလည်း ထုတ်ထားလိုက်ချင်သေးသည်။

ရရှမှာ သူ့ကားထွက်သွားမှပင် ခေါင်းလေးကို အသာလေး ယမ်းခါလိုက်မိပါတော့သည်။

❦ → ❦

"အမ်း ... အမ်း ... အဲဒီပါးစပ်ကြီးက ဟလေလို့ ... စေ့မထားနဲ့ ... ဟ ... ဟ ... အမ်း ... အမ်း"

"ဘိုမရယ် ... ထားစမ်းပါ၊ ငါ့များ ဘာများမှတ်နေသလဲ"

"ဘာမှတ်ရမှာလဲ၊ ဟဆိုဟလိုက်တာ မဟုတ်ဘူး၊ ဘာလဲ"

"ငါ ကလေးလေးလည်း မဟုတ်ဘူး၊ လူမမာကြီးလည်း မဟုတ်ဘူး"

www.burmeseclassic.com

"ဟုတ်ဟုတ် မဟုတ်ဟုတ်လေ၊ ကလေးမှ လူမမာမှ သူများခွံ့ကျွေးတာကို စားရမှာလား၊ ကဲပါ ... ဟလိုက်ပါဆို ... အမ်း"

ရရမှာ ဘုရားပန်းအိုး ထိုးပြီးသားလေးတွေကို သယ်ဆောင်ကာ စာကြည့်ခန်းနံဘေးမှ ဖြတ်လျှောက်သွားရင်း စာကြည့်ခန်းထဲမှ မတော်တဆ ကြားလိုက်ရသော အသံများကြောင့် ခြေလှမ်းလေးတွေပင် တုံ့ခနဲ ရပ်သွားရပါသည်။ ဒုက္ခပဲ ... အသံကြီးတွေကလည်း အကျယ်ကြီးတွေ။ ဦးကျော်ရဲ့အသံကဖြင့် ပုံမှန်ပါ။ ကလေးထမင်းခွံ့သလို "တအမ်းအမ်း"နှင့် ချွဲချွဲပျစ်ပျစ် ဟန်ဆောင်ငေါက်ငမ်းပြနေသော ဘိုမရဲ့အသံကြီးကသာ မတရားသဖြင့် ကျယ်လောင်နေတာ။

ဒုက္ခပါပဲ။ ဒီနေ့ အိမ်မှာ အန်တီမေဇော် ရှိနေတယ်လေ။ ရှားရှားပါးပါး အိမ်မြဲနေသော စနေနေ့မျိုးဖြစ်ကာ သူ့အိမ်မှာရှိမည့်နေ့မို့ ထူးထူးခြားခြား တစ်ခုခု ချက်ကျွေးဖို့တောင် ကြီးကြီးစိန်ကို မနက်က ကော်ဖီဝိုင်းမှာ ပြောနေသေးတာ။ ဘိုမလည်း အတူရှိနေခဲ့တာ ကြားမှာပါပဲ။ ဒါနဲ့တောင် အတင့်ရဲနေလိုက်တာ ခက်ရချေရဲ့။ ဒီအသံကြီးတွေကို အန်တီမေဇော် ကြားသွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ။

"မစားချင်ဘူး"

"မစားလို့မှမရတာ၊ ဘိုမ ကိုယ်တိုင် စေတနာနဲ့လုပ်ပေးထားတဲ့ ကြက်ဥပူတင်း"





"မကောင်းဘူး၊ ကြိုက်မှမကြိုက်တာ"

"ကဲ ... ကြည့်ပါလားလို့၊ အဲဒီလို မောရပန်းရတာကိုမှ မထောက်၊ ပြတ်ပြတ်ကြီး ပြောချပစ်တတ်တာကို မုန်းတာ ... ကဲ ... ကဲ ..."

ဘုရားရေ ... တဖျပ်ဖျပ်နဲ့ ရိုက်ပုတ်နေသံ။ ဦးကျော်က "မလုပ်နဲ့"ဟုဆိုကာ ရှောင်ရှားတားဆီးလိုက်ပုံရတော့ ရှန်းရင်းဆန်ခတ် လုံးထွေးသံတွေနှင့်၊ မရမက တဖျပ်ဖျပ်လိုက်ရိုက်နေသံတွေနှင့်အတူ ရယ်သံလွင်လွင်တို့ကပါ တရစပ်ဆိုသလိုပင် ထွက်ပေါ်လာကြပြန်လေပြီ။

ရရမှာ ဘုရားပန်းအိုးကြီးတွေလည်း လက်ထဲကိုင်လျက်သားကြီးနှင့် စာကြည့်ခန်း အပြင်ဘက်မှာ ယောင်ယမ်းပြီး ဆက်ရပ်နားထောင်နေမိပါသည်။ သူ့များတကာရဲ့စကားသံတွေကို တမင်တကာ ခိုးဝှက်ချောင်းနားထောင်နေမိသလိုရှိပြီ ဆိုတာကို တွေးမိပေမယ့် "အဲဒီအသံတွေကို ဘယ်လိုသတိပေးပြီး တားဆီးပိတ်ပင်ရပါ့မလဲ"ဆိုတာက ပိုအရေးကြီးနေတာ။ သူ့အသံတွေက ရိုးရိုးတန်းတန်း ကျွေးမွေးရှင်နဲ့ ကျွေးမွေးခံကျွေးမွေးစား၊ ဦးလေးနဲ့တူမဆိုတဲ့ လေသံမျိုးမှ မဟုတ်တာကြီး။ ချွဲပျစ်ထစ်နေလိုက်တာမှ "ဒီပျစ်ချွဲလဲ"ဆိုတဲ့ ပုံစံမျိုးပင် ဖြစ်နေသည်။

အကြာကြီးလည်းရပ်ပြီး ကြံဆနေလို့ မဖြစ်ပြန်ပါ။ ဒီဘုရားပန်းအိုးတွေက အန်တီမေဇော်ဆီ သွားပို့ရမှာ။ "ရရရေ ... အန်တီ အိမ်မှာရှိတုန်း ဘုရားခန်း သန့်ရှင်းရေးလေး လုပ်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်”ဟု ဆိုထားသဖြင့် ရရက အန်တီမေဇော့်ကို ဝိုင်းကူလုပ်ပေးနေချိန်လေ။

ဒီ ... ဒီလေသံမျိုးတွေနဲ့ဆို ... ရိုးရိုးတော့ မဖြစ်နိုင်တော့ဘူး။ အကြဲကြီးလှတဲ့ သူ့အစီအစဉ်ကြီး ဖြစ်မြောက်အောင်မြင်သွားပြီလား။

ဦးကျော်ရဲ့အသံကတော့ ရိုးရိုးသားသား လူကြီးတစ်ယောက်ရဲ့ ပုံမှန်လေသံမျိုးတွေပဲ ဖြစ်ပေမယ့် ကိုယ့်အိမ်မှာလာမှီခိုနေတဲ့ မိန်းကလေးတစ်ယောက်က အဲဒီလောက် ‘လာအီပျစ်နေရင် ဘာမှမဟုတ်ကြသေးဘူး ဆိုလို့ကတော့ ဦးကျော်လိုတည်တံ့အေးဆေးပုံရတဲ့ လူကြီးတစ်ယောက်က ဟန့်မှာပေါ့။ “အဲဒီလိုပုံစံနဲ့ ငါ့လာပြောမနေနဲ့”လို့ ဟောက်ထုတ်မှာပေါ့။ ပြီးကျတော့ တဖိုးဖိုးတဖတ်ဖတ်နဲ့ကို ရိုက်ပုတ်လုံးထွေးခွင့်ပါ ရထားတာလေ။

“ရရ”

“အမယ်လေး”

ရုတ်တရက် နောက်ဘက်ဆီမှ ခေါ်သံထွက်လာသဖြင့် ရရမှာ ယောင်ယမ်းပြီး လန့်အော်လိုက်မိကာ လူကလည်း တုန်ခနဲပင် ဖြစ်သွားရပါသည်။ လှည့်ကြည့်လိုက်သော် အန်တီမေဇော်။ ရရရဲ့မျက်နှာလေးမှာ ကြက်စွတ်ပြုတ်လို သွေးဆုတ်ကာ ဆီးရွက်ကလေးလောက်ပဲ ကျန်တော့ပြီထင်သည်။

“ဘာဖြစ်နေတာလဲ”



အပြင်ဘက်က ရရရဲ့အာမေဋိတ်အော်သံကို ကြားသွားကြလို့လားတော့ မသိ။ စာကြည့်ခန်းထဲမှ အသံတို့ကတော့ တိတ်သွားကြပါပြီ။ အန်တီမေဇော်ဟာ ဘယ်အချိန်လောက်ကများ ဒီနေရာကို ရောက်လာပါလိမ့်။ အထဲက အသံတွေကို ကြားသွားသလား။ မကြားလိုက်ဘူးလား။ ခုတော့ တိတ်နေလို့ တော်ပါသေးရဲ့။ ဟင် ... မတော်ဘူး။ အသံတွေ မထွက်တော့သော်ငြားလည်း တံခါးပိတ်ထားတဲ့ အခန်းတစ်ခုအတွင်းမှာ နှစ်ယောက်တည်းရှိနေကြတဲ့ကိစ္စဟာလည်း သိပ်တော့ အလုပ်မဟုတ်လှပါ။ မသင့်တော်ဘူးပေါ့။ ပြောရမယ်ဆိုရင် စိတ်ပျက်ဒေါသထွက်ချင်ရင်ထွက်လို့ရတဲ့ ကိစ္စမျိုးပဲပေါ့။

အန်တီမေဇော်က ရရရဲ့မျက်နှာကိုကြည့်ပြီး (သက်ပြင်းတစ်ချက် ချလိုက်သေးလား မချလိုက်ဘူးလား သိပ်မသေချာလိုက်)။

“အဲဒီပန်းအိုးတွေ တင်တင့်ကိုပဲ ပေးလိုက်တော့ တင်တင်ဆက်လုပ်လိမ့်မယ်”

ပြောပြောဆိုဆို စာကြည့်ခန်းတံခါးရဲ့ လက်ကိုင်ဘုသီးကို လှည့်ပြီးဖွင့်လိုက်တာမို့ ရရမှာ ရင်ထဲ“ဒိန်း”ခနဲ။ အန်တီမေဇော်ကတော့ စာကြည့်ခန်းထဲသို့ ကိုယ်တစ်ပိုင်းပင် ဝင်သွားပါပြီ။ ရရရဲ့လက်ထဲက ပန်းအိုးတွေကို အန်တီမေဇော့်နောက်မှာပါလာသော တင်တင်က လက်ပြောင်းယူသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးတွေသာ လက်ထဲရှိနေသေးရင် ဒီဝန်းကျင် ဒီအခြေအနေကြီးကနေ ခဏဖြစ်ဖြစ် ရှောင်တိမ်းထွက်ပြေးသွားလို့ ရနိုင်မှာ။ ခုတော့ ရရှမှာ ဒီမှာပဲ ဆက်ရပ်နေရမှာလား။ ထွက်သွားပြီ ဖြစ်တဲ့ တင့်ခေါင့် နောက်သို့ပဲ ပြေးလိုက်သွားရမှာလား။ ဘာလုပ်ရ မယ်မှန်းမသိတော့ဘဲ နေရာတင် ငူငူကြီးရပ်ကာ ခေါင်းကြီးပဲ ငုံ့ချထားမိပါသည်။

"ခြေ့ဘ် ... ကျော်က ဒီမှာပဲ၊ ခုနကတောင် ဘုရားခန်းရှင်းရင်းနဲ့ ခေါ်နိုင်းလိုက်ရင် ကောင်းမလားလို့ တစ်ချက်သတိရလိုက်သေးတယ်။ မေမေ့ ဟိုဆင်းတုတော်ကြီးကို နေရာရွှေ့ပေးဖို့လေ။ ကျော့်ကို ရွှေ့ခိုင်းရင် ကောင်းမလားလို့"

အန်တီမေဇော်က စာကြည့်ခန်းထဲသို့ မဝင်ပေမယ့် အပေါက်ဝတင် ကိုယ်တစ်ပိုင်းဝင် အခြေအနေနဲ့ ရပ်တန့်ကာ သူ့မောင်ဖြစ်သူကို ဟန်မပျက် စကားလှမ်းပြောနေပါသည်။ လေသံကတော့ ဘာမှမဖြစ်သကဲ့သို့၊ ဘာကိုမှ မရိပ်မိသကဲ့သို့ ပကတိပုံမှန်သံ။ စိတ်ဆိုးသံ၊ မကျေနပ်သံမျိုးမပါသလို "ဘယ်လိုဖြစ်လို့ ဒီထဲကို နှစ်ယောက်တည်း ရောက်နေကြရတာလဲ"ဆိုတဲ့ မေးမြန်းလိုက်လိုသော လေသံမျိုးပင် မပါပါ။

"မမ ပြထားတဲ့ ငွေဆောင် Resort က စာရင်းတွေ ဒီနေ့ပဲ အပြတ်ဖြတ်ကြည့်ပေးလိုက်မလို့"

အန်တီမေဇော့်လိုပင် ဦးကျော်ကလည်း ပုံမှန်မှတကယ့်ပုံမှန် အေးအေးဆေးဆေးပါ။ "ထမြေရှင်းပြနေစရာမလို



တဲ့ အခြေအနေတစ်ခု"အဖြစ်သာ သဘောထားလေသလား။ ဘယ်လိုလူကြီးတွေပါလိမ့်။ သူတို့က ဟန်ဆောင်ပဲကောင်းကြတာလား၊ တကယ်ပဲ စိတ်ထဲ ဘာကိုမှ "အရေးကြီးတယ် အမှုထားလောက်စရာ"ဟု မထင်ကြတာလား မသိ။ ဟန်မပျက်ပဲ ရှိကြပေမယ့် သူတို့လို ဟန်ဆောင်မကောင်းသည့် "ခပ်အေးအေးပဲ" ဆိုတဲ့ အနေအထားမျိုးမှာ မရှိနိုင်သည့် ရရကတော့ နေမထိ ထိုင်မသာတွေ ဖြစ်နေရပါသည်။

အန်တီမေဇော့်ကိုကော အခန်းထဲက ဘိုမနဲ့ဦးကျော်တို့ကိုပါ မသိမသာတွေ မျက်လွှာလှန်ချောင်း အကဲခတ်ကြည့်မိတော့ ဘိုမရဲ့လက်တစ်ဖက်ဟာ တက်,တက်လာပြီး ဦးကျော်တို့တံတောင်နဲ့တတွက်တည်း တွက်နေတော့တာကို တွေ့လိုက်ရသည်။ ဘယ်လိုဖြစ်ရတာလဲ။ လူကြီးလုပ်တဲ့သူတွေက အခြေအနေကောင်းတစ်ခုကိုပဲ မျှော်လင့်ကာ အစစအရာရာကို မသိလိုက် မသိဘာသာပဲ ကျော်ဖြတ်ပစ်လိုက်ဖို့ ဆုံးဖြတ်ချက်ရှိကြပုံနှင့်ဟာကို သူကရှောင့်တက်ကာ အလိုက်မသိ အားမနာ တမင်တွေလုပ်ပြနေပြန်ပါပြီ။

ခဏကြာတော့ ဦးကျော်ဟာ ဘိုမရဲ့တံတောင်ဆစ်လေးကို အသာတွန်းဖယ် တားထားလိုက်ကာ ချောင်းတစ်ချက်ဟန့်လိုက်ရင်း ...

"မမကို ပြောစရာရှိတယ်"

"ဟင် ... ! ဘာများပါလိမ့် ... ကျော်"

www.burmeseclassic.com



"ဘိုမကလည်း ပြောပြလိုက်ပါလို့ တိုက်တွန်းနေတာလေ၊ သူက မမ သိထားစေချင်နေတယ်"

ဟယ် ...။ အကြောက်အလန့် တကယ်မရှိဘူး။ ဘိုမကလည်း ရဲတင်းလှသလို ဦးကျော်ဆိုတဲ့သူကလည်း စံပါပဲ။

"မမကို ပြောပြရင်းနဲ့ တစ်လက်စတည်း ကရုဏာပါရှိနေတာကောင်းတယ်၊ သူ့ကို အသိပေးဖို့လည်း လိုတယ်လေ။ ကျွန်တော်နဲ့ ဘိုမနဲ့ အခု အပြန်အလှန် နားလည်ပွင့်လင်းပြီးသား ရည်မှန်းသူတွေဖြစ်သွားကြပြီ။ ကျွန်တော် သူ့ကို ရွေးချယ်ဆုံးဖြတ်လိုက်တဲ့ကိစ္စကို မမအနေနဲ့ သဘောပေါက်လက်ခံစေချင်တယ်"

ဦးကျော်ရဲ့စကားသံအဆုံးမှာ အခန်းက ခပ်ကြာကြာလေး တိတ်ဆိတ်သွားလေသည်။ ဘိုမဆိုတဲ့မိန်းမ ဒီတစ်ခါတော့ တွေ့ကရာတွေကို ပေါက်ပေါက်ဖောက် အလိုက်မသိဝင်မပြောဘဲ တိတ်တိတ်နေနေတာကိုပဲ ရရက သူ့ကို ကျေးဇူးတွေတင်နေလိုက်သေးသည်။ ဘိုမက ဘာမှမပြောပေမယ့် အန်တီမေဇော့်ကိုတော့ "ဘယ်လိုလဲ"ဆိုတဲ့ အကြည့်နှင့် ပြူးပြူးကြီး စိုက်ကြည့်နေလေသည်။

ရရမှာ အန်တီမေဇော့်ကို ကြောက်ကလည်းကြောက်၊ စိတ်ကလည်းညစ်နှင့် မော်မကြည့်ဝံ့အောင် စိတ်ထဲဖြစ်နေမိပေမယ့် မကြည့်ဘဲကလည်း မနေနိုင်ပါ။ နှုတ်ခမ်းကလေးကို ရှေ့ဘက်သို့ ချွန်စုထုတ်ကာ မျက်ခုံးနှစ်ဖက်ကို မြှင့်တင်ထားရင်း ခပ်ကြာကြာ





တိတ်ဆိတ်သွားသည့် အန်တီမေဇော်ရဲ့အဆုံးအဖြတ်နဲ့ တုံ့ပြန်မှုတို့ကိုလည်း သိချင်နေသေးသည်။

အချိန်တစ်ခု အပြီးမှာတော့ အန်တီမေဇော်က (ဒီတစ်ခါတော့ သက်ပြင်းတစ်ချက်ကို ချဖြစ်အောင် ချလိုက်ပြီးမှ) ...

"အင်းပေါ့ ... ကျော်က ဆုံးဖြတ်ပြီးပြီဆိုတော့ ဒီမောင်နှမနှစ်ယောက်တည်းရှိတဲ့ဟာ ကျော့်ရဲ့ဆန္ဒ၊ ကျော့်ရဲ့ဆုံးဖြတ်ချက်က မမရဲ့ဆန္ဒ၊ မမရဲ့ဆုံးဖြတ်ချက်ပဲပေါ့။ ကျော်စိတ်ချမ်းသာဖို့က အဓိကပဲ။ ကောင်းပါတယ်၊ ကိုယ်ကြည့်ရှုစောင့်ရှောက်ရမယ့် သူထဲကဆိုတော့ ဝမ်းတောင်သာပေးရဦးမယ်။ ပိုပြီးပိုင်ပိုင်နိုင်နိုင် ကောင်းကောင်းမွန်မွန် စောင့်ရှောက်နိုင်တာပေါ့။ ကဲ ... ကျော်ရေ ဝမ်းသာပါတယ်။ ဘိုမ အန်တီဝမ်းသာပါတယ်"

ရရမှာ အံ့သြသွားမိရတဲ့နည်းတူ ရင်ထဲမှာလည်း လှိုက်လှိုက်ပြီး တက်လာပါသည်။ တကယ့်ကို ဝမ်းနည်းဝမ်းသာကြီးလည်း ဖြစ်ရသည်။ ဘာပြဿနာမှ မဖြစ်လိုက်ရဘဲ အေးအေးချမ်းချမ်း အဆင်ပြေသွားတာမို့ ဘိုမအတွက် ပြောမပြနိုင်လောက်အောင်ပဲ ကျေနပ်ဝမ်းသာမိသည်။

အဲဒီလို ထင်မထားမိပါ၊ ထင်ကိုမထားတာ။ အန်တီမေဇော်ဟာ ပြဿနာမဖြစ်ချင်ရင်တောင် ခုလောလောဆယ်အတွက်တော့ ဟန်ဆောင်ပေးလိုက်ကာ နောင်မှ သူ့မောင်သူ မရမကတားယူတာမျိုး၊ ဘိုမနဲ့ရရတို့ကိုလည်း ခုလိုမထားတော့ဘဲ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပေးလိုက်တာမျိုးတွေ နှင့် အချိုးသပ်လိုက်မည်ပဲ ထင်ထားခဲ့သည်။

ရုရုရဲ့အတွေးတွေက အန်တီမေဇော်ရဲ့စိတ်ဓာတ်ကို အထင်သေးလိုက်ရာ ရောက်စေသည်မို့ အားပင်နာမိပါသေးသည်။ ဟိုမိန်းမဟာ ဒီအချိန်မှာလည်း ဆက်နှုတ်ဆိတ်ထားပြီး ပြုံးစိစိ ပြောင်ချော်ချော် မထိတရိကြီး လုပ်နေဖို့မကောင်း။ အနည်းဆုံးတော့ ကျေးဇူးတင်စကားမျိုး ပြောလိုက်ကာ ကိုယ့်ရဲ့ဝမ်းသာလိုက်လှဲ ကျေးဇူးတင်မှုကို ပြလိုက်သင့်သည်ပဲ မဟုတ်လား။ ရုရုံတောင်မှ နေရင်းထိုင်ရင်း ကြားကနေ ကျေးဇူးတွေ တင်နေမိသေးတာလေ။

"မမမှာ မပြီးပြတ်သေးတဲ့ ကိစ္စလေးတစ်ခု နှစ်ခု ရှိနေတာ ကျော်လည်း သိပါတယ်။ အဲဒါလေးတော့ အရင်ဦးစားပေး စီစဉ်လိုက်ချင်သေးတယ်။ ပြီးရင်တော့ ကျော်တို့ကိစ္စကို မမပဲ တာဝန်ယူ ဦးဆောင်စီစဉ်ပေးမယ်လေ။ ဟုတ်ပြီလား"

သိပ်ကြီး အပိုစကား ဆိုတတ်ဟန်မတူတဲ့ ဦးကျော်ကလည်းပဲ သူ့အစ်မကို "ကျေးဇူးတင်တယ်"ဆိုတာမျိုး မပြောပါ။ ဖွင့်ပြော အသိပေးလိုက်ပြီးချိန်မှာ သူ့တာဝန်တွေ အတော်ကြီး ငြိမ်းသွားသည့်နှယ် ခေါင်းတစ်ချက်လောက် အသာညိတ်ပြကာ သူ့လက်ထဲက စာရင်းဇယားဆိုတာတွေ ဆီကိုပဲ စိတ်ဝင်စားမှုနှင့် အကြည့်တို့က ပြန်ရောက်သွားသည်။





"ဘိုမရေ လောလောဆယ် ဒီကြားတည်းမှာတော့ သမီးမိန်းကလေးတစ်ယောက်ကို အဒေါ်သားချင်းတစ်ယောက်က ဆုံးမအကြံပေးတာမျိုး ပြောထားစရာလေးတွေတော့ ရှိသေးတယ်နော်။ ဒါ ... အေးအေးဆေးဆေးမှပါ။ ကဲ ... ကဲ ... နေခဲ့ကြတော့။ ရုရု ... အန်တီ့ကို ဆက်ကူဦးမလား"

အန်တီမေဇော်က ဘိုမတို့နှစ်ယောက် ရှေ့ကနေ ရုရုကိုပါ ပြန်ခေါ်ထုတ်သွားပါသည်။ အဲဒီလုပ်ရပ်ကို သတိထားလိုက်မိတော့ ရုရုမှာ ဝမ်းသာနေရာကနေ ရင်ကတဒိတ်ဒိတ် ပြန်အခုန်မြန်ချင်လာရပြန်ပြီ။ ခုနကတုန်းကတော့ သူ အလိုလိုက်ချော့မော့နှစ်သိမ့်ထားချင်သည့် သူ့မောင်ရှေ့မှာမို့ အေးအေးချမ်းချမ်းပဲ လက်ခံကျေနပ်ပြလိုက်တာလား။ ရုရုကို သီးသန့်ပြန်ခေါ်ထုတ်လာတာဟာ ကာယကံရှင် ဘိုမကို တိုက်ရိုက်မပြောလိုက်ချင်သည့် ထိုးနှက်ဖိနှိပ်မှုများကို ရုရုကတစ်ဆင့် သိစေချင်သည်မို့ပဲလား။ ရုရုမှာ ခြေထောက်နှစ်ဖက်တို့ကသာ လမ်းလျှောက်နေရသည်။ ကျန်ခန္ဓာကိုယ်တစ်ခုလုံးကတော့ လှုပ်တောင်မလှုပ်ရဲတော့ဘဲ တောင့်တောင့်ကြီးပဲ ပါလာမိပါတော့သည်။

သူဟာနဲ့သူ (ခေါင်းထဲလည်း ဘာတွေပဲ စဉ်းစားနေသလဲမသိ) စိတ်ဆောင်ပြီး ခပ်သွက်သွက် လျှောက်နေခဲ့သော အန်တီမေဇော်က အိမ်အပြင်ဘက် ခြံထဲက out house သစ်ခွဲအိမ်ကလေးရှိရာအထိ ရောက်သွားခဲ့ပြီးမှ ခြေလှမ်းတို့ကို ရပ်တန့်လိုက်ကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရုရုက ဒီအထိ ဆက်ပါလာသေးတာလား"

"ဟို ... အန်တီက လိုက် ... လိုက်ခဲ့ဖို့ ခေါ်သလားလို့ပါ"

"ဩော် ... အဲလို ပြောလိုက်မိသလား။ အင်း ... အင်း ... ဘာမှမဟုတ်ပါဘူး၊ လုပ်စရာရှိတာ သွားလုပ်ပါတော့"

ရုရုမှာ အူကြောင်ကြောင်နှင့်ပင် အန်တီမေဇော်ရဲ့ အနားကနေ ပြန်လှည့်ထွက်လာရစဉ် နောက်ကနေ ...

"ဩော် ... ရုရု"

"ရှင် ... အန်တီ"

"အေးလေ ... ဒီစကားမျိုးက လူကြီးတစ်ယောက်အနေနဲ့ ပြောတော့ မပြောသင့်ဘူးပေါ့။ အန်တီ့အနေနဲ့ကတော့ ကိုယ့်မောင်တစ်ယောက် စိတ်ချမ်းသာရင် ပြီးရောလို့ဆိုပေမယ့် ဖြစ်ချင်းဖြစ် ရုရုနဲ့သာဆိုရင် ဒီ့ထက်ပိုပြီး ကျေနပ်စရာကောင်းမှာပဲလို့ စိတ်ထဲ ဝင်ကိုဝင်မိတယ်၊ အဲဒါမျိုးကို မတွေးဘဲနဲ့ကို မနေနိုင်ဘူး"

"ရှင် ...! "

"ဒီလိုပါ၊ အဲဒီလိုသာဆိုရင် ကျော့်အတွက်လည်း ပိုစိတ်ချရမယ်၊ သူလည်း ပိုစိတ်ချမ်းသာမယ် ထင်တယ်လို့ တွေးမိလို့ပါ။ ကဲ ... ကဲ ... ဒါကို ခေါင်းထဲမထားပါနဲ့၊ ဒီစကားကို အန်တီက မပြောမိဘူးလို့ပဲ ထားလိုက်ပါ၊ ရုရု သွားနိုင်ပြီ"





သေချာကြီးကို ပြောလိုက်ပြီးမှ "မပြောမိဘူးပဲထားပါ"ဆိုတော့ ကြားလိုက်ရ၊ သိလိုက်ရပြီးတဲ့သူက ဘယ့်နှယ်ရှိရမလဲ။ ရုရုမှာ စိတ်လေးလေးနှင့်ပင် အိမ်ထဲသို့ ပြန်ဝင်လာရပါသည်။ အန်တီမေဇော်ဟာ သူ့မောင်ဖြစ်သူကို စိတ်ချမ်းသာစေချင်တာ လိုက်လျောပေးချင်တာဘဲ့ သေချာတယ်။ ဒါပေမဲ့ ဘိုမကိုတော့ သိပ်မကြည်ဖြူချင်ဘူး။ အောင့်သက်သက်နဲ့ လက်ခံလိုက်ရတဲ့ အနေအထားမျိုး။ ဆိုလိုချင်တာကတော့ အဲဒီလိုပေါ့နော်။

အိမ်ထဲရောက်တော့ ဘိုမက ရိသဲ့သဲ့ အပြုံးမျိုးတွေနှင့်ပင် ရုရုကို ဆီးကြိုနေပါသည်။

"ဘာတဲ့လဲ ! "

"ဟင် ! ဘာလဲ"

"နင့်ကို သပ်သပ် ဘာထပ်ခေါ်ပြောတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ သူ့ဘာသာသူ သွားနေတာကို ငါက ငါ့ကိုခေါ်တယ်ထင်ပြီး မှားပြီးလိုက်သွားမိတာပါ"

ဘိုမက ရုရုကို "မဖြစ်နိုင်တာ"ဟု ပြောပြီး မယုံသလိုကြီး ကြည့်လာပါသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ အဲဒါ အမှန်ပဲဟာ၊ ဒါပေမဲ့ ငါ ဆက်ပါလာတာကို သိလိုက်တော့ အန်တီက သူ့မောင် စိတ်ချမ်းသာရင်ပြီးရောလို့တော့ ထပ်ပြောတယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ဆိုရင်တော့ ပိုကျေနပ်မယ်"ဆိုတာကိုတော့ တစ်သက်လုံးတောင် ပြန်မပြောပြနိုင်ပေါင်။ ဘိုမက ရုရုရဲ့စကားအဆုံးမှာတော့ ...

"ငါမပြောဘူးလား၊ သဘောတူပေးလိုက်ပါလိမ့်မယ်လို့"

ရုရုမှာ ဘိုမရဲ့ ကြိုတင်ခန့်မှန်းနိုင်စွမ်းနဲ့ အကဲခတ်နိုင်စွမ်း ပညာကို အလေးပြုလိုက်ရမလိုပင် ရှိပါသည်။

"ဒါပေမဲ့ သိပ်လွယ်ကူဖြောင့်ဖြူးလွန်းနေပြန်တော့လည်း တစ်မျိုးကြီးပဲ"

"ဟင် ... ဘာတုန်း။ ငါဖြင့် ကြောက်လိုက်ရတာ။ နင်က ပြဿနာမရှိပြန်တော့လည်း တစ်မျိုး။ အရူးမ"

"အေး ... ဟုတ်တယ်၊ ငါ ရူးမျှားနေလား မသိဘူး။ အဘွားကြီးကိုလေ ရုပ်မြင်ကတည်းက နှစ်နှစ်ကာကာ ယုံထားလို့ကို မရတာ။ တစ်ခုခုတော့ တစ်ခုခုပဲ၊ တစ်မျိုးပဲလို့ချည်း မြင်နေတယ် ... ဟား ဟား ဟား"

ဘိုမက ပြောနေရင်း ဆိုနေရင်းကပင် တစ်စုံတစ်ခုကို သဘောကျသွားသလို ခပ်ကျယ်ကျယ်တွေ ဆက်တိုက်ရယ်နေလိုက်ပါသည်။

"ဒီမယ် ဒေါ်ကရုဏာ၊ ခုချိန်မ ဆိုရင် နင်နဲ့ငါဟာ အခြေအနေတွေ မတူကြတော့ဘူး။ အဲဒါကို သဘောပေါက်"

"ဟမ် ... ဘာဖြစ်တယ်"





"နင်က ငါနဲ့လက်ထပ်မယ့်သူရဲ့ ကျေးဇူးခံ ကျေးဇူးစားလေ။ ငါက နင့်ကျေးဇူးရှင်ရဲ့ဇနီးလောင်း။ ဒါက ခုအနေအထားကိုပဲ ပြောတာနော်။ နောက်နည်းနည်းကြာပြီ ဆိုတာနဲ့ ငါကမိုးနိုးသူ မဟုတ်တော့ဘူး၊ အိမ်ရှင်မ ဖြစ်သွားပြီ။ နင်ကတော့ ဒုံရင်းက ဒုံရင်းပဲ"

ရုရုမှာ ဘိုမကို အံ့ဩဃိတ်လန့်မှုတို့နှင့်သာ ကြည့်နေမိပါတော့သည်။

"ဟား ဟား ဟား ... သိပ်ကြောက်မသွားပါနဲ့ဟာ၊ အဲဒီလို အခြေအနေတွေ ရှိလာမယ် ဆိုတာကိုသာ နားလည်ထားအောင် ပြောပြတာပါ၊ ငါက နင့်အပေါ် အဲဒီလောက်ဆိုးပါ့မလား ... ဟား ဟား"

ဘိုမက အန်တီမေဇော်ကို "ရုပ်မြင်ကတည်းက တစ်မျိုးပဲ"ဆိုသလို ရုရုသည်လည်း ခုချိန်မှာတော့ အဲသလောက်ကြီး လူကဲခတ်နိုင်စွမ်း မည့်တော့ပါ။ သူ့ရုပ်ကြီး မြင်လိုက်ကတည်းကပင် သိလိုက်ပါပြီ။ အကြံအစည် ရည်ရွယ်ချက်တွေ အောင်မြင်ပြီးသွားသော ဘိုမသည် "အိတ်ဖောင်းရင် စိတ်ပြောင်းတယ်"ဆိုသော လူစားမျိုးတွေထဲ ပါကိုပါသွားတော့မည့်ရုပ်မျိုးနှင့် ဖြစ်ကိုဖြစ်နေပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



သထုံလမ်းရှိ အဝေးသင်တက္ကသိုလ်ဝင်းထဲက ထွက်လိုက်သည်ဆိုရင်ပဲ ရှုရှုက သူ့ကို လှမ်းတွေ့လိုက်ပါသည်။ ဒီနေ့မှပဲ အိမ်ကကားက အဆင့်မပြေနိုင်လို့ ကားပါမလာပါ။ ဘတ်စ်ကားစီးပြီးသာ အိမ်ပြန်ရမည်ဖြစ်သော ရှုရှုဟာ အဝေးသင်တက္ကသိုလ်ရဲ့ အဆောက်အအုံတွေရှိရာ ဝင်းထဲက ထွက်ပြီးလျှင် အနီးဆုံးဘတ်စ်ဂိတ်ရှိရာဆီ ရောက်ဖို့ရာ ဘယ်ချိုး။ နည်းနည်းလေး ဆက်လျှောက်လိုက်ပြီးတာနဲ့ တွေ့ရမည်ဖြစ်သော တီတီစီကျောင်းဝင်းကြီးအောက လမ်းတိုတစ်ခုကို ဖြတ်ထွက်ပြီးမှ ပြည်လမ်းမကြီးပေါ်သို့ ရောက်ပါမည်။

ခုတော့ ရှုရှု ရသွားမည့် လမ်းကြောင်းပေါ်မှာမှ သူ့ကို မားမားကြီး လှမ်းမြင်လိုက်ရပြီ။ အရပ်အင်မတန်မြင့်လှတဲ့ သူက သထုံလမ်းပေါ်မှာတင် ဘယ်ဘက်ကို လမ်းဖြတ်ကူးလိုက်။ ညာဘက်ကို ပြန်ကူးလာပြန်လိုက်နှင့် တလွင့်လွင့် မြင်သာနေအောင် တစ်ယောက်တည်း ဗျာများလျက်ရှိပါသည်။ အဲ ... တစ်ယောက်တည်းတော့ မဟုတ်။ သူ့လက်ထဲမှာ အဖြူနှင့်အစိမ်း ကျောင်းဝတ်စုံကို ဝတ်ဆင်ထားသော ကလေးမလေး ပိစိပေါက်စလေး တစ်ယောက်နှင့်။





အဝေးသင်တက္ကသိုလ်ကို လာနေကျ ရှုရှုက ကလေးမလေးရဲ့ဝတ်စုံကို မြင်လိုက်ရတာနဲ့ အဝေးသင်တက္ကသိုလ်ရဲ့အနီး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း တီတီစီက ကျောင်းသူလေးတစ်ယောက်ဖြစ်ကြောင်း သိပါသည်။ ဂါဝန်ရှည်အောက်က ဘောင်းဘီရှည်ပါ ထွက်နေသေးသော ဝတ်စုံမျိုးဖြစ်ရာ သူ့လက်ထဲက ကလေးလေးဟာ မူလတန်းကျောင်းသူကလေးပဲ ဖြစ်ရမည်ဆိုတာလည်း သေချာပါသည်။ ခုချိန်ကလည်း ကလေးတွေ ကျောင်းလွှတ်ချိန်မျိုးဖြစ်သည်ဆိုတော့ သူဟာ ကလေးကျောင်းလာကြိုတာမျိုးပဲ ဖြစ်မှာပေါ့။ သူ့ကလေးလား။ ဒါဖြင့် သူဟာ ကလေးအဖေတစ်ယောက်ပေါ့။ သူ့လို ဖင်ခေါင်းကျယ်ကျယ်ရုပ်နှင့် ဘုကျ၊ ခွကျ၊ ကိန်းကြီးခန်းကြီးနိုင်တတ်သူ တစ်ယောက်ဟာ ဆွေမျိုးပဲတော်တော်၊ သူများကလေးတစ်ယောက်ကိုတော့ မေတ္တာအရ၊ လူမှုရေးအရ ကျောင်းလာကြိုပေးနေမည့်ပုံမျိုးများ တစ်စက်မှမရှိဘူးလေ။

ရှုရှုက သူနဲ့မျက်နှာချင်းဆိုင်ကြီး ပြန်မတိုးချင်တော့ပါ။ တစ်ညနေခင်းဆီက မြို့ထဲပလက်ဖောင်းတစ်ခုပေါ်မှာ စကားများခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ကို သူလိုလူက မှတ်မှတ်ရရရှိကာ မှတ်မိနေမယ်တော့ မထင်ပါ။ ဒါပေမဲ့ ရှုရှုဘက်ကကျတော့ မှတ်မိနေရတယ်။ သူကကျတော့ မမှတ်မိဘူး ဆိုတာလည်း အခံရခက်ဖွယ် ဖြစ်သလို။ မှတ်မိသွားပြီး ဟိုးတစ်နေ့ကလို ပစိပစပ်များ၊ အကြောင်းရှာ၊ ပညာပြချင်နေပြန်သေးရင်လည်း ရှုရှုက ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်မတိုးချင်ရင်တော့ အနီးဆုံးလမ်းတိုကို ရွေးလို့မရတော့ဘဲ အဝေးသင်ဝင်းထဲက ထွက်ပြီးတာနဲ့ ဘယ်ဘက်ကို မချိုးဘဲ ညာချိုး။ သထုံလမ်းရှည်ကြီးအတိုင်း တမေ့တမော လျှောက်။ ပြီးရင် တက္ကသိုလ်ရိပ်သာလမ်းပေါ်ကို ရောက်ပြန်တော့ ကားဂိတ်ရှိမည့် လှည်းတန်းဘက်ကို မပြီးနိုင်အောင် ထပ်လျှောက်။ အိုး ...။ အဝေးကြီးပဲ။

ရရက စိတ်ညစ်လာသဖြင့် "ကျွတ်" ခနဲ တစ်ချက် စုတ်သပ်လိုက်ကာ လေပူတွေကိုလည်း မှုတ်ထုတ်လိုက်ပါသည်။ တီတီစီက ကျောင်းဆင်းချိန် ရောက်နေပြီပဲ။ ရှုပ်ရှက်ခတ်နေတဲ့ လူတွေ ကားတွေကြားမှာ အကာအကွယ်ယူ၊ ပုန်းလျှိုးကွယ်လျှိုး တွေလုပ်ပြီး ကိုယ်သက်သာမယ့် လမ်းတိုဘက်ကပဲ အရဲကိုးသွားရင် ကောင်းမလား။

သို့သော် ရရ တစ်ယောက် ကိုယ့်ဘာသာ ဆုံးဖြတ်ခွင့်မရလိုက်ပါ။ အကြောင်းကတော့ ...

"ဟော့ ... ဟော့ ... ဟိုကောင်မလေး"

ရရကို ခပ်လှမ်းလှမ်းကပင် (မျက်စိလျင်လျင်နဲ့) လှမ်းမြင်သွားဟန်ရှိတဲ့ သင်းက ခေါင်းကျယ်ကျယ်တစ်ခုနှင့်အတူ အနားသို့ ပြေးလွှားရောက်လာနေ၍တည်း။ ပြေးလာနေရင်းက လည်း သူပြောနေတာ သူဆိုလိုနေတာက ရရပါ ဆိုတာ ရရမသိမှာစိုးလို့ထင့်။ မျက်လုံးချင်း အတင်းဆိုင်ထားပြီး လက်ညှိုးတစ်ချောင်းနှင့်ပါ အဆက်မပြတ် ထိုးထားကာ ...





"ခင်ဗျားကို ပြောနေတာနော်၊ ခဏနေဦး"

မှတ်မိသားပဲတော်။ မှတ်မိရုံမျှမက ဘာကိစ္စနဲ့များ ရှုဆီကိုပါ ပြေးလွှားလာနေရတာပါလိမ့်။ ဟိုးတစ်နေ့က ပြီးပြီးသားကိစ္စတစ်ခုကို ထပ်အကြောင်းရှာ၊ ပညာပြနေချင်သေးတာ တော့မဟုတ်လောက်ဘူးနဲ့ တူပါရဲ့။ သူ့အရုပ်အမောင်းကြီးနဲ့ အတင်းကြီး ပြေးလွှားလာနေတော့ သူ့လက်ထဲ တတန်းတန်းဆွဲ ကိုင်လာတဲ့ ကလေးဟာ ခြေထောက်တွေနဲ့ မြေကြီးနဲ့တောင်မှ ထိမှထိသေးရဲ့လားမသိ။ ခြေထောက်နှစ်ချောင်းစလုံး လေထဲ မှာတန်းကာလွင့်ပြီး ပါလာသလားတောင် ထင်ရပါသည်။

"ခင်ဗျား ... ဟိုတလောက မြို့ထဲမှာတွေ့တဲ့ တစ်ယောက် မဟုတ်လား"

နှစ်ဦးသား ဆုံဆုံချင်း သူက အမောတကော မေး လိုက်သည်။ ရရမှာ ကိုယ့်ကို အဲဒီလောက် အရေးတကြီး၊ ပြေး ပြေးလွှားလွှား၊ ပျာပျာသလဲ နှုတ်ဆက်လာတာကိုပဲ အံ့သြတကြီး နှင့် "ဟုတ်ကဲ့"ဆိုတဲ့ အသံလေးက တိုးတိမ်လျက်။

"ကောင်းတယ်၊ ဒါဖြင့် တစ်ခုလောက် လုပ်ပေးစမ်းပါ၊ ရော ... သူ့ကိုခေါ်သွား။ အိမ်သာ တယ်ပေးလိုက်ပါ။ ကလေးက အိမ်သာတက်ချင်လို့တဲ့"

"ဟင် ... ! ... ဘာ ... ဘယ်လို"

"ပြုံးနေ ယောင်နေချိန် မရဘူး။ ကလေးက ကြာလှပြီ အိမ်သာဝင်ချင်နေတာ၊ အဲဒီလို အချိန်ဆွဲနေရင် ထွက်ကျ ကုန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ် ... အိမ်သာက ဘယ်မှာလဲ"

"ငါမသိလို့ မင်းကို လုပ်ပေးခိုင်းနေတာပေါ့၊ မင်း ဒီအဆောက်အအုံတွေထဲက ထွက်လာတာ မဟုတ်လား။ အဲဒါတွေထဲက တစ်နေရာရာမှာတော့ ရှိမှာပေါ့"

"ဒီ ... ဒီလောက် သိနေမှတော့ ရှင်ပဲ ..."

"ငါက ယောကျ်ားကြီး၊ မိန်းကလေးတစ်ယောက်ကို အိမ်သာလိုက်တယ်ပြီး မိန်းမအိမ်သာတွေထဲဝင်လို့ ရပါ့မလား။ မင်း အဲဒီလို အချိန်ဆွဲနေ၊ ငြင်းပယ်နေရင် အားလုံးထွက်ကျကုန်မှ ငါ့အဆိုး မဆိုနဲ့နော်"

ဘုရားရေ ...။ သူ့ဟာက နေရင်း ထိုင်ရင်းကြီးနဲ့ကိုဟိုးတစ်နေ့ကလို "သုတ်ပေး"လို့များ အပြောခံနေရဦးမှာလား။ ပုံစံကလည်း အမိန့်ပေးသံကြီးနဲ့။အကူအညီ တောင်းနေပုံနဲ့လည်း တစ်စက်မှ မတူပါလား။ သူ့ကို တစ်ခါလေးလောက် မတော်တဆမှ ကျူးလွန်ထားမိတာနဲ့ပဲ တစ်သက်တာပတ်လုံး သူ့သဖောက်သဟကို ကျူးခံနေရတော့မယ့်ပုံမျိုး ပေါက်နေသည်။

သို့သော် ရရက ရှုံ့လိမ်တွနေတဲ့ ကလေးရဲ့မျက်နှာလေးကို သတိထားလိုက်မိတာမို့ ကလေးမလေးကို သူ့လက်ထဲကနေ လက်လွှဲပြောင်းယူ၊ အဲဝေးသင်ဝင်းထဲကို ပြန်လှည့်ဝင်လာခဲ့ရင်း စိတ်ကတော့ မခံချိမခံသာနဲ့မို့ နှုတ်ကလည်း မကြားတကြား ...





"ဘယ်လိုအဖေမျိုးထဲကလည်း မသိပါဘူး။ ကိုယ့်သားသမီးကို အိမ်သာလိုက်တယ်ဖို့တောင် အဆင်ပြေပြေ မစီစဉ်ပေးနိုင်ဘဲ သူများတကာတွေ့မှ သူစိမ်းတွေကို လိုက်အားကိုးနေရမယ်ဆိုရင် အစကတည်းက ကလေးအဖေ လုပ်ခဲ့ဖို့ မကောင်းဘူး"

ရရမှာ ကလေးမလေးကို အိမ်သာလိုက်ရှာပို့၊ စောင့်ပေး၊ သန့်ရှင်းရေးတွေ ဘာတွေ လုပ်ပေးပြီးမှ အဝေးသင်ဝင်းထဲက ပြန်ထွက်လာသောအခါ ဂိတ်ဝမှာတင် ရပ်ကျန်ခဲ့သော သူ့ကို မတွေ့ရတော့ပါ။ ဟင် ...။ ဘယ်ရောက်သွားတာလဲ။ ဟုတ်ပါရဲ့ ကြည့်စမ်း။ အမျိုးသမီးအိမ်သာတွေထဲထိ လိုက်ဝင်လာလို့ မရဘူးဆိုတာတောင် သူဟာ ဒီဝင်းထဲ၊ ဒီအဆောက်အအုံတွေထဲတော့ လိုက်ဝင်လာပြီး ရရှတို့နောက်ကနေ တကောက်ကောက် ပါလာရမှာပေါ့။

ရရနဲ့က တစ်ခါတွေ့ဖူးထားကြတယ် ဆိုပေမယ့် ဘာဆိုင်လဲ။ လုံးဝသူစိမ်းကြီးပဲဟာ။ ဒီလောက် စိတ်ချလက်ချကြီး မျက်နှာလွှဲခဲ့ပစ် လုပ်စရာလား။ ပြီးကျတော့ ပြန်ထွက်လာတော့လည်း မရှိတော့ဘူး။ ရရက ကိုယ့်ကိစ္စကိုယ် ဆက်လုပ်ခွင့်မရှိဘဲ ဘယ်ထွက်သွားမှန်း မသိတဲ့သူတစ်ယောက် ပြန်ရောက်လာတဲ့ထိ ဒီဂိတ်ဝမှာ ကလေးကြီးလက်ဆွဲပြီး ရပ်စောင့်ပေးနေရမှာလား။ တောက် ...။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအဖေက ဘယ်ထွက်သွားရပြန်တာလဲ။ ဒီမှာရပ်စောင့်နေရမှာပေါ့။ စိတ်ကုန်လိုက်တာ"

"သူက သမီးအဖေမှ မဟုတ်တာ"

"ဒါဖြင့် ဘာလဲ ... ဦးလေးလား"

"ဘာမှမဟုတ်ဘူး၊ သမီးက သူ့ကို သိတောင်မှမသိဘူး"

"ဟင် ... ! "

ရုရှမှာ ကိုယ့်လက်ထဲက ကလေးမလေးကို ခုမှပင် သေချာငုံ့ကြည့်မိတော့ကာ ပြူးပြူးပျာပျာတွေ ဖြစ်ရပါတော့သည်။ ဒါဖြင့် ဒီကလေးလေးက ဘယ်သူလဲ။ ဘယ်ကလဲ။ ဘယ်သူ့ကလေးလဲ။ ပြဿနာမပါပဲ။ ဘယ်က ဘယ်သူ့ကလေးမှန်း မသိတဲ့ တစ်ယောက်ကို ရုရုလက်ထဲ လာထိုးထည့်သွားတာ၊ ကံဇာတာသာမကောင်းရင် ရုရုဟာ "ကလေးခိုးမှု"နဲ့ ပြဿနာကြီးနိုင်နေပြီ

"ဒါဖြင့် သမီးက ဘယ်ကလဲ၊ ဘာလို့ သူနဲ့ပါလာတာလဲ"

"သမီးက ကျောင်းကားနဲ့"

"အံမယ်လေး ... တော်ပါသေးရဲ့၊ ဒါဖြင့် အဲဒီကျောင်းကားက ခု ဒီကျောင်းမှာ ရှိနေနိုင်သေးလား"

"ရှိတာပေါ့၊ သမီးတို့ကျောင်းကားက ပညာရေးတက္ကသိုလ်ဝင်းထိပ်တွေနားမှာ ရပ်ထားတာ၊ ဟိုး ... ဘက် ..."

ဘုရား ... ဘုရား။ ရာဇဝတ်မှု။ ဒီသထုံလမ်းက အင်းလျားလမ်းဘက်သို့ သွားပေါက်သော လမ်းပေါ်မှာရှိသည့် ပညာရေးတက္ကသိုလ်ကြီးရဲ့ ဝင်းတစ်ဖက်ထိပ်ကနေ ကပ်ရက်





တီတီစီကျောင်းဝင်းကြီးတစ်ခုလုံးကိုကျော်။ ပြီးမှ ဒီဘက်ထိပ်က အဆေးသင်တက္ကသိုလ်ဝင်းဂိတ်ဝသို့ ရောက်တဲ့အထိ သူစိမ်းကလေးငယ်တစ်ယောက်ကို ခေါ်ချလာပြီး လက်လွှဲပြောင်းပေးသွားသတဲ့။

ရုရုမှာ ကလေးကို လမ်းမင်လျှောက်ခိုင်းမနေနိုင်တော့ဘဲ ကောက်ယူချီပွေ့ကာ သထုံလမ်းကြောကြီးတစ်လျှောက် ဟိုးတစ်ဖက်ထိပ်က အင်းလျားလမ်းဘက်သို့ ရောက်ခါနီးထိတိုင် လူတွေ ကားတွေကို ကျော်လွှား ရှောင်ပြီး အပြေးပင် သုတ်ခြေတင်ရပါသည်။ တော်တော်ကြာ သူ့ကျောင်းကားက လူစုံပြီမှတ်ပြီး ထွက်သွားရင် ဒီကလေးတစ်ယောက်နဲ့ ရုရုမှာ ဒုက္ခရောက်ရဦးမည်။

ကျောင်းကားဆီရောက်တော့ သူ့ကားပေါ်က ကလေးတစ်ယောက်ပျောက်လို့ ကျောင်းကားကို မထွက်နိုင်သေးဝဲ ဆောင်းတောက်နေကြသည့် ကားပိုင်ရှင် အစ်ကိုကြီး အစ်မကြီးနှစ်ယောက်နှင့် ရင်ဆိုင်လိုက်ရပါသည်။ ရုရုမှာ ဘယ်လိုမှ လိပ်ပတ်လည်အောင် ရှင်းပြလို့မရ။ ကလေးက အိမ်သာတက်ချင်နေတာ။ အဲဒီကလေးကို ကျောင်းကားပေါ်က ခေါ်ချလာသူမှာလည်း ရုရုမဟုတ်ဘဲ တခြားတစ်ယောက်သာ ဖြစ်တာတွေကို ဘယ်လိုမှ ပြောမရ၊ ပြုမရနှင့် စိုးရိမ်တကြီး ဒေါသကြီးနေကြတဲ့ လူကြီးနှစ်ယောက်ရဲ့ အပြောအဆို၊ အဆူအမံနဲ့ ခြိမ်းခြောက်မှုတို့ကိုသာ လှိမ့်ပိမ့်ခံလိုက်ရကာ "ရှဲမတိုင်တာ ကံကောင်း" ဆိုတဲ့ အနေအထားမျိုးကိုသာ ရင်ဆိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကားထွက်သွားတော့မှ တီတီစီကျောင်းဝင်းကြီးဘက်ကို ပြန်လျှောက်လာခဲ့ရင်း ရရမှာ ကိုယ့်ကို တမင်သက်သက် ပြသနာလာပေးသွားတဲ့ ဟိုတစ်ယောက်အကြောင်းကို စိတ်ကုန်ကုန်နဲ့ ပြန်စဉ်းစားနေမိဆဲ ...

"ဟိတ် ! ..."

"ဟင် ... ! ရှင်"

"ပြီးခဲ့ပြီလား"

"ကြည့်စမ်း ... ရှင် တစ်နေရာရာကနေ ဒီအဖြစ်အပျက်တွေကို လိုက်ကြည့်နေတယ်"

"စိတ်မတိုပါနဲ့၊ ကူညီတယ်ဆိုတာ ကုသိုလ်ရပါတယ်"

"ဒါဖြင့် သူများတကာရဲ့ ကလေးကို ကျောင်းကားပေါ်က သွားခေါ်ချလာပြီးရင် ရှင့်ဘာသာပဲ အပြီးအထိ ဆက်ကူညီပါ့လား"

"ကားပေါ်ကနေ ငါ ခေါ်ချလာတာမှ မဟုတ်ဘဲ၊ သူ့ဘာသာ ဆင်းလာပြီး ဒီနားလောက်မှာ တဝဲလည်လည်နဲ့ ရှုံ့မဲ့နေတာ"

"ဘာပဲဖြစ်ဖြစ် ဟိုမှာက တအားစိတ်ပူကုန်ကြတာပေါ့ရှင့်။ ကိုယ့်ကားပေါ်က ကလေးတစ်ယောက် ရုတ်တရက်ပျောက်သွားတာ တော်ရုံကိစ္စမှ မဟုတ်တာ။ ရှင်က ကျွန်မတို့ကို မစောင့်ဘဲ ကြိုထွက်သွားနှင့်မယ်ဆိုလည်း အဲဒီကားကလူတွေကို အကျိုးအကြောင်းလေး ပြန်လာပြောထားနှင့်ဖို့ ကောင်းတာပေါ့"





"အဲဒီကလေးကို အဲဒီကားကမှန်းမှ ငါမှမသိတာ။ သူ့ကို ဒီနားမှာ တွေ့ရယောက်တည်းမြင်တာ။ အိမ်သာတက်ချင်တယ်ဆိုပြီး ရှုံ့မဲ့နေတာ။ ဒါပဲ ငါသိတာလေ။ ဟိုမိန်းမကြီးက ခုမှ အာပြဲကြီးနဲ့ အာနေလိုက်တာ။ ဒို့မတိုင်ခင်ကတော့ သူ့ကားပေါ်က ကလေးတစ်ယောက် အရမ်းအိမ်သာတက်ချင်နေတာနဲ့ ကားပေါ်ကနေပါ ဆင်းချသွားတာတွေကျတော့ သူက ဘာလို့မသိလိုက်တာလဲ။ အဲဒီတုန်းက သူ ဘယ်ရောက်နေသလဲ"

ရရမှာ ထပ်ပြောစရာ စကားကို ဘာမှမရှိနိုင်တော့ပါ။ သူ့ဟာနဲ့သူကျတော့လည်း သူ့အပြစ်ကိုမရှိ။ ဟုတ်လို့။ လွတ်မြောက်လို့။ သူ့လို ဖင်ကြီးခေါင်းကျယ်နဲ့ ကိန်းခန်းတကြီးနိုင်ချင်တဲ့သူမျိုးက လမ်းပေါ်မှာ သူ့ဘာသာ ရှုံ့မဲ့နေတဲ့ ကလေးတစ်ယောက်ကို ဘာမဆိုင် ညာမဆိုင် ဝင်ကူညီလိုက်ချင်တာကိုပဲ လေးစားအံ့သြရတော့မလို ဖြစ်နေတော့သည်။

"ဘာပဲဖြစ်ဖြစ် မင်းကို ငါက ကျေးဇူးတင်ပါတယ်။ မင်းနဲ့သာမတွေ့ရင်တော့ ဒုက္ခပဲ"

"မလိုပါဘူး၊ ရှင့်သမီးဆိုရင်တော့ ကျေးဇူးတင်ပေါ့။ ခုဟာက ဘာမှမှ မဆိုင်တာ"

"ဩော် ... မင်းက ကလေးတစ်ယောက်ကို စေတနာနဲ့ ကူညီလိုက်သူစာရင်းထဲက ငါ့ကိုထုတ်ပယ်ပစ်လိုက်ချင်တာပေါ့လေ။ ကုသိုလ်ကိုတောင် ဝေမျှမယူနိုင်ဘူး။ တစ်ဦးတည်း မောင်ပိုင်စီးချင်နေတာ၊ မင်းက ဘယ်လိုမိန်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဘာပြောနေသေးလို့လဲ၊ ရှင်ကသာ ဘယ်လို ယောက်ျားမှန်း မသိတာ"

"ဒါဆိုရင် ပထမကျူညီသူက ဒုတိယကျူညီသူကို ကျေးဇူးတင်လို့ရတယ်၊ ဒါယထာဘူတကျတဲ့ လောကဝတ်ပဲ။ ကိုယ့်သမီး ဟုတ်ဟုတ် မဟုတ်ဟုတ်"

ရှရဲက ရယ်ချင်လာသဖြင့် နှုတ်ခမ်းကို ကိုက်ထားသည်။ သူ့လိုပဲ တစ်ခွန်းမခံ ဘုကျကျစကားတွေကို ပြန်ပြောနေပေမယ့် ရှရှက သူ့ကို စိတ်တိုနေတာ မဟုတ်ရပါ။ စိတ်မတိုတဲ့အပြင် ရှရှမှာ အံ့ဩဆန်းကြယ်စိတ်တို့နဲ့ ရွှင်ပြုံ့ကလေး ပျော်မြူးလို့ပင် နေပါသေးသည် ဆိုတာကိုတော့ သူ သိသွားမှာ ရှက်မိပါသည်။ "သူ ရှရှကို မှတ်မိတယ်"ဆိုတာ တစ်ခုဟာ အဲဒီလောက် စိတ်ချမ်းသာချင်စရာ၊ ရင်ခုန်ချင်စရာ ကောင်းရတဲ့ ခံစားချက်တဲ့လား။

တကယ်ဆိုရင် သူဟာ ရှရှနဲ့ ကလေးလေးကို ရုပ်စောင့်မနေဘဲ ချန်ထားရစ်ကာ ကိစ္စပြီး ပြီးရော ထွက်ခွာသွားပြီးပြီပဲ။ ခုလို အားလုံး ရှင်းလင်းပြီဆိုမှ ပြန်ပေါ်လာတာမျိုးပင် မလုပ်တော့ဘဲ ဒီအတိုင်း နောက်ကြောင်းပြန် မကြည့်စတမ်းထားရစ်ခဲ့ရင်လည်း ရတာပဲ။ ခုလိုဆိုတော့ သူဟာ ရှရှကိုမှတ်မိနေတဲ့အပြင်၊ ပြဿနာပေးချင်တာလည်း မဟုတ်။ ကလေးကိစ္စကို ဘယ်လိုဆက်လုပ်ရမယ်မှန်း သူ့တကယ်မသိတော့လို့သာ ခဏလောက် ရှောင်ပုန်းနေလိုက်တာမျိုးဖြစ်ပြီး ကိစ္စရှင်းတော့ ပြန်ပေါ်





လာတယ်ဆိုတာ ရှရှကို ပတ်သက်ချင်လို့။ ပြီး ... ပြီးရော ... သဘောမထားလိုက်နိုင်လို့။ ဒီလိုပဲ ယူဆလို့ ရမနေပေဘူးလား။

သူ့လို ဘဝရှင်မင်းတရားကြီးလိုလို၊ ဇရာမသူဌေးမင်းကြီးလိုလို ဟန်ကြီးပန်ကြီးနိုင်တဲ့ လူချော၊ လူရည်သန့်တစ်ယောက်က ဘာမှလဲ မဟုတ်တဲ့၊ ဘာပုံမှလဲ မပေါက်လှတဲ့ လမ်းပေါ်မှာပဲ နှစ်ကြိမ်လောက်ဆုံဖူးတဲ့ သာမန်မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့များ ထပ်ပတ်သက်ချင်နေရမလဲ။ ဘာလို့များ ပြီးပြီးရောလို့ သဘောမထားလိုက်နိုင်ရမလဲ။

ရှရှရဲ့နှုတ်ခမ်းလေးဟာ အပေါ်သွားတွေနဲ့ အတင်းဖိကိုက်ထားတဲ့ကြားက ပြုံးယောင်သမ်းချင်ချင်လေးပဲ ဖြစ်လာရပါတော့သည်။ အံ့ဩစရာ။ သူဟာ ဟိုအရင်တစ်ကြိမ်ကလို ဖြုန်းခနဲ လမ်းကူးပြီး ကားအကောင်းစားကြီးတစ်စီးပေါ် တက်သွားတာမျိုးမလုပ်ဘဲ ရှရှရဲ့နံဘေးမှာ လမ်းအတူတွဲလျှောက်ရက်သားပင် လိုက်ပါလာသတဲ့။

"နာမည် ဘယ်လိုခေါ်သလဲ"

"ကရုဏာပါ"

"တော်တော်ကောင်းတဲ့ နာမည်ပဲ"

ရှရှကော သူ့နာမည်ကို ပြန်မေးခွင့်ရှိသလား။ သင့်တော်ရဲ့လား၊ တစ်မျိုးများ ဖြစ်သွားမလား။ စိတ်ထဲမှာ ဝေခွဲမရ ဖြစ်နေဆဲ။

"ငါ့နာမည်ကို ဘာလို့ ပြန်မမေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးရင်ကောင်းမလား မကောင်းဘူးလား စဉ်းစားနေတာ"

"ဟား ဟား ဟား ... မင်းက မဆိုးဘူး၊ စိတ်ထဲရှိတဲ့အတိုင်း အမှန်အတိုင်း ပြောတတ်သားပဲ။ ငါ့နာမည်က **"တော်သဝဏ်"**တဲ့၊ ငါ့အဖေကတော့ ဝဏ်ကြီးလို့ ခေါ်တာပဲ။ မင်းလည်း Minister လို့ ခေါ်ချင်ရင် ခေါ်ပေါ့"

ရှရှမှာ အရင်တစ်ခါ ဖြေကြစဉ်ကနှင့် လုံးလုံးလျားလျား ဆန့်ကျင်ဘက်ဖြစ်နေသည့် သူ့ကို တစ်ထိုင်တည်းနှင့်ကို အရမ်းကြီးလည်း ခင်မင်နှစ်လိုသွားရကာ အဲဒီအဖြစ်အပျက်အတွက် ဘယ်သူ့ကို ကျေးဇူးတင်ရမလဲ မသိနိုင် ဖြစ်နေပါသည်။ ဒါဟာ ကံပါလို့ ရေစက်ရှိလို့ဆိုရင် ပထမတစ်ချီကကျတော့ အဲဒီရေစက်က ဂျိုး(ကြေး)ပိတ်ပြီးအလုပ်မလုပ်လို့ နေမှာပေါ့နော်။

"အသက်ကိုကော မေးရင်ကော ကောင်းမလား မကောင်းဘူးလား ထပ်စဉ်းစားနေတာ"

"ဟား ဟား ... ဒါကတော့ သုံးပြီးသားစကားကို ပြန်သုံးပြီး လှူလည်ကျတာလို့ ခေါ်တယ်။ ဘာဖြစ်လို့ အသက်ကို မေးရတာလဲ။ ခုမှစတွေ့တဲ့သူ နှစ်ယောက်မှာ အသက်ထက် ဒီပြင်ဟာတွေကို သိဖို့က ပိုအရေးမကြီးဘူးလား။ ထားပါ၊ ငါက (၁၉)နှစ်၊ မင်းကကော"

"အဲဒီလောက်တော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ရွယ်တူနီးပါးချင်းများ မင်းတစ်လုံး၊ ငါတစ်လုံး သုံးပြီး အထက်စီးလေသံကြီး ဆန်လွန်းလို့ (၃၀)လောက်ရှိပြီ မှန်းနေတာ။ လေက နည်းနည်းလောက် လျှော့လို့မရဘူးလား"





"Minister(ဝန်ကြီး)ပါ ဆိုမှကွာ၊ ဒီလောက်တော့ ရှိမှာပေါ့"

သူက ပြောနေရင်းကပင် လှမ်းလက်စ ခြေလှမ်းတွေကို ဖြုန်းခနဲ ရပ်တန့်ပစ်လိုက်ပါသည်။ ရှရှမှာ သူ ဘာလို့ရပ်လိုက်မှန်း မသိတာမို့ ကိုယ့်ဘာသာပဲ ကိုယ့်ခရီးကိုယ် ဆက်သွားရန်နီး၊ သူ့လိုပဲ လမ်းလယ်ကြီးမှာ လိုက်ရပ်လိုက်ရန်နီး ဖြစ်နေဆဲ သူက "နေခဲ့တော့မယ်"ဟု ခပ်ပြတ်ပြတ် တစ်ချက်နှုတ်ဆက်လိုက်ကာ ...

"နောက်တစ်ချီ ထပ်ဆုံဖြစ်ကြရင် ဒီ့ထက်ပိုပြီး ရှည်ရှည်ဝေးဝေး၊ တိတိကျကျကလေး မိတ်ဆက်ကြတာပေါ့။ အဲဒီအခါကျ အသက်ထက် ပိုပြီးအရေးတကြီး သိချင်စရာ၊ မေးကြည့်ထားစရာတွေက ဘာတွေဖြစ်မလဲ။ စဉ်းစားထား"

"ဘိုင့်ဘိုင်"လို့ပါ ဆိုလိုက်တော့ ရှရှမှာ အူကြောင်ကြောင်နှင့်ပဲ ဆက်လှမ်းထွက်လာရရုံ ရှိတော့တာပေါ့။ သူက တာကယ့်ကိုပဲ ဆက်မလိုက်ဘဲ ကျန်ရစ်ပါသည်။ နေရာတင်တော့ ရပ်နေမယ် မထင်၊ နောက်ပြန်လှည့်လျှောက်သွားမှာပေါ့။ သူ့ကားကြီးကို မမြင်မိသော်လည်း သူလိုလူဟာ အဲဒီကားကြီးမပါဘဲ ခြေကျင်သွားလာနေမယ့် သူမျိုးမှ မဟုတ်နိုင်တာ။ တစ်နေရာရာမှာရပ်ထားခဲ့ပြီး ဒရိုင်ဘာတစ်ယောက်နှင့် ဖြစ်လိမ့်မည်။ အဲဒီနေရာကို သူ ပြန်သွားမလို့ပဲ နေမှာပေါ့။

ပြည်လမ်းမကြီးပေါ်သို့ ဆက်ထွက်လာခဲ့ရင်းက နောက်ဘက်ကို သမင်လည်ပြန် ပြန်လှည့်ကြည့်လိုက်ချင်စိတ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရရမှာ ဇက်ကြောတွေတက်၊ ခေါင်းတွေပင် အုံခဲချင်လာရပါသည်။ သို့သော် ပထမတစ်ကြိမ်ကလည်း ရရကသာ ရပ်တန့်ပြီး လိုက်ငေးကြည့်နေမိတာ။ အင်မတန် နောက်ကြောင်းအေးလှသော သူက တစ်စက်မှ ပြန်လှည့်ကြည့်ခဲ့တာမှ မဟုတ်တာ။ အခုလည်း အဲဒီလိုပဲ ရှိလိမ့်မည်လေ။

သူက ပြန်ကြည့်လေ့ မရှိပေမယ့် ရရကပဲ အရင်တစ်ခါလို ရပ်ပြီးဆက်ငေးနေရင်ကော။ ဟွန့်အင်း။ မလုပ်ချင်ပါ။ ဘာလို့လဲမသိ။ ဒီတစ်ချီမှာ အဲဒီလိုမျိုးတော့ လုပ်ကိုမလုပ်ချင်ပါ။ ရရမှာ ဇက်နိုင်လှမတတ် အတင်းကြီး အားခဲပြီး စိတ်တင်းထားရလို့ ဇက်ကြောတွေ တက်လာရုံမကလို့ ပြတ်ပဲကျကျ။ လှည့်မကြည့်ဘူးဆို မကြည့်ဘူးဟုပဲ ကိုယ့်ဘာသာ ပြန်အားပေးနေမိပါသည်။

ဟုတ်ပါရဲ့။ "အသက်"ထက်ပိုပြီး သိချင်စရာ မေးကြည့်ချင်စရာမျိုးတွေကို ဘာမှုလဲ မသိလိုက်၊ မမေးလိုက်ဖြစ်ပါလား။ အနည်းဆုံးတော့ "သူ ဘယ်သူလဲ။ ဘယ်မှာနေလဲ"ဆိုတာလေးလောက် သိလိုက်ရရင် နောက်ထပ်တစ်ကြိမ် ပြန်ဆုံမဆုံ မသေချာတော့တဲ့အဖြစ်မှာ ရရအတွက် ကိုယ့်ကိုယ်ကိုယ် နောင်တရနေချင်စရာမျိုး မကြုံရနိုင်တော့ဘူးပေါ့။

ဒါဖြင့် အခုဟာက လေးတင် ကျောခိုင်းလိုက်ရုံရှိကြသေး နောင်တက စရပြီပေါ့။ အဲဒီလိုလား။ ကိုယ့်အတွေးနဲ့ ကိုယ်ပဲသိတဲ့ အဖြစ်ပဲဟာ။ ဘယ်သူ့ကိုမှ သိမ်ငယ်နေ၊ ရှက်ရွံ့နေ၊





အောက်သလို၊ ကြောက်သလို ခံစားနေစရာမလိုပါ။ ဟုတ်တယ်။ သူနဲ့ နောက်တစ်ကြိမ် ထပ်မတွေ့နိုင်တော့ဘဲ ဆက်သွယ်စရာလည်း ဘာမှ သဲလွန်စမကျန်ရစ်ရတော့တဲ့ အဖြစ်ကို ရရက နောင်တရချင်နေပြီ။

သူကတော့ "ခုမှစသိဖူးကြတဲ့ သူနှစ်ယောက်မှာ ဒီပြင်ဟာတွေ အပြန်အလှန် မိတ်ဆက်သိထားကြဖို့က ပိုအရေးကြီးတယ်"လို့ ပြောခဲ့သား။ ငါ့ကိုက ညံ့တာပါ။ ညံ့တာ။ ရရမှာ ရုတ်တရက် မထိန်းလိုက်နိုင်ဘဲ အတင်းကြီး ဖွတ်ခိုင်ထားသောဇက်ကိုချိုးချကာ နောက်ဘက်သို့ ပြန်ငဲ့ကြည့်လိုက်မိပါသည်။ ပြီးရင်တော့ အားမရနိုင်သေးပဲ ခြေလှမ်းတွေကိုပါ ရပ်တန့်ကာ လှုတစ်ကိုယ်လုံးပါ နောက်ဘက်သို့ အတိအလင်းကြီး ပြန်လှည့်ကြည့်။

ကျောင်းဆင်းသွားတာ နည်းနည်းကြာပြီမို့ တီတီစီ ကျောင်းကြီးအေးက လမ်းကလေးဟာ လူကျဲကျဲ၊ ကားကျဲကျဲ ဖြစ်စပြုနေပါပြီ။ မြင်မယ်ဆိုရင် ကောင်းကောင်းမြင်နေနိုင်သေးသော မျက်စိတဆုံး အကွာအဝေးလောက်မှာတော့ သူ့ရဲ့ပုံစံကလန်ကလားနဲ့ အရပ်အရှည်ကြီးကို လုံးဝရှာမရပါတော့။

ရရရဲ့ရင်ထဲ အောင့်ကျိန်းကျိန်းနှင့် ခုမှ တကယ်ပဲ "နောင်တတွေ ရပါပြီ"ဟု ဝန်ခံချင်လာရတာလား၊ အခံရခက်လှသည့် အဖြစ်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"သူက အမေတစ်ယောက်လုံး ဖုန်းဆက်တာကို ဖုန်းလာမကိုင်ရတာက ဘာ(–)ချိုးလဲဟေ့။ ငါ့ကို အဲဒီလိုရိုးတိုးရားတား လုပ်ချင်လို့ မရဘူးဆိုတာ သူ့ကို နင် အခုသွားပြောလိုက်စမ်း"

"သူ ... သူက အပြင်သွား"

"ဘာအပြင်မှ မသွားဘူး။ ညည်းတို့ ဉာဏ်ကလေးတစ်ထွာတစ်မိုက်နဲ့ ငါ့ကို လှူလည်ကျချင်လို့ ရမယ်များထင်နေကြသလား။ ငါ အခု ဘယ်နေရာကနေ ဖုန်းဆက်နေတာလဲ ညည်းသိသလား။ ညည်းတို့အိမ်ထဲကို အချိန်မရွေး ပြေးဝင်လာလို့ရတယ်မှတ်"

ရရမှာ ယောင်ယမ်းပြီး ဇက်ကိုပုချလိုက်မိတာကိုပင် ပြန်မမတ်နိုင်တော့လောက်အောင် လူက ကုပ်ပုပုနဲ့ ကုတ်ချိချိ ပုံစံမျိုး ပေါက်သွားပါသည်။





"သွားခေါ်ချေလေ"

"သူက သူ မအားလို့၊ ဒါမှမဟုတ် မပြောချင်လို့ ကျွန်မကို ဖုန်းသွားပြောခိုင်းတာပဲ ဖြစ်မယ်ဆိုတာ အဒေါ် သိဖို့ကောင်းပါတယ်"

"အောင်မာ ... နင်လိုဟာမလေးကများ ငါ့ကို ဘာလေသံနဲ့ ပြောနေတာလဲ၊ ငါအခုဝင်လာပြီးတော့ မွှေပစ်လိုက်၊ ကြမ်းပစ်လိုက်ရင် နင်တို့ ဘာဖြစ်သွားကြမယ် ထင်သလဲ။ သိပ်ပြီးတော့ (–)ကြီး(–)ကျယ် နိုင်မနေကြနဲ့ဟေ့"

"အဒေါ် အဲဒီလိုလာလုပ်ရင် ကျွန်မကတော့ ဘာမှဖြစ်မှာမဟုတ်ဘူး။ ကျွန်မနဲ့ အဒေါ်နဲ့က ဘာဆိုင်တာမှတ်လို့။ ဘိုမသာ ဒုက္ခရောက်သွားမှာပေါ့၊ အတိအလင်း မွေးစားထားတာလည်းမဟုတ်။ သနားလို့ ခေါ်တင်ထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အဆက်အနွယ်တွေက အလကားနေရင်း အိမ်ပေါ်တက်ပြီး လာယမ်းနေမှာကို ဘယ်အိမ်ရှင်က ဒီအတိုင်း ငြိမ်ခံနေမှာလဲ"

အမှန်ကတော့ ရရဟာ ဘိုမရဲ့အမေ အဲဒီမိန်းမကြီးကို ရွံကြောက်ကြီးပါ။ ဒါပေမဲ့လည်း စိတ်ပေါက်ပေါက်နဲ့ ဖြစ်ချင်ရာဖြစ်၊ တရစပ် ပြောချပစ်လိုက်တဲ့အခါ သူကချည်း တစ်ဖက်သတ် အော်ဟစ်သောင်းကျန်းနေတဲ့ မိန်းမကြီးထံမှ ဘာစကားမှ ပြန်ထွက်မလာတော့ဘဲ ခဏလောက် ငြိမ်ကျသွားတာမို့ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲကနေပဲ "ဘရာဗို" ဟု အားပေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ၊ ဒါဆိုရင် ငါ သူ့ကို ပိုက်ဆံလာပို့ခိုင်းထားတယ်၊ အဲဒါ ဒီအပတ် စနေနေ့လောက် နောက်ဆုံးထားပြီး ပို့ပေးချေလို့ သူ့ကိုပြောလိုက်။ ကြားလား။ ဟဲ့ ကောင်မလေး ... ငါမှာရင် မှာတဲ့အတိုင်း အတိအကျ ပြန်ပြောနော်။ နို့မို့ရင် နင်လည်း မလွယ်ဘူးဆိုတာ သတိထားစမ်းပါ"

ခဏလောက်သာ ငြိမ်ကျသွားတာ လေသံကတော့ မလျော့ပေ။ သူကတောင် ရရကို ပြန်ခြိမ်းခြောက်လိုက်ပြန်သေးသည်။

"ပိုက်ဆံက သူ့မှာ ဘယ်ကရှိရမှာလဲ၊ အဒေါ်တောင်းတောင်းနေတဲ့ ပမာဏက သူရတဲ့မုန့်ဖိုးနဲ့တောင် မလောက်တော့ဘူးလို့ သူက ပြောနေတာ"

"နင် မရှုပ်ပါနဲ့။ ငါပြောခိုင်းတာကိုပဲ ပြောပေးစမ်းပါ။ နင် မှတ်ထားဖို့က နင်နဲ့ သူနဲ့က ဘဝမတူဘူး။ ငါ့သမီးက နင့်လို မသထာရေစာ မဖြစ်စလောက် မုန့်ဖိုးမျိုးကို လက်ဝါးဖြန့်ခံ တောင်းသုံးနေရမယ့် အနေအထားမျိုး မဟုတ်တော့ဘူး။ နောက်တစ်ခါ အဲဒီလိုဝင်ရှုပ်ရင် ငါ့သမီးနဲ့ပဲ နင် ပြဿနာတက်ရမှာပဲ ...."

ခုကကော ငါ့သမီးကိုယ်တိုင်က ဖုန်းလာမပြောချင်တာမှ ဟုတ်ရဲ့လား။ သူတောင် ဘာမှမသိဘဲ နင့်ဘာသာ စီစဉ်ပြီး ဝင်ဆရာလုပ်ချင်နေတာ ဆိုရင်တော့ နင့်ရှေ့ရေး





က မလွယ်ဘူး။ နင် ကြည့်ကျက်နေနော်။ ဒါပဲ ပြောလိုက်မယ်၊ ကြည့်ကျက်နေ"

ကိုယ်နဲ့ ဘယ်လိုမှ ပြိုင်ဘက်မဟုတ်နိုင်တဲ့ လူမျိုးကို မရဲတရဲ မပိုင်မနိုင်နဲ့ တက်ပြိုင်ကြည့်ချင်တာကိုး။ ခံလိုက်ပေါ့ ကရုဏာရယ်။ အဲဒီလို မိန်းမကြီးမျိုးဟာ ဘယ်လိုမဆို ကိုယ့်ထက်ရိုင်း၊ ကိုယ့်ထက်ကြမ်း၊ ကိုယ့်ထက်လည်နေမှာပဲ ဆိုတာကို သဘောပေါက်ထားသင့်တာပေါ့။ သူ ပြောသလိုပဲ ဘိုမ တစ်ယောက်တော့ အနှောင့်အယှက်ရန်များကနေ ကင်းပါစေဆိုတဲ့ စေတနာနဲ့ ကိုယ့်သဘောနဲ့ကိုယ် ဝင်ပါဆင်ခြေပေးနေမိရင် ကိုယ့်ထက်လည်တဲ့သူရဲ့ ချောက်ချမှုကိုပဲ ပြန်ရနိုင်သည်။ သင်ခန်းစာယူစရာတွေပေါ့လေ။

ရရမှာ "နင် ဖုန်းသွားပြောပေးလိုက်ဦး"ဆိုတဲ့ အမိန့်ဆန်ဆန် တစ်ခွန်းနဲ့ ဘယ်ပျောက်သွားသလဲ မသိသော ဘိုမကိုသာ အိမ်ကြီးထဲမှာ လှည့်ပတ်လိုက်ရှာရပါတော့သည်။ သူ့အမေရဲ့စကားများကို ပြန်သတင်းပို့ရမည်။ အဲ ... သတင်းပို့တာထက် သံတော်ဦးတင်ရမည်ဟု သုံးနှုန်းရင်များ ပိုမှန်နေလေမလား။

သူ့အမေ ပြောမယ်ဆိုလည်း ပြောစရာပင်။ "ကြည့်ကျက်နေ"ဆိုတဲ့ စကားဟာ အဲဒီမိန်းမကြီးက သူ နိုင်အောင် ထင်ရာပြောသွားတာမျိုးမှ မဟုတ်တာ။ ရရဟာ ဘိုမနဲ့ပတ်သက်လာရင် ကြည့်ကျက်နေနေရတဲ့ အနေအထားမျိုးမှာသာ ရှိနေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ရရတင်မက ဒီအိမ်ကြီးက အလုပ်သမားမိန်းကလေးတွေနဲ့ မာလီ၊ ဒရိုင်ဘာ စသူတို့ဟာလည်း ပုံစံက "အိမ်ကြီးရှင် သခင်မကြီး" လို ဟန်မျိုးပေါက်နေတဲ့ ဘိုမကို အားလုံး အလိုက်အထိုက် ဆက်ဆံကာ ကြည့်ကျက်နေနေကြရပြီ။

သူတို့တွေ မပြောပါနဲ့။ အရင်ကဆို "ကြီးကြီးစိန် ... ကြီးကြီးစိန်" နဲ့ အခွန်းချင်းထပ်အောင် အချွဲခံရကာ ကြီးတော်မိကြီး နေရာမှာ ပြုံးပြုံးကြီး ရှိခဲ့ရသော အဘွားကြီး ဒေါ်စိန်ပင်လျှင် "ဘိုမရေ" ဟု ခေါ်ကာ အလုပ်အကိုင်လေးများကို သင်ပြခွင့်ရှိတော့လို့လား။ ခေါ်ရတာကအစ "မချယ်ရီ" လို့ပင်။ ရရဖြင့် စကြားလိုက်ရကာစက "မချယ်ရီ ဆိုတာ ဘယ်သူပါလိမ့်" လို့ ကြောင်ငပေါ် ဖြစ်ရကာ အဘွားကြီးရဲ့မျက်နှာထားနဲ့ အခြေအနေတို့ကိုပါ အကဲခတ်လိုက်မိတော့မှ ဝမ်းတောင်နည်းသွားခဲ့ရတာ။

ခုတော့ဖြင့် ရရဟာ သမီးလုပ်သူကို ကြည့်ကျက်နေနေရရုံမျှမက အမေလုပ်သူရဲ့ ခြိမ်းခြောက်မှုကိုပါ ငုတ်တုတ်လေး ငြိမ်ခံလိုက်ရပြီ။ ဘိုမဟာ ဘာ့ကြောင့်များ သူ့ရဲ့အနေအထား မြင့်တက်မှုကို သူ့အမေဆီမှာ ပြန်အသိပေး၊ ကြွားဝါထားရတာပါလိမ့်။ ဘယ်တုန်းကမှလဲ ချစ်ချစ်ခင်ခင်နဲ့ တည့်နေတယ်ရယ်လို့ မရှိတဲ့ အမေနဲ့သမီးကြားမှာ တိုင်ပင်ဖော် တိုင်ပင်ဖက်သဖွယ်အပြော်တွေ ဝေငှထားတာတော့ မဖြစ်နိုင်ပါ။ ဂုဏ်လုပ်ကြွားဝါ၊ လက်မထောင်ပြထားချင်တာမျိုးသာ ဖြစ်နိုင်ပါသည်။



ဒါပေမဲ့ သူ့အမေဟာ အဲဒီလို အားလုံးပြန်ပြောပြထားလို့ ရနိုင်တဲ့အမေမျိုးမို့လား။ ဘိုမပဲ ပြောခဲ့တာ "ရလေလိုလေ အိုတစ္ဆေ" ဆို။ "ငါ့ကို ငွေပုံကြီး ဖင်ခုထိုင်မိပြီလို့ ထင်နေတာ" ဆို။ အဲဒီလို အမေမျိုးကိုမှ လက်မ,သွားထောင်ပြထားရတယ်လို့။ ပြီးကျ သူက ရရနဲ့ချည်း ထိပ်တိုက်ရင်ဆိုင် တွေ့ခိုင်းတော့တာ။

ဘိုမနဲ့ ဦးကျော်တို့ အမြဲရှိနေတတ်ကြတဲ့ စာကြည့်ခန်းနားသို့ ရောက်သောအခါ အဲဒီဘက်ကနေ ခပ်သုတ်သုတ် မြန်မြန်ကလေး ပြန်လျှောက်လာသော ကြီးစိန်ကြီးကို မြင်လိုက်ရပါသည်။ အဘွားကြီးရဲ့လက်ထဲမှာတော့ ရေတစ်ခွက်ပါတဲ့ လင်ပန်းငယ်တစ်ခုနှင့်။

ဘာလို့ ခပ်သုတ်သုတ် ပြန်ပြေးလာသလဲ ဆိုတာ ပြောမပြလည်း သိသာပါသည်။ စာကြည့်ခန်းထဲမှ ဆူညံရန်ဖြစ်အော်ဟစ်သံများက အိမ်လုံးကျွံမျှ ထွက်ပေါ်လို့နေသည်လေ။ အသံကျယ်ကြီးများကား ဘိုမ၏အသံဖြစ်လျက်၊ ခပ်တိုးတိုး အုပ်အုပ်နှင့် တစ်ခွန်းတလေ ကြိုကြားဝင်ပြောနေသံမှာကား ဦးကျော်ပင်။

ကြီးကြီးစိန်က ရရကို မြင်လျှင် ...

"ရေတစ်ခွက် လာပို့ပေးဆိုလို့ကွယ်၊ ဒါပေမဲ့ ..."

ရရမှာ မျက်နှာတွေ ပူနေရပြီး ဘာပြန်ပြောရမည် မသိဆဲ ...

"သူတို့နှစ်ယောက် ဘာကြီးပဲဖြစ်နေနေ ဘာသံပဲကြားကြား ဘာတွေပဲပြောပြော ချောင်းပြီးရပ်ခိုးနားထောင် စပ်စုမနေရဘူးလို့လည်း မှာထားသေးတော့"

www.burmeseclassic.com

www.burmeseclassic.com



"ရရကိုပဲ ပေးလိုက်ပါ၊ ရရပဲ ယူသွားပေးလိုက်မယ်"

ကြီးကြီးစိန်မှာ ဝမ်းသာအားရ လက်ကမ်းပေးလိုက်ပြီးမှ ...

"ကြီးစိန်ကို ပြောထားတဲ့ဟာကို၊ ကိုယ်တိုင်တော့ လာမ ပို့ဘဲ တစ်ဆင့်ခိုင်းလိုက်တယ်လို့များ ပြောနေဦးမလား"

ရရမှာ တကယ်ပဲ အားနာရလွန်းလို့ လိမ်တွန့်ချင်နေရပါပြီ။ ကြီးကြီးစိန် ဆိုတာက အန်တီမေဇော်တို့ ဦးကျော်တို့က တစ်ခုခု စောင်းဆိုရင်တောင် ကိုယ်တိုင်လုပ်တာထက် အိမ်က ကောင်မလေးတွေကိုသာ ပြန်ပြီးသင့်တော်သလို စီစဉ်၊ တစ်ဆင့်ခိုင်းစေပေးရတဲ့ စိမ်အုပ်ချုပ်သူမျိုး မဟုတ်လား။

"ရရက ဘိုမကို ပြောစရာရှိလို့ လိုက်ရှာနေတာပါ၊ ရရ ဘာသာ အတင်းယူလာလိုက်တယ်ပဲ ပြောလိုက်မှာပေါ့"

ဒါတောင်မှပဲ ကြီးစိန်ဟာ အိမ်နောက်ဘက်ထဲအထိ ပြန်ဝင်မသွားသေးဘဲ ရရနဲ့ခပ်ခွာခွာ မလှမ်းမကမ်းမှာ ကုပ်ချောင်းချောင်း၊ အခဲခပ်ခပ်ပုံစံနဲ့ လိုက်ပွါနေဆဲဖြစ်ပါသည်။ ကြီးစိန်ကြီး လန့်မယ်ဆိုလည်း လန့်လောက်စရာပါ။ ရရ တစ်ယောက် စာကြည့်ခန်းရဲ့ တံခါးဝမှာ သွားရပ်လိုက်တာနဲ့ အဲထဲကနေ လူရိပ်လူခြည်ကို လှမ်းမြင်သွားဟန်ရှိတဲ့ ဘိုမဟာ တံခါးကို ဖြုန်းခနဲ ဆွဲဖွင့်လိုက်ရင်း ဘယ်သူမှန်း ဘယ်ဝါမှန်း မသိနိုင်သေးခင်မှာပင် ...

"ငါ့ဘယ်သူက ဘာလာချောင်းတာလဲ"





ရရကို မြင်လိုက်ပေမယ့် မျက်နှာကြောက လျော့မသွားပါ။ လက်ထဲက ရေဖန်ခွက်ပါတဲ့ ဗန်းငယ်ကို မျက်စပင့်ချီကြည့်လိုက်ရင်း ...

"ရေတစ်ခွက် ဘမ်းပြပြီး လာချောင်းနားထောင်နေတာ၊ နင့်ကိုယ်နင်တော့ ပိရိလှပြီ ပိုင်လှပြီပေါ့"

"ရေက ကြီးစိန်က လာမပို့ရဲလို့ ငါယူလာတာ၊ ငါက ငါ့ဟာငါ နင့်ကို လိုက်ရှာနေတာက သတ်သတ်"

"ဘာကိစ္စလဲ"

"ဖုန်းလာတာလေ"

"ဘာတဲ့လဲ"

လေသံကား တစ်စက်မှ မလျော့ပေ။ စာကြည့်ခန်းထဲမှာ မလှမ်းမကမ်းတင် ဦးကျော် တစ်ယောက်လုံး ထိုင်နေတာကို သိရက်သားနဲ့ ဘာကိစ္စပဲဖြစ်ဖြစ်၊ ဘယ်သူသိသိ မမှုဘူးဆိုတဲ့ အချိုးမျိုးတည်း။

ရရမှာသာ ရှေ့တင်ကြီး ပေါ်တင်ကြီး မေးချတာမို့ မျက်နှာအပျက်ပျက် နေမထိ ထိုင်မသာ ဖြစ်ရရင်း ခပ်တိုးတိုးနှင့် ...

"ပြောထားတဲ့ကိစ္စ လုပ်ဦးတဲ့၊ ဒီအိမ်နားကနေတောင် ဆက်နေတာတဲ့"

ရရရဲ့စကားကြောင့် ဘိုမ တစ်ယောက် စိတ်ရှုပ်ထွေးကသိကအောက် ဖြစ်သွားမည်။ ဒါမှမဟုတ် ပိုပြီးဒေါသတွေထွက်



www.burmeseclassic.com

www.burmeseclassic.com



လာဦးမည်ဟု ထင်လိုက်မိပါသော်လည်း သူ့ရုပ်က ခုမှအဖြေရှာ တွေ့သွားတဲ့ပုံနဲ့ တက်တက်ကြွကြွ အားရသလိုမျှ ဖြစ်သွားသေး ကာ နောက်ဘက် ပြန်လှည့်ပြီး အသံကျယ်ကျယ်နှင့် ...

"အဲဒါကြောင့် ဦးကျော်ကို ပြောနေရတာပေါ့။ ခုကြည့်စမ်း ကြွေးရှင်က ဒီနားတောင် ရောက်နေပြီတဲ့။ အိမ်နားကနေ လှမ်းဖုန်းဆက်တာတဲ့။ ခြံဝလာရပ်ပြီး အော်မတောင်းတာ ကံကောင်း။ ဘိုမတို့ တစ်သက်နဲ့တစ်ကိုယ် ပိုက်ဆံမရှိရင် ပြောင်ပြောင်သာ မရှိတာမျိုး ဖြစ်ချင်ဖြစ်မယ်။ ကြွေးရှင် က အိမ်ထိလိုက်လာတာမျိုးတော့ တစ်ခါမှကို မကြုံခဲ့ဖူး ပါဘူး ...

ရှက်စရာ ကောင်းလိုက်တာ လွန်ရော။ ကိုယ့်လည်း မရှိတာ မဟုတ်ဘဲနဲ့ တိုထွာစေးနဲ့ပြီး အဲဒီလောက် ကပ် ဖြစ်တွက်နေရင် အခု အိမ်နားထိရောက်နေပြီဆိုတဲ့ မိန်းမ ကြီးနဲ့ ဦးကျော်နဲ့ တိုက်ရိုက်သာ စကားပြော။ ဖြေရှင်း လိုက်ကြတော့"

ရရမှာ မျက်လုံးလေးအပြူးသားနဲ့ ဘိုမကိုပဲကြည့် နေမိတော့သည်။ ဦးကျော်ကိုတော့ လုံးဝကိုမကြည့်ရဲပါ။ လက်စ သတ်တော့ ပိုက်ဆံတောင်းတဲ့ကိစ္စနဲ့ ရန်ဖြစ်နေကြတာကိုး။ တော် ကြာကျ ခပ်တည်တည် ခပ်ရှင်းရှင်းသမား ဖြစ်ဟန်တူသော ဦးကျော်က "အေး ... သွားခေါ်ချေ၊ ငါနဲ့ပဲ ကြည့်ရှင်းလိုက်မယ်" ဆိုရင် ဘယ့်နှယ်လုပ်ရပါ့။ ဘိုမကတော့ ဘာမှဖြစ်မယ့်ပုံမရပါ။





ဖုန်းကိုင်ထားသူ၊ လာသတင်းပို့မိသူ ရရသည်သာ "ပူးတွဲလိမ့် လည့်သူ"အရှုံးခံရမှုက ဖြစ်ရဦးမည်။

"ကြွေးရှင် အိမ်နားရောက်တယ်ဆိုတာ ငါတို့လည်း တစ် သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူးပဲ။ ကိုယ့်မှာကြွေး ရှင်ရှိတယ်ဆိုကတည်းက အကြွေးယူသုံးထားလို့ပေါ့။ ကိုယ့် ရှိတဲ့အတိုင်းအတာနဲ့ တိုင်းထွာသုံးတတ်ပြီး ကြွေးမယူရင် ဘယ်ကြွေးရှင်မှ အိမ်နားထိ ရောက်လာစရာမရှိဘူး ဘိုမ။ ကြွေးရှင်အိမ်ဝရောက်လာလို့ ရှက်စရာကောင်းတာထက် ကိုယ့်ရှိတဲ့ပိုက်ဆံထက်ပိုပြီး အကြွေးနဲ့ဝယ်သုံးတယ်ဆိုတာ ကသာ ရှက်စရာ ...

ခုတစ်ခါတော့ ရှိစေတော့။ အဲဒီကြွေးရှင်ကို ဆပ်ရ မှာက ဘယ်လောက်လဲပြော။ နောက်တစ်ခါ ဆိုရင်တော့ ကြွေးရှင်က မင်းကုပ်ပေါ်ပဲ ခွစီးထားထား ငါနဲ့မဆိုင်ဘူး"

"ကိုယ့်ရှိတဲ့ပိုက်ဆံနဲ့ လောက်ငအောင်သုံးလို့ အာကျယ် ကျယ်ကြီးနဲ့ ပြောနေရအောင် အဲဒါက ဘယ်နှပြားမို့လို့လဲ။ ဂုဏ်လုပ်နေစရာ ကောင်းလောက်အောင် ဘယ်သူက ငွေ ပုံကြီး ပုံပေးထားတာမို့လို့လဲ"

"မင်း ... မင်းအဘိုးနဲ့ နေရတုန်းကကော တစ်လကို မုန့်ဖိုး ဘယ်လောက်ရတာမို့လို့လဲ"

ဘိုမမှာ"အင်"ခနဲ ဖြစ်သွားကာ ခြေဆောင့်၊ တစ် ကိုယ်လုံးကို တွန့်လိမ်၊ ပါးစပ်ကလည်း ဘာတွေမှန်းမသိ ဗလုံး



www.burmeseclassic.com

www.burmeseclassic.com



ဗတ္တွေးပြောကာ အနားက ခွေးခြေပုကလေးတစ်လုံးကိုပါ "ဝုန်း" ခနဲ ကန်ထုတ်ပစ်လိုက်လေသည်။ ဘိုမရဲ့လုပ်ပုံကိုင်ပုံတွေကြောင့်ရော၊ သူ့စကားက အနားမှာရှိတဲ့ ရုရုကိုပါ ထည့်စော်ကားလိုက်သလို ဖြစ်သွားတာကြောင့်ရော ဦးကျော်က မျက်နှာခပ်ရဲရဲနဲ့ သက်ပြင်းတစ်ချက် ချလိုက်ကာ ...

"ရုရု ... ကိစ္စပြီးရင် သွားလို့ရပြီ သမီး"

ရုရုမှာ လက်ထဲကဗန်းကို စားပွဲတစ်လုံးပေါ် တင်ခဲ့ကာ စာကြည့်ခန်းအဝကနေ ပြန်လှည့်ပြေးလာခဲ့ပါသည်။ လှုကမိုက်ဆာသလိုလို ရှိနေပြီဖြစ်သော်လည်း ခုမှ မီးဖိုခန်းဘက် ပြန်လှည့်ဝင်သွားတဲ့ ကြီးစိန်ကို မျက်နှာပူပူနှင့် ရင်မဆိုင်ချင်သေးတာမို့ ကိုယ့်အခန်းပေါ်ပဲ ကိုယ်ပြန်တက်လာခဲ့ရသည်။

ခဏကြာတော့ ဘိုမဟာ မျက်နှာထား ခပ်တင်းတင်း၊ မျက်ခုံးကချိုချို၊ မေးစေ့က မော့မော့ပုံစံနှင့် အခန်းထဲသို့ လိုက်ဝင်လာကာ လက်ထဲမှာလည်း ထောင်တန်အုပ်က ဘယ်နှအုပ်မှန်းမသိ။

တစ်အုပ်နှင့် ယပ်ခတ် သလိုလို လုပ်ပြနေရင်း ...

"အလကားပါ အဘိုးကြီးက။ လူတွေကွယ်ရာကျရင်တော့ ပျာပျာသလဲနဲ့၊ ငါ့များကြောက်လိုက်တာ ချေးတောင်ထွက်ကျမလားထင်ရတယ်။ ခုဟာက နင်ရှိနေလို့ သူ့ဂုဏ်လေးသူပြန်ဆယ်ပြီး ဟောက်သလိုလို ဆုံးမသလိုလိုနဲ့ ဟန်ဆောင်လုပ်ပြနေတာ။ အဟုတ်မှတ်မနေနဲ့"





ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ကိုယ့်ရဲ့ခင်ပွန်းလောင်း၊ ကိုယ့်ထက်လည်း အသက်အများကြီး ကြီးသေးသည့်သူ၊ လာလော့ဆယ်မှာလည်း ကိုယ့်ရဲ့ကျေးရှူးရှင် ဖြစ်နေသေးသူ တစ်ယောက်က ကိုယ့်ကို ပျာပျာသလဲ ကြောက်ရပါတယ်ဆိုတာ ခြားလူတွေကို ပြောပြပြီး ဂုဏ်ယူနေစရာလား။

ဘိုမဟာ ရုရုရဲ့ရှေ့မှာ ဆူသလိုမာန်လို ခပ်ထန်ထန် ပြောခံလိုက်ရလို့ အရှက်ပြေ ပြန်လာပြောနေတာ ဖြစ်နိုင်သော်လည်း အဲဒီလို လာဖြေရှင်းနေတာကမှ ပိုဆိုးနေသေးတာလေ။ ကျော်ဟာ အံ့ဩစရာကောင်းလောက်အောင် ဘိုမကို ဂရုတစိုက်နဲ့ ဆန့်ကျင်ချင်နေတာက ဘိုမလက်ထဲက ငွေထုပ်တွေကိုကြည့်ပြီး င် သိသာနေ နိုင်တာပဲဟာ။

"ငါလိုချင်ရင် အချိန်မရွေးရတယ် တွေ့လား။ ငါ့အမေ တစ်ကျိုကျို တကျကျ အကြိမ်ကြိမ် တောင်းနေရတာ၊ ငါက အဘိုးကြီးကို မပိုင်လို့၊ စကားမအောင်လို့၊ မပြောနိုင်လို့ မဟုတ်ဘူး။ ခုတောင်း ခုရနိုင်တယ်။ ဒီတစ်ကြိမ်တည်းလို့လည်း မှတ်မနေနဲ့။ ငါတောင်းလိုက်တိုင်း အမေးအမြန်းမရှိ အလီလီအခါခါကို တန်းထုတ်ပေးလိုက်တာချည်းပဲ၊ ငါ့အမေက အလကားရတိုင်း လိုချင်ကြီးပဲနေတာကို မုန်းလို့ တမင်ကပ်ထားတာ။ ခုလည်း ချက်ချင်းမပို့သေးပါဘူး။ ဒါက ငါသုံးဖို့ပဲ မုန့်ဖိုးသပ်သပ်လို့ အဘိုးကြီးက ပြောပြီးပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ဒါပေမဲ့ အဘိုးကြီး၊ အဘိုးကြီး
လို့တော့ ထည့်ထည့်မပြောစမ်းပါနဲ့လားဟာ။ ဦးကျော်ဟာ
နင်ချစ်လို့ နင်ရွေးထားတဲ့ နင့်ရဲ့ခင်ပွန်းလောင်းပဲဟာ
တခြားလူတွေ ကြားသွားရင် မကောင်းပါဘူး"

"ဟာ ... ! အမယ်လေး ... ! ဝါးဟားဟားဟား။ ဟား
ဟား ဟား ... ဒီရာစုနှစ်ထဲမှာ ရယ်စရာ အကောင်းဆုံးဟာ
ပဲ။ ငါချစ်လို့ ! ဟုတ်လား၊ ဝါး ဟား ဟား ... အူတွေနာ
ဖို့ ကောင်းလိုက်တာ။ နင်က အဲဒီလို လူကြားကောင်း
အောင် ပြောတတ်လွန်းတဲ့ ငပိုမကြီးမို့လို့ ငါက(-)မြ
ကတ်တာ အပိုတွေ"

သို့သော် သူများတကာတွေကိုသာ (သူ့ကသိုလ်
လေးနဲ့သူ) နိုင်ချင်တိုင်း နိုင်လို့ရမယ်။ သူ့ထက်ပိုလည်း ပိုမွတ်
ပြီး စိတ်ဓာတ်နဲ့ အကျင့်စရိုက်ကျတော့လည်း ပိုဆိုးရွားသေးသော
သူ့အမေကိုတော့ ဘိုမခမျာ လက်တစ်လုံးခြားလုပ်ချင်လို့ မရပါ
ရရကို ခြိမ်းခြောက်ကြိမ်းမောင်းပြီး ဖုန်းချသွားခဲ့တဲ့ သူ့အမေ
နေ့လယ်လောက်မှာပဲ ဖုန်းပြန်ဆက်လာခဲ့ကာ ....

"အေး ... အေး ... ကရုဏာရေ၊ နင့်အစ်မကို ပြောလိုက
ချေစမ်း။ ငါနဲ့ သူ့သူငယ်ချင်း စောညီ ဆိုတာနဲ့ ဒီစ
လောက် ညည်းတို့အိမ်ကို လာလည်မယ်လို့။ မတွေ့ရတာ
ကြာလို့ ကောင်းကောင်းမွန်မွန်ပဲ လာလည်မှာပါ။ ငါသ
ဒုက္ခရောက်အောင်လို့တော့ ငါက ဘာမှမလုပ်ပါဘူးလို့
ငါ့ကိုလည်း ညည်းတို့အဒေါ်လို့ ပြောချင်ပြောထားကြ





စောညီကလည်း ငါနဲ့စကားစပ်မိကြတော့ သူငယ်ချင်းတွေ
နဲ့ မတွေ့ရတာ ကြာပြီဆိုတော့ တွေ့ချင်လို့တဲ့။ သူပါ
ပါလိမ့်မယ်။ ပြောထားလိုက်နော် ... ကြားလား။ အေး ...
အေး"

လေသံကား ချိုချိုလေးနှင့်ပါ။ သို့သော် အဲဒီလေသံ
စကားလုံးတွေရဲ့အဓိပ္ပာယ်ကို ရရလို လူရေးလူရိပ်ကို နားမ
လည်လှတဲ့ ငတုံးတစ်ယောက်ကပင်လျှင် ရိပ်မိနေသေးလျှင်
ကား မရိပ်မိဘဲ နားမလည်ဘဲ ဘယ်နေပါ့မလဲ။

"ဟဲ့ ... ကရုဏာ၊ နင် ဒီဖုန်းနံပါတ်ကို ချက်ချင်းပြန်ဖုန်း
ဆက်စမ်း၊ အဲဒီဖုန်းကနေတစ်ဆင့် ခေါ်ခိုင်းလို့ရတယ်။
ပြီးရင် သောကြာနေ့ကိုချိန်းလိုက်။ ဘယ်ကိုလာရမလဲလို့
မေးလိုက်ချေ။ ပြီးရင် နင်ပဲ သွားပို့ပေးရမှာနော်။ ငါကတော့
လုံးဝမလာနိုင်ဘူး ဆိုတာကိုပါ တစ်ခါတည်း အပြတ်ပြော
ထားလိုက်"

နောက်ဆုံးကျတော့ ရရ ခေါင်းပဲ ဆိုက်တာပါပဲ။
လိုချင်တဲ့ နေရာတစ်ခုကို မရ,ရအောင် ယူတတ်တဲ့ ပညာရှိတဲ့
မဟာ ဒီလိုအမေမျိုးဟာ အားလုံး ကြွားပြထားလို့ရတဲ့အမေ
တ်ဆိုတာကိုကျတော့ ဘာလို့ ပညာရှိဉာဏ်နဲ့ ချင့်ချိန်ပြီး
ခဲ့ပါသလဲ။ သားသမီးတစ်ယောက်ကို blackmail လုပ်(အကျပ်
ငွေညှစ်)ချင်သော အမေတစ်ယောက်ကိုလည်း အလန့်တကြား
ဩချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စချိန်းလိုက်ကတည်းက အန်တီမေဖော်တို့ ရုံးနား ဖြစ်နေပြီဆိုတာကို ရရက ချက်ချင်းသိပါသည်။ အဲဒီကတည်းက "ဟိုနားဆို ပိုမကောင်းဘူးလား အဒေါ်၊ ဒီနားလေးကော"စသဖြင့် နေရာလွှဲဖို့ ကြိုးစားခဲ့ပါသော်ငြားလည်း သူတစ်ပါး စိတ်ကသိ ကအောက်ဖြစ်စေဖို့ရာ "သူများမကြိုက်တာတွေကိုချည်း ဝမ်းသာ အားရလုပ်ပါ့မယ်"ဟု သစ္စာဆိုထားသလား မသိတဲ့ မိန်းမကြီးက သူချိန်းတဲ့နေရာမှ သူချိန်းတဲ့နေရာ။ တစ်စင်တီမီတာလောက်တောင် မှ တိမ်းစောင်းခွင့် မပြုပေ။

"အဒေါ်တို့အိမ်ကိုပဲ ကျွန်မလာပို့ပေးလိုက်ရင်ကော" ဆိုတာကိုပင် "နေပါစေ၊ ညည်းကို ငါ့သမီးက ငါ့အိမ်လိပ်စာ ကို ပြောပြမထားလို့ ဒီလိုနည်းနဲ့သိအောင် ကြံချင်တာလား။ ငါ့ ဒါမျိုးလာလုပ်လို့တော့ ဘယ်ရမလဲ"တဲ့။ သူကိုယ်တိုင်က အကွက် တွေ အစင်းတွေ ထွင်လွန်းတော့ သူများတကာကိုလည်း ဘာပြော ပြော (ကိုယ့်အတွက် ဘယ်လိုကောင်းကျိုးရှိရှိ) မယုံကြည်တဲ့ဘက် တစ်ခုတည်းကသာ လှည့်တွေးတတ်သလိုချည့်ပဲ ဖြစ်နေသည်။

ခုတော့ဖြင့် ရရမှာ ဒရိုင်ဘာကြီးကတစ်ဆင့် အန်တီ မေဖော်နားသို့ ပြန်ပေါက်မှာစိုးလို့ အိမ်ကကားနဲ့လည်း ထွက်မလာ ရဲ။ ဒရိုင်ဘာကြီး လမ်းထိပ်ထွက် ကွမ်းယာသွားဝယ်တဲ့ အခိုက်





အတန့် ငါးမိနစ်၊ ဆယ်မိနစ်မျှလောက်ကလေးမှာ "ဒရိုင်ဘာကြီး မရှိလို့"ဆိုတဲ့ အကြောင်းပြချက်နဲ့ အိမ်က အမြန်ထွက်ပြေးလာခဲ့ ရကာ ချိန်းထားသော နေရာသို့ ရောက်လာတော့လည်း ပုန်းလျှိုး ကွယ်လျှိုး။ အန်တီမေဖော် ရုံးထိုင်တတ်သည့် ကုမ္ပဏီအဆောက် အအုံနှင့် အရမ်းနီးနေသည်မို့ လူက အလိုလိုနေရင်း ကုပ်ချောင်း ချောင်းနှင့် သူခိုးပုံ ထွက်နေရပါသည်။

အရေးထဲ ဘိုမရဲ့အမေဟာ မိုက်ဆံထုပ်ကိုရပြီးတာ တောင် သွားစရာရှိတာကိုမသွား၊ လူကို ပုလိပ်စစ် လာစစ်နေ တာ ...

"ဘယ်လောက်ပေးလိုက်တာတဲ့လဲ"

"မသိဘူး၊ ကျွန်မက ဒီအတိုင်းပဲ ယူခဲ့တာ"

"ဟဲ့ ... ဘယ်ရွေ့ဘယ်မျှလို့ အတိအကျ မပြောတော့ ညည်း ကဲ့နှိုက်ထားမထား ငါက ဘယ်လိုလုပ် ပြန်စစ်လို့ ရမလဲ"

"အိတ်က အပိတ်ကြီးပဲဟာ အဒေါ်ရဲ့"

"အပိတ်ကြီးလည်း ရအောင်နှိုက်ချင်ရင် အလွယ်လေးပါ အေ"

"အဒေါ်လိုလူမျိုးအတွက်တော့ ဟုတ်ချင်ဟုတ်မှာ ပေါ့"ဟု ပြန်ပြောလိုက်ချင်ပါသော်လည်း ...

"ဒါဖြင့်လည်း ဘယ်လောက်ပေးလိုက်သလဲလို့ အဒေါ့ သမီးကို လှမ်းမေးပြီးမှ ပြန်စစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီးမှ "တော်တော်ကြာ ဟိုမိန်းမက သူ့အမေသူ ရွဲ့ချင်တာနဲ့ပဲ တစ်သိန်းလောက် ထည့်ပေးလိုက်တာကို ငါးသိန်း၊ ဆယ်သိန်း လျှောက်ပြောနေရင်တော့ ဒုက္ခပါပဲ"ဟု တွေးမိသွားပါသည်။ ဘိုမရဲ့အမေကတော့ ရုရဲ့အတွေးကို သိနိုင်ဟန်မရှိဘဲ သူ့ဘာသာ မဲ့မဲ့ရွဲ့ရွဲ့နဲ့ ...

"ငါ့သမီးက ငါ့ကို ဖုန်းလေး တစ်ခါနှစ်ခါ လာမပြောတာနဲ့ပဲ ညည်းက ငါနဲ့သူ အဆက်အသွယ် မရှိနိုင်ဘူးလို့ထင်ပြီး ငါ့ကို စကားနိုင်လုပြောလို့ ရပြီထင်မနေနဲ့။ ငါနဲ့ ဘိုမနဲ့ကြားမှာ ဆက်သွယ်နိုင်စရာလမ်းကြောင်းတွေ တစ်ပုံကြီး"

ရုရမှာ ကိုယ့်ပုန်းလျှိုးကွယ်လျှိုးနဲ့ကိုယ် သူ့ကို စကားနိုင်လု ပြောနေချင်စိတ်လည်း မရှိပါ။ "ဒါဆို ဒါပဲနော် အဒေါ်"ဟုဆိုကာ လှည့်ထွက်လိုက်ပါသည်။ သို့သော် ဘိုမရဲ့အမေက ရုရဲ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲထားကာ ...

"ဒါနဲ့ အဲဒီအိမ်က သူဌေးနဲ့ ဘိုမနဲ့က ဘယ်တော့လောက် လက်ထပ်ဖြစ်ကြမလဲ"

"ကျွန်မ မသိဘူး အဒေါ်"

"တစ်အိမ်တည်း နေနေကြတာ ... ညည်း မသိဘူးဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ"

"တစ်အိမ်တည်း နေနေပေမယ့် ကျွန်မကို ဘိုမကလည်း ပြောမှမပြောပြတာ။ ဦးကျော်ကရော ကျွန်မက ကလေးပဲ အရေးလုပ်ပြီး လာပြောပြနေပါ့မလား"





"အဲဒီသူဌေးမက ဘာလိုလိုနဲ့ အချိန်ဆွဲနေချင်တာကကော ဘာသဘောလဲ"

"အန်တီမေဇော်က အချိန်ဆွဲချင်တယ်လို့ အဒေါ့်ကိုဘယ်သူက ပြောတာလဲ၊ ဘိုမလား။ အဲဒါ မဟုတ်ပါဘူး၊ ဘယ်မှာအချိန်ဆွဲလို့လဲ"

"လုပ်စရာရှိတယ် ခဏစောင့်ကြဦးလို့ ပြောသဆို။ ဘာလုပ်စရာက ရှိမှာလဲ။ ဘာမှမရှိဘူး အလကား။ အဲဒါ တမင်သက်သက် အချိန်ဆွဲတာပေါ့"

"လုပ်စရာ တကယ်ရှိမရှိက ကာယကံရှင်ပဲ အသိဆုံး နေမှာပေါ့။ ကျွန်မတို့တောင်မှ မသိနိုင်တာ။ အဒေါ်က အဝေးကြီးကနေ အလကား ဘာမှမရှိဘူးလို့ ဝင်ထင်နေတာ မှန်ချင်မှလည်း မှန်မှာပေါ့။ မဟုတ်နိုင်တာတွေကို ဘာ,လို့ ပြောချင်ရတာလဲ"

"ညည်းဟာ စကားပြောပုံကိုက 'သခင်အားရ ကျွန်ပါးဝ'။ ကျွန်စော်ကို နံနေတာပဲ။ ဦးတင်အောင်ရဲ့မြေးမတွေ အတူတူ ချင်းဟာတောင် သူဌေးမကို ညည်းပဲကပ်၊ ညည်းပဲအပိုင်ပေါင်းရအောင် ကြံနေတာ။ အေးပါ ... ကြည့်နေပေါ့။ တစ်နေ့ကျ ဘယ်သူက ဘယ်သူ့ခေါင်းပေါ်မှာ နေနိုင်မလဲဆိုတာကို။ တကယ်တမ်းကျ သားနဲ့သမီးမှာ သားကသာ အခရာ ဖြစ်ရတာချည်းပဲ။ လင်နဲ့မယားကျတော့ မယားကသာ အခရာပဲ။ အဲဒီအချိန်ကျ ကျွန်ပါးဝချင်တဲ့ညည်း


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနှာခေါင်းကျည်ပွေ့တွေ့မလဲ ကြည့်ကြသေးတာပေါ့"

ဒီတစ်ခါတော့ ရုရု ဘာမှပြန်မပြောနိုင်ခင် ဘိုမရဲ့အမေက ဦးအောင် ဆတ်ခနဲလှည့်ထွက်သွားသဖြင့် ရုရုမှာပါးစပ်အဟောင်းသားနှင့်ပင် ကျန်ရစ်ရပါသည်။ ဒီမိန်းမကြီးရဲ့အတွေးအခေါ်တွေ၊ နှုတ်ထွက်စကားတွေဟာ သူ့ဘာသာသူ ထင်ရာလျှောက်ပြောနေတာလား။ ဒါမှမဟုတ် ဘိုမ ပြန်ပြောထားတဲ့ ဘိုမရဲ့အိုင်ဒီယာတွေလား။

သူ့ဘာသာ တောပြောတောင်ပြောတွေ ဆိုရင်တော့ ကိစ္စမရှိလှပေမယ့် အဲဒါ ဘိုမရဲ့ တကယ့်ခံယူချက် အတွေးအခေါ်တွေဆိုလို့ကတော့ အခေါ်ကြီး ပြောသလိုပဲ တစ်နေ့ကျ ရုရုအတွက် အန္တရာယ်ပင်။

ရုရုဟာ ဘိုမ မျက်စိနောက်ရလောက်အောင် အန်တီမေဇော့်ကို အတင်းကပ်၊ အပိုင်ပေါင်းတာတွေ လုပ်နေမိလို့လား။ တစ်ခုတော့ ရှိတာက ကျေးရူးရှင်ချင်းတူတူမှာ ဦးကျော်ကတော့ ယောက်ျားကြီး ဖြစ်နေတာမို့ နဂိုတည်းက ခပ်ရှိန်ရှိန် ခပ်ခွာခွာမှာ ဘိုမနှင့်ပါ ဘာလိုလိုတွေ စဖြစ်ကြကတည်းက ရုရုက ကိုယ့်အသိစိတ်နှင့်ကိုယ် ... လုံးဝခပ်ဝေးဝေးရှောင်လို့သာ နေလိုက်တာပင်။ အဲဒါလည်း ဘိုမရဲ့ပါးစပ်ကို ကြောက်လွန်းလို့သာပါ။ နို့တော့ ဦးကျော်ကို ရှောင်တာနဲ့ပဲ အန်တီမေဇော့်ကို ပိုလုံးတယ်၊ ဖားတယ်ပဲ ရှိရသေးလား။





ဝမ်းနည်းစိတ်နှင့် နေရာတင်ရပ်ငိုင်နေမိသေးတဲ့ရုရုဟာ "ဟိတ် ! "ဆိုတဲ့ ခေါ်သံတစ်ခုနှင့် ကျိုယ့်ပခုံးကိုပါ ပိတ်တွန်းခံလိုက်ရတာမို့ လူက ငိုက်စိုက်စိုက် ဖြစ်သွားရပြီး စိတ်တိုတိုနှင့် လှည့်ကြည့်လိုက်လျှင် ...

"ဟင် ... ! ရှင်ပဲ ..."

"မင်းရဲ့ Minister (ဝန်ကြီး)လေ။ ခေါ်လိုက်ရုံနဲ့ လန့်သွားရအောင် ဘာတွေခိုးလုပ်နေတာမို့လဲ"

"ခေါ်လိုက်ရုံနဲ့ မဟုတ်ပါဘူး။ ပိတ်လည်းတွန်းလိုက်သေးတဲ့ဟာကို၊ ဘာလို့ခိုးလုပ်ရမှာလဲ။ တွန်းလို့လန့်တာ"

"တွန်းတာ လန့်စရာလား။ တွန်းလို့ ငိုက်စိုက် ငိုက်စိုက်ဖြစ်သွားတာက နောက်မှပါ။ လန့်သွားတာက အရင်မဟုတ်လား။ ခိုးမလုပ်နေဘူးသာဆိုတယ် ပုံစံက ဟိုးအစောကြီးကတည်းက ခိုးကြောင်ခိုးဝှက်နဲ့ သူခိုးမျက်စိနဲ့၊ ကျိုးကန်းလိုလို၊ သူခိုးလိုလို ဖြစ်နေတာကကျတော့ ဘာပြောမလဲ"

"ဟင် ... ဟိုးအစောကြီးကတည်းက တွေ့နေတာလား"

"ဒါပေါ့။ ခုနက ရုပ်ဆိုးဆိုး မိန်းမကြီးနဲ့ မင်း ဘာတွေနိုးဝှက်လုပ်နေတာလဲ၊ အားလုံးမြင်တယ်။ တစ်ခုခုတော့လုပ်တယ်လေ။ မင်းလက်ထဲကနေ သူ့ကို ပေးလိုက်တာလည်း ပိုက်ဆံထုပ် မဟုတ်လား။ ဘာလဲ ... မူးယစ်ဆေးဝါး အရောင်းအဝယ်လား။ ချဲလုပ်ငန်းလား"

www.burmeseclassic.com



"ကျွတ် ... ဘာတွေ လာပြောနေတာလဲ။ နေ့ခင်းကြောင်တောင် မြို့လယ်ကောင်မှာ ဘယ်သူက မဟုတ်တမ်းတရားတွေကို ပေါ်တင်ကြီး လုပ်နေမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"ဒါပေမဲ့ လက်လွှဲပေးလိုက်တာကတော့ ငွေထုပ်မဟုတ်လား"

"တိုးတိုးပြောစမ်းပါ၊ အဲ့ပြဲကြီးနဲ့။ သွား ... သွား ...။ ရှင်ကျွန်မအနား လာနေရင် အလကားနေရင်းနဲ့ ဒုက္ခရောက်ရဦးမယ်"

အမှန်တကယ် စိတ်ရင်းအရ ဆိုရင်တော့ သူ့ကိုခုလိုနှင်မထုတ်ချင်တဲ့အပြင် တတိယအကြိမ်မြောက် ပြန်ဆုံမှုမှာ ကပ်မခွာစတမ်း စကားတွေ အကြာကြီးပြောပြီး (ဖြစ်နိုင်ရင်) သူနဲ့တစ်နေကုန်နီးပါးတောင် အချိန်ဖြုန်း၊ ကုန်ဆုံးလိုက်ချင်တာသာဖြစ်ပါသည်။ ဒုတိယအကြိမ်မြောက်ရဲ့ လမ်းအခွဲမှာ ကိုယ့်ရင်ထဲဖြစ်ကျန်ရသော "နောင်တ,တရား"ရဲ့ ထိုးနှက်ချက်ဟာ ခုထက်ထိပင် ခံနေရတုန်း။

ဒါပေမဲ့ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ"ဆိုသလို ဒီနေရာနားတစ်ဝိုက်က အန်တီမေဇော်ရဲ့နယ်မြေ ဖြစ်နေပေရာ သူစိမ်းမိန်းမကြီးတစ်ယောက်နဲ့ အပေးအယူ အချိန်းအချက်မှာ ကိုယ့်လက်ထဲက ငွေထုပ်က သူ့လက်ထဲ ရောက်သွားပြီးရင်ပြီးပြီ။ ကျန်တာက ကြည့်ကျက်ဖြီးဖြန်း ညာရွှီးလို့ ရချင်ရဦးမည်။ ယောက်ျားပျိုလေးတစ်ယောက်နဲ့ တရင်းတနှီး ပွတ်ပွတ်ခတ်ခတ်





ပုံစံနဲ့ ချိန်းတွေ့နေကြသည်ဟု ထင်မြင်သွားရင်ကကျတော့ ဘယ်လိုပြန်ဖြေရှင်းရမလဲ။ သူနဲ့ပူးတွဲကြီး လူမိတာဟာ ဘိုမရဲ့အမေကြီးထက်ပင် ဆိုးနေလေဦးမလားလို့ပါ။

တကယ်တမ်း ဆိုရင်တော့ "ဒီနားမှာတော့ မနေဘူးဟာ၊ စကော့ဈေးထဲဖြစ်ဖြစ်၊ Shopping Centre တစ်ခုထဲဖြစ်ဖြစ်၊ Food Court တစ်ခုဖြစ်ဖြစ် သွားထိုင်ကြရအောင်။ လိုက်မလား" လို့ပင် ပြောင်ဖွင့်ဆို ချိန်းခေါ်သွားလိုက်ချင်တာပါ။ ဒါပေမဲ့ နှုတ်ကမရဲ။ သူသာပြောလာရင်တော့ ချက်ချင်းမဆိုင်းကို "အင်း လိုက်မယ်"ဟု ခေါင်းညိတ်ပစ်လိုက်မိမှာ ဖြစ်ပါသည်။ ခုတော့ တကယ်ပြောချင်တာကတခြား။ စိတ်ညစ်ညစ်နဲ့ နှုတ်ကပြောထွက်နေရတာကတစ်လွဲ။ ဘဝ ... ဘဝ။ ဘယ်တော့မှ အဆင်ပြေပြေ၊ အချိုးကျကျ ရှိမှာလဲ။

"အောင်မာ ... ကပ်ချင်လို့ လာကပ်နေတယ်များ မှတ်နေလား။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချေလား။ မင်းလိုကောင်မလေးမျိုးဆိုများ ဘယ်ကောင်လေးကမှ အလကားနေရင်း လာကပ်မနေချင်ပါဘူး။ စိတ်အနေမြင့်စမ်းပါနဲ့။ သူ့ဘာသာ ကံအကြောင်းတရားနဲ့ တိုက်ဆိုင်ပြီး ဟိုနားတွေ့၊ ဒီနားဆုံ ဖြစ်နေတာကို ရိုးရိုးသားသား အသိစိတ်နဲ့ အမြင်မှန် ရှိစမ်းပါ"

ရုရု တစ်ယောက် တော်တော် ဝမ်းနည်းသွားရပါသည်။ ကိုယ့်မှာတော့ စိတ်ထဲရှိတာနဲ့ တကယ်ထုတ်ပြောနေရတာ



www.burmeseclassic.com

www.burmeseclassic.com



က တူမှမတူတာ။ ဆန့်ကျင်ဘက်။ သူကကျတော့ တကယ့်စိတ်ရင်းထဲ ရှိ,ရှိတဲ့အတိုင်း ပြန်ပြောနေတာသာ ဖြစ်ပေလိမ့်မည်။ အေးလေ ... ခင်မင်နှစ်လို တွယ်တာမှုဆိုတာက ပိတ်စမှမဟုတ်တာ။ ပိတ်စမှာ အလျားအနံရှိတိုင်း၊ တွယ်တာသွားမိတဲ့ စိတ်အစဉ်မှာ အသွားအပြန်က ရှိချင်မှ ရှိမှာပေါ့။

"အဲဒီလို အလကားနေရင်း စိတ်အနေမြင့်နေမယ်ဆိုရင် နောက်တစ်ခါ မင်း ငါ့ကို မတော်တဆ ဆုံမိရင် လုံးဝ လာမခေါ်မိစေနဲ့၊ ခေါ်ရင် သေပြီမှတ်"

သူနဲ့စကားပြောရတာ စိတ်အနှောင့်အယှက်ဖြစ်လိုက်၊ ရယ်ချင်လိုက်။ စိတ်တိုလိုက် ရယ်ချင်လိုက်။ ထူးဆန်းအံ့သြမှုဖြစ်လိုက်၊ ရယ်ချင်လိုက်။ နောက်ဆုံးတော့ "ရယ်ချင်လိုက်" မှာပဲ သွားသွားဆုံးနေသည်။ အခုလည်း ဝမ်းနည်းသွားရပြီးမှ အံကြိတ်ပြီး ပြောလိုက်တဲ့ သူ့ရဲ့မျက်နှာထားကြီးကို ရယ်ချင်မိပြန်ပြီ။ သူ စကားပြောပုံက အရွယ်ရောက် ယောကျ်ားလေးတစ်ယောက်ထက် တစ်ခါတရံကျ ကလေးဆိုးကြီးနဲ့ သွား,သွားတူနေသည်။ မိဘက အလိုလိုက် အကြိုက်ဆောင် ဖူးဖူးမှုတ်ထားတဲ့ သားကလေးတစ်ယောက် ထင်ပါရဲ့။ သူ့ပုံစံက ရင့်ကျက်ဖို့လိုနေသေးသလို ဖြစ်နေသည်။

"ရှင်လည်း နောက်ဆို မခေါ်တော့ဘူးပေါ့နော်"

"ဘာဆိုင်လဲ၊ ငါကတော့ ခေါ်ချင်ခေါ်မှာပေါ့၊ မခေါ်ချင်လည်း မခေါ်ဘူး၊ ငါ့စိတ်နဲ့ငါ"





ပြောနေရင်းမတ်တတ်က သူ့ပုံစံက တစ်မျိုးကလေး ဖြစ်သွားပါသည်။ ခုနတုန်းကပဲ လူကို ကျီးကန်းလေးသူခိုးလေးနဲ့ ချိုးချိုးဖွဲ့ဖွဲ့ ပြောခဲ့သူဟာ ခုကျတော့ သူကိုယ်တိုင်ပဲ အဲလိုရုပ်မျိုးတွေ ရုတ်တရက် ဖြစ်သွားသည်။ ခိုးကြောင်ခိုးဝှက်နဲ့ ထွက်ပြေးရှောင်တိမ်းလိုက်တော့မယ့်ရုပ် ချက်ချင်းပေါက်လာကာ ရှုကိုလည်း ဖျတ်ခနဲ ကျောခိုင်းလိုက်သည်။

"ဘာဖြစ်တာလဲ"

အံ့သြတကြီး မေးမိတာကိုလည်း ပြန်မဖြေပါ။ ဖြေတဲ့ပြင် ကျောခိုင်းရက် အနေအထားကနေ ခြေလှမ်းကျဲကြီးများနှင့် သုတ်ခြေတင်ကာ ထပြေးပါလေတော့သည်။ ရှုရှုမှာ "ဟင်"ခနဲနေအောင်ပင် မကရားအံ့သြသွားရကာ အန်တီမေဇော်ရဲ့ နယ်မြေဖြစ်နေတာ၊ တစ်နေရာကနေ လှမ်းမြင်သွားရင် အထင်လွဲ အမြင်ခံရနိုင်စရာတွေ ဘာတွေလည်း ခေါင်းထဲကနေ ရုတ်ခြည်းပင် ပျောက်ပျက်ကုန်ရကာ သူ့နောက်သို့ အပြေးပင်လိုက်ပါလာခဲ့မိပါသည်။

ရှုရှုကို "သူခိုးနဲ့တူတယ်"ဟု ဆိုခဲ့သူဟာ သူ့ကျတော့ လူမိသွားတဲ့ သူခိုး၊ ခါးပိုက်နှိုက်၊ အလစ်သမားတစ်ယောက်မှာ နောက်လှည့်မကြည့်စတမ်း သုတ်ခြေတင်ပြေးနေလိုက်တာ။ သူက အရပ်အမြင့်ကြီးနဲ့ ခြေလှမ်းကျဲ။ ရှုရှုက တော်ရုံသင့်ရုံ အရပ်လောက်နဲ့ ခြေလှမ်းက ခပ်စိပ်စိပ်ဆိုတော့ ဟပ်ထိုးကြီးပင် လဲမတတ် မနည်းမီအောင် လိုက်နေရတာ အမောပင်ဆို့ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ငါ့နောက်က အတင်းပြေးလိုက်လာတာလဲ"

တစ်နေရာရောက်မှ သူက ရပ်တန့်လိုက်ကာ သူ့ထုံးစံအတိုင်း ဘေးအနီးအနားက လူထူထူကို ဂရုမစိုက် ဘာမစိုက် အတင်းကြီးကျုံးပြီး လှည့်အော်ပါသည်။ ရုတ်တရက် ရပ်ပစ်လိုက်တဲ့သူကို ဝင်တိုက်မိတော့မတတ် မနည်းကြီး ကိုယ်ရှိန်သတ်လိုက်ရတဲ့ ရုရုကတော့ သူ့လို ပတ်ဝန်းကျင်ကို မရှက်တတ်တဲ့သူမျိုး မဟုတ်လေတော့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်မိပြီးမှ မောဟိုက်သံနဲ့ ...

"ရှင်က မပြောမဆိုနဲ့ ရုတ်တရက် ထွက်ပြေးတာကိုး"

"ရုတ်တရက်ပဲဖြစ်ဖြစ်၊ ပြောဆိုပြီးမှပဲပြေးပြေး။ ငါပြေးတာနဲ့ပဲ မင်းက နောက်ကနေလိုက်လာရရောတဲ့လား"

ရုရုမှာ ခပ်ရှက်ရှက်နှင့်ပင် ခေါင်းကြီးငုံ့ကာ ...

"ဘာများဖြစ်ပါလိမ့်လို့ သိချင်စိတ်နဲ့ယောင်သွားမိတာ"

"အပိုတွေပြောမနေနဲ့။ မင်းအကြောင်း ငါ ကောင်းကောင်းသိသွားပြီ ကရုဏာ။ မင်းက ကောင်းကောင်းကန်းကန်းလာနှုတ်ဆက်ရင် စိတ်အနေမြင့်ပြီး နှင်ထုတ်တာတွေဘာတွေလုပ်တယ်။ မင်းနားက ထွက်ပြေးရင်ကျတော့ မလွှတ်စတမ်း ထက်ကြပ်ကပ်ပါလာတတ်တယ်။ ငါ့ကိုကျောင်းမှာ တော်ရုံလူက မီအောင်ပြေးနိုင်တာ မဟုတ်ဘူးကွ။ အံ့ဩစရာပဲ။ ပြေးမှ လိုက်မှာဆိုရင်တော့ ငါက မင်း



ကို မတော်တဆ လှစ်ခနဲလေး တစ်ချက်လောက် တွေ့တာနဲ့ကို ရှောင်ပြေးမှာပဲ"

ပြောလည်းပြီးရော အဟုတ်ပင် ထွက်ပြေးသွားပြန်ပါတော့သည်။ မြို့ထဲလိုနေရာမျိုးကြီးမှာ သေရေးရှင်ရေးလို အရေးကြီးနေတဲ့ ပုံစံမျိုးနဲ့ကို ပြေးသွားတာဖြစ်သည်။ သူ့ပြေးလမ်းတစ်လျှောက်ကလူတွေဟာ အလန့်တကြား ဘေးဖယ်ပေးပြီး ရှောင်တိမ်းသွတိမ်း။ မရှောင်နိုင်တဲ့သူကျ ဝင်တိုက်မိပြီး ယိုင်လဲစိတ်တိုသွတို။ သူခိုးလား၊ ဓါးပိုက်နှိုက်လား ထင်သူကထင်ကာ ကိုယ်ပါပြေးလိုက်ဖမ်းရတော့မလား ပြင်သူကပြင်။ ရုရုတို့ ခနက နှစ်ယောက်တွဲကြီး ရှေ့ဆင့် နောက်ဆင့် ပြေးလွှားကြတုန်းကလည်း အဲဒီလိုပဲ ပတ်ဝန်းကျင်ဟာ ရုတ်ရုတ်သဲသဲနိုင်ပြီး ကျန်ခဲ့ကြမှာပါပဲ။ ကိုယ်တိုင်လည်း အသားကုန်ပြေးလွှားနေရတော့ ရုရုက ဒါတွေကို မမြင်မသိနိုင်ခဲ့။

ဒီတစ်ခါတော့ ရုရုက သူ့နောက်ကို ပြေးမလိုက်တော့ပါ။ နေရာတင် ရပ်ကျန်ခဲ့သည်။ အပြောအဆိုလည်းခံလိုက်ရပြီးပြီလေ။ ပြီးကျတော့ တစ်ကြိမ်က နှစ်ကြိမ်။ သုံးကြိမ်ထိအောင် ကံပါတိုက်ဆိုင်နေကြပြီးမှတော့ ရုရုနဲ့ တော်သဝဏ်ဟာ ဒီ့ထက်ကံပါသေးရင် (သူက မြင်တာနဲ့ ထွက်ပြေးမည်ဆိုသော်လည်း) ပြန်ဆုံကို ဆုံကြရဦးမှာ။ သေချာပါသည်။

ဒီတစ်ခါတော့ ရုရုဟာ (ဘာမှဖြင့် ထပ်မသိလိုက်ရဘဲနှင့်လည်း)နောင်တတွေနဲ့ ကျန်ရစ်ရတာမဟုတ်။ ရင့်ရင့်သီးသီး

www.burmeseclassic.com



ပြောဆိုသွားတဲ့အတွက် ဝမ်းနည်းသလိုလိုလေး ဖြစ်မိတာကလည်း ဒီလောက်ကြီးမဟုတ်ဘဲ။ (သူနဲ့ပတ်သက်ရင် ဝမ်းနည်းပြီးတာနဲ့ ပြန်ရယ်ချင်လာရဦးမှာပဲ။ ကိစ္စမရှိဘူးလေ။) ရုရုရဲ့ရင်ထဲမှာ ဘာလေးလည်းမသိ တဖျတ်ဖျတ်နဲ့။ အဲဒီအရသာ၊ အတွေ့အကြုံ ဆန်းကလေးကိုလည်း ရုရုကကြိုက်သည်။ တဖျတ်ဖျတ်ကလေး။ တစ်မျိုးလေး။ နောင်တရချင်စရာ၊ ဝမ်းနည်းချင်စရာစိတ်တွေပင် မရှိနိုင်တော့တဲ့ တစ်မျိုးကလေး။

"ရုရု"

နေရာမှာတင်ရပ်ပြီး (ပြုံးပြုံးကလေးလည်း ဖြစ်ချင်ဖြစ်နေမည်)အသိကင်းလွတ်သလို ဖြစ်နေမိတဲ့ ရုရုဟာ ကိုယ်ရဲ့ နံဘေး ပလက်ဖောင်းစပ် လမ်းမပေါ်မှာ ကားတစ်စင်း လာထိုး ရပ်ပြီး ကားပေါ်မှ လှမ်းခေါ်လိုက်တာကိုလည်း မမြင်မကြား ပါ။

"ရုရု ... ဟိတ် ... ကရုဏာ ... ကျွတ် ... ရုရု"

"ဟင် ... ရှင် ... ဟောတော့ ... အန်တီမေဇော်"

တွေ့သွားမှာ စိုးလွန်းလို့ ပုန်းလျှိုးကွယ်လျှိုးလည်း လုပ်လိုက်ရတာ၊ တွေ့မယ့်တွေ့တော့ ကျားရှေ့မှ မှောက်ရက်လဲ ဆိုသလို လမ်းလယ်ကောင်ကြီး ရပ်ကြောင်ပြီး မလှုပ်မယှက် (ပြုံးပြုံးကြီး)ဖြစ်နေတဲ့အခိုက်မှာ ...။

"ဘာလုပ်နေတာလဲ ... ကားကော"

"ကား ... ကားက ပါမလာဘူး"





အန်တီမေဇော် တစ်ယောက် ရုတ်တရက် မျက်မှောင်ကြီးကုတ်သွားကာ ...

"ဒါဖြင့် ... လာ ... တက်"

ရုရုမှာ ခုမှ ကိုယ့်ဘာသာကိုယ် သတိမထားမိဘဲ ပြုံးနေမိနိုင်တာကို မနည်းဘရိတ်အုပ်ရကာ ကုပ်ချောင်းချောင်း မျက်နှာသေကလေးနဲ့ အန်တီမေဇော့်ကားပေါ်သို့ တက်ရပါသည်။

"သင်တန်းကိစ္စနဲ့ လာရတာလား၊ ကားက ဘာလို့ပါမလာ ရတာလဲ"

"ဟိုဥစ္စာ ... ကျောင်းကိစ္စတော့ မဟုတ်၊ ကားကလည်း ဟိုဒင်း ..."

ကြီးစိန်ကြီးကို ပြောခဲ့သလိုတော့ "ဒရိုင်ဘာကြီး ဘယ် ရောက်နေမှန်းမသိလို့" ဟု ကိုယ့်အပြစ်ကို သူများဆီ လွှဲမချရဲတော့ ပါ။ မျက်မှောင်ကုတ်ကုတ် မျက်နှာထားတင်းတင်းကို ရင်မဆိုင် ရဲသဖြင့် ခေါင်းပဲငုံ့ချလိုက်ကာ ...

"ရုရု မြို့ထဲမှာ အလကားသက်သက် လျှောက်သွားချင် လို့ပါ"

အန်တီမေဇော့်ထံမှ ဘာသံမှ ထပ်ထွက်မလာပါ။ ရုရုက ခေါင်းကိုငုံ့ချထားတာမို့ မျက်နှာထားကိုလည်း မမြင်ရ တော့။ အိမ်ပြန်ရောက်ကြတဲ့အထိ ရုရုရော အန်တီမေဇော်ပါ တိတ်ဆိတ်ဆိတ်၊ တိတ်တိတ်ကြီးတွေပဲ ရှိနေကြပါသည်။ ထူးထူး ခြားခြား ရုရု တစ်ယောက် အန်တီမေဇော်ရဲ့ Bentley ကားနက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ ပြန်ပါလာတာကို မြင်လိုက်လျှင် ဘိုမက အန်တီမေဓော် မရှိတော့ချိန်ရောက်မှ ဖျတ်ခနဲ အနားကပ်လာကာ ...

"ဘယ်လိုဖြစ်လို့ အဲဒီကားနဲ့ ပြန်လာရတာလဲ"

"နှင့်အမေက ဘယ်လိုမှ နေရာလွှဲလို့မရ၊ ပြုလို့မရ အန်တီမေဓော့် ရုံးရှိနေတဲ့ နေရာတစ်ဝိုက်ကိုမှ ချိန်းတာကိုး၊ ငါ့မှာ ပုန်းလိုက်ရတာ သူခိုးနဲ့တောင်တူတယ်။ နောက်ဆုံး ကျတော့လည်း တန်းတိုးတာပဲ"

"အမေနဲ့ကော တူတူတွေ့သွားတာလား"

"ဟင့်အင်း ... အားလုံးပြီးမှ။ နှင့်အမေ မရှိတော့မှ"

ဘိုမမှာ စိတ်သက်သာရသွားဟန် ရှိသော်လည်း လေမလျော့တတ်တဲ့ သူ့ထုံးစံအတိုင်း ...

"မေးကြည့်တာပါ။ အမေနဲ့တူတူတိုးတော့ကော ဘာဖြစ် သေးသလဲ၊ ကိစ္စမရှိပါဘူး။ သူ့ပိုက်ဆံတွေကို ခိုးပြီးပေး တာမှ မဟုတ်တာ။ ငါ့ဟာနဲ့ ငါပဲဟာ"

မိဘမဲ့ဆိုပြီး ဘယ်ကအမေကြီးတစ်ယောက် ရှိနေ တာလဲဆိုရင်ကော ဘယ်လိုဖြေရှင်းမှာလဲ။ ငါ့ဟာနဲ့ငါတဲ့။ ပြော လိုက်သေးတယ်။ ငါ့ဟာတဲ့။ ဘုရား ... ဘုရား။

ရှုရှုမှာ အပြင်မှာ ထုတ်မပြောရဲလေတိုင်း စိတ်ထဲက တတွတ်တွတ် ရေရွတ်နေမိပါသည်။ သို့သော် ကြာကြာတော့ စိတ်တိုင်းကျ ရေရွတ်ခွင့် မရလိုက်ပါ။ ကောင်မလေးတစ်ယောက် ရှုရှုတို့နားသို့ ရောက်လာကာ ...





"မမချယ်ရီ ... မမရု ... အန်တီက သူ့ဆီခဏလာကြပါ ဦးတဲ့"

ရှုရှုမှာ သက်ပြင်းကြီးတစ်ခုကိုသာ ချလိုက်မိပါ တော့သည်။

* * *

"ဒီအိမ်ကလူတွေကို အားလုံး ပြောချင်နေတာ၊ ပြောမလို့ ချိန်နေတာကြာပြီ။ ကိုယ်တိုင်က အလုပ်မအားလို့ရယ်၊ ငါပြောလိုက်ရင် စိတ်မကောင်းများ ဖြစ်ကုန်ကြမလားလို့ တွေးနေမိသေးလို့ရယ်၊ မပြောဘဲ ထားထားတာ။ ဒါပေမဲ့ ခုဟာကတော့ ကြာလေဆိုးလေ။ မပြောလေ အလိုက်မသိ ကြလေနဲ့ တစ်ယောက်ကစ တစ်အိမ်လုံး စည်းမရှိကမ်း မရှိကို ဖြစ်ပျက်နေကြတာဆိုတော့ မပြောလို့က မရတော့ ဘူး ...

ပြောတာကတော့ ပြောကိုပြောရမှာပဲ။ ဘယ်သူကျေ နပ် မကျေနပ်လည်း ဂရုမစိုက်နိုင်ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် မို့ အပြောခံရတာလို့ စိတ်ထဲကိုယ်စီမှာ နားလည်ထားကြ ပါ။ ပြောတာကတော့ အကြီးဆုံးကစလို့ အငယ်ဆုံးအထိ တစ်ယောက်မကျန်ကို အပြောခံရမှာပဲ"

www.burmeseclassic.com



အန်တီမေဇော်ရှိရာ ဧည့်ခန်းမကြီးထဲမှာ ဒရိုင်ဘာနှစ်ယောက်နှင့် မာလီကလွဲရင် တစ်အိမ်လုံး တစ်ယောက်မကျန် စုရုံးရောက်ရှိနေကြရပါသည်။ "လာကြဦး"ဟု အခေါ်ခံလိုက်ရစဉ်က အသည်းအသန် ကြောက်ရွံ့သွားခဲ့ရသော ရုရုမှာ အဆူခံရမည့်စာရင်းထဲ ကြီးကြီးစိန်တို့ ဦးကျော်တို့ပါ ပါနေသလိုဖြစ်နေပါလားလို့ သိလိုက်ရသည့် အခိုက်မှာတော့ အတန်ငယ် စိတ်သက်သာရရကာ နေသာထိုင်သာ ရှိလာရပါသည်။

ရုရုတောင် ဒီလိုရိုပ်မိနိုင်လျှင် အခေါ်ခံလိုက်ရစဉ်က သူကိုယ်တိုင်လည်း မျက်စိမျက်နှာပျက်သွားခဲ့သေးသော ဘိုမကား ဆိုဖွယ်ရာမရှိ။ အန်တီမေဇော်က စုရုံးနေကြတဲ့ လူတိုင်းရဲ့မျက်နှာတွေကို တစ်ယောက်ချင်းစီ လိုက်ကြည့်ပြီး ပြောနေတာဖြစ်ရက်နဲ့ မျက်နှာချင်းဆိုင်လည်း ပြန်မကြည့်၊ ခေါင်းငုံ့ထားတာမျိုးလည်း မဟုတ်။ ဧည့်ခန်းပြတင်းမှန်ချပ်ကြီးတွေကတစ်ဆင့် ခြံထဲပဲကြည့်သလိုလို၊ မိုးကောင်းကင်ကိုပဲ ငေးသလိုလို လုပ်နေပါသည်။

"အကြီးဆုံးဖြစ်တဲ့ ဒေါ်စိန့်ကိုပဲ အရင်ဆုံး ပြောရမှာပဲ။ ဒေါ်စိန့်ကို ကျွန်မပေးထားတဲ့ တာဝန်တွေက ဘာတွေလဲ။ အိမ်တစ်ခုလုံးကို အုပ်ချုပ်စီမံနိုင်ရမယ်။ စည်းကမ်းချနိုင်ရမယ်။ ချမှတ်ထားတဲ့ စည်းကမ်းတွေနဲ့ ဒီတစ်အိမ်သားလုံး ဘယ်သူဖြစ်ဖြစ်နဲ့ ညီရဲ့လားလို့ စိစစ်ရမယ်။ ဘယ်သူဖြစ်ဖြစ်လို့ ကျွန်မ ပြောတယ်နော်။ ကျွန်မကိုယ်တိုင် အဲဒီစည်းကမ်းဘောင်ထဲက လွတ်နေရင် သတိပေးရမှာ။ အကြံပေးရမှာ။ အသိပေးရမှာ ဒေါ်စိန့်တာဝန်ပဲ ...





အမှိုက်ကောက်တာကအစ၊ အဝတ်လျှော်တာအဆုံး အားလုံး အသေးစိတ် လိုက်လုပ်နေရမှာက ဒေါ်စိန့်တာဝန်လား။ ကိုယ့်တာဝန်ကိုဖြင့် ကျေပွန်အောင် မလုပ်ဘဲနဲ့ ကိုယ့်တာဝန်မဟုတ်တာတွေကို ကြက်တွေအစာရှာ၊ အစာကောက်သလို အသေးစိတ် လိုက်လုပ်နေတာကိုက ဒေါ်စိန်လုပ်နေပုံတွေ မဟုတ်တော့ဘူး ဆိုတာ ကိုယ့်ဘာသာကိုယ်သိပါ။ ပြီးရင်ပြင်ပါ။ ဒီအိမ်မှာ နေထိုင်နေကြတဲ့ အိမ်သားမိသားစုဝင်တွေရဲ့ သတင်းတွေကို အရင်ကလို ကျွန်မကို အသိမပေး သတင်းမပို့တော့တာကော ဘယ်နှလ ဘယ်နှလရှိနေပြီလဲ"

ကြီးကြီးစိန်ကြီးမှာ လက်ညှိုးတထိုးထိုးနှင့် အဆူခံနေရသော်လည်း မျက်နှာထားက ကြည်လင်နေကာ နှစ်လိုသဘောကျနေတဲ့ အရိပ်အယောင်မျိုးပင် ထွက်နေသေးတာကို အံ့ဩဖွယ်တွေ့ရှိရပါသည်။

"ဒေါ်စိန့်ကို ပြောလက်စနဲ့ တစ်ဆက်တည်းမို့ မိန်းကလေးတွေကို ပြောမယ်။ အလုပ်တာဝန်တွေ မတရားပေါ့လျော့တယ်။ ဒီအိမ်မှာ အန်တီ ဂရုအထားဆုံးလူဟာ ဦးကျော်ပဲဆိုတာ မင်းတို့ သိတယ်။ သိရက်နဲ့ ဂရုမစိုက်။ လူမထင်ဘူးဆိုရင် မင်းတို့ အန်တီနဲ့ သေသေချာချာကို ရင်ဆိုင်ကြရမှာပဲ။ ဦးကျော်က သဘောကောင်းတယ်။ နူတ်နည်းတယ်ဆိုတာ မင်းတို့ ဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်းလုပ်ခွင့်ရနေဖို့ အခွင့်အရေး ပေးထားတာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အခု ဦးကျော် အခန်းကို သွားဝင်ကြည့်ကြစမ်း။ တစ်ခန်းလုံး စနစ်တကျမရှိ။ သန့်ရှင်းမှုမရှိ၊ ပွထသပြီး ဖုန်တွေနဲ့တထောင်းထောင်း။ အခု သူ အစာစားချိန်မှန် သလား။ ဆေးသောက်ချိန် မှန်သလား။ အကွက်စေ့သလား။ သူကိုင်နေကျ တုတ်ကောက်ကအစ ဖုန်အလိမ်းလိမ်းနဲ့။ ရှိရမယ့်နေရာမှာ မရှိဘူး။ မင်းတို့ အဲဒါ ဘယ်လိုဖြစ်နေ ကြတာလဲ။ တစ်နေ့ တစ်နေ့ ဘာတွေလုပ်နေကြသလဲ"

ကောင်မလေးတွေ မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်။ ကြီးစိန်ကို ကြည့်လိုက်။ ရုရုတို့ဘက် လှမ်းကြည့်လိုက် ဖြစ်ကုန်ကြလျှင် ဘိုမရဲ့မျက်နှာဟာ "ဘာမှမဖြစ်ပါဘူး၊ အရေးမကြီးပါဘူး"ဟူသော ပုံစံမျိုး ရှိုးထား ရာကနေ တဖြည်းဖြည်း မှောင်မည်းစူပုပ်လို့ လာပါသည်။

"ဒေါ်စိန့်တာဝန်ထားပါ မမေဖော်။ အားလုံးကို စနစ်တကျ အလုပ်ဝတ္တရားစာရင်း ပြန်ဆွဲပေးပြီး အတိအကျ တာဝန် တစ်ခုစီ ပြန်ခွဲပေးထားပါ့မယ်။ သူတို့က ဦးကျော်ကို ဂရု မစိုက်၊ လူမထင်ကြတာမဟုတ်ပါဘူး။ အဲဒါလည်း ဒေါ်စိန့် ရဲ့လိုအပ်ချက်ပါပဲ။ ဒေါ်စိန် မကိုင်တွယ်နိုင်ခဲ့တာ"

တကယ်တမ်း ပြောရရင် ဘိုမ ရောက်လာပြီးက တည်းက ကောင်မလေးတွေရော၊ ဒေါ်စိန်ပါ ဦးကျော်ရဲ့တစ်ကိုယ် ရည်စာ၊ ကိုယ်ရေးကိုယ်တာ အလုပ်မှန်သမျှကို လုပ်ခွင့်မရ[illegible] တော့တာပါ။ ပထမပိုင်းမှာ ဘိုမဟာ ဘယ်သူမှ လုပ်စရာမကျန်



တော့လောက်အောင် သူချည်းလုလုပ်၊ ကြိုလုပ်ထားတာမျိုးဖြစ် လျက်။ နောက်ပိုင်းကျတော့ ဘယ်သူမှ သိခွင့်မရှိ၊ လုပ်ပေးခွင့် မရှိ။ ဘိုမလက် ဘိုမခြေ။ ကောင်မလေးတွေဟာ ဦးကျော်ရဲ့ အခန်းထဲ ဝင်ခွင့်ရှိဖို့မပြောပါနဲ့ ဦးကျော် အနားသို့ပါ သိခွင့်မရှိ တော့အောင် ဘိုမကပဲ တားမြစ်ပိတ်ပင်ထားလိုက်တော့တာ မဟုတ် လား။

ဒါပေမဲ့လည်း "ဘယ်သူမှ မထိကြနဲ့"ဆိုပြီး သူ ကိုယ်တိုင်လည်း နောက်ပိုင်းကျတော့ လစ်ဟင်းအပါးခိုလာသူဟာ ဘိုမသာ ဖြစ်ပါသည်။ ခုတော့ ဒေါ်စိန်က "ဒေါ်စိန့် လိုအပ်ချက် ပါ။ ဒေါ်စိန်ပဲ ပြန်စီစဉ်မယ်"ဟု ပညာရှိနည်းကလေးနှင့်ပင် အပြစ်တင်ခံလိုက်ကာ တာဝန်တွေကို ပြန်သိမ်းသွားခဲ့ပြီ။ ဘိုမရဲ့ မျက်နှာက ပိုခက်ထန်လာပါသည်။

"ပြီးရင်တော့ ဆန်ရင်းလည်း ဖွပ်စရာရှိ ဖွပ်ရမှာပဲ။ ကျော် ...။ ဖေဖေ ချန်ရစ်ခဲ့တဲ့ ငွေကြေးကိစ္စ၊ ပစ္စည်းပစ္စယ အားလုံး မမကလွဲရင် မင်းပဲစီစဉ်ပိုင်ခွင့်ရှိတယ် ဆိုပေမယ့် တို့တစ်တွေ ငယ်ငယ်ကလေးတည်းက ဖေဖေ့ရဲ့စည်းကမ်း ဥပဒေသက ဘာလဲ"

မျက်နှာထားက မှုန်ကုတ်ကုတ် တည်တင်းတင်း အမြဲရှိတတ်တဲ့ ဦးကျော်ဟာ သူ့အစ်မဖြစ်သူက "တစ်အိမ်လုံး တစ်ယောက်မကျန်ကို ဆူမည်"ဟု လေသံပစ်ထား၍လားမသိ။ သူ့မျက်နှာကြောကို တမင်လျှော့ချထားပုံ ရပါသည်။ တည်တင်း

www.burmeseclassic.com

www.burmeseclassic.com

နေသောပုံစံမျိုး မရှိတော့ပေမယ့် မှန်ကုတ်ကုတ်ဟာ မှုန်မှိုင်းမှိုင်း ဆိုတဲ့ သဏ္ဌာန်မျိုးတော့ ဆက်ဖြစ်နေပါသည်။ ခုလည်း သူ့ကို တိုက်ရိုက် နာမည်တပ်မေးခဲလိုက်ရပေရာ စိတ်မချမ်းသာလှသည့် အသွင်နှင့် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးမှ ...

"ငွေကြေးအသုံးအစွဲကို ကိုယ်က စည်းကမ်းတကျ ရှိသေမှ ငွေကြေးက ကိုယ့်ဆီမှာမြဲမယ်၊ အနေကြာမယ်"

"အဲဒါ ကလေးဘဝအတွက်ပဲ ဆိုလိုတာလား။ ဖေဖေကိုယ်တိုင် သေသွားတဲ့အထိ သူ့စည်းကမ်းကို သူ ဘယ်တော့မှ မဖောက်ဘဲ ထိန်းသိမ်းသွားခဲ့တာပဲ။ ခု ကျော်က အဲဒီစံနဲ့ သွေလွဲနေပြီလို့ မမက စွပ်စွဲရင် ကျော် ဘယ်လိုလဲ ! ကျော် အသုံးမဟုတ်ဘူး၊ အဖြုန်းကြမ်းလာတယ်လို့ပါ မမက ပြောချင်ရင်ကော"

စည့်ခန်းက ခေတ္တခဏမျှ ဆိတ်ငြိမ်သွားပါသည်။ အိမ်ရဲ့ဦးစီးဦးဆောင်တစ်ဦးပဲဖြစ်တဲ့ ဦးကျော်ဟာ အပြင်တွေကို ထွက်တယ်လည်း မရှိ။ အလုပ်ထဲလည်း မသွား။ အန်တီမေဇော်ရဲ့ စီစဉ်ပေးမှုနဲ့ အိမ်တင်ထိုင်ကာ အရာရာကို စီမံအုပ်ချုပ်နေတယ်ဆိုသော်ငြား "ဒေါ်မေဇော်က သူ့ချည်းချုပ်ကိုင်ခြယ်လှယ်ထားချင်တာ"ဆိုတဲ့ ဘိုမရဲ့ စွပ်စွဲချက်ထဲကလို ... တကယ်ပဲ အစ်မပြောသမျှ ခေါင်းညိတ်ကျေနပ်နေမယ့် လူမျိုးလား။

ဒါမှမဟုတ် အများရဲ့ရှေ့၊ အိမ်က အလုပ်သမားတွေရဲ့ရှေ့၊ သူကိုယ်တိုင် ရည်မှန်းထားတဲ့ မိန်းကလေးတစ်ယောက်





ရဲ့ရှေ့မှာ အပြောခံလိုက်ရတာမို့ ဘိုမရဲ့အမေကြီး ပြောသလို "တကယ့်တမ်းကျ သားနဲ့သမီးမှာ သားကသာ အခရာ"ဆိုသလို သူ့ရဲ့နေရာနဲ့ အာဏာပါဝါတို့ကို(အရှက်ပြေပဲ ဖြစ်ဖြစ်ပေါ့လေ) ဒီနေရာမှာ အတိအလင်း ထုတ်ပြလိုက်လေမလား။

အန်တီမေဇော်ရဲ့ စကားကိုက မောင်နှမနှစ်ယောက်ရဲ့အနေအထားနဲ့ စည်းလုံးချစ်ခင်မှုကို မပြိုကွဲရလေအောင် တိုက်ရိုက်ကြီး စွပ်စွဲဆုံးမ တားမြစ်လိုက်တာမျိုးထက် ဆတ်သာတက်သာကလေး သွေးရိုးစမ်း ပြောကြည့်ခြင်းမျိုးသာလေ။

ဘိုမကား ဦးကျော်ကို မျက်လွှာပင့်၊ မျက်လုံးပြူးပြီး လှမ်းကြည့်နေပါသည်။ အနီးကပ် ထိုင်နေကြတာမျိုးများဆိုရင် ဟိုတစ်ခါကလို တတွင်တွင် လက်ကုတ်ကာ ပခုံးတွေ ဘာတွေကိုတောင် တွန်းထိုးပစ်မည့်ဟန် ရှိနေတဲ့ ဘိုမဟာ လှချင်းခပ်ဝေးဝေးထိုင်နေရသည့်အဖြစ်ကိုပဲ အသည်းယားနေရဟန်။ မကောင်းတတ်လို့။ ဖြစ်နိုင်ရင် ဦးကျော်ရှိရာသို့ ပြေးလွှားသွားပြီး အနီးကပ်ပင် ထိုင်ချပစ်လိုက်ချင်ဟန်တွေနှင့် ဖင်တကြွကြွပင် ဖြစ်ချင်နေသည်။

အခြေအနေက အရေးကြီးတယ်လေ။ သူ အမြဲလုပ်နေကျ။ တတ်ကျွမ်းပိုင်နိုင်နေကျ "နေရာအနေအထား တည်ဆောက်"ဟာ ခုချိန်မှာ အသည်းအသန်ကို အရေးပါနေပြီ မဟုတ်လား။ ပါးစပ်မှာထားကသာ တည်တင်းမှုန်ကုပ်တာ။ စိတ်ဓာတ်ကကျတော့ အားဆေး၊ ရန်ရှောင်လိုသော ဦးကျော်ရဲ့ပင်ကိုစိတ်အရ အစ်မ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူရဲ့ ချုပ်ကိုင်ချင်လာမှုအတွက် အလျှော့ပေး လိုက်နာလိုက်မှာမျိုးကို ဘိုမက ဖျပ်ဖျပ်လူးမတတ်ပင် စိုးရိမ်စိတ်ပူလို့နေပြီ။

"အန်တီမေဖော် တစ်ယောက် သွေးတိုးစမ်းကြည့်လိုက်တာ"ဆိုတာကိုလည်း ဘိုမက လူလည်မို့ မသိဘဲမနေ။ "မလျှော့လိုက်နဲ့၊ ပြန်တင်းပစ်လိုက်"ဆိုတာမျိုးကို အော်ပြောလို့သာရရင် အော်တောင်ပြောလိုက်ချင်သေးဆိုတဲ့ ပုံမျိုးတွေ ဘိုမရဲ့မျက်နှာမှာသာမက တစ်ကိုယ်လုံးမှာပါ တဖွားဖွား ပေါ်လျက်ရှိပါသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ရဲ့ တစ်ကိုယ်ရည် လိုအပ်ချက်အားလုံးအတွက်လည်း မမပဲ အားလုံး စီစဉ်ပေးနေတာပဲ။ အမှန်က ကျွန်တော့်မှာ သုံးစရာကိစ္စဆိုတာတောင် သိပ်ရှိတာ မဟုတ်ပါဘူး။ ကျွန်တော် ဆင်ခြင်လိုက်မယ်"

ဦးကျော်ဟာ "ဒီလမ်းကိုပဲ ရွေးမှာပဲ"ဆိုတာ ရှုထင်သားပဲ။ ရှုရှုမှာ အန်တီမေဖော်ကိုတစ်လှည့် ဘိုမကိုတစ်လှည့် အပြန်ပြန် အလှန်လှန်ကိုကြည့်ပြီး အကဲခတ်ပစ်လိုက်ချင်တာ။ သို့သော် ကြောက်တတ်သူဆိုတော့လည်း လုပ်ဖို့နေနေ ကိုယ့်ရင်ထဲကဆန္ဒ လူသိမှာစိုးလို့ လှုပ်တောင်မှ မလှုပ်စံ့ပါ။ ဦးကျော်အလှည့်လည်းပြီးပြီဆိုတော့ ရှုရှုလား။ ဘိုမလား။ ဘိုမကိုကော အန်တီမေဖော်က ဘယ်လိုအပြစ်အတွက် ဘာခေါင်းစဉ်နဲ့တပ်ပြီး ဆူမှာပြောမှာလဲ။ ရှုရှုကား ကိုယ် အဆူခံရတော့မည့် အဖြစ်ထက် ဘိုမအတွက်သာ ပိုစိတ်ဝင်စားသလို ဖြစ်နေရပါတော့သည်။





"ရှုရှု ... ရှုရှုလည်း ဘာတွေ ဘယ်လို စည်းကမ်းဖောက်ဖျက်နေသလဲဆိုတာ ကိုယ့်ဘာသာ အသိဆုံး၊ ဟုတ်သလား မဟုတ်ဘူးလား"

"ဟုတ် ... ဟုတ်ပါတယ်"

"ကိုယ့်ဘာသာသိရင် ကိုယ့်ဘာသာ ဆင်ခြင်ပါ၊ ဘာတွေဆင်ခြင်ရမလဲလို့ မမေးနဲ့၊ ဒီအိမ်ရဲ့စည်းကမ်းတွေဆိုတာရှိတယ်။ စည်းကမ်းအဖြစ် မပြဋ္ဌာန်းထားရင်တောင် ကိုယ့်ဘာသာ အလိုက်တသိနဲ့ နေထိုင်ရမှာတွေရှိတယ်။ ဒီအရွယ်ရောက်နေပြီ။ အားလုံးကို ထပ်မပြောဘဲနဲ့ သိနိုင်ပါစေ လိုက်နာနိုင်ပါစေ ဟုတ်ပြီလား"

အန်တီမေဖော့်ရဲ့စကား ဆုံးဆုံးချင်းပင် ဘိုမက "ဘိုမ"ဟု မခေါ်ခင်မှာပင် အန်တီမေဖော်ကို ဆတ်ခနဲ မျက်နှာချင်းဆိုင်ကြည့်ကာ ရင်ဆိုင်ပစ်လိုက်ပါသည်။ ဘိုမရဲ့လုပ်ရပ်တွေဟာ မှားနေမှန်း၊ မနှစ်မြို့စရာကောင်းမှန်း သိနေပေမယ့် ရှုရင့်လွန်းလှတာကိုတော့ မအံ့သြ မချီးမွမ်းဘဲ မနေနိုင်ပေ။ ဦးကျော်ဟာ "ချစ်သူကလေးမလေး"ရဲ့ အလိုနောက်ကိုလိုက်ကာ အစ်မဖြစ်သူကို ဆန့်ကျင်အာခံတာမျိုး မလုပ်ခဲ့ဘူးလေ။ ဘိုမက ဘာ Background နောက်ခံအင်အား စိတ်ဓာတ်နဲ့ အန်တီမေဖော်ကို ထိပ်တိုက် ရင်ဆိုင်ကြည့်ဦးမှာလဲ။

"ဘိုမကကော ဒီနှစ် ဆယ်တန်းပြန်ဖြေဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သည့်လေသံနှင့် စကားလုံးတို့ကြောင့် ရှရှပင် အံ့အားသင့်သွားရပါသည်။ ကလေးဆိုးတစ်ယောက်ကို ကျီစယ်လိုဟန်ပဲ ပေါက်နေသည့် မေးခွန်းမျိုးနှင့် အန်တီမေဇော်ဟာ ဘိုမကို တစ်လက်စတည်း၊ အခွင့်သင့်တုန်းမှာ အပြတ်ချိုးချထားလိုက်မယ်ဆိုတဲ့စိတ် ရှိပုံမရပါလား။

"အလုပ်တွေ ဘာတွေ ဝင်ဖို့ထက် အိမ်ရှင်မတစ်ယောက်ပဲ လုပ်တော့မယ်ဆိုရင် ဆယ်တန်းမအောင်ထားလည်း ရတာပဲ။ အလုပ်လုပ်ဖို့ စိတ်ပါလာပြီဆိုရင်လည်း ကိုယ်ပိုင်အလုပ်မျိုးမှာဆိုရင် ဉာဏ်ရှိဖို့ပဲ လိုတာပါ။ သင်ယူလို့ရပါတယ်။ အတန်းအောင်လက်မှတ် ပြစရာမှ မလိုနိုင်တာ"

ဘိုမပြန်ပြောလိုက်သည့်လေသံနှင့် စကားလုံးများမှာ ရှရှသာဆိုရင် အလုပ်တိခန်းထဲမှာ ကိုယ့်တစ်ယောက်တည်း ရှိနေချိန်မျိုးမှာ ဆိုရင်တောင် မပြောဝံ့သည့်လေသံနှင့် စကားလုံးမျိုးတွေ ဖြစ်ပါသည်။ အန်တီမေဇော်ကတော့ ဆက်လက် သည်းခံနေနိုင်သေးပုံရကာ ...

"ကျော်က နှစ်ဘွဲ့တောင်ရထားတာ။ Post grad ကို အင်္ဂလန်မှာတောင် သွားတက်ခဲ့တာ ဘိုမရယ်။ ဖိတ်စာလေးကြည့်လို့လှအောင်တော့ မင်းက ကြိုးစားပေးသင့်တယ် ထင်တာပဲ။ အနည်းဆုံးတော့ 1st year ဆိုတာလောက် နာမည်နောက်မှာပါရင် မကောင်းဘူးလား"





ပြောပြီးပြီးချင်းပင် အန်တီမေဇော်က "ကဲ ...အားလုံးပဲ ပြောချင်တာကို နားလည်နိုင်ကြမယ် ထင်ပါတယ်။ သွားနိုင်ကြပါပြီ"ဟု စကားဖြတ်ပစ်လိုက်ပါသည်။ အားလုံး အလျှိုလျှိုထွက်သွားကြတဲ့ အထဲမှာ ဦးကျော်ကလည်း အောက်ထပ်က သူ့အခန်းထဲ သူ ပြန်ဝင်သွားတာမို့ ရှရှတို့လည်း ထထွက်လာခဲ့ရပါသည်။ ဘိုမကလည်း ရှရှ နောက်က ကပ်ပါလာ၏။ အခန်းထဲရောက်ရောက်ချင်း ...

"လှုပါးဝလိုက်တဲ့ မိန်းမကြီး"

"အမယ်လေး ... ဘုရား ... ဘုရား ... တံခါးလေးမှ သေချာပိတ်ပါရစေဦး ဘိုမရယ်၊ ကျယ်လိုက်တာ။ မပြောပါနဲ့တော့နော်။ ငါ တောင်းပန်တယ် မပြောပါနဲ့တော့"

"သွားသေလိုက်။ ခြေတော်ရင်းမှာ ဝပ်စင်းပြီး ခြေထောက်နဲ့ကလေးကိုရှုပြီးမှသေ။ ငါ့ကိုတော့ လာတားမနေနဲ့"

"နင်ကလည်းဟယ် တကယ်ဆိုရင် အားလုံး အပြောအဆိုခံရတဲ့အထဲမှာ နင်ကသာ အသက်သာဆုံး မဟုတ်ဘူးလား။ နင့်ဆိုရင် လေသံရော စကားလုံးပါ အနူးညံ့ဆုံးပဲ ဖြစ်နေတဲ့ဟာ။ နင် ပြန်ပြောတဲ့ လေသံကမှ ပိုဆိုးနေသေးတယ်"

"ငါ့ကို ဘာမှလာမဝေဖန်နေနဲ့လို့ ပြောထားတယ်နော်"

"လူတိုင်းကို ဆူတဲ့ဟာကို သူ့မောင်တောင် သူဆူတာခံရသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"(–)ထုံ (–)ဖျင်းမ။ ဘယ်သူ့ဆုဆု ပြောပြော ငါ့ကိုချည်းစောင်းမြောင်းနေတဲ့ဟာ။ ဘယ်သူ့အပြစ်မှန်းကို ဖွင့်ပါနောက်ဆုံးကျ ငါ့အပြစ်ချည်းပဲလို့ မသိ,သိအောင် ပြောသွားတာလေ။ ငါက ဆယ်တန်းမအောင်နိုင်သေးဘူး။ သူ့မောင်က နှစ်ဘွဲ့၊ ဆိုတာကကော ချစ်စနိုးလေး စနေတယ်ထင်လို့လား။ အဲဒီလောက် သဘောထား ပုပ်ယုတ်နေတာကို နင်မသိရင် အဲဒါ နင်ဖျင်းလို့။ ငါကတော့ ငနုံကြီးမဟုတ်ဘူးဟေ့ ...

တိုက်ရိုက်ဆူချင်လို့ရော ရမလား။ ငါက သူ့မောင်နဲ့ လက်ထပ်မယ့်သူပဲ။ သူစောင့်ရှောက်ထားတဲ့၊ သူပြောတိုင်း ခံနေရမယ့်အစားထဲကမှ မဟုတ်တော့တာ။ အဲဒါကြောင့် တိုက်ရိုက်မပြောသာတော့လို့ လူတိုင်းကိုပြောသလိုလိုနဲ့ ငါ့ချည်းစောင်းပြီး နက်နေတာ။ အဲဒါကြောင့် ဟိုအဘွားအိုမကြီးကော (–)ကောင်မလေးတွေပါ မျက်နှာကိုမပျက်ကြတာ ကြည့်ပါလား။ အဆူခံရတာကို မျက်နှာမပျက် ပြုံးပြီးတောင် ကျေနပ်နိုင်ကြသေးတာ ဘယ်သူ့ရှိလဲ။ လူတိုင်းနားလည်တယ်။ ဒီနေ့လုပ်ရပ်က ဘာလဲ ဆိုတာ"

"ကျွယ်လိုက်တာဟယ်၊ ပြောချင်ရင်လည်း တိုးတိုးတော့လုပ်ပါလား ဘိုမရယ်"





"ကျွယ်တယ် ... ဘာဖြစ်လဲဟေ့။ လာမတားနဲ့လို့ ပြောထားတာယ်နော်။ နင် ဒီတစ်ခါတားရင် ငါက တံခါးဖွင့်လိုက်ပြီးတော့ကို ကျူးအော်ပစ်မှာ၊ မလုပ်ရဲဘူး ထင်မနေနဲ့။ နောင်တစ်ချိန်ကျ ပခုံးချင်းယှဉ်မလာအောင် ခုတည်းကကြိုဖိထားချင်လို့ ရမလား။ ရှိသမျှ စည်းစိမ်တွေဟာ ငါ့လူလည်း တစ်ဝက်ဆိုင်နေတဲ့ဥစ္စာ။ အရင်းတစ်ဝက်ဆိုင်ရင် မြတ်နေသမျှ အမြတ်တွေထဲက တစ်ဝက်တိတိ သုံးဖြုန်းပစ်နေရင်လည်း သူ ဘာမှပြောနေစရာ မလိုဘူး ...

ဟို ... အလကားနေ မိန်းမတစ်ယောက်နောက်အောက်ကျို့ဖို့ပဲစဉ်းစားနေတဲ့လူကလည်း နည်းနည်းလောက်ပြောလိုက်ရင်ကို အမြီးကကုပ်နေပြီ။ ပြန်ပြောပါလားဖြစ်သင့်ဖြစ်ထိုက်တာတွေကို။ ခုလို ပထမဦးဆုံးအချိ ရင်ဆိုင်ရတာနဲ့တင် ဦးချိုးခံပစ်လိုက်ရင် နောင်ဘယ်တော့ခေါင်းပြန်ထောင်ချင်လို့ ရတော့မလဲ။ ဘာမှအသုံးမကျဘူး"

အန်တီမေဖော်ဟာလည်း သူ့မောင် စိတ်ချမ်းသာဖို့၊ သူ့မောင်နဲ့ စည်းလုံးညီညွတ်မှု မပြိုကွဲချင်လို့။ ဦးကျော်သည်လည်းပဲ ဒီအစ်မတစ်ယောက်ကိုချစ်လို့၊ တန်ဖိုးထားလို့၊ ဘယ်လိုမှမပြတ်နိုင်လို့၊ နှစ်ဦးသားကြားထဲမှာ အပြန်အလှန် ငဲ့တွက်ခြင်းတို့နဲ့လှုပ်ရှားနေကြတာသာဖြစ်ကြောင်း တစ်ဦးတည်းသောသမီး တစ်ကောင်ကြွက်ဖြစ်တဲ့ ရုရုပင် နားလည်လိုက်နိုင်သေးလျှင် မအေတူဖအေကွဲ မောင်နှမလေးတွေ ရှိနေသေးတဲ့ဘိုမက ပိုလို့တောင်နားလည်သင့်သေးသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘိုမကား သူ့အမေရဲ့ နောက်အိမ်ထောင်က၊ သားသမီးလေးတွေကို (–)အလုံးချင်းထပ်အောင် ဆဲဆိုကာ "သေပါစေ ကျေပါစေ"တွေလည်း ကျိန်တတ်သေးတဲ့သူမို့ ဒီလူကြီး မောင်နှမနှစ်ယောက်တို့ရဲ့ အပြန်အလှန်စိတ်ထားတွေကို နားမလည်နိုင်တာများလား။

"ငါတို့အဘိုးက သူတို့အဖေနဲ့ နယ်စပ်ကို ခရီးတစ်ခေါက်အတူထွက်ရတုန်းက ရှိသမျှ ပုံအောသယ်လာတဲ့ သူတို့အဖေကို ဓားပြတွေရဲ့လက်ကနေ အသက်အန္တရာယ်ကော၊ စည်းစိမ်အန္တရာယ်ပါ ကာကွယ်ပေးထားတာ။ အဲဒီတုန်းကဆိုရင် သူတို့အဖေက စည်းစိမ်တစ်ဝက်တောင် ခွဲပေးဖို့လုပ်တာ။ အဘိုးက အလကားနေရင်း နာမည်ကောင်းလက်မှတ်ပဲယူပြီး ငြင်းပယ်ခဲ့လို့ဟော့။ အဲဒါတွေ နင်သိရဲ့လား ...

သူတို့အဖေကြီး လေဖြတ်သွားပြီး စကားပြန်ပြောနိုင်လာတော့ ငါတို့ကို စောင့်ရှောက်ဖို့ တဖွဖွမှာခဲ့တယ်ဆိုတဲ့အထဲမှာ ရှိသမျှတွေ တစ်ဝက်ခွဲပေးလိုက်ဖို့ပါ ပါချင်ပါနေမှာ။ အဲဒါကို မသိချင်ယောင်ဆောင် ချန်ထားပြီးအဲဒါကြီးနှစ်ယောက်လုံးက လူကြီးပီပီ လူလည်ကျထားကြတာမျိုးရော မဖြစ်နိုင်ဘူးလား"

"နင် ပြောတာတွေက ဟုတ်ကော ဟုတ်လို့လား။ အဘိုးကဖြင့် ဘာမှပြောမသွားဘဲနဲ့ နင်က ဘယ်လိုလုပ် သိနိုင်မှာလဲ"





"ဟိုအဘွားကြီးအိမ်ကြီးကို ဟိုတုန်းက ဒီတစ်စ အတင်းအစ်အောက် နှိုက်ထုတ်ထားတာ။ ဘာသဲသဲယဲမှ ဝင်မနေနဲ့၊ ဖြစ်ရပ်မှန်က အဲဒီအတိုင်းပဲ။ သက်သေပြဖို့ မလွယ်ကူတော့လို့သာ သူလုပ်ချင်တိုင်း လုပ်ခွင့်ရနေတာ။ တကယ်ဆို သူတို့အဖေကြီး မှာသွားတဲ့အတိုင်းသာ လုပ်ရရင် ရှိသမျှကို တစ်ဝက်ခွဲပြီး ငါတို့ကိုပေး။ ကျန်တာကိုမှ နှစ်ပုံထပ်ပုံ။ အဲဒီထဲက တစ်ပုံက သူ့မောင်ပိုင်ရှင် ငါနဲ့လည်း ဆိုင်တာပဲ။ တကယ်တမ်းက အဲဒီမိန်းမကြီးဟာ စုစုပေါင်းရဲ့ လေးပုံတစ်ပုံပဲ ဆိုင်တာပါ။ ငါကသာ လေးပုံသုံးပုံ ဆိုင်သလို ဖြစ်မနေဘူးလား။ အဲဒါကိုပဲ အဖြစ်မှန်ကို ဖုံးကွယ်ထားပြီးမှ လူဖါးဝချင်တာ အလကားမိန်းမကြီး"

တကယ်ပဲ သူ တွေးထင်နေတဲ့ အိပ်မက်ဆန်ဆန် စိတ်ကူးတွေက အမှန်တွေ ဖြစ်နေသည်ပဲ ထားပါဦး။ အဘိုးနဲ့ ဆိုင်တဲ့ လေးပုံနှစ်ပုံ (တစ်ဝက်)ဆိုတာအတွက် ရရကိုပင် သူက ထည့်သွင်းရေတွက်ခြင်း မရှိတော့ပါလား။ သူ့တစ်ယောက်တည်းမှာ နှစ်ပုံ။ ဦးကျော်ကတစ်ပုံမို့ သူချည်းသာ လေးပုံသုံးပုံဆိုင်သလို ဖြစ်နေပါသတဲ့။ တကယ်မရနိုင်တဲ့၊ မဖြစ်နိုင်တဲ့ ရေတွက်မှုမျိုးမှာတောင်မှ "ငါဖို့ ... ငါ ... ငါ ... ငါချည်းသာ" ဖြစ်နေတဲ့ ဘိုမအတွက် ရရမှာ သက်ပြင်းတွေပဲ ချရပါသည်။ ဘိုမတို့ကတော့ စံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်က မြတ်နိုးနေတုန်းတော့ ဟုတ်တာပေါ့။ သို့သော် အဲဒီလောက် အသက်ကြာတာတောင်မှ သူချည်းဆရာလုပ်၊ အာပြ၊ အနိုင်ယူ၊ အော်ကြောလန်၊ ဗိုလ်ကျ၊ စိတ်ဒုက္ခပေးနေတတ်သော မိန်းကလေးမျိုးကို ယောကျ်ားတစ်ယောက်က စိတ်ကုန်ပါပြီဟု ဖြစ်မသွားဘူးလို့ ပြောနိုင်မလား။ ဒါမှမဟုတ် ဦးကျော်ဟာ ဘိုမကို တကယ်ပဲ မြတ်နိုးလို့လားတာထက် စိတ်ဓာတ်ကျ ပျင်းရိခြောက်သွေ့နေတုန်း ကြုံလာရတဲ့စိတ်လှုပ်ရှားလောက်စရာ အသစ်အဆန်းလေးမို့ စွဲမိစွဲရာ ယိမ်းယိုင်သွားမိတာမျိုး ဆိုရင်ကော။ ဦးကျော်ဟာ သိပ်စိတ်ညစ်မခံချင်တတ်တာကို ခုလေးတင် ဒီကနေ့ အဖြစ်အပျက်အရ သိရှိလိုက်ရပြီလေ။

ဘိုမတော့ ဒုက္ခပဲ။ ခုကာ့စလို့ မဆင်ခြင်၊ ပုံစံမပြောင်းရင်။ သူ့ကိုယ်သူပဲ အဟုတ်ကြီးထင်ပြီး အများတကာအပေါ်မှာ အပေါ်ယံလောက်ကလေး လက်မထောင်ခွင့် ရတာကို သာယာနေရင် သူ့အမေပြောတဲ့ နှာခေါင်းကျည်ပွေ့တွေ့တော့မယ်ဆိုတာ သူပဲ ဖြစ်နိုင်နေပြီ။

အဲဒါတွေကို သေချာရှင်းပြ သတိပေးချင်ပါသော်လည်း "သူ့လာပြောနေရင် တံခါးဖွင့်ပြီးတော့ကို ကျူးအော်ပစ်မယ်"ဟု ပြောထားသောအခါ ရှုရှုမှာ အသည်းတယားယားနှင့် အသာလေးပဲ ငြိမ်နေရပါသည်။ ထိုအခိုက်မှာပင် တံခါးခေါက်သံ "တဒေါက်ဒေါက်"နှင့်အတူ ...

"တင်တင် ပါလား၊ ဘာလဲဟင် တင်တင်"





"မမချယ်ရီ အဝတ်တွေ ပြန်လာပို့တာပါ မမရှု"

ရှုရှုမှာ တင်တင့် စကားကို နားမလည်လိုက်သဖြင့် ပြန်မေးမည်အပြု "ဘာဖြစ်တယ် ! "ဟု ကျူးအော်လိုက်သော ဘိုမရဲ့အသံကြီးကြောင့် တံခါးကိုဟပြီး အပေါက်ဝတင် ရပ်နေသော တင်တင့်ကို အထဲအမြန်ဆွဲသွင်း၊ တံခါးကိုလည်း မြန်မြန်ပြန်ပိတ်လိုက်ရပါသည်။ အထဲရောက်လာသော တင်တင်ကလည်း ဘိုမကို အရိပ်အကဲကြည့်ကာ ကြောက်ကြောက်လန့်လန့်နှင့် ...

"ဟို ... ဟို ... မမရှုတို့ ရောက်စကတည်းက အန်တီက မမတို့နှစ်ယောက်ကို တခြားဘာအလုပ်မှ ဝိုင်းကူစရာ မလိုဘူး၊ ကိုယ့်တစ်ကိုယ်ရည်စာ ကိုယ့်အလုပ်လေးတွေ လောက်ပဲ ကိုယ့်ဘာသာလုပ်ကြလို့ ပြောထားတယ်ဆိုတာ"

တင်တင်ကား ရှုံ့ရှုံ့ထိတ်ထိတ်နှင့် စကားကိုရပ်ထားသည်။ ရှုရှုကား "အားလုံး အဆင်ပြေအောင် ငါဘာလုပ်ရမလဲ"ဆိုတာကိုပဲ မြန်မြန်စွေးနေရပါပြီ။ ရေသောက်ချင်တာတောင်မှ "ဒေါ်စိန် ... ရေတစ်ခွက်လောက်"ဟု အာဏာပြချင်နေပြီဖြစ်တဲ့ ဘိုမဟာ သူ့အဝတ် သူ့မလျှော်၊ မီးပူမတိုက်တော့ဘဲ ကောင်မလေးတွေကချည်း ခေါင်းကအစ လိုက်ဖြီးပေးနေရတာ။ စောင်ခေါက်ပေးရတာကစလို့ အတွင်းခံအကျႌချိတ်ကအစ လိုက်ချိတ်ပေးနေရတဲ့အထိ မိဖုရားတစ်ပါးလို စံမြန်းနေခဲ့တာကြာပြီမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို အန်တီမေဇော် တစ်ယောက် ခုမှပဲအစ အဆုံး သိသွားတာလား။ ဒါမှမဟုတ် ... ကြီးစိန်ကြီးကပဲ မီးခိုး ကြွက်လျှောက် အားလုံးလိုက်သိကုန်မှာစိုးလို့ မနက်က ယူလျှော် ထားပြီးသား အင်္ကျီလေးတွေကို မီးပူပင် တိုက်မပေးရဲတော့ဘဲ ပြဿနာဆက်မတက်အောင် မြန်မြန်ကြည့်ကျက် လုပ်လိုက်တာ လား။ ဘယ်သူက အပို့ခိုင်းလိုက်တယ်ဆိုတာကို တင်တင်က လည်း ထည့်မပြော။ ဘိုမရဲ့မျက်နှာထားတော့ တင်တင့်လက်ထဲက အင်္ကျီတွေကိုကြည့်ကာ "ဘာလုပ်လိုက်ရမလဲ၊ ငါဘာလုပ်ရမလဲ။ ဒီလိုလာကျောတာကို အောင့်ပြီးငြိမ်ခံနေလိုက်ရမလား။ မိုင်ကုန် ထပ်တင်ပြီး ပြန်ကြဲပစ်လိုက်ရမှာလား"ဟု ခပ်မြန်မြန် ဆုံးဖြတ် နေသည့်ပုံမျိုး ဖြစ်နေပါပြီ။

ရရက တင်တင့် လက်ထဲက အဝတ်တွေကို ဆွဲယူ ပြီး တင်တင့်ကို အခန်းအပြင်သို့ ခပ်သွက်သွက်ပဲ ပြန်တွန်းထုတ် ကာ တံခါးကိုလည်း ချက်ချင်းပြန်ပိတ်လိုက်ပါသည်။

"အဘိုးနဲ့နေတုန်းကလိုပေါ့ဟယ်၊ အဲဒီတုန်းကလည်း နင့် ကိစ္စတွေလည်း ငါပဲ အကုန်လုပ်ပေးခဲ့တာပဲဟာ။ ညီအစ်မ ချင်းကြားမှာ ဒါတွေက ပြောနေစရာမလိုပါဘူး။ ငယ်ဘဝ ကို ပြန်သတိရရသလိုဖြစ်တာ ပိုးတောင်ကောင်းသေးတယ်"

ဘိုမက ရရရဲ့မျက်နှာကို စိုက်ကြည့်ပြီး ခပ်ရွဲ့ရွဲ့ တစ်ချက်ပြုံးလိုက်သည်။





"နင့်ကိုယ်နင်တော့ အကောင်းဆုံး ဝင်ဖြေရှင်းနိုင်လိုက်ပြီ လို့ သိပ်ဂုဏ်ယူတယ် ... ဟုတ်လား !"

ဒုက္ခ ...။ "မိုင်ကုန်တင်ပြီး ပြန်ပြိုင်ကြဲပစ်လိုက်လို့ မဖြစ်နိုင်သေးဘူး"လို့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားမှန်အတိုင်း သူ ဆုံးဖြတ်နိုင်လိုက်ရင် အောင့်သက်သက်နဲ့ပဲ ငြိမ်ခံလိုက်ရပြီး၊ သူ့အဝတ်တွေ သူလျှော်တိုင်း၊ မီးပူတိုက်တိုင်း မကျေနိုင်မချမ်း နိုင် ခံစားရခက်နေရတော့မှာများ။ ဝင်ကယ်လိုက်တဲ့သူကို ကျေး ဇူးမတင်။

တကယ်ဆို ရရကသာ သူ့ကိုရွဲ့ပြီး ပြုံးပြသင့်တာ မဟုတ်လား။ သူ ဦးကျော်နဲ့ မယူဖြစ်သေးမချင်း၊ ဒါမှမဟုတ် ကိုယ်လည်း ဒီအိမ်ကခွာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည် နိုင်သေးမချင်း သူ့ကျွန်ကြီးတစ်ယောက်လို သူ့ဝေယျာဝစ္စမှန်သမျှ ကိုယ်ချည်း ကျုံးလုပ်ပေးနေရတော့မှာလေ။

"အဲဒီမိန်းမကြီးနဲ့ ငါနဲ့တွေ့ဦးမယ်၊ ဟဲ့ ... ရရ မှတ်ထား။ နင် သေချာမှတ်ထားစမ်း။ တစ်နေ့နေ့ကျ အဲဒီမိန်းမကြီး ကို ငါ ပြန်လုပ်ပြဦးမယ်"

သူ့ဘာသာသူ ရှက်ယမ်းယမ်းပြီး အရှက်ပြေ၊ မျက်နှာ ငယ်ပြေ လျှောက်ပြောနေတာမျိုးပဲ ဖြစ်ပါစေဟု ရရက ဆုတောင်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"အားလုံး လာကြပါ ... အိမ်ကလူတွေ တစ်ယောက်မကျန် ညှိခန်းထဲကို လာကြပါ"

စာဖတ်နေရင်းက ကြားလိုက်ရသည့်အသံကို "ဘာသံလဲ"ဟု အသေအချာ နားစွင့်လိုက်သော် အန်တီမေဖော့်အသံဖြစ်နေလေသည်။ "အားလုံး ... အားလုံး"ဟု ဆက်တိုက်အော်နေပြီးမှ "ကျော် ... ဘိုမ ... ရုရ ... ဒေါ်စိန်"ဟုပါ နာမည်တွေ တပ်လျက် ဆက်အော်လိုက်လေသည်။

"ဟဲ့ ... ခေါ်နေတာဟဲ့၊ အန်တီမေဖော် ဒီအချိန်ကြီး ဘယ်လိုလုပ် ရုံးကပြန်ရောက်လာသလဲ မသိဘူး"

ရုရက ဖတ်လက်စစာအုပ်ကို အမြန်ပိတ်ကာ မတ်တတ်ထရပ်လိုက်လျှင် သူ့မှန်တင်ခုံလေးဘက်မှာ ခေါင်းဖြီးနေသည့်ဘိုမက လက်ထဲက ဘီးဘရပ်ရှ်ကို အိပ်ရာပေါ်သို့ ပစ်ပေါက်ချကာ လူကိုယ်တိုင်လည်း အိပ်ရာထက်သို့ ခွေလှဲချလိုက်သည်။





"ဟဲ့ ... အောက်မှာ ခေါ်နေတာ"

"ခေါ်နေစရာလား၊ ငါ ဒီနေ့အပြင်ထွက်မယ်ဆိုတာသိလို့ တမင်သက်သက် ပြန်လာပြီး မသွားဖြစ်အောင် နှောင့်ယှက်ချင်တာ။ အသိသာကြီး ... တောက်"

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အမြင်မကြည်လင်နိုင်ကြတော့ဘူးဆိုရင် ဘာပဲလုပ်လုပ် ဘာပဲပြောပြော အပြစ်တွေ၊ မုန်းစရာကြီးတွေပဲ မြင်နေကြပေတော့မည်။ "အထင်" ဆိုတာမျိုးကလည်း အမှားနဲ့အမှန် အတိအကျ ခွဲခြားပြနိုင်ဖို့ ခက်ခဲလှတဲ့အရာ မဟုတ်လား။ ဘိုမဟာ အန်တီမေဖော့်ကို ဘယ်လိုမှ အမြင်မကြည်လင်နိုင်တော့လျှင် အရာရာဟာ အထင်မှားဖွယ်ရာချည်း ဖြစ်နေပေလိမ့်မည်။

"ဘိုမကချည်းပဲ အထင်မှားနေတာ"ဟုလည်း ရုရက မပြောလိုပါ။ "ငါ့မောင်ကနှစ်ဘွဲ့၊ ဘိုမက ဆယ်တန်းတောင် မအောင်သေးဘူး"ဆိုတာမျိုးဟာ ဘိုမ ပြောသလို တမင်သက်သက် အကြောလေးနဲ့ နှိမ်ချင်လိုက်တာမျိုး ဖြစ်နိုင်ပေမယ့် "ဒီနေ့ ဘိုမ အပြင်ထွက်မယ်ဆိုတာသိလို့ တမင်သက်သက် သူ့ရုံးကနေတောင် အိမ်အထိပြန်လာပြီး မထွက်ဖြစ်အောင် နှောင့်ယှက်တာ"ဆိုတာကြီးကျတော့ သိပ်အဓိပ္ပာယ်မရှိလှဘူးဟုသာ ရုရက မြင်ပါသည်။ အဲဒီလောက်တော့ အလုပ်ပျက်ခံ၊ အပင်ပန်းခံပြီး ကလိမ်ကကျစ်ကျဖို့ရာ အကြောင်းမရှိလှဘူးလို့ ထင်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးကျတော့ ဘိုမရဲ့ "ဒီနေ့ အပြင်ထွက်မလို့" ဆိုတဲ့ အဖြစ်ကြီးကိုလည်း ရုရုက စိတ်မသက်မသာ ရှိလှသည်ဖြစ်ရာ အန်တီမေဇော် တမင်လာနှောင့်ယှက်လို့ မထွက်ဖြစ်လိုက်ရလည်း ပိုတောင်ကောင်းသေးဟုပင် ရုရုက ပြောလိုက်ချင်မိတာပါ။ "ဆယ်တန်းကို ပြန်ဖြေမယ်" လို့ တစ်စက်မှ မပြောတဲ့အပြင် "မဖြေတော့ဘူး" လိုလိုပါ တရားဝင် ကြေညာလိုက်သလို ဖြစ်သွားတဲ့ ဘိုမဟာ သူ့ရဲ့ဆယ်တန်းကျူရှင်ဝိုင်းများကို ဟိုအရင်ကတည်းကပင် မတက်တစ်ရက်၊ ပျက်တစ်ရက်လေ။ ခုတလောကျမှ ကျူရှင်ချိန်တိုင်းမှာ စိတ်တိုင်းကျ ပြင်ဆင်ဖြီးလိမ်းပြီးမှ မပျက်မကွက် အမြဲလို အပြင်ထွက်နေရတာက ဘာသဘောနည်း။

ရင်လေးပါသည်။ ကိုယ့်ကို အရေးအရာထားကာလည်း ဖွင့်မပြော။ ယုံယုံကြည်ကြည်နဲ့ တိုင်ပင်မှုလည်း မရှိပေမယ့် ဘိုမရဲ့အချိုးအချိတ်တွေနဲ့ လုပ်ရပ်တွေကို ရုရုက ရိပ်မိနေရတဲ့အတွက် ရင်လေးကြောက်ရွံ့နေရတာ ကြာပြီဖြစ်ပါသည်။

"နင့်ကျူရှင်ချိန်တွေကို လိုက်သိပြီး တမင်သက်သက်လိုက်စိတ်ပုပ်နေရလောက်အောင်တော့ အန်တီမေဇော်က မအားပါဘူးဟာ၊ လာစမ်းပါ ဘိုမရာ"

"ဒါဖြင့်ရင်လည်း ဟိုတစ်ခါကလို တစ်ယောက်ပြီး တစ်ယောက် အပြစ်တင် ဆူပူသလိုလိုနဲ့ ငါ့ချည်းစောင်းပြောနေဦးမှာပဲ မဟုတ်လား။ စကားကြောက ရှည်နေတာနဲ့ပဲ ငါက အချိန်မီ ဘယ်လိုလုပ် အပြင်ထွက်လို့ ရနိုင်တော့မှာလဲ"





"နင့်ကျူရှင်ချိန်တွေ ငါသိပါတယ် ဘိုမရယ်၊ အဝေးကြီး လိုပါသေးတယ်။ ပြီးကျတော့ နင်အခုထွက်မယ့်ကိစ္စကလည်း ကျူရှင်သင်တန်းလို့ အချိန်မီ အတိအကျရောက်စရာ လိုလို့လား" ဟု မေးလိုက်ချင်ပါသည်။ သို့သော် ရုရုက "လာစမ်းပါဟာ" ဟုသာ အော်ပစ်လိုက်လျက် အိပ်ရာပေါ်မှာ စင်းစင်းကြီး လုပ်နေသည့် ဘိုမကို လက်ကောက်ဝတ်နှစ်ဖက်ကနေ အတင်းဆောင့်ဆွဲပြီး ဆွဲထူလိုက်ပါသည်။ ဘိုမက ပြန်ဆောင့်ရုန်းလျှင်တော့ စိတ်မရှည်နိုင်တော့ပြီဖြစ်တဲ့ ရုရုဟာ ...

"ဒါဖြင့်လည်း နေခဲ့တော့။ နင်ပြောသလိုပဲ နင်ကတော့ ဦးကျော်ရဲ့ဇနီးလောင်း။ ငါက ဘာမှမဟုတ်ဘူး၊ သူတို့စောင့်ရှောက်ထားတဲ့သူဆိုတော့ ဒီလောက် ခေါ်နေတာကို မသွားဖို့မပြောနဲ့ အချိန်ဆိုင်းပြီးတော့တောင် မနေရဲဘူး"

ရုရုက အိပ်ခန်းထဲကနေ ပြေးထွက်လာကာ လှေကားဘက် တောက်လျှောက်ပြေးလာခဲ့ပါသည်။ နောက်ဘက်ကနေ အိပ်ခန်းတံခါးဖွင့်သံ၊ ပိတ်သံများကို ဒိုင်းခနဲ၊ ဒုန်းခနဲ ဆက်ကြားလိုက်ရလျှင် ဘိုမလည်း လိုက်ပါလာပြီဆိုတာကို သိလိုက်ပါသည်။ ရုရုက တစ်ချက်ကျိတ်ပြုံးလိုက်တာ ဂငယ်ကွေ့ကြီး ကွေ့ဆင်းရသော ကျွန်းလှေကားကြီးကို ခပ်သွက်သွက်ပြေးပြေး ခြေလှမ်းတို့နှင့် ဆက်ဆင်းလာဆဲ ...

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ရရရဲ့ ခြေလှမ်းများက လှေကားတစ်ဝက်မှာ အလိုလိုရပ်တန့်သွားရပါပြီ။ အပေါ်စီးကနေ အုပ်မိုးမြင်နေရသော ဧည့်ခန်းရဲ့အလယ်ကောင်မှာ အန်တီမေဇော်လက်ကို သူ့လက်တစ်ဖက်ဖြင့်ကိုင်ဆွဲလျက်။ နောက်တစ်ဖက်ကကျတော့ ကြီးစိန်ကြီးကို ပခုံးကနေ ကျစ်ကျစ်ဆုပ် ပွေ့ဖက်လျက်။ သူ့အရပ်အမောင်းကြီးက အမြင့်ကြီး။ ကြီးစိန်ကြီးက ပုပုလေးဆိုတော့ ကြီးစိန်ရဲ့ပခုံးကို ပွေ့ဖက်ဖို့ရာ သူ့မှာ ကိုယ်ခန္ဓာကြီးကို တစ်ခြမ်းစောင်းချိုးချထားရလျက် တစောင်းကြီး ဖြစ်လို့နေလေသည်။

တော်သဝဏ် ..။

ရရက အသံထွက် ရေရွတ်လိုက်တာ မဟုတ်ပါ။ သို့သော် စိတ်ထဲကနေပဲ ထိတ်လန့်တကြား အံ့သြတကြီး ညည်းတွားလိုက်မိပြီးပြီးချင်းပင် သူက ရရရှိရာ ကျွန်းလှေကားကွေ့ကြီးဆီသို့ ခေါင်းမော့မျက်လွှာလှန်ကာ ကြည့်လိုက်ပါတော့သည်။ သူလည်းပဲ ပါးစပ်အဟောင်းသားပင် ဟသွားခဲ့တာ။ ရရမှာတော့ လှေကားကို ဆက်ဆင်းနေတာလည်း မဟုတ်ဘဲနှင့် မတ်တတ်ကြီး ခြေစုံရပ်တန့်ကြောင်နေရာကနေ ရတ်တရက် သူ့အကြည့်ကြောင့် လူက ခွေယိုင်ပြိုဆင်းသွားကာ ပုံရက်သားကလေးလဲကျသွားရပါတော့သည်။

ရရ နောက်ကပါလာပြီးမှ လှေကားထိပ်သို့ရောက်လာသော ဘိုမက ရရကိုကျော်ဖြတ်ပြီး အောက်ထပ်သို မြန်မြန်ဆင်းချသွားပါသည်။ ဦးကျော်လည်း သူ့အခန်းထဲက ထွက်လာကာ တပြည်းပြည်းနဲ့ ဧည့်ခန်းထဲသို့ ရောက်လာ၏။



"ဟား ... ဦးကျော် ... အဲဒါ ဦးကျော်လား"

"ဟုတ်တယ် ... အဲဒါ ဦးကျော်ပဲ တော်၊ ဖြည်းဖြည်း ... တော်၊ မင်းကိုယ်လုံးကြီးနဲ့ ဖြိုးခနဲ ဖြင်းခနဲ မလုပ်လိုက်နဲ့။ ခုနက ဒေါ်စိန်တောင် ချော်လဲသွားတာ။ ဦးကျော်က ခြေထောက်သိပ်မကောင်းဘူး"

"ဦးကျော်က ဘယ်လိုလုပ် အဘိုးကြီး ဖြစ်နေရတာလဲ၊ အိုလှချေလား။ အသားတွေလည်းညိုပြီး ဦးကျော်နဲ့လည်း မတူပါလား။ ဘိုးဘိုးကြီးနဲ့ပဲ တူနေတယ်။ ဟုတ်တယ်နော် သဘောသိတဲ့ ဘိုးဘိုးကြီးက အဲဒီလောက်ပဲ။ ဦးကျော်ကတော့ Very smart and a strikingly handsome man လေ။ မဟုတ်ဘူးလား။ ဘိုးဘိုးကြီးတော့ ဆုံးသွားပြီဆိုတာမှ ဟုတ်ရဲ့လား။ ဦးကျော်သာ ဆုံးသွားပြီး ဘိုးဘိုးကြီးပဲကျန်နေတာများလား"

"ဟဲ့ ... တော် ..."

ဦးကျော်နဲ့ တော်သဝဏ်တို့ အချင်းချင်း ပွေ့ဖက်နှုတ်ဆက်နေကြစဉ်မှာ ရရက လှေကားလက်ရမ်းတွေကို မှီတွယ်ဆွဲကိုကာ မနည်းမတ်တတ်ပြန်ရပ်ပြီး အောက်သို့ဆင်းလာခဲ့ပါသည်။ ချိန်နဲ့အားကုန်ကာ အချိန်မရွေး ထပ်မံပုံကျသွားနိုင်သော ခြေအစုံနဲ့၊ ပေါက်ကွဲထွက်မတတ် တဒိန်းဒိန်း တဒိုင်းဒိုင်း အခုန်မြန်နေသော နှလုံးသားတစ်ခုတို့ဟာ ရရရဲ့လှုပ်ရှားမှု သွင်ပြင်ကို လူခင်စစ်ကနေ ကျောက်ရုပ်မကြီးနဲ့ပဲ တူနေစေသည်။

www.burmeseclassic.com



သူက ရုရှနဲ့ ကျောပေးရက်ဖြစ်သော ဦးကျော်ကို ပွေ့ဖက်ထားသည်ဖြစ်ရာ ရုရှနှင့် မျက်နှာချင်းဆိုင် ဖြစ်နေပါသည်။ ဦးကျော်ကိုသာ ဗလွတ်ရွတ်တ ဘာတွေမှန်းမသိ ပြောချင်တိုင်း ပြောနေသည်။ သူ့မျက်ဝန်းတို့ကတော့ ရုရှရဲ့မျက်လုံးတွေထဲသို့သာ ကျရောက်လျက်။

"ကဲ ... ကဲ ... ရုရှနဲ့ ဘိုမတို့ လာကြ။ အန်တီက မိတ်ဆက်ပေးစရာရှိလို့ လှမ်းခေါ်လိုက်တာ။ အဲဒါ အန်တီ့သားပဲ၊ တော်ဝသဏ်လို့ခေါ်တယ်။ သူ့အဖေနဲ့ စင်ကာပူမှာပဲနေတာ။ ဒီကနေ ဆယ်နှစ်သားကျော်ကျော်လောက်ကတည်းက ထွက်သွားတယ် ဆိုပါတော့"

"အခုတော့ အမေနဲ့ တစ်လှည့်တစ်ခေါက် ပြန်နေမလို့ ဒီကို ပြန်လာတာပါ"

ဒေါ်စိန်ကြီးက တော်သဝဏ်ကို ချစ်စနိုးကြည့်ကာ အတင်းကြီး ဝင်ပြောလိုက်ပါသည်။ ရုရှကို စိုက်ကြည့်လျက်ရှိသောသူက ခုမှပင်မျက်ဝန်းလွှဲကာ ဒေါ်စိန့်စကားကြောင့် ခေါင်းကို ပင့်မော့လှန်ပြီး တဟားဟား ရယ်လိုက်သည်။

"အမယ်လေး ... ဒေါ်စိန်၊ သေချာမှလည်း ပြောပါရှင်။ ခုတောင် ကျွန်မနဲ့သူ့ ဒဂုံစင်တာထဲမှာ တည့်တည့်တိုးလို့သာ အတင်းဆွဲခေါ်ပြီး ပါလာရတာပါ။ ရန်ကုန်ကို ရောက်နေတာ ကြာပြီတဲ့။ လာမယ်ဆိုတာကိုလည်း ကြို အကြောင်းမကြား။ ရောက်လာတော့လည်း အမေ့အိမ်တန်း



တက်မလာတဲ့အပြင် ရောက်နေကြောင်းကိုတောင်မှ လှမ်းမပြောဘဲ ဖုံးထားပြီး ဟိုတယ်မှာတည်းပြီး ထင်သလို ပျော်သလို နေနေတာတဲ့လေ ...

ကားတို့ ဖုန်းတို့ သုံးစရာရှိတာတောင် သူ့အမေအမျိုး တွေဆီကပဲ ယူထားတယ်။ တစ်လှည့်တစ်ခေါက် အတူပြန်လာနေဖို့ မပြောနဲ့။ ဒီရောက်နေတဲ့ အခိုက်ကလေးတောင် ခုတည်းနေတဲ့ ဟိုတယ်ကနေ ဒီကိုပြောင်းလာခဲ့ပါ ဆိုတာတောင် အဖြေပြန်မပေးသေးပါဘူး"

BURMESE CLASSIC .com

အန်တီမေဇော်ရဲ့ စကားသံတို့က တဖြည်းဖြည်းနှင့် တိမ်ဝင်သွားကာ အဆုံးသတ်မှာ တုန်ခါလို့နေပါသည်။ ထိုအခါကျမှပင် တဟားဟား ရယ်နေသော တော်သဝဏ်က သူ့အမေကို လှမ်းဖက်လိုက်ပြန်ကာ ...

"သားက ဟိုမှာလည်း ဖေဖေနဲ့မှ အတူမနေတာ၊ တချို့ weekend တွေလောက်မှ ရောက်ဖြစ်တာ မေမေလည်း သိသားနဲ့။ Holiday တွေ တခြားနိုင်ငံအနှံ့ ခရီးထွက်ဖြစ်ရင်လည်း ကျောင်းကထွက်ရတဲ့ Excursion (လေ့လာရေးခရီး)မျိုး မဟုတ်ရင် အမြဲ တစ်ယောက်တည်းပဲဟာ။ အခုလည်း ရန်ကုန်ထဲပဲ နေနေတာမဟုတ်ဘူး။ ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ အင်းလေးတွေကနေ ပြန်လာပြီးပြီ။ တခြားနေရာတွေလည်း ထပ်သွားဖို့ အစီအစဉ် ရှိသေးတယ်။ အဲဒါကြောင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုလည်း ဒီအိမ်ကနေပဲ ခရီးသွားလိုက်၊ ပြန်လာနေလိုက် လုပ်လို့လည်း ရပါတယ်။ သားသွားမယ့်နေရာတွေကို သားမေမေက အတင်းကပ်လိုက်နေမှာပဲလို့လည်း မပြောပါဘူး"

"ဟုတ်ပါပြီ ကြီးကြီးရယ်၊ သား ဒီနေ့ပဲ ဒီကိုပြောင်းလာခဲ့ပါ့မယ်"

အတင်းကြီး ဖွတ်ဝင်ပြောပြန်သော ဒေါ်စိန်မှာ သူ့စကားဆုံးဆုံးချင်း ချက်ချင်းပင် အဖြေကောင်း ပြန်ရလိုက်တာမို့ ကြောင်သလိုတောင် ဖြစ်သွားရပြီးမှ ဝမ်းသာအားရကြီး ပါးစပ်မစေ့နိုင် ဖြစ်နေပါသည်။ အန်တီမေဖော့ ခမျာလည်း ဒေါ်စိန့်နည်းတူ တအံ့တသြတွေ ဖြစ်နေရပြီးမှ ...

"ဒေါ်စိန် ... ဒေါ်စိန် ... ကျေးဇူးတင်လိုက်တာ။ ကြည့်စမ်း ကျွန်မ တစ်နာရီလောက် တတွတ်တွတ် လမ်းတစ်လျှောက်လုံး ထိုင်ပြောလာခဲ့တဲ့စကား။ ဒေါ်စိန် ပြောလိုက်တော့ တစ်ချက်တည်းပဲ။ စကားအောင်လိုက်တာ။ အမယ်လေး ... ဝမ်းသာလိုက်တာ ဒေါ်စိန်ရယ်။ တကယ်ပါပဲ။ နောင်ဘာပြောစရာရှိရှိ ဒေါ်စိန့်ပဲ ပြောပေးပေတော့"

အံ့သြတကြီးတွေ ဝမ်းသာနေကြသော အန်တီမေဖော့နှင့် ဒေါ်စိန်တို့ ခဏစကားပြတ်သွားကြတဲ့ အခိုက်မှာ ဧည့်ခန်းထောင့်တစ်နေရာကနေ ငြိမ်ပြီးအကဲခတ်နေခဲ့တဲ့ ဘိုမက တော်သဝဏ် ရှိရာနားအထိ တိုးသွားလိုက်ကာ လက်ကမ်းပေးလိုက်ပြီး ...





"တွေ့ရတာ ဝမ်းသာပါတယ်၊ ချယ်ရီမေလို့ ခေါ်ပါတယ် ကိုတော်သဝဏ်"

"ဪ ... ဟုတ်ကဲ့၊ ကျွန်တော်ကတော့ မချယ်ရီမေတို့ကို မသိသေးဘူး"

"ခင်မင်သူတွေ ခေါ်တဲ့အတိုင်း ဘိုမလို့ ခေါ်လို့လည်းရပါတယ်"

"အင်း ... ဘိုမ ... ပေါ့နော် ... ဟုတ်ကဲ့"

အန်တီမေဖော့က လက်ဆွဲနှုတ်ဆက်နေကြသော လက်နှစ်ဖက်ရဲ့အလှုပ်အယမ်းတို့ကို စိုက်ကြည့်ရပ်စောင့်နေကာပြီးကြပြီဆိုမှ ...

"တော် ... အဲဒါက မင်း ... ဦးကျော်ရဲ့ဖန်းလောင်းပေါ့၊ မင်းဒေါ်လေး တော်စပ်လာမယ့်သူ"

"အား ... ဒေါ်လေးလား။ ဒါဆို ဘိုမလို့ ဘယ်ခေါ်ရဲမလဲ 'ဒေါ်လေး'လို့ပဲ ခေါ်မယ်။ ဟာ ... ဦးကျော်က ဆရာကြီးပဲဗျာ။ သားတို့လူငယ်တွေ လေ့လာအတုယူရမယ့်ပညာတွေနဲ့ပါလား ... ဟား ဟား"

"ဒါကတော့ ကရုဏာတဲ့တော်။ မေမေတို့ကတော့ ရုရလို့ပဲ ခေါ်တယ်၊ သူကတော့ ... အင်း ... သူကတော့ ... အင်း ... မင်းညီမလေးပဲဆိုပါတော့လေ၊ မေမေ စောင့်ရှောက်မွေးစားထားတဲ့ ကလေးမလေးပဲပြောရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မွေးစားသမီး ... ! ညီမလေး ... ! ဩ လက်စသတ်တော့ မင်းက ငါနေရာကိုဦးထားတဲ့ တစ်ယောက်ကိုး၊ ဒီလိုလား"

ဘိုမကိုကျတော့ အသံချိုကလေး၊ နောက်သလိုပြောင်သလိုလေးနှင့် နှုတ်ဆက်လက်ခံသော တော်သဝဏ်က ရုရုကိုကျတော့ ခါတိုင်းလိုပင် မင်းတစ်လုံး ငါတစ်လုံးနှင့် (နောက်တာပြောင်တာလား၊ အတည်လား ဘယ်လိုမှ ခွဲခြားမရနိုင်သော) အသံမာဆတ်ဆတ်ကြီးနှင့်သာ တုံ့ပြန်လေသည်။ ရုရုမှာ ထူးခြားလှသည့် ကံကြမ္မာကို ခုထက်ထိ ဘယ်လိုမှ လက်ခံကြည့်လို့မရနိုင်အောင် တွေဝေတုန်လှုပ်နေဆဲ။ သူဟာ အန်တီမေဇော်ရဲ့ သားတဲ့။ ရုရုတို့ကျေးဇူးရှင်ရဲ့သားတဲ့။ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား။ အဲဒါ ရုရုအတွက် ကံကောင်းခြင်းလား ကံဆိုးခြင်းလား။ ဘယ်လိုမှကို ကြိုမသိနိုင်တော့ပြီ။

ရုရုတို့ကို အိမ်လာတွေ့ပြီး "စောင့်ရှောက်မယ်"ဟု ဒီအထိခေါ်လာခဲ့ကတည်းက "မွေးစားမယ့်သဘော မဟုတ်ပါဘူး၊ ကြည့်ရှုစောင့်ရှောက်မှာပါ"ဟု ခုရုပ်မှနောင်ရှင်း အတိအလင်းဆိုခဲ့သော အန်တီမေဇော်က ဒီတစ်ချိန်မှာတော့ သူ့သားကို (မိတ်ဆက်ပေးရတာလွယ်အောင် ရှင်းအောင်လားတော့မသိ) "မွေးစားထားတာ"တို့၊ "မင်းညီမလေးပဲ"တို့ စတဲ့ စကားလုံးလေးတွေကို ထည့်ပြောပါသည်။





အဲဒါကြောင့်ပဲလားတော့မသိ။ ဘိုမရဲ့နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက်က ထော်တက်လာပြီးမှ ခပ်မဲ့မဲ့လေးဖြစ်နေအောင် တမင်ကုပ်ချထားပါသည်။

"မမကို အပျိုကြီးလို့ ထင်နေခဲ့တာ၊ သားတစ်ယောက်တောင် ဒီအရွယ်ကြီးရှိနေပြီ၊ ပြောလည်းပြောပြမထားဘူး၊ ဦးကျော်တို့ ဒေါ်စိန်တို့ကလည်း လုံလိုက်ကြတာ အံ့ပါရော"

အန်တီမေဇော်က ဘိုမဘက်ကို အသာအယာပဲ လှည့်ကြည့်လိုက်ပါသည်။ ဝမ်းသာတုန်လှုပ်နေဟန်ရှိတဲ့ အန်တီမေဇော်ဟာ ဘာအကြောင်းကြောင့်နဲ့မှ စိတ်အနှောင့်အယှက်ဖြစ်သွားလိုဟန်မရှိပါ။ အေးအေးဆေးဆေး အပြုံးမပျက်နှင့်ပင်။

"တို့က ဘယ်ကလာ အပျိုကြီး ဟုတ်ရမှာလဲ ဘိုမရယ်၊ တစ်ခါမှမပြောခဲ့ဖူးပါဘူး။ အန်တီက သားအဖေနဲ့ အဆင်မပြေကြလို့ ခွဲခွာနေကြတယ်။ သားက ပညာရေးကို ဦးစားပေးချင်တော့ သူ့အဖေနဲ့လိုက်နေတယ်။ ဒါပဲလေ။ ဒါကလည်း တွေ့ရာလူတကာကို လျှောက်ပြောပြနေရမယ့် အဆင်ပြေပြေကိစ္စမျိုးမှ မဟုတ်တာ ...

ကာယကံရှင် အန်တီ ကိုယ်တိုင်က ေ ာင် မလိုအပ်ဘူးလို့ထင်လို့ မပြောဖြစ်သေးတာ။ ကျော်တို့၊ ဒေါ်စိန်တို့ကလည်း အလကားနေရင်းတော့ ဘယ်နှုတ်မှ နချင်ကြပါမလဲ၊ ပြောသာ မပြောဖြစ်တာပါ။ တော်က အဲ ကိတို့မျိုးရိုးအမွေကို ဆက်ခံမယ့် အန်တီ့ရဲ့တစ်ဦးတည်းေ ာသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေဇော်ကသာ စိတ်အနှောင့်အယှက် ဖြစ်မသွားရလေအောင် ထိန်းချုပ်နေပုံရတာ။ ဘိုမကား ဘာကိုမှန်းမသိတစ်ခုခုကို စိတ်အနှောင့်အယှက် ကြီးကြီးကျယ်ကျယ် ပြင်းပြင်းထန်ထန်ပင် ဖြစ်နေပုံရပါသည်။ သူ အပြင် သွားမယ့်ကိစ္စ နှောင့်နှေးကြန့်ကြာနေရလို့လား။ ဟုတ်ပုံမရပါ။ ဘိုမဟာ သူတကယ်သွားချင်ပြီဆိုလို့ကတော့ "ပြီးကြပြီလား" ဟု ပေါ်တင်ဖွင့်မေးကာမရရအောင် ထွက်သွားမယ့်သူ။

"ပြောပြထားဖို့တော့ လိုတာပေါ့။ ဘိုမတို့ကလည်း တွေ့ရာလူတကာမှ မဟုတ်တာ။ ဥပမာ ဘိုမအတွက်ဆိုရင် မမကိုတောင် အပျိုကြီးထင်ပြီး ... သားတစ်ယောက် ဒီအရွယ်ရှိနေရင် ဦးကျော်ကကော ဘယ်လိုလဲ။ လူပျိုကြီးမှဟုတ်ရဲ့လား ဘာညာ ကြိုစဉ်းစားဆုံးဖြတ်နိုင်ဖို့ ကြိုပြောပြထားရင်တော့ ကောင်းတာပေါ့၊ ခုဟာကတော့ ဘာရယ်မဟုတ် မပြောဖြစ်ကြတဲ့ သဘောမှ မဟုတ်တာ။ ဘိုမကဖွင့်တောင် မေးခဲ့ရဲ့သားနဲ့ လုံးဝကို ဖုံးကွယ်သိုဝှက်ထားခဲ့ကြတဲ့ သဘောကြီး ဖြစ်နေတာကို"

"ဒါဖြင့် ခုနေ ကျော်လည်းပဲ လူပျိုကြီးမဟုတ်ပါဘူးလို့ သိလိုက်ရရင်ကော မင်းရဲ့ဆုံးဖြတ်ချက်တွေ၊ အစီအစဉ်တွေကို ပြောင်းလဲလိုက်မှာမို့လို့လား ဘိုမရယ် ... ဟင်!"

အန်တီမေဇော်မှာ နည်းနည်းတော့ စိတ်ဆိုးလာပုံရပါပြီ။ ခပ်ပြုံးပြုံးပဲ ဆက်ပြောနေပေမယ့် မျက်လုံးများက သိသာ





လာသည်။ သူ့အစ်မရဲ့ စကားအသွားအလာနဲ့ ဟန်ပန်တို့ကို ဦးကျော်ကလည်း ရိပ်မိပုံရပါသည်။

"ကဲပါ မမရယ်၊ မဟုတ်တာတွေကို တော်ပါတော့။ ဘိုမ ... မင်းအနေနဲ့ ငါနဲ့ပတ်သက်ပြီး ရှေ့ဆက်ရမယ့် တောက်လျှောက်မှာ မမရဲ့အကြောင်းတွေကို သူ ပြောပြနိုင်သလောက်ပဲ သိနေရရင် လုံလောက်ပါတယ်။ အဓိက, က ငါပဲ မဟုတ်လား။ ငါဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်မနေရင် ဇနီးတွေ သားသမီးတွေ ရှိမနေရင် မင်းအတွက် ပြီးတာပဲ မဟုတ်လား၊ အဲဒီလိုပြောလို့ ဒါဖြင့် သားသမီးမရှိတဲ့ တစ်ခုလပ်လား၊ မုဆိုးဘိုလားလို့လည်း ထပ်အထွန့်တက်မလာနဲ့ဦး။ ဘာမှမဟုတ်ဘူး"

တော်သဝဏ်မှာ ဘိုမ၊ သူ့ဦးလေးနှင့် သူ့အမေတို့ကြားထဲက အခြေအနေတွေကို အပြန်ပြန် အလှန်လှန် စေ့စေ့စပ်စပ် အကဲခတ်နေပုံရပါသည်။ မျက်ခုံးနှစ်ဖက်ကို မြှင့်တင်ထားကာ တစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကို လိုက်ကြည့်လျက်ရှိသည်။ ကိုယ့်ကိုတော့ ဘယ်သူကမှ ကြည့်မနေ၊ ဂရုထားမနေကြဘူးဆိုတဲ့အခါ ရရဟာ တော်သဝဏ်ကို ခပ်ရဲရဲပဲ ငေးနေခွင့်ရနေပါသည်။

သူက "သားတို့ချင်းက သိပြီးသားလေ မေမေ" ဟု မပြောတဲ့အခါ ရရကလည်း ကိုယ့်က စတင်လို့တော့ မပြောလိုက်ရဲပါ။ ခုဆိုရင် သူက ဒီအိမ်မှာတောင်မှ ပြောင်းလာနေလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မှာတဲ့။ ဘယ်လောက်ကြာကြာနေမယ် မသိပေမယ့် သူနဲ့အတူတကွ တစ်မိုးအောက်တည်း ဖြစ်နေကြတဲ့အခါ ရုရုက သူ့ကို သိနှင့်ပြီးသား လူတစ်ယောက်လို ဆက်ဆံရမှာလား။ ခါတိုင်းလို သူငယ်ချင်းမိတ်ဆွေ လူငယ်ချင်းပုံစံအတိုင်း သူက ဆောင်းပဲနွဲ့ဆိုရင် ကိုယ်ကလည်း ဆတ်ဆတ်ထိမခံ ရန်ပြန်စွာခွင့် ရှိဦးမှာလား။

ဒါမှမဟုတ် ကိုယ့်ကျေးဇူးရှင်ရဲ့သားဆိုတော့ သူက သခင်လေးတစ်ပါးလို၊ ကိုယ်က ကျေးဇူးခံ ကျေးဇူးစား အနေအထားလို အလိုက်တသိပဲ ကြည့်ဆက်ဆံရတော့မှာလား။ "သိနှင့်ပြီးသား သူငယ်ချင်းတွေ၊ မိတ်ဆွေတွေပါ"လို့ သူ ဘာလို့များ တစ်ခါတည်း ထုတ်ဖော်ပြောမထားလိုက်တာပါလိမ့်။ ကြားကောင်းအောင် ထည့်ပြောပေးလိုက်ပုံရတဲ့ "မွေးစားသမီး"ဆိုတဲ့စကားကို အတည်မှတ် ယုံစားပြီး "ငါမရှိတုန်း ငါ့နေရာကို ဦးထားတဲ့သူ"ရယ်လို့ တကယ်ပဲ စိတ်လုပ်စိတ်ကောက်နေလေရောသလား။

အန်တီမေဇော်က ဦးကျော့်ရဲ့စကားစအပြတ်မှာ "ကဲ ကဲ ... ရုရုတို့နှစ်ယောက် စာဖတ်နေကြတာလား ဟုတ်လား။ ဒါမှမဟုတ် သွားနားရင်လည်း နားကြပါတော့"ဟု စကားစကိုဝင်ဖြတ်ကာ "သွားကြတော့"ဟု နှင်မထုတ်ရုံတမယ် ဝင်ဆုံးဖြတ်ပေးလိုက်ပါသည်။ ရုရုမှာ ဆက်ဂျစ်တိုက်ပြီး ပေထိုင်နေရင်လည်း နေဦးမည်ဖြစ်သော ဘိုမကို ဆောင့်ခေါ်နေဖို့ မစဉ်းစားတော့ဘဲ ကိုမှုံအကြည့်အငေးတို့ကို ကိုယ့်ဘာသာပဲ ပြန်သိမ်းဆည်းကာ နေရာမှ လှည့်အထွက် ...





"ဟဲ့ ... ကောင်မလေး ... ညီမလေး"

ဘုရားရေ ...။ ဖျံကြီးတွေရှေ့မှာ။ သိနှင့်ပြီးသားတွေလို့လည်း ပြောမထားဘဲနဲ့ ဘာများလုပ်ဦးမလို့လဲ။ ရုရုမှာ ရင်တထိတ်ထိတ်နှင့်ရှိဆဲ သူက လှေကားရင်းအထိ အပြေးရောက်လာကာ (သူ့မှုအတိုင်း ဘယ်သူ့ကိုမှ ဂရုစိုက်မနေဘဲ)သူများနားရှက်နားကို သူ့ပါးစပ်ကြီးနှင့်ထိတော့မတတ် အတင်းကုန်းကိုင်းတိုးကပ်လာရင်း ...

"မင်းက စိတ်အနေမြင့်တတ်လွန်းလို့ ပေါက်ကရတွေ ကိုယ့်ဘာက်ကိုယ်ယက်တွေးမကုန်အောင် ကြိုမှာထားရမှာ။ ငါ ဒီအိမ်မှာ လာနေမှာ၊ ငါ ငယ်ငယ်လေးတည်းက ထိန်းခဲ့တဲ့ ကြီးကြီးကို ချစ်လွန်းလို့နော်။ မင်းရှိနေမှန်း သိလိုက်ရလို့များလားလို့ တလွဲတွေ မထင်လိုက်နဲ့၊ ကြားလား"

ထုံးစံအတိုင်းပါပဲ။ ရုရုမှာ သူ့စကားကို ရယ်ချင်သွားရပြန်တာပါပဲ။ ရုရုမှာ စဉ်းတောင်မှ မစဉ်းစားမိတဲ့ကိစ္စ။ သူပြောမှပဲ "အဲ ... အဲဒီလိုလည်း ဖြစ်နိုင်တာပဲ"ဟု ပြန်စိတ်ကြီးဝင်ရတော့မလို ဖြစ်နေတော့တာပေါ့။ သူ့အမေ တစ်နာရီလောက်ပြောယူလာတာကို လက်မခံခဲ့တဲ့ သားကလေ ကြီးစိန်ကြီး တစ်ခွန်းပြောတာနဲ့ ဆတ်ခနဲ ခေါင်းညိတ်လိုက်တာ "ကြီးကြီးကို ချစ်လွန်းလို့"တဲ့လား။ ဟုတ်လား။ ဩော် ... ဩော် ...။ အဲဒါကိုလည်း ရုရုကို လူကြားသူကြားထဲမှာ အပြေးအလွှား လာဖွင့်ပြောတယ်တဲ့လား။ ဟုတ်ကဲ့ပါ။ ဟုတ်ပါပြီ။ လက်ခံပါပြီရှင်။

www.burmeseclassic.com



ရရှမှာ ပြုံးမနေမိအောင် စိတ်ထိန်းထားရကာ ရင်ကတော့ တလှပ်လှပ် အခုန်မြန်လျက်ရှိပါသည်။ အခန်းထဲ ပြန်ရောက်တော့ ဖတ်လက်စစာကို ဆက်မဖတ်နိုင်ပါ။ အိပ်ရာပေါ် ပစ်လှဲကာ ကိုယ့်မျက်နှာကို လူမတွေ့အောင် စာအုပ်ကြီးဖွင့်ကာ အုပ်ချထားပြီး ရင်ဘတ်ပေါ်သို့တော့ လက်နှစ်ဖက်နှင့် စုံဖိထားမိသည်။ ခဏလေးပဲ ကြာလိုက်ပါသည်။ တံခါးဖွင့်သံ ပိတ်သံတွေကို ကြားလိုက်ရပြီး ကိုယ့်မျက်နှာပေါ်က စာအုပ်ကိုလည်း ဖြတ်ခနဲ ဆွဲအလှန်ခံလိုက်ရကာ ...

"စိတ်ကူးတွေ အရမ်းယဉ်နေတယ် ဟုတ်စ"

"သူနဲ့ ငါနဲ့က နဂိုတည်းက အသိတွေ။ ခင်ပြီးသား။ သိပြီးသား"

ရရှမှာ အန်တီမေဇော်ထံသို့ပဲ ပြန်ပေါက်ချင်ပေါက်ပါစေတော့။ တမင်ပဲ ဇွတ်ပြောချပစ်လိုက်သည်။ ပြောပြီးတော့လည်း ကြောက်စိတ်တွေ၊ နောင်တတွေ ဖြစ်မလာဘဲ နှစ်ထောင်းအားရနှင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့်သွားစိတ်တွေပဲ ဝင်လာသည်။

"ဟုတ်ချင် ဟုတ်မှာပေါ့ မြန်မာနိုင်ငံထဲ ပြန်ရောက်နေတာကြာပြီလို့ဆိုတာကိုး၊ မြင်ဖူးနှင့်ကြတာ တစ်လနှစ်လလောက်တော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ သူကတော့ ဒါကို အသိအမှတ်ပြု ထုတ်ဖော်ချင်ဟန် မရှိပါဘူး။ နင် လှေကားပေါ်တက်ခါနီးကျတော့ကော ဘာလာပြောတာလဲ"





"စတာ ...။ သူက အဲဒီလိုပဲ တအားစတတ်တယ်"

ဘိုမက ရရှကို မျက်ခုံးကြီးနှစ်ဖက် မြင့်တက်ကာ ခပ်ကြာကြာ ကြည့်နေသည်။

"နင့်ကို အဘွားကြီးက 'မွေးစားသမီး' ယောင်ယောင်ပြောလိုက်တာလေ။ အဲဒါ ဂုဏ်မြင့်ပေးချင်လို့များ ထင်နေလား"

"ကြားကောင်းအောင် ထည့်ပြောပေးတာဆိုတာ နားလည်ပါတယ်။ ငါမှာ နင့်လို အတိအလင်း ဖော်ထုတ်မိတ်ဆက်ပေးလို့ရတဲ့ ပတ်သက်မှုမျိုးမှ မရှိတာပဲ"

"ဘယ်ကလာ ကြားကောင်းအောင်ရမှာလဲ။ စည်းခြားပေးလိုက်တာလို့ ခေါ်တယ်။ မပတ်သက်ကြနဲ့လို့ သတိပေးလိုက်တာလို့ ခေါ်တယ်။ မောင်နှမအနေအထားဆိုတာ ဘာမှစိတ်ကူးယဉ်နေဖို့ မလိုဘူးဆိုတာ နင့်ကိုရော သူ့သားကိုပါ သိစေလိုက်တာ။ အဲဒါပဲ"

အဲဒါဆိုလည်း ကြိုတင်စိုးရိမ်ထိတ်လန့် တားမြစ်ချင်နေရတယ်ဆိုတာ နင့်ကြောင့်ပဲ ဖြစ်မှာပေါ့ ဘိုမရယ်။ ဒီအိမ်မှာ ယောကျ်ားရယ်လို့ တစ်ယောက်ပဲရှိတုန်းက နင်က အစီအစဉ်ဆွဲပစ်လိုက်တယ်လေ။ ခု နောက်တစ်ယောက် ထပ်ပေါ်လာတဲ့အခါ နင့်ညီမဖြစ်တဲ့ငါက နင့်လမ်းစဉ်ပဲ လိုက်ဦးမလားလို့ လူကြီးတစ်ယောက်အနေနဲ့ ပူမယ်ဆိုလည်း ပူလောက်စရာပေါ့။ ဒါပေမဲ့ နင်မသိတာ တစ်ခုက "ဖြစ်ချင်းဖြစ် ရရှနဲ့သာဆိုရင် ဒီ့ထက်ပိုပြီး ကျေနပ်စရာ ကောင်းမှာပဲ"ဆိုတဲ့ စကားတစ်ခွန်းပါ။ အန်တီမေဇော်ဟာ ငါ့ကို အဲဒီလို ဖွင့်ပြောခဲ့ဖူးတယ်လေ ဘိုမရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရုရုက ကံကြမ္မာကိုတော့ အင်မတန်ကျေးဇူးတင်ပါသည်။ သူ အန်တီမေဖော်ရဲ့သား ဖြစ်နေတာကို မဟုတ်ပါ။ ခုမှပေါ်လာခဲ့တာကိုသာ ဖြစ်ပါသည်။ အကယ်၍သာ ရုရုတို့ ဒီအိမ်ကို စရောက်စကတည်းကသာ သူသည်လည်း ဒီအိမ်ရဲ့အမွေခံ တစ်ယောက်၊ ဒီကသား၊ ယောက်ျားလေး တစ်ယောက်အနေနဲ့ ကြိုရှိနေနှင့်ရင် ဘိုမဟာ အသက်အများကြီးကွာတဲ့၊ လန်းဆန်းတက်ကြွမှုတွေ ပျောက်ကွယ်နေတဲ့၊ ဒုက္ခိတတစ်ယောက်ပါ ဖြစ်နေသေးတဲ့ ဦးကျော်ကို ရည်ရွယ်ချက်ကြီးကြီးမားမားချမှတ်ကာ Target (ပစ်မှတ်)ထားချင်မှ ထားတော့မှာပေါ့။ တော်ပါသေးရဲ့ တော်ပါသေးရဲ့။

ဘိုမက ဘယ်လိုပင် ဖောင်းပဲနရွဲပုံစံနဲ့ ဆက်ကြည့်နေ ကြည့်နေ ရုရုမှာ ပြုံးစိစိကလေးပဲ ပြန်ဖြစ်လာပါသည်။

"ဟိတ် ... ဟိတ် ... ညီမလေး ... ညီမလေးလို့ ခေါ်နေတယ်လေ။ ညီမလေးခေါ်ရဲ့သားနဲ့ လှည့်မကြည့်ရင် ယော့ကောင်မလေးလို့ ခေါ်မှာနော်။ ဒီမှာ မွေးစားသမီး"

ရုရုမှာ အချိန်နဲ့အမျှ အဲဒီလိုချည်း လိုက်ဖြစ်နေတဲ့ အဲဒီတစ်ယောက်ကို ဘယ်လိုဆက်ဆံရမလဲကို မသိတာပါ။ ဟိုးအရင်အချိန်တွေက ဘိုမ တစ်ယောက် ... ယောက်ယက်ခတ်မှု





ဦးကျော်ကို လိုက်လုံးနေခဲ့တာကို ဘေးလူအနေနဲ့ ကိုယ်က မြင်နေ၊ သိနေရတော့ အမြင်မတော်ဘူးမှန်း သိနေတယ်လေ။ ခုကျတော့ ကိုယ်က ဆင်ခြင်ပါရက် အဲဒီ တော်သဝဏ် တစ်ယောက်ဟာ ဘယ်လိုဖြစ်နေမှန်းကို မသိတာ။

ခုချိန်မှာ ကိုယ်ဟာ ဘေးလူတစ်ယောက် မဟုတ်တော့ဘဲ ကာယကံရှင်နေရာ ရောက်နေပြီမို့ ဘေးလူတွေဖြစ်တဲ့ ဒီအိမ်သားတွေ၊ အလုပ်သမားတွေရဲ့အမြင်မှာ အမြင်မတော်ချင်စရာ မြင်သာ ထင်သာ သိသိသာသာကြီး ဖြစ်နေမှာ စိုးမိပါသည်။ ကိုယ်ကလိုက်ပြီး အတင်းကြီး တွယ်ကပ်ချင် လုံးချင်နေတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူက ဘိုမ လုပ်နေတုန်းကနီးပါးလောက်ကို ယောက်ယက်ခတ်ပြနေခဲ့တာ။

အန်တီမေဖော်ဟာ သူ့သားကို ရှောင်နေမှ ကြိုက်မှာလား။ ဒါမှမဟုတ် သူ့သားက အရိုးခံပကတိစိတ်ထားနဲ့ ခင်ခင်မင်မင် ရှိချင်တာကိုပဲ အထင်လွဲ အမြင်လွဲ ကြီးကြီးကျယ်ကျယ်လုပ်ပြီး ဒီလိုကောင်မလေးကများ ရှောင်ချင် တိမ်းချင်ရသေးလားလို့ အပြစ်မြင်မှာလား။ မနေ့ကတော့ သူ့သားသူ မေးနေသံကြားပါသည်။

"ခရီးတွေ ထပ်ထွက်ပြီး မြန်မာတစ်နိုင်ငံလုံးထဲမှာ မရောက်ဖူးသေးတဲ့ နေရာစုံကို လှည့်ပတ်လျှောက်သွားပြီးမှ ပြန်မှာဆို။ ခရီးထွက်မှာမို့ ဒီမှာတောင် လာမနေနိုင်ပါဘူးလို့ ဆင်ခြေပေးထားတဲ့သားက အိမ်မြဲနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မြဲနေတာက ပိုကောင်းသားပဲလို့ မထင်လို့လား"

"မဟုတ်ပါဘူး၊ သွားမယ် ပြောထားပြီးမှ မသွားတော့တာဆိုတော့ အကြောင်းတစ်ခုခုများ ရှိနေမလားလို့ပါ"

"ဟာ ... ရှိတာပေါ့။ သြော် ... ရှိပြီလား မေမေရာ။ ရှိတာမှ ခိုင်ခိုင်လုံလုံကို ရှိတယ်။ သုံးဖို့ဖွဲဖို့က ဘယ်လောက်များပါလာလို့လဲ။ ကုန်ပြီပေါ့။ ဒါတောင် ဒီနှစ် Summer မှာသုံးဖို့ဆိုရင် မနှစ်က Summer တစ်ခုလုံး တောက်လျှောက်ကော၊ ကျောင်းဖွင့်ရက်ဆိုလည်း ညပိုင်းတွေအကုန် မြန်မာ Restaurant တစ်ခုမှာ အလုပ်ဝင်ပြီး စုထားခဲ့ရတာ။ ဘယ်လောက်များမှာလဲ။ ဖေဖေကလည်း မချမ်းသာဘူးဗျ"

"တော် ... မေမေက တကယ်သိချင်လို့ မေးတာပါ။ မေမေ့ကို အဲဒီလိုတော့ အရွဲ့တိုက်ပြီး မဖြေသင့်ဘူးထင်တာပဲ"

"ရွဲ့တာမှ မဟုတ်ဘဲ၊ တကယ့်အဖြစ်အပျက်ပဲဟာ"

"တကယ်ဆိုလည်း မေမေ့ကို ပြောပြပါလား။ တောင်းပါလားတော်"

"ဟင့်အင်း ... မတောင်းချင်ပါဘူး"

အန်တီမေဇော် သက်ပြင်းချတာကို ရရ တွေ့လိုက်ပါသည်။ အဲဒီတစ်ယောက်ဟာ "ပိုက်ဆံမရှိတော့လို့ ခရီးတွေထပ်ထွက်လို့ မရတော့ဘူး"ဆိုတာ တကယ့်အဖြစ်မှန် ဟုတ်မဟုတ်တော့ မသိပေမယ့် အန်တီမေဇော်ရဲ့ စိတ်နှလုံးကို ကောင်းကောင်းကြီး ကိုင်လှုပ်၊ ထိခိုက်စေသော အကြောင်းပြချက် ဖြစ်တာကိုတော့ သူသိပုံရပါသည်။





သားနဲ့ အမေနဲ့ကြားမှာက အဲဒီငွေရေးကြေးရေးကလည်း ပြဿနာတစ်ခုအဖြစ် နေရာယူထားခဲ့ဟန် တူသည်။ အဲဒီလို အကြောင်းပြလိုက်ရင် ဒီသားတော်မောင်ဟာ အမေလုပ်တဲ့သူကို ကောင်းကောင်းအနိုင်ယူလို့ ရသွားနိုင်တာမျိုးတို့ ဘာတို့ ... တစ်ခုခုပေါ့။

"ဖေဖေတို့က ပညာတတ်အသိုင်းအဝိုင်းမျိုးဆိုတော့ နာမည်ကြီးတယ်၊ လူကုံထံတွေ၊ အထက်တန်းစားအလွှာတွေလို့ အများက ယူဆကြတယ်။ ဒါပေမဲ့ တကယ်တမ်း ပိုက်ဆံရှိတာက တစ်ယောက် နှစ်ယောက်ပါ။ များသောအားဖြင့် မိသားစုဝင်တွေက ဂုဏ်နဲ့ဟန်ပဲ ရှိကြတာ။ မေမေတို့ကတော့ နဂိုတည်းက စီးပွားရေးသမားတွေနေလ။ ပိုက်ဆံပြီးရင် ပိုက်ဆံလောက်ပဲ ခေါင်းထဲရှိကြတာ။ ပိုက်ဆံမရှိရင် လူလို့သိပ်သတ်မှတ်ကြတာ မဟုတ်ဘူး။ ဖေဖေနဲ့ မေမေနဲ့ကြားမှာ ညှိနှိုင်းမရတော့တဲ့ အဓိကပြဿနာက အဲဒါပဲ"

အန်တီမေဇော် အလုပ်သို့သွားနေချိန်၊ အိမ်မှာမရှိတဲ့အခိုက်မှာ တော်သဝဏ်နဲ့ ရရတို့နှစ်ယောက် ရေကူးကန်ကြီးနံဘေးက Orchid House လေးရဲ့ရှေ့မှာ ခုံချင်းယှဉ်ချထိုင်ပြီး စကားပြောဖြစ်ခဲ့ကြပါသည်။

ဒီနေ့ကတော့ ကိုယ့်ရဲ့စိတ်ဆန္ဒ၊ နှလုံးသားရဲ့အလိုကို ဆန့်ကျင်ပြီး သူ့ကို အမြဲရှောင်တိမ်း ထွက်ပြေးလို့ချည်း နေခဲ့ရတဲ့ ရရဟာ စိတ်နဲ့ခန္ဓာ တစ်ထပ်တည်းကျဖို့ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်,လိုက်တယ်ပဲ ပြောပါတော့။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုလုပ်ပြီး အဖေနဲ့ ပါသွားခဲ့တာလဲ"

"ဘာဖြစ်လို့ ပါမသွားရမှာလဲ"

"မဟုတ်ဘူးလေ။ များသောအားဖြင့် မိဘတွေချင်း အဆင်မပြေတော့ရင် သားသမီးတွေက အမေနဲ့ပဲ နေရစ်ကြတာများတယ် မဟုတ်လား။ 'အမေလုပ်တဲ့သူက မကျွေးမွေးနိုင်၊ တာဝန်မယူနိုင်မှသာ အဖေ့ဘက်ပါကြရတာလေ မဟုတ်ဘူးလား"

"အဲဒီတုန်းက ဆယ်နှစ်ပဲ ရှိသေးတယ်။ မင်းမှာ ဆယ်နှစ်သမီးအရွယ်နဲ့ တရားရုံးခွင်က ဝက်ခြံနေရာလေးထဲ ရောက်ဖူးတဲ့ အတွေ့အကြုံမျိုး ရှိမှာမဟုတ်ပါဘူး။ အကြီးအကျယ်ကို တိုက်ပွဲဆင်ခဲ့ကြပြီး သားသမီးအုပ်ထိန်းခွင့်ကို လုယူခဲ့ကြတာလေ။ ခေတ္တအုပ်ထိန်းခွင့်ရထားတာက မေမေဆိုတော့ မေမေ့အိမ်ကနေမှ တရားရုံးကို သွားရတာ။ ကြီးကြီးနဲ့ ရှေ့နေနဲ့ ပေါင်းပြီး ငါ့ကို တောက်လျှောက်တတွတ်တွတ်ကို သင်ကြတာပေါ့။ ဒါပေမဲ့ ငါက ဖေဖေနဲ့လိုက်သွားဖို့ပဲ ရွေးချယ်လိုက်တယ်၊ ရုံးတော်မှာလည်း အဲဒီလိုပဲ အော်ပြီးတော့ကို ပြောခဲ့တာ"

"အန်တီမေဖော်တော့ တော်တော့်ကို စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့ရမှာပဲ။ အရှိက်ကို ပိတ်ထိုးခံလိုက်ရတာထက်တောင် အခံရခက် ခံစားရမှာ"



"ဒါပေမဲ့ ငါက လူထက် ငွေနဲ့ပိုက်ဆံကပဲ ပိုအရေးကြီးနေတာကို အဲဒီအချိန်ကတည်းက မကြိုက်ဘူးလေ"

"မကြိုက်ဘူးသာဆိုတယ်။ သူ့ကြည့်တော့ဖြင့် သူဌေးမင်းကြီးလိုလို ဂိုက်ဖမ်းထားပြီးတော့များ။ စတွေ့ဖူးတုန်းကလေ ပြောခဲ့တာ မှတ်မိရဲ့လား။ ဆင်းရဲသား အစုတ်ပလုတ်တစ်ယောက်ကို သူဌေးမင်းကြီးက 'မင်း ဘာမှမသိနားမလည်ပါဘူး' ဆိုတဲ့ မတ္တမတ္တနဲလေသံနဲ့ပေါ့။ 'ဒီဘောင်းဘီ ဘယ်လောက်တန်သလဲဆိုတာ မင်းသိရဲ့လား' တဲ့ ... ကဲ ..."

"ဩ ... အဲဒါကတော့ ဘောင်းဘီကို နှမြောတာကိုးကွ"

"ပြန်လျှော်ပစ်လို့ ရတာပဲဟာ။ ဘာပဲဖြစ်ဖြစ် အဲဒါလည်း ငွေစကားပဲလေ။ ကိုယ်တောင် နှမြောလို့ အဲဒီလိုပြောဖြစ်သေးရင် အန်တီမေဖော်လည်း သူ့ဟာနဲ့သူ တန်ဖိုးထားတဲ့ အခြေအနေလေးတွေရှိလို့ကော မဖြစ်နိုင်ဘူးလား"

"မင်းကတော့ အဲဒီတုန်းက အခြေအနေတွေကိုမှ မကြုံလိုက်ရတာ၊ ခုမှ မေမေက ခေါ်မွေးစားထားတဲ့ မေမေ့မွေးစားသမီးဆိုတော့ မေမေ့ဘက်ကပဲလိုက်ပြီး ဖြေတွေးပေးနေမှာပေါ့"

"မွေးစားသမီးလည်း မဟုတ်ပါဘူး။ အဲဒါ အန်တီမေဖော်က ဘယ်လိုမိတ်ဆက်ပေးရမလဲ မသိလို့ ကြားကောင်းအောင် ပြောလိုက်တာပါ။ တကယ်က ဘာမှမဟုတ်ဘူး။

www.burmeseclassic.com



မွေးစားတာလည်း မဟုတ်ဘူး။ အရှင်းဆုံး ပြောရရင်တော့ ရုရုဆော ဘိုမပါ နေစရာ စားစရာတောင် အခက်အခဲရှိနေလို့ အန်တီမေဇော်က သနားပြီး ခေါ်စောင့်ရှောက်ထားတာ၊ အဲဒါပဲ ...

ဘက်လိုက်ပြောတာလည်း မဟုတ်ပါဘူး။ ရုရုဖြင့် အန်တီမေဇော် ငွေစကားပြောတာ ပိုက်ဆံမရှိလို့ လူလို့မသတ်မှတ်တာမျိုး တစ်ခါမှကို မကြားဖူးဘူး။ မကြုံဖူးဘူး"

"ဖေဖေနဲ့ ပြဿနာဖြစ်လိုက်ကြရလို့ နောင်တရသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် ပင်ကိုဗီဇဆိုတာ ထုတ်ဖော်ပြသနေစရာ အကြောင်းမရှိရင် ခဏလောက် လျှိုဖွက်ထားလို့လည်း ရနိုင်တာမျိုးပဲ"

"ဟင် ... ဒါပေမဲ့ ကိုယ့်အမေကိုယ် အပြစ်မြင်နေ စိတ်နာနေတယ်ဆိုတာကြီးကတော့ မကောင်းပါဘူး"

"မင်းလည်း ပိုက်ဆံ ... ပိုက်ဆံ ... ပိုက်ဆံဆိုတဲ့ မိန်းမမျိုးမဖြစ်စေနဲ့၊ ဒါပဲ"

"ဟီဟိ ... ဖြစ်ရအောင် ဘယ်မှာလဲ ပိုက်ဆံက ..."

"သြ ... ! ဒါဆို ရှိရင်တော့ ဖြစ်မယ်ပေါ့"

"အဲလိုပဲအမြဲ သူများမပြောတဲ့ဟာတွေကို သူလိုသလိုဆွဲပြီး အဓိပ္ပာယ်ကောက်တတ်တဲ့ နေရာမှာတော့ နှစ်ယောက်မရှိဘူး"





"ငါက တကယ်စိုးရိမ်လို့ ပြောတာ။ ရှိမှမဟုတ်ဘူး မရှိတဲ့သူတွေလည်း ပိုက်ဆံအကြောင်းပဲတွေးပြီး ပိုက်ဆံစကားပြော၊ ပိုက်ဆံနောက် လိုက်နေကြတာတွေ တစ်ပုံကြီးပဲ၊ သိပ်ရွံဖို့ကောင်းတယ်"

ရုရုက ပြုံးစိစိလေး လုပ်နေခဲ့ပါသည်။ "ပိုက်ဆံ၊ ပိုက်ဆံ၊ ပိုက်ဆံ"ဆိုတာကို မကြိုက်ဘူး၊ ရွံတယ်ဆိုရင်တော့ နေ့ရှိသရွေ့ အချိန်ရှိသရွေ့ သူ့ကို ချောင်းနေတတ်ပြန်ပြီး သူနဲ့တရင်းတနှီးကြီး ဖြစ်ချင်နေပြန်သော ဘိုမရဲ့စက်ကွင်းကို သူ့အနေနဲ့ ယောင်လို့တောင် မသက်ဆင်းချင်တော့ဘူးပေါ့နော်။ ဘိုမဟာဘာတစ်ခုကိုပဲ အလေးအနက်ထား ဦးတည်ဖို့ စဉ်းစားတတ်သလဲဆိုတာ သူ ရိပ်မိအကဲခတ်နိုင်မှာပေါ့နော်။

"မင်းကို ငါ အမှန်အတိုင်းပဲ ပြောပြတော့မယ်။ အဲဒီဘောင်းဘီကို ငါ ဘာလုပ်ထားသလဲ သိလား"

သူကလည်း ရုတ်တရက် ပြုံးစိစိဖြစ်လာကာ စကားလမ်းကြောင်းကို ပြောင်းချလိုက်ပါသည်။ ရုရုမှာ "အင်း ... ဘာလဲ"ဟု ကြောင်သွားရစဉ် ...

"ခုထိ မလျှော်ရသေးဘူး"

"ဟာ ... ကွက်ကုန်မှာပေါ့၊ ရွံ့ဆိုပေမယ့် ကြာရင်စွဲတတ်တယ်၊ သိပ်ဆိုးတာ၊ ခုဒီမှာ လျှော်ခိုင်းရင်လျှော်ခိုင်း၊ ဒါမှမဟုတ် Laundry ပေးလိုက်လေ။ ဘာဖြစ်လို့ ခုထိမလျှော်ရသေးဘဲ ဖြစ်နေတာလဲ။ ခရီးတွေ ထွက်ဖြစ်နေလို့ ချက်ချင်း မလျှော်ဖြစ်လိုက်တာနဲ့ပဲ မေ့သွားတာလား၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ တမင့်ကို ထားထားတာ၊ အဲဒီအစက်တွေ အကွက်တွေကို မြင်နေချင်လို့ကို ထားထားတာ"

"နမြောတယ်ဆို ... !"

"တမင်ပြောတာ"

"ဟင် ... !"

"ဒီဘောင်းဘီ ဘယ်လောက်တန်သလဲ သိလား ဆိုတဲ့စကားမျိုးကို ငါလို ငွေစကားပြောတာကို သိပ်မုန်းတဲ့လူလားကွာ၊ တကယ်စိတ်ရင်းနဲ့ ပြောမှာ"

"ဟင် ... ! ဒါဖြင့် ဘာလို့ ပြောသေးလဲ"

"တမင်ပြောတာပါဆို။ 'ဒီဘောင်းဘီ ဘယ်လောက်တန်သလဲ သိလား'တို့၊ 'ပြန်သုတ်ပေး'တို့၊ 'မင်းလိုကောင်မလေးမျိုးဆိုများ ဘယ်ကောင်လေးကမှ အလကားနေရင်းလာကပ်မနေချင်ပါဘူး'တို့၊ 'ငါ ဒီအိမ်မှာလာနေမှာ ကြီးကြီးကို ချစ်လွန်းလို့'တို့ အားလုံး တမင်ပြောတာ"

"ဘာ ... ဘာလို့လဲဟင်"

"မင်း ငါ့ကို အမြဲအမှတ်တရနဲ့ စိတ်ထဲစွဲစွဲမြဲမြဲ ရှိနေအောင်လေ၊ ခု အဲဒီစကားတွေ အကုန်လုံးနဲ့ ငါ့ကိုပါ မင်းခေါင်းထဲမှာ ရှိနေတယ် မဟုတ်လား။ ထပ်မတွေ့ရတော့ရင်လည်း တော်ရုံနဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာမဟုတ်ဘူး မှတ်လား"

"အမယ်"





ရုရုက တော်သဝဏ်ကို မျက်စောင်းကြီးနဲ့ ရွယ်လိုက်ရာ သူက ကောင်းကင်ကို မော့ကြည့်ပြီး ပြုံးရယ်နေလေသည်။ သူ ကိုယ့်ကိုကြည့်မနေစဉ်မှာ သူ့ကို ခိုးဝှက်ချောင်းကြည့်ရင်း ရင်ခုန်ရင်မောရသည့် အရသာအသစ်အဆန်းကို ရုရုက ကြိုက်ပါသည်။

"ရွံ့ဗွက်ထဲ ချော်လဲကျသွားတဲ့ မင်းကို ဖျတ်ခနဲ မြင်လိုက်ရတာနဲ့တင် မင်းရဲ့စိတ်ထဲ အတွေးထဲမှာ ငါ ခပ်ကြာကြာလေး ရှိချင်သွားတယ် ကရုဏာ"

အဲဒါ ဘာသဘောလဲ၊ ဘာအဓိပ္ပာယ်လဲဟင်။ ဒါပေမဲ့ ဘာသဘော ဘာအဓိပ္ပာယ်ပဲဖြစ်ဖြစ် တစ်ဆိတ်ဟာလေးလောက် စီးစီးပိုးပိုးကလေး နိုင်နေတယ်များ မထင်မိဘူးလား။ သူ့စိတ်ထဲ အတွေးထဲမှာ ရုရု ရှိနေဖို့ထက် ရုရုရဲ့စိတ်ထဲ အတွေးထဲမှာသာ သူက ရှိနေနိုင်ဖို့တဲ့။ ပြီးကျတော့ အဲဒီလိုဖြစ်စေဖို့ (သူ ပြောသလိုဆို "တမင်")သုံးတဲ့နည်းကလည်း လူကို ဟောက်ဟမ်းငေါက်ငမ်းသွားသည့်နည်းချည်းပဲ ဖြစ်နေသည်။

အင်း ... အဲဒီလိုတော့လည်း မဟုတ်သေးဘူး ထင်တယ်။ သူဟာ ရွံ့စက်တွေ ရွံ့ကွက်တွေကို အမြဲမြင်နေချင်လို့ ဈေးကြီးအဖိုးတန်ပုံရတဲ့ ဘောင်းဘီတစ်ထည်ကိုတောင် ပြန်မလျှော်ဘဲ ဒီတိုင်း ထားထားတယ်လို့လည်း ဖွင့်ပြောပြသွားပဲလေ။ အဲဒါကကော ဘာပါလိမ့်။ တကယ်ပဲဆိုရင်တော့ အရှုးထတာလား။ ဒါမှမဟုတ်ရင် ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီလကုန်ရင် ပြန်ရတော့မယ်၊ စင်ကာပူမှာ ကျောင်းလိုက်တက်ပါလား"

သူက "လွှတ်"ခနဲ စိတ်နဲ့ကိုယ်နဲ့မကပ်ဘဲ ပြောလိုက်ပုံမျိုးနဲ့ (လူကိုလည်း မကြည့်ဘဲ သူ့ဘာသာပဲ ပြောနေသလိုလို) ပြောလိုက်သည်။ ရှုရှုမှာ ချိန့်နဲ့လေးမျှပင် မပြုံးပြနိုင်ပါ။ ကလေးကျနေတာပဲ။ ရှုရှုအတွက် ဘယ်လိုမှ ဖြစ်မလာနိုင်တဲ့ အခြေအနေမျိုးပဲဆိုတာ သိရက်နဲ့ သူက ဘာလို့အဲလိုကြီး ပြောချင်ရတာလဲ။

"တက်ချင်လား၊ ဖေဖေ့ကို ပြောကြည့်မယ်"

"ဟင့်အင်း"

"ငါက ပြန်ရတော့မှာကွ"

"အစောတည်းက တစ်နိုင်ငံစီ နေနေခဲ့ကြတာကိုး။ ကိစ္စရှိရင်တော့ ပြန်ရမှာပေါ့။ ဒီလိုပဲ အားလပ်ရက်ရတော့ ပြန်လာခဲ့ပေါ့။ လာလိုက် ပြန်လိုက်"

"တွေ့လိုက် မတွေ့လိုက်"

"အင်းလေ ... အဲဒီလိုပဲပေါ့"

ဘာဆိုင်လို့ အမြဲတွေ့နေဖို့ လိုအပ်ရမှာလဲ။ ဘယ်သူနဲ့ဘယ်သူက ဘယ်လိုပတ်သက်မှုရှိလို့ "ဖေဖေ ... သူ့ကိုပါ ကျောင်းထားပေး"လို့ တော်သဝဏ်က ရဲရဲကြီး တောင်းဆိုခွင့်ရှိရမှာလဲ။ တစ်နယ်ကဧည့်သည် အိမ်ပြန်လေတဲ့နောက် ဘယ့်နယ်ကြောင့် ဒီက ကောက်ကောက်ပါအောင် လိုက်ခဲ့ရမှာလဲ။ သူဟာ သူများတကာကို တစ်မျိုးကြီး ဖြစ်ဖြစ်သွားအောင် သိပ်လုပ်တတ်တာပဲ။





"Internet Cafe ဆိုင်တွေ ထိုင်လေ့ရှိလား"

"ရောက်တောင် မရောက်ဖူးဘူး"

"ကျွတ် ... ဒါဖြင့် Chat လုပ်တာတို့ On Lone တက်ပြီး Pfingo တို့ Vzoတို့နဲ့ စကားပြောတာတို့ရော လုပ်တတ်လား"

"အဲဒါ ဘာတွေလဲ။ ဖုန်းပြောသလို ပြောတာလား"

"တောက် ... သင်လေကွာ သင်တော့။ Internet ဆိုင်တစ်ဆိုင်ဆိုင်ကိုသွားပြီး သင်သင်သင် ... လုပ်ကြည့်။ ကျွတ် ဘယ်လိုခေတ်တုံး၊ ခေတ်ဆွေး၊ ခေတ်နောက်ကျနဲ့ လာတွေ့နေရတယ် မပြောတတ်ဘူး"

"ဘာလုပ်ဖို့လဲ"

"ဟား ... ငါ ဟိုပြန်သွားတော့ ပြန်မလာနိုင်ခင်စပ်ကြားဒီကြားတည်းမှာ မင်းနဲ့ငါ ဘယ်လိုဆက်သွယ်ကြရမှာလဲ။ အဘိုးတို့ အဖေတို့ ခေတ်ကလို စာတစ်စောင်ထည့်ပြီး လ,နဲ့ချီ ပြန်စောင့်မျှော်နေရမှာလား။ မလိုချင်ဘူး။ နေ့တိုင်း စကားပြောကြမယ်"

"သြော် ... အဲဒီလိုလား။ ဒါပေမဲ့ အဲဒါ ပိုက်ဆံကုန်လား"

တော်သဝဏ်က ရှုရှုကို မှုတည်တည်နှင့် ကျုံကြည့်ကြည့်လာသဖြင့် "အဲဒါ ပိုက်ဆံဆိုတဲ့စကားလုံး ပါနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံစကား မဟုတ်ဘူး။ ဘာမှမဆိုင်ဘူး”ဟု မြန်မြန်အော်လိုက်ရသည်။ သူက မကျေမနပ်ပုံစံနှင့် “ပိုက်ဆံဆိုတာကြီး အလုံးလိုက်ပါနေတာတောင် ပိုက်ဆံစကား မဟုတ်ဘူးတဲ့”ဟု ကလေးကြီးစိတ်ကောက် ဘုကျသလို ဆိုလိုက်ပြီးမှ ...

“မင်းကို မေမေက စောင့်ရှောက်ထားတယ်လည်းဆိုသေးဘာတစ်ပြားမှ ပေးမထားဘူးလား”

“ဪ ... မုန့်ဖိုးတော့ ပေးတာပေါ့”

“ဒါဆို ဘာမှထပ်ပြောမနေနဲ့တော့၊ အဲဒါနဲ့လောက်တယ်၊ ဒီအိမ်မှာကော ဦးကျော်ရဲ့စာကြည့်ခန်းထဲမှာ Internet line ချိတ်ထားတယ် မဟုတ်ဘူးလား”

“မသိဘူး”

“ကျုတ် ... သိအောင်လုပ်ဖို့က မင်းတာဝန်လေ။ ရှိရင် အဲဒါကိုသုံး။ မရှိရင် ဆိုင်ကိုသွား။ ဘယ်လိုပဲဖြစ်ဖြစ် နေ့တိုင်းကတော့ စကားပြောကြမယ်”

“နေ့တိုင်း စကားပြောကြမယ်”တဲ့။ ရရဖြင့် ပါးစပ်ကိုပိတ်ပိတ်လေး နှုတ်ခမ်းကို စေ့စေ့လေးတောင် မနေနိုင်ချင်တော့ပါဘူး။ ရရက သိပ်ဟန်မဆောင်တတ်ဘူး တော်ရေ။ မကြိုက် ... မကြိုက်တဲ့အတိုင်း၊ ကြိုက် ... ကြိုက်တဲ့အတိုင်း။ စိတ်ထဲရှိသလို နေပစ်လိုက်မိတာပဲ။ ရိပ်မိနေပြီပဲ မဟုတ်လား။ ရရရဲ့ရင်ထဲကိုလေ။





ဒီလောကကြီးထဲမှာ (တစ်ဦးတည်းသော ဆွေရင်းမျိုးရင်း ‘ပတ်သက်ရာ’လို့ ရရကလည်း သတ်မှတ်မိတဲ့)အဘိုးတစ်ယောက်တည်းကိုပဲ ယုံကြည်မြတ်နိုး အားကိုးကာ စိတ်ရှိသမျှနှစ်ပုံပြီး ချစ်ခဲ့ဖူးတဲ့ ရရဟာ သွေးသားမတော်တာတဲ့ သူစိမ်း၊ အသစ်၊ ပြီးကျတော့လည်း ယောကျ်ား၊ နောက်ထပ်တစ်ယောက်ကို ဒီလောက်တွယ်တာ၊ ယုံကြည်အားကိုး နှစ်ပုံလိုစိတ် ထပ်ရှိလို့ ရနိုင်သေးမှန်း ခုမှပဲ သဘောပေါက် နားလည်မိတာပင်။

ဥတစ်လုံး တစ်ကောင်ကြွက်တို့ရဲ့ တွယ်တာစိတ်ကတကယ့်ကို စစ်မှန်ပြင်းထန်ပြီး ကြီးမားမျှားပြားလို့လည်းနေတာနော်။ ရရ မညာချင်ပါ။ သူ့ကို အရမ်းကို တွယ်တာမြတ်နိုးမိတယ်။ သိပ်ကြီးကို ချစ်မိတော့တာပဲ တော်ရေ။

ရရကတော့ အဲဒါကို အရင်းအတိုင်း ထုတ်ဖော်ပြောလိုက်ဖို့ မဖြစ်နိုင်လို့သာပါ။ သူကျတော့ရော။ ခုနေ သူ့ရင်ထဲမှာ ဘာတွေရှိနေသလဲ။ ဘာတွေရှိနေပြီလဲ။ ထုတ်ဖော်ပြောကြားလိုက်က လူတစ်ဖက်သား သိသွားစေဖို့ကျတော့ ဆန္ဒမရှိဘူးပေါ့နော်။

တစ်မနက်လုံး စိတ်အလိုလိုက်ကာ ပျော်ပိုက်ခွင့်ရခဲ့တဲ့ ရရဟာ အပြင်ထွက်သွားတဲ့ ဘိုမ အိမ်ပြန်ရောက်လာတဲ့အခါမှာတော့ ဆက်ပျော်ခွင့် မရနိုင်တော့ပါ။ ဘိုမဟာ ရရတို့နှစ်ယောက်ကို နှစ်ယောက်ပူးကြီး လှမ်းမြင်လိုက်တာနဲ့ တစ်ပြိုင်နက်ဣန္ဒြေတောင် မဆည်နိုင်ဘဲ အနားထိပြေးကိုလာခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ငါ မကြိုက်ဘူး။ ဒေါ်လေးနေရာနဲ့ မညီညွတ်တဲ့ တစ်ယောက်ကို ဒေါ်လေးတော်ချင်စိတ်လည်း မရှိဘူး။ မင်းအစ်မရဲ့ မကောင်းကြောင်းကို မင်းကိုမှ လာပြောနေရတာတော့ ဆောရီးပဲ ရုရု။ ဒါပေမဲ့ သူ့ကို ငါနဲ့ခပ်ဝေးဝေး ခပ်ခွာခွာနေဖို့ ပြောလို့ရရင် ပြောထားပေးစမ်းပါ။ ဒီမှာ ခဏပဲ လာနေတာ။ ပြဿနာဖြစ်ကျန်ရစ်တာမျိုး ငါ မဖြစ်ချင်ဘူး"

သူကသာ "ဆောရီးပဲ"လို့ တောင်းပန်နေတာ။ ရုရုကတော့ သူ့ကို စိတ်တိုင်းကျ ကျေနပ်တဲ့စိတ်နဲ့ ကြည့်နေခဲ့တာ သူ သိမယ်မထင်ပါ။ "တရင်းတနှီး မနေချင်ပါဘူးဆိုတဲ့ သူမျိုးတွေကို ရအောင်လုံးပြရတာကမှ အရသာဟဲ့"လို့ ဟစ်ကြွေးခဲ့တဲ့ ဘိုမဟာ ဦးလေးကိုသာ ရချင်ရမယ်၊ တူနဲ့ကျတော့ အပြောနဲ့အလုပ်ညီအောင် သက်သေမပြနိုင်တော့ဘူးပေါ့နော်။

တော်သဝဏ်က "မင်းအစ်မကို ပြောထားစမ်းပါ" ဆိုပေမယ့် ရုရုတို့အနားသို့ ရောက်လာတဲ့ ဘိုမကသာ ရုရုကို

"ဟဲ့ ... ရုရု၊ နင့်ကို ငါ ပြောစရာရှိလို့ ခုလိုက်ခဲ့ဦး။ တော် ... ရုရုကို ဘိုမ ခဏခေါ်သွားလိုက်ဦးမယ်နော်၊ သူ့ကို ပြောစရာရှိလို့ပါ"

အခန်းထဲရောက်တော့ ဘိုမဟာ ရုရုကို ငယ်ငယ်ကလို ပိတ်မရိုက်ရုံတမယ်ပင် အသည်းအသန် ပေါက်ကွဲအော်ဟစ်သောင်းကျန်းပစ်တော့ကာ ...





"နင့်ကို အဘွားကြီးကိုယ်၌က ကင်းကင်းနေစေချင်ပါတယ်လို့လည်း ငါ ပြောပြထားပြီးပြီ၊ ဒါနဲ့များတောင် မဆင်ခြင်နိုင်တာ နင် အရှက်မရှိဘူးလား"

ရုရုမှာ ဘာပြန်ပြောလိုက်ရမလဲတောင်မှ မသိပေ။

"ဟိုတစ်ယောက်က ဒီရောက်တဲ့ ခဏတစ်ဖြုတ်အနိုက် ပျင်းနေလို့ ရွယ်တူချင်းထဲမလည်း ငါကတော့ အဒေါ်အရာမို့ နင့်ပဲ သူပေါင်းရမယ့်လူ ရှိနေလို့ ခေါ်တာပြောတာကို အဟုတ်ကြီးမှတ်မနေနဲ့။ ငါ သေချာပြောမယ်။ နင်ရှောင် ဒါပဲ ငါပြောမယ်"

"ဘာ ... ဘာလို့လဲ"

ဟုတ်တယ်လေ။ ဘာလို့လဲ။ သူ့တုန်းကဆိုရင် လူမြင်မကောင်းအောင် လိုက်ပလူးနေ၊ လုံးနေခဲ့တာက သူပင်။ ရုရုမှာ အဲဒီလိုတောင် မရှိရ။ တော်သဝဏ်ကချည်း ယောက်ယက်ခတ်နေခဲ့တာကို ဒီနေ့လေး တစ်ခါလေးလောက် စိတ်အလိုလိုက်မိပါတယ်။

"ဘာလို့လဲ ... ! ဒါတောင် နင်မသိဘူးလား၊ နင် ဟန်ဆောင်မနေစမ်းပါနဲ့။ ဒီအိမ်ပေါ်ကို ငါတို့နှစ်ယောက်ရောက်လာတယ်၊ ညီအစ်မနှစ်ယောက်မှာ တစ်ယောက်က ဦးလေးနဲ့ တစ်ယောက်ကတူနဲ့ဆိုတာ လူကြားလို့တောင် ကောင်းမလား။ နင့်တုန်းကကျတော့ကောလို့ နင်ပြောချင်မယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မတူဘူး ... လုံးဝမတူဘူး။ အဲဒီတုန်းက ဒီအိမ်မှာ ဖော်သဝဏ်လည်း မရှိခဲ့ဘူး။ အဲဒီတုန်းကလည်း နင်လည်း ကြိုးစားချင်ရင် ကြိုးစားပိုင်ခွင့် ရှိပါတယ်လို့ ငါမပြောခဲ့ဘူးလား။ အဲဒီတုန်းကတော့ 'ဖော်စမ်းပါဟာ' ဆို။ အကွက်မြင်ရတာ စိမ်ကိန်းချရတာကိုပဲ ရှက်စရာကြီး လိုလို ဟန်ဆောင်ပြခဲ့တာက ဘယ်သူလဲ ...

ခုကျတော့ နင်လည်း ဘာထူးလဲ။ ငါကအဘွားကြီး ခေါင်းညိတ်လိုက်မှာကိုသိလို့ကို လုပ်တာ။ နင့်ကျတော့ ဘယ်လိုနည်းနဲ့မှ ကြိုက်နိုင်မှာ မဟုတ်ပါဘူးလို့ ညီအစ်မ ချင်း သတိပေးထားတဲ့ကြားက ရာအကွက် ဖမ်းထွင်တာ။ နင်မရှက်ပေမယ့် ငါရှက်တယ်ဟဲ့ အရှက်မရှိမရဲ့။ ငါက အားလုံးအသိအမှတ်ပြုပြီးသား၊ နှစ်ဦးနှစ်ဖက် ဆန္ဒချင်းညှိ ပြီးကြသူချင်းလည်း ဖြစ်နေပြီ။ အဲဒီတော့ လူကြားလို့ တောင် မကောင်းမယ့် ကိစ္စမဖြစ်အောင် ရှောင့်စရာရှိ နင် သာရှောင်။ ရပ်တန်းကရပ် ... ဒါပဲ"

ဆိုင်လို့လား။ ညီအစ်မနှစ်ယောက်ဟာ ဦးလေးနဲ့ တူနှစ်ယောက်နဲ့ ပတ်သက်ရင် လူကြားလို့တောင် မကောင်းနိုင် တော့ဘူးဆိုတာ ဘယ်သူက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေလဲ။ သူဖြင့် ဦးကျော်ကို "တစ်စက်မှ မချစ်ဘူး"လို့လည်း ဖွင့်ပြော ထားရဲ့သားနဲ့။ ရရမှာတော့ နှလုံးသားတစ်ခုလုံး ပေါက်ကွဲထွက်





မတတ်ကို ချစ်မိသွားပြီဆိုတာ နလိုကြုံရလေ ပိုသေချာလေ။ အဲဒါကိုပင် သူ့အတွက် ရရက ရှောင်ရမတဲ့။ ရှောင်ချင်းရှောင် အန်တီမေဖော့်ကို အမှုထားလို့၊ ကျေးဇူးရှင်တွေကို မဆန့်ကျင် ချင်လို့ ရှောင်ပေးရမယ်ဆိုတာကမှ ဟုတ်တုတ်တုတ်။

ရရမှာ ဘယ်လိုမှ မခံနိုင်မရပ်နိုင် လှုပ်ခါလို့နေတဲ့ ဘိုမကို စိမ်းစိမ်းကြီးပဲ စိုက်ကြည့်နေမိတော့တာပင်။

"အေး ... နင် ငါသတိပေးထားတဲ့ကြားက ရှေ့ဆက်ဖွတ် တိုးရဲရင်လည်း လုပ်ကြည့်လေ။ အဘွားကြီးကိုယ်တိုင်က ဒီအိမ်က မိသားစုဝင်တွေရဲ့သတင်းကို သူ သိပါရစေ၊ သူ့ကို ပြောပါလို့ တောင်းဆိုထားတာ။ နင် ငါ့ကိုအဆိုး မဆိုနဲ့"

ဒါဖြင့်ရင် နင် စောညီနဲ့ ပြန်တွဲနေကြပြီး အမေ လုပ်သူကိုတင်မက အရှက်မရှိ လက်ဖြန့်တောင်းခံယူတတ်တဲ့ ချစ်သူရည်းစားကိုပါ ထောက်ပံ့ပေးကမ်းနေရပြန်တာကျတော့ကော။ အို ... မပြောဘူး။ ရရကတော့ နောင်မှသာ သိရက်နဲ့မြှုထားမိ လို့ "ပူးတွဲတာရားခံ"စာရင်း အသွင်းခံရခံရ။ ဘိုမ ဒုက္ခရောက် သွားနိုင်တဲ့ အပြုအမူမျိုးကို ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မြဲနေသရွေ့ ဘယ်တော့မှ လုပ်မိမှာ မဟုတ်ပါဘူး။ ကိုယ် တကယ်လုပ်မှာ လည်း မဟုတ်တဲ့ဟာကို ခြိမ်းခြောက်တဲ့သဘောနဲ့တောင်မှ အနိုင် မခံ ခွန်းတုံ့လှန် ပြန်မပြောလိုက်ချင်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တည်းက မတည့်အတူနေတွေပေမယ့် အခြေအနေတစ်ခု ပြောင်းသွားရုံနဲ့ ဒီလောက်ထိ သွေးကွဲ၊ မရှုစိမ့်၊ မုဒိတာ မပွားနိုင်ဖြစ်သွားကြရမှာတဲ့လား။ ညီအစ်မတွေလေ။

အဲဒါကြောင့်ပဲ တော်သဝဏ် တစ်ယောက် "ပိုက်ဆံ" ဆိုတဲ့အရာကို ခါးခါးသီးသီး မုန်းတူးနေခဲ့တာဖြစ်မည်။



## အခန်း(၅)

မနက်က လူကြီးတစ်ယောက် ဦးကျော်ဆီသို့ ရောက်လာပြီး နှစ်ယောက်တည်း အကြာကြီး စကားပြောဆို ဆွေးနွေးနေကြသည်မှာ မနက်စာစားပြီးမှပင် ပြန်သွားပါသည်။ ထိုလူကြီးပြန်သွားပြီး ခဏအကြာမှပင် ထိုလူကြီးမှာ ဦးကျော်တို့ လုပ်ငန်းတွေထဲမှ ရှေ့နေကြီးဖြစ်ကြောင်း သိလိုက်ရတော့သည်။ သိခွင့်ရခြင်းမှာ ရရကို အရေးအရာလုပ်ပြီး တစ်ယောက်ယောက်က လာအသိပေး၊ ပြောပြ၍ကားမဟုတ်ပါ။ ဘိုမနှင့် ဦးကျော်တို့ အော်ကြီးဟစ်ကျယ် ဝက်ဝက်ကွဲ ရန်ဖြစ်ပေါက်ကွဲကြ၍တည်း။

အကြောင်းကတော့ ဦးကျော်ဟာ တော်သဝဏ်ကို သူ့ရဲ့အမွေစား၊ အမွေခံ မွေးစားသားအဖြစ် စာချုပ်စာတမ်းနဲ့ တကွ အတိအလင်း တရားဝင် မွေးစားမည်ဆို၍။

"ဘာအဓိပ္ပာယ်မှ မရှိဘူး။ ခုလိုဆိုရင် တူဆိုတာမှ ဟုတ်ရဲ့လား။ သားများလားလို့တောင် ပြန်စဉ်းစားရမလို ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မမိုက်ရိုင်းနဲ့ ဘိုမ။ မင်းစကားက ဘယ်အရာရောက်နေပြီလဲ။ မောင်နှမချင်း ပေးစားလိုက်သလိုတောင် ဖြစ်နေတဲ့ စကားမျိုးကို တော်ရုံအောက်တန်းကျတဲ့လူမျိုးတောင် ထုတ်မပြောဝံ့ဘူးကွ"

"ဘာမှမဆိုင်ဘူး။ ရှင်ကြီးရဲ့သား ဆိုတာနဲ့ပဲ မောင်နှမနှစ်ယောက်ကို ပေးစားတယ်ပဲ ဖြစ်ရရောလား။ အစ်မက အမေအဖြစ် နာမည်ဝင်ခံထားပြီး တကယ်တမ်းက ရှင့်သားများ ဖြစ်နေမလားလို့သာ ဆိုလိုတာ"

"အဲဒါ မင်းက စကားကို ခုမှလှည့်ပတ်တာ၊ ငါတို့မှာ အဲဒီလို ကလိမ်ကကျစ် လှည့်ဖြားထားစရာ ဘာကြောင်းမှမရှိတာ"

"ရှိတာပေါ့၊ အမေရယ်လို့ လက်ဆုပ်လက်ကိုင်မှ ပြစရာမရှိ"

"တော်စမ်းပါကွာ၊ အဖေမပေါ်တာမျိုးပဲ ကြားဖူးတယ်။ အမေမပေါ်ဘူးဆိုတာ မင်းပါးစပ်က ထွက်မှပဲ ကြားဖူးတော့တယ်"

"လက်ဆုပ်လက်ကိုင် ပြစရာမရှိဘူးဆိုတာ ဘယ်လိုအောက်တန်းစားကလေကဝထဲက ဖြစ်နေလို့ ထုတ်ဖော်မပြောရဲလောက်အောင် ဖြစ်နေသလဲမှ မသိတာမျိုးကို ဆိုလိုတာ"

"ဘယ်လောက် ကလေကဝထဲကပဲ ဖြစ်နေပါစေဦးကွာ၊ မင်းလောက်တော့ စိတ်ထားကအစ လိုက်သေးသိမ်ပြီး အောက်တန်းကျနေမယ်တော့ မထင်ပါဘူး"





"ဘာပြောတယ် ... ! "

"ဘာပြောရမလဲ။ ငါဘာသာငါ ငါ့တူအရင်းလေးတစ်ယောက်ကို အမွေစားအမွေခံ သားအဖြစ် မွေးစားချင်တာ၊ အဲဒါ ဘာဖြစ်သလဲ။ ငါရှိတဲ့ ငါရမယ့်၊ ငါနဲ့ဆိုင်တဲ့ မိဘအမွေအနှစ်ပစ္စည်းတွေကို ငါ့ဘာသာ ဘယ်သူ့ကိုပေးချင်ချင် မင်းနဲ့ဘာဆိုင်သလဲ၊ အဲဒါကတော့ လုံးဝကိုအလုပ်မဟုတ်သေးဘူး"

"သြော် ... ! ဒါဖြင့် ရှင်က ကျွန်မကို စာရင်းထဲထည့်မတွက်ချင်ဘူးပေါ့။ ရှင် လက်ထပ်ယူပါမယ်လို့ ပြောထားတဲ့ မိန်းမတစ်ယောက်ဟာ ရှင့်ရဲ့အရေးပါတဲ့ အကြောင်းအရာတွေမှာ ဘာမှဝင်ပါခွင့် တိုင်ပင်ဆွေးနွေးခွင့် မရှိဘူးပေါ့။ ဒါဆိုရင် ရှင် ကျွန်မကို လက်ထပ်ယူပါမယ်ဆိုတဲ့ ကတိက "ဘယ်မှာလဲ"

"ငါက ငါ့ကတိကို ဖျက်တတ်တဲ့ ယောကျ်ားမျိုးမဟုတ်ဘူး။ မင်းနဲ့ ငါနဲ့ လက်ထပ်လိုက်ကြတဲ့အခါ မင်းဒီလောက်မက်မောလိုချင်နေတဲ့ ငါ့ရဲ့စီးပွားဥစ္စာ ပိုင်ဆိုင်ထိုက်ဆိုတာတွေက မင်းနဲ့လည်း တစ်ဝက်ဆိုင်သွားမှာပဲ။ ငါမရှိတော့ဘူးဆိုတဲ့အချိန်မှာ ငါ့ရင်ထဲမှာ သံယောဇဉ်ရှိမိတဲ့ ငါ့တူလေးကတစ်ဝက်၊ မင်းကတစ်ဝက်လေ။ အဲဒါတောင် ဘာကိုမကျေနပ်နိုင်သေးဘူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ကျွန်မကိုကော ကလေးမမွေးတော့မယ့် အိုကြီး အိုမ မိန်းမလို့များ မြင်နေသလား။ ကျွန်မအသက်(၂၀) တောင် မပြည့်သေးဘူး။ ရှင် ဒီလောက် ကလေးချစ်တတ် နေရင် သူများသားသမီးတွေကို မပိုင်ဝက်မွေး သွားလုပ် နေစရာ မလိုဘူး။ ခု လက်ထပ်ရင် ခုချက်ချင်းတောင် တစ်နှစ်တစ်ယောက် မွေးထုတ်ပစ်လိုက်လို့ ရတယ်"

ထုံးစံအတိုင်းပင် သူတို့ရန်ဝင်ဖြစ်ကြတဲ့ စာကြည့် ခန်းရဲ့ အပြင်ကနေ အကုန်လုံးကို အတိုင်းသား ကြားနေရသော ရှရှမှာ (တခြား တစ်အိမ်သားလုံးလည်း ဒီလိုပဲ ကြားနေနိုင်တာ မို့)မျက်နှာတစ်ခုလုံး ပူစပ်ကာ ပါးနှစ်ဖက်လည်း ကျိမ်းတိမ်းတိမ်း ပင် ဖြစ်နေရပါသည်။ ရှရှက တဆတ်ဆတ် တုန်ချင်လာသည့် ပါးပြင်နှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ထိန်းအုပ်ကိုင်ကာ ခန္ဓာ ကိုယ်ကိုလည်း မလှုပ်မယှက်လေး တောင့်ထားမိသည်။

"ကိုယ့်တစ်ယောက်တည်းအတွက် ပြောနေတယ်မထင်နဲ့။ အိမ်ထောင်ပြုတယ်ဆိုရင် သားသမီးဆိုတာ ရလာမှာပဲ။ ကျွန်မလည်း ကလေးမချစ်တတ်ဘူးလို့ ထင်နေသလား။ မမြင်ရသေးတဲ့ ကိုယ့်သား ကိုယ့်သမီးတွေအတွက်ပါ ပူပူ ပင်ပင် ထည့်ပြောနေရတာရှင့် ...

ခုကတည်းက ရှေ့ရေးနောက်ရေးကို သေချာမစဉ်း စားဘဲနဲ့ ရှင့်တူကတစ်ဝက်၊ ကျွန်မကတစ်ဝက်ဆိုတော့ နောင်တစ်ချိန်မှာ ရှင့်သားရင်း၊ သမီးရင်းကလေးတွေ





ရလာတဲ့အခါကျ ရှင် ဘယ်လိုလုပ်မလဲ။ မဆိမဆိုင် ဟို ဘက်မှာလည်း သူ့အမေအမွေနဲ့သူ ရဦးမယ့် တူတော်မောင် ကတစ်ဝက်။ ကျန်တဲ့ ကျွန်မရမယ့် တစ်ဝက်ထဲကမှ ရှင့် သားရင်း၊ သမီးရင်းတွေက တစ်စိတ်စီ။ ဒီလိုလား"

ဦးကျော်ထံမှ သက်ပြင်းချသံကြီးမှာ ကျယ်ဟိန်းလှ သဖြင့် စာကြည့်ခန်းအတွင်းမှာ လိုဏ်သံပင်ပါသလို ဖြစ်နေပါ သည်။

"ငါက ကား accident ဖြစ်ပြီးသွားတဲ့ နောက်ပိုင်းမှာ ကလေးမရနိုင်တော့ဘူး။ အဲဒါကြောင့် မင်းနဲ့ငါ မှားသွား ခဲ့ကြတုန်းက တော်နေကြာကျ မဖုံးနိုင် မဖိနိုင်နဲ့ အရှက် တွေကွဲရပါလိမ့်မယ်၊ ခုချက်ချင်းပဲ တာဝန်ယူပေးပါဆိုတဲ့ မင်းရဲ့တောင်းဆိုချက်ကို ငါက အဲဒီကိစ္စအတွက်တော့ မင်းအနေနဲ့ ဘာမှမပူပါနဲ့။ မင်း အရှက်မကွဲနိုင်ပါဘူးလို့ ပြောခဲ့တာပေါ့"

မှားသွားကြတာ ... ! ။ ပါးနှစ်ဖက်ပေါ်သို့ အုပ် ကိုင်ထားမိတဲ့ ရှရှရဲ့လက်ကလေးနှစ်ဖက်တို့ဟာ ရင်ဘတ်ပေါ်သို့ ပါ အစုလိုက် ရောက်ရှိလာရပါပြီ။ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွား မှန်းကိုမသိ။ ပလူးပလဲ ကလက်တက်တက်နှင့် မြင်မကောင်း တော့လောက်အောင် ရောနှောပူးကပ် လုံးထွေးနေကြပေမယ့် "မှားယွင်းပြီးခဲ့ကြပြီ"ဆိုတဲ့ အထိတော့ မတွေးမိခဲ့တာ၊ တွေးကြည့် ရမယ့်အရာလို့ကို မထင်ခဲ့မိတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးရဲ့အိမ်ပေါ်မှာ လာရောက်ခိုလှုံပြီး အဲဒီအိမ်ရှင်နဲ့ မှားတဲ့အထိ ဖြစ်ရတယ်ဆိုတော့ ဘိုမရဲ့စာရိတ္တက အဲဒီလောက်အထိကို ချွတ်ယွင်းစုတ်ပြတ်လို့ နေပြီလား။ ဦးကျော်လို တည်တည်တံ့တံ့နဲ့ ငြိမ်သက်သက် Character မျိုးရှိတဲ့ သူတစ်ဦးဟာ သူလည်းယောကျ်ားတစ်ဦးမို့သာ ဒီလောက်ထိဖြစ်သွားရတယ်ဆိုတောင် စတင်သူတော့ ဖြစ်နိုင်ပါ့မလား။ မှားသွားကြတာဆိုတာထက် မိန်းကလေးဖြစ်သူကပဲ အမှားခံလိုက်တာ မမှား,မှားအောင် လမ်းခင်းပစ်လိုက်တာကော မဖြစ်နိုင်ဘူးလား။

မိန်းကလေးတစ်ယောက်အတွက် ယောကျ်ားတစ်ဦးအပေါ်မှာ ကိုယ့်စကား အောင်ရအောင် ရင်းပစ်လိုက်တာတွေက အရှက်၊ သိက္ခာနဲ့ ခန္ဓာကိုယ်အားလုံးပဲတဲ့လား။

ရုရုမှာ ဖြစ်များဖြစ်နိုင်ရင် ဒီအိမ်ပေါ်ကနေ ပြေးဆင်းသွားပြီး ကိုယ့်ဘာသာပဲ (ဘိုမနဲ့ရော ဒီအိမ်နဲ့ပါ)တသီးတသန့်ရပ်တည်ပစ်လိုက်ချင်ပါသည်။ သို့သော် ကိုယ့်မှာက ကုသိုလ်ကံအကျိုးပေးကလည်းနည်း။ ကိုယ်တိုင်ကလည်း ခပ်ညံ့ညံ့ထဲကဖြစ်ပေရာ ကိုယ့်ခြေထောက်ပေါ်မှ ကိုယ်မရပ်နိုင်သေးတဲ့အခိုက် ဘယ်လိုမျက်နှာကြီးနဲ့ ဒီအိမ်မှာ ဆက်နေနေရပါ့မလဲ။ ဘာမှမသိရသေးခင်တုန်းက ကိစ္စမရှိ။ ခုဟာကတော့ သိလိုက်ရပြီ။ ဒီအိမ်ပေါ်သို့ ရောက်လာကြတဲ့ ညီအစ်မနှစ်ယောက်မှာ အစ်မအကြီးဖြစ်သူက ကိုယ်လိုချင်တဲ့ နေရာတစ်ခုကိုရဖို့ ဘာမဆိုနဲ့ရင်းပစ်လိုက်ရဲတဲ့ စာရိတ္တမျိုးနဲ့ဆို၊ ညီမအငယ်ကိုရော ကျန်အိမ်သားတွေကဘယ်လိုမြင်နေကြတော့မလဲ။





"ရှင်ကြီးက ကလေးမရနိုင်ဘူး။ တကယ်ပဲလား"

ဘိုမရဲ့အသံမှာ အနည်းငယ် တုန်ခတ်ခတ်နိုင်နေသည်ဟု ရုရုကထင်သည်။

"ဘာလဲ … မင်းက ငါ့ကို မဖြစ်နိုင်ဘူး။ အခုပဲ မင်းမှာ ကိုယ်ဝန်ရှိနေပါပြီလို့ ပြောချင်တာလား"

အခန်းတွင်းမှ "ခွမ်"ခနဲ အသံတစ်ခု ထွက်လာသည်။ ဖြစ်နိုင်သည်မှာတော့ အခန်းထောင့်ရှိ Side table လေးတစ်ခုပေါ်မှ ကြွေပန်းအိုးလေးတစ်လုံး နံရံနှင့် မိတ်ဆက်သွားရဟန် ရှိလေပြီ။

"ပြောလို့ရှိမှတော့ တစ်လက်စတည်း အကုန်ပြောလိုက်မယ် ဘိုမ။ ငါ လူကဲခတ် မှားခဲ့တယ်။ နှစ်နဲ့ချီပြီး အိမ်ထဲကုပ်နေလိုက်လို့ လူတွေနဲ့ အပေါင်းအသင်း ဆက်ဆံရေး သိပ်မလုပ်တော့လို့ အ,သွားတာလည်း ဖြစ်နိုင်တယ်။ မင်းရဲ့ လှပ်ခတ်နေတဲ့ ပုံစံကို သွက်တာလို့ပဲ ငါ ထင်ခဲ့တယ်။ ဒါပေမဲ့ မှားယွင်းသွားကြပြီးတဲ့ အခါမှာတော့ ငါဟာ ဒီတစ်ခုတည်း မှားတာမဟုတ်ဘူး၊ အရာရာ မှားခဲ့ပြီဆိုတာ ငါ သိလိုက်ရတယ် …

မင်းရဲ့ပုံစံ၊ စရိုက်လက္ခဏာ၊ စိတ်ထား၊ ပြုမူနေထိုင်ပုံ ဘာတစ်ခုမှ ငါမကြိုက်ဘူး။ ငါ မှားသွားခဲ့လို့သာ တာဝန်သိတဲ့ယောကျ်ား၊ ကတိတစ်လုံးကို မဖျက်တတ်တဲ့ယောကျ်ား တစ်ယောက်အနေနဲ့ ငါ့တာဝန်ကို ငါဆက်ယူဖို့ ဆုံးဖြတ်လိုက်ရတာ …



www.burmeseclassic.com

www.burmeseclassic.com



Accident ဖြစ်ပြီးသွားတဲ့ နောက်ပိုင်းကတည်းက ငါမပျော်တတ်တော့ပေမယ့် ငါ့ဘဝကြီးက အင်မတန် တည်ငြိမ်ခဲ့တယ်။ ရှေ့ဆက်ရမယ့်ခရီးမှာတော့ ပျော်လည်း မပျော်၊ စိတ်ချမ်းသာမှုလည်းမဟုတ်၊ အင်မတန် ယောက်ယက်ခတ်တဲ့ဘဝမျိုးပဲ ဖြစ်လိမ့်မယ်ဆိုတာ ငါ သဘောပေါက်လိုက်ပြီ ...

ငါ့အစ်မက ငါစိတ်ချမ်းသာဖို့ တစ်ခုတည်းအတွက် မင်းကို ကျေကျေနပ်နပ် လက်ခံဖို့ သူ ကြိုးစားဆုံးဖြတ်လိုက်တယ်တဲ့။ သူ့အတွက်လည်း အင်မတန် ခက်ခက်ခဲခဲ ကြိုးစားယူရမယ့်ကိစ္စဟာ ငါ့အတွက်လည်း စိတ်ချမ်းသာစရာ တစ်ကွက်မှ မရှိတာ သူ့ကို ငါ အသိမပေးရဲအောင်ပဲ။ သူ သိလိုက်ရရင် အင်မတန် စိတ်ထိခိုက်သွားလိမ့်မယ်။ အဲဒီအတွက်လည်း ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူး။ ငါ ဝမ်းနည်းတယ် ...

ငါတို့နှစ်ယောက်စလုံးဟာ မရှိတော့တဲ့ ဖခင်ကြီးရဲ့ စကားကို မြေဝယ်မကျ နားထောင်ဖို့ပဲ ကြိုးစားခဲ့ကြတာ။ ဒါတောင် ကုသိုလ်ကမရဘဲ အကုသိုလ်ဝင်သလိုပဲ ဖြစ်ရတာ။ အစောတည်းက မှာ,မှာတဲ့အတိုင်း တိတိကျကျဖြစ်အောင် မလုပ်နိုင်ခဲ့ကြလို့ပဲ။ ငါတို့အဖေက 'ဦးတင်အောင်ရဲ့မိဘမဲ့မြေးမကလေး ကရုဏာ'ဆိုတဲ့ စကားကိုပဲ ပြောခဲ့တာ။ လေဖြတ်ထားတော့ လျှာကလိပ်ပြီး လူတကာမှည့်





လေ့မရှိတဲ့ 'ကရုဏာ'ဆိုတဲ့နာမည်ကို ငါတို့ရဲ့နားထဲမှာ လုံးထွေးနားလျှမ်းပြီး ဘာမှန်းသေချာ မသိခဲ့ကြရလို့သာ မင်းပါ,ပါလာပြီး အားလုံးတလွဲတွေချည်း လျှောက်ဖြစ်ကုန်ကြရတာ ...

ဦးတင်အောင်က မင်းနာမည်၊ မင်းအကြောင်း၊ မင်းအတွက်တွေကို လုံးဝ၊ တစ်ခါမှ၊ ဘာမှ မမှာခဲ့တာ၊ မင်းရဲ့အကျင့်စရိုက်တွေနဲ့ မင်းနဲ့ပုံစံတူ မင်းအမေတို့ရဲ့ အကြောင်းတွေကို ကောင်းကောင်းသဘောပေါက်သွားလို့ သူများတကာကို ဒုက္ခမပေးခဲ့ချင်လို့ နေမှာပေါ့"

သွားပြန်ပါပြီ နောက်ထပ် ပန်းအိုးတစ်လုံး။ "ခွမ်း" ခနဲ ကြားလိုက်ရပြန်သည်။ အသံတိတ်ပေါက်ကွဲပြနေတာ ဘိုမတစ်ယောက် တအားစိတ်လှုပ်ရှားနေလို့များလား။ ရရ စိတ်ပူနေရတဲ့ အဖြစ်မျိုးရော ဘိုမတစ်ယောက် ဖြစ်လာတော့မှာလား။ ဦးကျော်က စိတ်ကုန်ပါပြီဆိုတဲ့ တစ်နေ့မှာ ဦးကျော်ကို လက်ကိုင်ထား ဗန်းပြပြီး ရှိသမျှ လူတကာကို အနိုင်ယူချင်နေတဲ့ ဘိုမတော့ ဒုက္ခပဲဟု ရရက တွေးခဲ့ဖူးသည်။ ခုဟာကတော့ ဦးကျော်က "စိတ်ကုန်ပြီ"ဆိုတာထက်တောင်မှ ပိုဆိုးသေးကာ "အရာအားလုံး မှားယွင်းနေပြီး စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိတဲ့ဖြစ်ရပ်" ဟုပင် သတ်မှတ်လိုက်ပြီ။

"တာဝန်ယူချင်ပါတယ်" ဆိုတဲ့ ယောက်ျားတစ်ယောက်ဟာ "တော်ပါပြီ ... စိတ်ဆင်းရဲလွန်းလို့ တာဝန်ယူဖို့



www.burmeseclassic.com

www.burmeseclassic.com



ထက် အမှားပဲပြင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ”ဆိုရင်ကော။ ရှင်းရှင်းနဲ့ ရိုင်းရိုင်း ပြောရရင် အပိုင်ချည်တုပ်ကာ အကွက်ဆင်ချလိုက်မယ့် ဦးကျော်ရဲ့ချွတ်ယွင်းချက်ကြောင့် လက်ဆုပ်လက်ကိုင် သက်သေပြစရာ ကိုယ်ဝန်တို့ ဘာတို့ကလည်း ပေါ်ပေါက်လာမှာ မဟုတ်တော့ဘူးလေ။ ဦးကျော်ကသာ “တော်ပြီ”ရယ်လို့ ငြင်းပစ်လိုက်ရင် ဘယ်မှာလဲ လက်ဆုပ်လက်ကိုင် သက်သေပြစရာ သူတို့မှားခဲ့ကြပါတယ်ဆိုတာ။

မိုက်လိုက်တာ ဘိုမရယ်။ တစ်ခါမိုက်မဲပြီးတာတောင် မိုက်ပြီးရင်း ထပ်မိုက်၊ မှားပြီးရင်း ထပ်မှား။ ခုဆို ဖွင့်ပြောမေးမြန်းခြင်းနဲ့ အရေးယူခြင်းသာ မရှိကြတာ၊ ဘိုမဟာ သူလည်းပဲ မိဘမဲ့လိုလိုနဲ့ မလိမ့်တပတ် လုပ်ထားခဲ့တာသာဖြစ်ပြီး တကယ်တမ်းကျတော့ အမေကြီးတစ်ယောက် ရှိနေသေးကြောင်း ဦးကျော်တို့က သိပြီးနေပြီ။ သူ့အမေကြီးအကြောင်းကို သိတယ်ဆိုရင် “စောညီ”ရဲ့ အကြောင်းကိုရော။

ဘိုမရဲ့အမေဟာ အတွေးအခေါ် အမြော်အမြင်နည်းပြီး အသိဉာဏ်မရှိသူဗိုလ်ပီပီ သမီးဆီက ပိုက်ဆံကို မျှော်ကိုးချင်တာနဲ့ပဲ ဒီသမီးတစ်ယောက်ဆီက မျက်နှာသာရအောင် မလုပ်သင့်တာတွေကိုလည်း လုပ်တတ်သူလေ။ စောညီနဲ့ ဒိုင်ခံချိန်းပေးတတ်သူမှာ သူ။ သူ့အိမ်မှာ တွေ့ပေး၊ သူကချည်း စီစဉ်ပေး။ ဒီတော့ သူ့ကို သိနိုင်ပြီဆိုရင် စောညီကိုပါ တစ်ဆက်တည်း တွဲမြင်ရိပ်မိမနေပါဘူးလို့ ပြောနိုင်မလား။ စိတ်ဆင်းရဲပါသည်။





ခုချိန်မှာ ရုရုဟာ ဘိုမအတွက် စိတ်မကောင်းဖြစ်၊ စိတ်ဆင်းရဲရတာထက် ကိုယ့်ကိုယ်ကိုယ်အတွက် ပိုစိတ်ဒုက္ခရောက်နေရပြန်ပြီဆိုရင် တစ်ကိုယ်ကောင်းဆန် အတ္တကြီးရာများ ကျနေမလား။ ရုရုက ဘိုမကို ရင်မဆိုင်ရဲတော့ပါ။ တစ်ခန်းတည်း အတူနေနေကြရတာဆိုတော့ ရင်မဆိုင်ရဲလို့ဆိုပြီး အဲဒီအခန်းထဲကို မဝင်တော့ဘဲ ရှောင်နေလိုက်လို့ကော ရမလား။ တစ်ချိန်ချိန်မှာတော့ထိပ်တိုက်ကို ရင်ဆိုင်ရပါတော့မည်။

အဘိုးက “ကရုဏာ”ဆိုတဲ့ နာမည်တစ်ခုကိုပဲပြောပြီး စီစဉ်ပေးခဲ့တာဆိုတဲ့ အချက်နဲ့၊ ဦးကျော်ရဲ့ပိုင်ထိုက်တွေ တော်သဝဏ်ဆီ ရောက်ကုန်တာတို့ဟာ ဘိုမအဖို့ ရုရုအပေါ် ဘယ်လိုမှ မကျေနိုင် မချမ်းနိုင် ပြဿနာရာတော့မည့် အချက်များပင်ဖြစ်သည်လေ။ သူက ရုရုကို ပယ်ပယ်နယ်နယ်ကို သယ်တော့မှာ။ ဘယ်လိုလုပ်ရမလဲ။

“မင်းလို စိတ်ကုန်စရာကောင်းပြီး ပန္နည်းဥစ္စာလည်း အင်မတန် မက်မောတတ်တဲ့ မိန်းမမျိုး ငါ့ဘဝထဲ ရောက်လာခဲ့တာ ရှေးဘဝက အကုသိုလ်တွေ မစင်ခဲ့လို့ ဘုရားကဒဏ်ခတ်တာများလားလို့တောင်မှ ငါ ထင်မိပါရဲ့”

“ဪ ... ရှင်က ခုတော့ ဒီစကားမျိုးပြောပြီပေါ့။ ယောက်ျားတွေရဲ့(–)မျိုးက အဲဒီအတိုင်းချည်းပဲ၊ အစာဝရင် ဗိုဇက ပြချင်တာပဲ။ လူကြီးလူကောင်းဟန်ဆောင်ချင်တဲ့ ရှင်ရဲ့ဟန်ဆောင်မျက်နှာဖုံးကို ရှင်က ဒီကနေ့အပြီး ခွာချလိုက်တာပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



ရတယ် ... ရှင်တို့က ရှင်းရှင်းဆိုရင် ဘိုမတို့ကလည်း ဘွင်းဘွင်းပဲနော်။ ရှင့်လို ခုနစ်အို ရှစ်အို ဒုက္ခတကို 'ကိုကို'လေး 'မောင်'လေး နဲ့ပြီး စိတ်ထဲကမပါတာတွေကို ဟန်ပြလုပ်မနေရတော့ဘူးဆိုရင် ပိုတောင်ကြိုက်သေးတယ်။ အေး ... ဒါပေမဲ့ ရှင် ကျွန်မကို လက်မှတ်ထိုးလက်ထပ်ပြီး တရားဝင်မယားတစ်ယောက်အဖြစ် ဥပဒေကြောင်းအရ အသိအမှတ်မပြုပေးလို့တော့ မရဘူး ဦးကျော်မင်းဒင်။ စိန်ခေါ်နိုင်မယ်လို့ ထင်ရင်တော့ စမ်းကြည့်လေ။ ရှိရှိသမျှ အကြောင်းအရာ အဖြစ်အပျက်အားလုံးကို ရှင်တို့ရဲ့အသိုင်းအဝိုင်း ဆွေမျိုးမိတ်ဆွေအားလုံးထဲမှာ ဖွင့်ချပြလိုက်မယ့်အပြင် တရားပါစွဲမှာ။ အရှင်းဆုံး ပြောလိုက်မယ်နော်။ တရားစွဲပြီဆိုလို့ကတော့ မုဒိမ်းမှုနဲ့ကိုစွဲမှာ"

ဘုရား ... ဘုရား။ ဘိုမဟာ အရင်က ဒီလောက်မဆိုးပါဘူး။ သေချာပါတယ်။ အဘိုးလက်ထဲမှာ ရှိစဉ်က ကလေးဆိုးသာသာလောက်ရှိခဲ့တဲ့ ဘိုမဟာ ခုချိန်မှာတော့ အင်မတန်ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက် ဖြစ်သွားခဲ့ပြီ။ "သားသမီးမကောင်း မိဘခေါင်း"အဖြစ် မိဘကို စွပ်စွဲချင်တာမဟုတ်ရပါ။ ခုလောက်ကြီး ဖြစ်ပျက်ပြောင်းလဲသွားခဲ့ရခြင်းကတော့ နဂိုကတည်းက စာရိတ္တမကောင်းခဲ့တဲ့ သူ့အမေကြီးရဲ့ ဩဝါဒ ဆိုဆုံးမမှုများကြောင့်သာ ဖြစ်ရတော့မည်တည်း။





ဦးကျော်ရဲ့အသံ တစ်ခါတည်းကို ပိတ်သွားပြီး ဘိုမရဲ့"တဟင်းဟင်း"(လုပ်)ရယ်သံတချို့သာ အခန်းထဲမှာလွင့်ပျံ့နေပါသည်။ အချိန်လေး အနည်းငယ်ရှိသွားလျှင်တော့ "သူတို့ရန်ပွဲက ပြီးလောက်ပြီ ထင်တယ်"ဟု ရရက စဉ်းစားလိုက်မိပါသည်။ ထိုစဉ်မှာပဲ စာကြည့်ခန်းတံခါးဖွင့်သံ "ချပ်"ခနဲကိုကြားလိုက်ရတာမို့ ရရမှာ ကိုယ်ရပ်နေရာ နေရာကနေ ကြောက်လန့်တကြား ထအပြေး၊ တယ်လီဖုန်းတင်ထားသော စင်ကလေးတစ်ခုကို ဝင်တိုက်လိုတိုက်၊ နံရံပေါ်မှာ သူ့ဘာသာ ချိတ်လျက်ရှိသော ပန်းချီကားကြီးကို ခေါင်းနဲ့ဝင်ဆောင့်လိုဆောင့်။ ကိုယ့်ကို ဘိုမမြင်မသွားရလေအောင် သက်စွန့်ဆံဖျားတစ်မျှ ပြေးလွှားလိုက်ရသည်မှာ ရောက်မိရောက်ရာ ထမင်းစားခန်းထဲရောက်ပြီး ကြီးကြီးစိန်နှင့် ဝင်တိုက်မိသည်အထိ။

ကြီးစိန်က ရရကို ပခုံးနှစ်ဖက်ကနေ ဖမ်းကိုင်ထိန်းလိုက်ကာ ...

"သမီး ... ခုလောက်ထိ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကြီးစိန်က မမေဖော်ကို ပြန်မပြောပြလို့တော့ မဖြစ်ဘူးကွယ်။ ဒါက မိသားစုအန္တရာယ်သသောမျိုးတောင် ဖြစ်လာနေပြီ"

"ဟုတ် ... ဟုတ်ကဲ့၊ ဟိုဟာလေ ... ရရရော ကြီးစိန်တို့နေတဲ့အခန်းမှာ တစ်ရက် နှစ်ရက်လောက် လာနေပြီး ညပါအိပ်လို့ ရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိန်က သက်ပြင်းတစ်ခုနှင့် ခေါင်းတညိတ်ညိတ် လုပ်နေပြီးမှ "ရရရဲ့အဝတ်အစား၊ ကျောင်းစာအုပ်တွေနဲ့ အသုံးအဆောင်တချို့ကို ကြီးစိန်ပဲ သွားယူပေးထားပါ့မယ်၊ သမီးမပူနဲ့" ဟု ဆိုလေသည်။ ဒါပေမဲ့ အဲဒီလောက်ကြီးတော့လည်း အခြေအနေ မဆိုးလိုက်ရပါ။ စာကြည့်ခန်းထဲက ဝုန်းဒိုင်းကြဲ ပြန်ထွက်လာတဲ့ ဘိုမဟာ အပေါ်ထပ်သို့ ပြေးတက်၊ အဝတ်အစားလဲပြီး ပိုက်ဆံအိတ်တစ်လုံးဆွဲကာ ဒရိုင်ဘာနှင့်ကားကိုပါခေါ်ပြီး အပြင်ထွက်သွားခဲ့၍ ဖြစ်ပါသည်။ ရရလည်း သူ ထွက်သွားတာနဲ့ တစ်ပြိုင်နက် သူ့လိုပဲ အိမ်ပေါ်မြန်မြန်ပြေးတက်ကာ ဒီတစ်ရက်နှစ်ရက်အတွင်း ရောင်နေတုန်း လိုအပ်မယ်ထင်တာများကို သိမ်းကျုံးစုဆောင်းယူငင်ရသည်။

"ကြီးစိန် ... အန်တီမေဇော်ကို ပြန်ပြောပြမယ့်အထဲမှာ ရရ ကြီးစိန်နဲ့ လာနေနေတယ်ဆိုတာကိုတော့ မပြောရင် မပြောပါနဲ့လားနော်။ နော် ကြီးစိန်"

ညနေရောက်တော့ ကြီးစိန်မှာ ရုံးကပြန်ရောက်လာသော အန်တီမေဇော် အနားသို့ ချက်ချင်းမကပ်သာပါ။ ကားနဲ့ အပြင်ထွက်သွားရာက ကားချည်းပြန်ရောက်လာပြီး ဘိုမ ပြန်ပါမလာ၍ "ဘယ်မှာကျန်ခဲ့ပါလိမ့်၊ အပြီးများ ထွက်သွားတာလား" ဘာညာ စဉ်းစားနေကြရဆဲ ဘိုမက ညနေခင်းကျမှ အန်တီမေဇော် ကားနဲ့အတူ ပြန်ပါလာ၍ ဖြစ်ပါသည်။ အန်တီမေဇော်ရဲ့မျက်နှာကလည်း ကြည်ကြည်လင်လင်နှင့်ပဲမို့ "ဘိုမတော့ ဘာတွေဘယ်လို





အကွက်ဆင်လိုက်ပြန်ပြီလဲ"ဟု အားလုံးမှာ အရိပ်အခြေကြည့် အကဲခတ်လို့သာ နေကြရသည်။ ဘိုမရဲ့မျက်နှာကတော့ အပျက်အယွင်း၊ အညိုးအငယ်မရှိ။ အောင်လံထူထားဆဲဖြစ်ကာ ခပ်တင်းတင်းပင်။

နောက်တစ်နေ့ကျတော့ တစ်အိမ်လုံး ဝုန်းဒိုင်းကြဲပြန်သူမှာ တော်သဝဏ် ဖြစ်သည်။

"ရရ ... ရရ ... ဘယ်ရောက်နေသလဲ ကရုဏာ"

သူ အပြင်တစ်နေ့ရာက ပြန်ရောက်လာတာနဲ့ အာကြီးပြဲပြီး အော်ခေါ်ရှာဖွေနေလိုက်တာ၊ သူမို့ဆိုရင် တစ်မျက်နှာတစ်ကမ္ဘာထင်ပြီး အမြဲမပြတ် ဖူးတွေ့ရှုမြင် အနားကကို မခွာချင်တတ်သည့် ရရမှာ "ဘာတွေဖြစ်ကုန်ပြန်ပြီလဲ"ဟု ကြီးစိန်ရဲ့နောက်ကျောနောက်ကနေ ထွက်ကိုမထွက်ရဲပါ။

"ရရ"

"ရရရှိတယ်လေ တော့်။ ဘာဖြစ်တာလဲ။ အော်ကြီးဟစ်ကျယ် စိတ်ဆိုးမာန်ဆိုးကြီးနဲ့ ဘာတွေ ဒီလောက်အရေးကြီးနေလို့လဲ"

"ကြီးကြီး ခဏဖယ်ပေးစမ်းပါဗျာ၊ သား သူနဲ့စကားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ပြောပေါ့။ ဒါပေမဲ့ ဘာကြောင့် ဒီလောက် စိတ်ဆိုးရသလဲ ကြီးစိန်ကိုလည်း ပြောဦးပေါ့"

"ကြီးကြီးနဲ့ မဆိုင်ဘူး။ သူ့အစ်မအကြောင်း ပြောချင်တာ သူနဲ့ပဲ ပြောမယ်"

"ရှူး ... သူ အပေါ်မှာရှိတယ်"

ကြောက်လန့်နေသည့် ရရုမှာ မျက်ကလဲဆန်ပျာ အမြန်ဝင်ဟန့်ရပါသည်။ ပါးစပ်ထဲတွေ့ရာ စိတ်ကူးထဲပေါ်လာရာ အကုန်သွန်ချ ရန်ဖြစ်တတ်ပြီး အဆဲအဆိုကလေးနှင့် ရိုင်းရိုင်းစိုင်းစိုင်း ပြောပစ်ဖို့လည်း ဝန်မလေးသော ဘိုမနှင့်သူ့ကို တိုက်ရိုက်ကြီးတော့ ပြဿနာမဖြစ်ကြစေလိုပါ။

"မရှိဘူး ... မင်းအစ်မက အခုမြို့ထဲမှာ။ ဒါပေမဲ့ သူ မရှိလို့ ငါ ဒီလိုပြောမယ်မထင်နဲ့၊ ရှိရှိ မရှိရှိ ပြောမှာပဲ။ ပြောကိုပြောရမယ့်ကိစ္စကွ။ သူနဲ့လည်း တိုက်ရိုက်ကို ပြောရဦးမယ်"

မြို့ထဲမှာတဲ့။ သေချာပြီ။ မြေကြီး လက်နဲ့ပုတ်ရင်မှ လွဲရင်လွဲဦးမည်။ မြို့ထဲမှာ တွေ့လာခဲ့ပြီး ခုလို ဝုန်းဒိုင်းကြဲပြန်လာပြီး ပေါက်ကွဲနေတာဆိုတော့ တစ်ယောက်တည်း ရိုးရိုးသားသား ရှိနေချိန်မျိုးတော့ မဖြစ်နိုင်တော့ပါ။ သေချာပါသည်။ လုံးဝမလွဲနိုင်။ တော်သဝဏ်ဟာ ဘိုမကို စောညီနှင့်တွဲ၍ တွေ့လာခဲ့ပြီတည်း။





ရရုမှာ ရုတ်တရက် အကြောက်အလန့်တွေ ဘာတွေပြေကာ လုပ်မိလုပ်ရာ တော်သဝဏ့်ရဲ့လက်ကို ဖျတ်ခနဲဆွဲကိုင်မိလိုက်လျက် နှုတ်ကလည်း ...

"ဒါဆို ... လာ ... လာ ... အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန်နဲ့ ရရုတို့နှစ်ယောက်ပဲ ဆွေးနွေးကြမယ်"

ကြီးစိန်ကြီးက ဖျတ်ခနဲ ပူးတွဲသွားကြသည့် လက်အစုံကို ခပ်ဇွေဇွေ လိုက်ကြည့်နေကြောင်းတော့ သိလိုက်ပါသည်။ သို့သော် တော်သဝဏ်ရဲ့အာပြဲကြီးကြောင့် စောညီ အကြောင်းကို တစ်အိမ်လုံး သိကုန်ကြတာမျိုးတော့ မဖြစ်စေချင်ပါ။ အထူးသဖြင့် ဦးကျော်နှင့် ကြီးစိန်။ သိပြီးကြပြီလား မသေချာပေမယ့် မသိကြသေးဘူးဆိုရင် ရရုပါ ပါဝင်ပြောဆိုလိုက်၍ သိသွားကြရတယ်ဆိုတဲ့ ပုံစံမျိုးကြီးတော့ မဖြစ်စေချင်ပါ။

ရရုက မီးဖိုချောင်ပရိသတ်တစ်စုလုံး ဝိုင်းကြည့်နေကြမှန်း သိသိကြီးကြားကပင် တော်သဝဏ့်ရဲ့လက်ကိုဆွဲကာ ရရုတို့ရဲ့ ဘူမိနက်သန်နေရာလေး ရေကူးကန်သောသို့အထိ ပြေးလာခဲ့သည်။ အဲဒီနေရာက ဦးကျော်ရဲ့အခန်းနဲ့လည်းဝေး၊ တစ်အိမ်လုံးနဲ့လည်း လှမ်းတယ်လေ။

"ကဲ ... ရပြီ ... ပြောတော့"

"ဘယ်သူမှ မကြားစေချင်လို့ ငါ့လက်ကိုတောင် ကိုင်ဆွဲပြေးပြီး ဒီနေရာအထိအရောက် လာခဲ့တယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မင်းကိုပြောပြီးတာနဲ့ တစ်အိမ်လုံးကိုပါ ပြောပြဖို့လည်း ငါက ရည်ရွယ်ထားပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



တော်သဝဏ်ရဲ့အသံက အတော်ကြီး ပျော့ပျောင်းသွားပါသည်။ သူ မသိဘဲ နေပါ့မလား။ ခုတလော်မှာ ရုရှဟာ သူ့ကို အရှောင်ကြီး ရှောင်နေတယ်လေ။ ဘယ်သူ့မှ ဂရုမစိုက်။ ပြောချင်ရာ အကုန်ပြောချတတ်သော ဘိုမကို ကြောက်လွန်းလို့ ခုလိုလက်ဆွဲကိုင်မိဖို့ မဆိုထားနဲ့ မျက်လုံးချင်းဆိုင်ပြီး အချင်းချင်း မကြည့်မိအောင်တောင်မှ ခပ်ကင်းကင်းနေသည်။ သူခေါ်ရင်၊ အခန်းဝနားထိလာပြီး အချက်ပေး ဆက်သွယ်နေရင်လည်း မကြားချင်ယောင်ဆောင်။ ဒီရေကူးကန်လေးနံဘေးတော့ သူ့ဘက်က အကြိမ်ကြိမ် ချိန်းရက်သားနဲ့ နှစ်ဦးအတူ မပြောပါနဲ့။ ကိုယ်တစ်ယောက်တည်း ရှိနေချိန်တွေမှာတောင် လုံးဝကိုမသွားတော့တာပင်။

"ဦးကျော်ရဲ့ဇနီးလောင်း၊ ငါ့အဒေါ် ဖြစ်လာရမယ့်သူတစ်ယောက်မှာ ဖက်လှဲတကင်း၊ ပလူးပလဲ ဖြစ်နေတဲ့ယောက်ျားတစ်ယောက် ရှိစရာလိုသလားကွာ။ သူ ဦးကျော်နဲ့လက်ထပ်မယ်ဆိုရင် နောက်ထပ် ရည်းစားတစ်ယောက် ထား,ထားရမလား"

သူ့အသံဟာလည်း တိုးတိုးကျိတ်ကျိတ်မျှသာ ဖြစ်ပါတော့သည်။ ရုရှကတော့ မျှော်လင့်ထားပြီးသား စကားကိုပဲ ကြားလိုက်ရတာဖြစ်ပေမယ့် သူ့မျက်နှာကိုမကြည့်ရဲ၍ ခေါင်းကြီးပဲ ငုံ့ချထားသည်။

"ငါသိပြီ။ မင်းလည်း သိပြီးသားပဲ မဟုတ်လား။ မင်းက ပါ ဒီမိသားစုအပေါ်မှာ မရိုးသားချင်ဘူးပေါ့နော်"





"ရုရု ... ရုရု"

"မင်းအစ်မကို မင်းကြောက်တယ် ဆိုတာလည်း ငါရိပ်မိပါတယ်။ သူ မှာထားလို့ပဲ မင်း ငါ့ကို ရှောင်နေခဲ့တာ မဟုတ်လား။ မဟုတ်ဘူးလို့ မငြင်းနဲ့၊ သူကိုယ်တိုင်က ငါ့ကို သူ အဲဒီလိုပြောထားလို့ ဖြစ်နိုင်ရင် မနှောင့်ယှက်ပါနဲ့လို့ကို လာမှာထားတာ။ ဒါပေမဲ့ မင်း သူ့ကိုကြောက်ရတာက ကြောက်ရတာ သပ်သပ်လေ။ ဒီလိုကိစ္စမျိုးကြီး ဖြစ်လာပြီဆိုရင်တော့ လူကြီးတွေသိအောင် လုပ်ရမှာက မင်းတာဝန်ပဲ။ နို့မို့ ငါ့ဦးလေးက ငပေါကြီးလား။ သူများတကာ လှည်းကျိုးကို ပခုံးကောင်းကောင်းနဲ့ ဝင်ထမ်းရမယ့်လူလား"

ခံစားနေရတာ ကြာပြီဖြစ်တဲ့ကိစ္စကို ချစ်ရတဲ့လူကိုယ်တိုင်က ပြစ်တင်ဝေဖန်လာပြီဆိုတဲ့ အခါကျတော့ ရုရုမှာ ဆက်ထိန်းမထားနိုင်တော့ဘဲ မျက်ရည်ကြီးတွေ ပိုးပိုးပေါက်ပေါက်ပဲ ကျလာရပါတော့သည်။

"အဲဒီကောင်က ဘယ်သူတဲ့လဲ"

"စော ... စောညီတဲ့"

"ဘယ်တုန်းက ဘယ်လိုတွေ့ပြီး ခုလိုဖြစ်သွားကြတာလဲ"

"နဂိုတည်းက။ ရုရုတို့ ဟိုးအရင်အိမ်မှာ ရှိကြကတည်းက"

"သြော် ... ဒါဖြင့် ဦးကျော် လက်ထဲကနေ ဒီကောင်နဲ့ ထပ်ဖြစ်သွားတာ မဟုတ်ဘူး။ ဒီကောင်ရှိရှိကြီးနဲ့ကို ငါ့ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ မယားသီအဖြစ် ဒီအိမ်ရဲ့အိမ်ဦးခန်းမှာ တက်ထိုင်ဖို့ ကြံတာပေါ့၊ ဟုတ်လား"

သူ့ကြည့်ရတာ သူ့ဦးလေးနဲ့ ဘိုမတို့ရဲ့နောက်ဆုံး ပြဿနာနဲ့ အကြောင်းရင်းမှန်တွေကို ခုထိသိသေးပုံမရသေး။

"ဟုတ်ပါပြီ၊ သာမယ်ထင်တဲ့ဘက်ကို တိမ်းလိုက်ချင်ရင်လည်း တိမ်းပါ၊ ဒီကိစ္စအတွက် ဘာမှမပြောတော့ဘူး၊ ဒါပေမဲ့ အဲဒီလို ရွေးချယ်ပြီးရင်တော့ မိန်းမကောင်းတစ်ယောက် ဆက်လုပ်ရမယ့်တာဝန်က ဘာလဲ"

ရုရှဆိုက ဘာစကားမှ ပြန်ထွက်မလာတော့ဘဲ မျက်ရည်စီးကြောင်းကြီးများကိုသာ တွေ့လိုက်ရလျှင် တော်သဝဏ်က "ကျွတ်"ခနဲ ခပ်ဆတ်ဆတ်တစ်ချက် အော်ပစ်လိုက်ကာ မျက်နှာတစ်ခုလုံး အုံ့မှိုင်းညိုမည်းလာပါသည်။

"ဒီအတိုင်းဆို ဦးကျော်နဲ့ သူနဲ့ ယူဖြစ်ရင်လည်း ကွဲမှာပဲ။ ဘယ်လိုဖြစ်နေကြတဲ့ ကံကြမ္မာတွေလဲကွာ။ သူ့အစ်မ ငါ့အမေတုန်းကလည်း ကောင်းပြီကောင်းရဲ့နဲ့ တန်းတန်းစွဲ ချစ်ခင်ပြီးမှ ယူခဲ့ကြတာ။ ပြီးတော့လည်း ကွဲတာပဲ၊ ဒါတောင်မှ သူတို့ရဲ့အိမ်ထောင်သက်က ဆယ့်တစ်နှစ်ကျော်ကျော် လောက် ကြာလိုက်ပါသေးတယ်။ ဦးကျော်တို့ကတော့ တစ်နှစ်တောင် ပြည့်ပါ့မလား။ ငါတို့အမျိုးအဆွေထဲမှာ မိသားစုကွဲ၊ အိမ်ထောင်ပျက် ဆိုတာမျိုးတွေကို ရပ်တန်းက ရပ်ချင်ပါပြီ"



လွယ်ပါ့မလား။ သူ မဖြစ်စေချင်တဲ့ အဖြစ်အပျက်မျိုးဟာ မလွဲမသွေ ဖြစ်ကိုဆက်ဖြစ်လာရမယ့် အနေအထားမျိုးမှာ ဖြစ်နေပြီ။ ဦးကျော်ဟာ ဘိုမရဲ့ခြိမ်းခြောက်မှုကို အာခံပြီး အရုက်တကွဲ၊ တရားစွဲခံနိုင်မယ့် သူမျိုးမို့လို့လား။ ခုတောင် ဒီနေ့မနက်အထိ အိမ်ရဲ့အခြေအနေက ပေါက်ပေါက်ကွဲကွဲ ဆူဆူညံညံရှိမလာဘဲ ခါတိုင်းလိုပဲ ပုံစံမပျက် လည်ပတ်စီးဆင်းလျက်ရှိလျှင်ကြီးစိန်ကပဲ အန်တီမေဖော့ဆီအထိ မတင်ပြရသေးတာလား။ ဒါမှမဟုတ် မောင်နှမနှစ်ယောက် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးပြီးသွားကြ၍ အနုနည်းကိုပဲသုံးဖို့ ဆုံးဖြတ်ပြီး အခြေအနေကို အေးချမ်းအောင်ပဲ ဆွဲထားကြတာလား။

ဒီတိုင်းဆို ဦးကျော်ဟာ ဘိုမ တောင်းဆိုသလို လက်မှတ်ထိုးပေးလိုက်ဖို့ပဲ များနေပြီထင်သည်။ ပြီးမှ ဘိုမရဲ့ အဓိကမျှော်မှန်းရာ ပစ္စည်းခန်းတွေ ဘာတွေကို ဝေခွဲစိတ်ဖြာပေးပြီးမှ တရားဝင်ဖြစ်အောင် ပြန်ကွဲတာမျိုးပဲဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ် နေရင်းထိုင်ရင်း တစ်ခုလပ်ဖြစ်ရတဲ့ အဖြစ်မျိုး မဖြစ်စေချင်လျှင် (ဒီတူကလေးတစ်ယောက်ရဲ့ ခံစားချက်တွေကိုပါ သဘောပေါက်နားလည်ပေးနိုင်ရင်) လက်မှတ်ထိုး လက်ထပ်ပေးလိုက်တာမျိုး မဟုတ်ဘဲ ညှိယူရင်ကော၊ "ဥပဒေကြောင်းအရ အသိအမှတ်ပြုပေးရမယ်"ဆိုတဲ့ ဘိုမကို "လက်မထပ်ဘဲ တစ်ဝက်ခွဲပေးလိုက်မယ်"ဆိုတာမျိုး ညှိကြည့်ရင်ကော။

www.burmeseclassic.com

www.burmeseclassic.com



တော်သဝဏ်ရဲ့မျက်နှာကတော့ အဲဒီအိမ်ထောင်ကွဲ၊ အိမ်ထောင်ပျက်ဆိုတဲ့ ကိစ္စအတွက် အတော်ကြီးကို ခံစားနေရပုံ ရသည်မို့ သူ ငိုရင်ငို၊ သူ ပျော်ရင်ပျော်လိုက်ချင်သည့် ရုရုမှာ ရင်ဘတ်ကြီးတစ်ခုလုံးလည်း အောင့်ကျိန်းဆုတ်နစ်လို့ နေရပါပြီ။ ဟန်ဆောင်စိတ်တိုပြတတ်ကာ အရွဲ့တိုက်စကား၊ ရန်စကားများကို "ထမင်ပြောတာ"ဟု ဝန်ခံခဲ့သူ တစ်ယောက်ကို ခုလည်း "တမင် လုပ်ပြနေတာ"ဟု ပြောလာခဲ့ရင် အကောင်းသားဟု (မဖြစ်နိုင်မှန်း သိသိနှင့်) ဆုတောင်းမိနေသေးသည်။

"တောင်းပန်ပါတယ်"

"ဘာဖြစ်တယ် ... ! "

"တောင်းပန်ပါတယ်။ ရုရုတို့နှစ်ယောက် ဒီအိမ်ပေါ်ရောက်လာကြတာ ဒီအိမ်မှာ ဖွတ်တက်တာထက်တောင်မှ ဆိုးသလို ဖြစ်သွားရပြီ။ အစောကတည်းက ရုရုတို့ အဘိုးကိုသာ ဂရုမစိုက်ခဲ့ကြရင် ဒီအိမ်ကြီးပေါ် ဒီလိုပြဿနာမျိုးတွေ ရောက်လာရမှာ မဟုတ်ဘူး"

"ဘာဆိုင်လဲ"

ခပ်တိုးတိုး ညည်းတွားငြီးမြည်သက်နေသလိုရှိသည့် တော်သဝဏ်က ကျယ်ကျယ်နှင့် မြန်မြန်ပဲ အော်လိုက်ပြန်ပါသည်။

"မင်းကတော့ ဘာမှမဆိုင်ဘူးကွ။ မင်း ဒီကိုရောက်လာတာ၊ အင်း ... ဒီကိုမဟုတ်ပါဘူး၊ ငါ့ဘဝထဲကို ရောက်လာတာ ဘုရားပေးတဲ့ဆုလာဘ်ပဲ။ အဲဒီအတွက်တော့ ကံကြမ္မာကို ငါက ကျေးဇူးအမြဲတင်တယ်"





"ဟင် ... ! "

"ဟုတ်တယ် ရုရု။ မေမေ့မွေးစားသမီးပဲဖြစ်ဖြစ်၊ ညီမလေး မကလို့ ဘာပဲဖြစ်ဖြစ် မင်းကို ငါ သိပ်ချစ်တယ်ကွာ။ မငိုနဲ့၊ ငိုနေတာတွေကိုရပ်ပြီး မင်းကို ငါ တစ်ခုခု ပြောလိုက်တိုင်း နောက်ဆုံးကျ အမြဲရယ်ချင်သွားတတ်တဲ့ မင်းရဲ့ မျက်နှာကလေးကို ငါ ကြည့်ပါရစေ"

ရုရုရဲ့ တစ်ကိုယ်လုံးကို ရေခဲခြစ်တွေနဲ့ အအုံခံလိုက်ရသလို တစ်ကိုယ်လုံး အေးစက်၊ တောင့်တင်းကျိန်းသွားပြီးမှ တဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း တရှိန်းရှိန်း ပြန်လည်ပူနွေးလာပါသည်။ ရှိန်းမြနေတဲ့ ခံစားချက်ဟာ ခေါင်းကနေ အငွေ့တွေ ပျံထွက်နေသလားတောင် ထင်မှတ်ရသည်။

မျှော်လင့်မထားတော့တဲ့ အချိန်မှာ သူက ဖွင့်ပြောချလိုက်ပြီလေ။ ဝမ်းနည်းရတာတွေ၊ မျက်နှာပူရတာတွေ၊ စိတ်ဆင်းရဲညှိုးငယ်ရတာတွေ၊ အပြစ်ရှိသူတစ်ယောက်လို ထိတ်လန့်စိုးရွံ့နေရတာတွေ။ စိတ်ထိခိုက်စရာကောင်းတဲ့ ခံစားချက်ပေါင်းစုံနဲ့ ခုတလောလေးအတွင်း မပျော်မပိုက် ကြေကွဲဆုတ်နစ်နေရတဲ့သူ တစ်ယောက်ကို ပြုန်းခနဲကြီး ဖောက်ထိုးပြောင်းပြန် ခံစားချက်နဲ့ နတ်ပြည်အထိပဲ ဆွဲတင်လိုက်သလိုလိုပါလား။

သူကလေ ရုရုကို ချစ်လို့တဲ့။ ရုရု အရမ်းကိုတွယ်တာမြတ်နိုးမိတဲ့သူ၊ သိပ်ကြီးကို ချစ်မိသွားတော့တဲ့ လူတစ်ယောက်က၊ သူ့ဆန္ဒတွေကို လူတစ်ဖက်သားသိအောင် ထုတ်ဖော်ပြောမပြတော့ဘူးလို့ ထင်ခဲ့တဲ့သူက ရုရုကို သိပ်ချစ်လို့ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ချင်တာကို အောင့်ထားပြီး နှုတ်ခမ်းကြီးအတင်းကိုက်ထားတာမျိုး မလုပ်တတ်တော့ဘူးလား"

သိပ်မကြာသေးခင်က ဝုန်းဒိုင်းကြဲပေါက်ကွဲ။ ခဏကြာတော့ အံ့မှိုင်းညိုမှောင်ကာ စိတ်မချမ်းသာပုံနဲ့ရှိ။ ဒါတွေကိုလုပ်ခဲ့သူမှာ သူ မဟုတ်ခဲ့ဘူးလားပင် ထင်ရပါသည်။ ပြုံးရွှင်ကြည်လင်ကာ ချစ်စနိုးလေးရှိလှတဲ့ သူ့မျက်နှာဟာ ပြုံယိုင်ခွေဆင်းပြီးသား ရှုရှုရဲ့နှလုံးသားကို ထပ်မံပြီး အရည်ဖျော်ပစ်လိုက်သလိုပင်။

မပြေလည်ခဲ့တဲ့ သူ့အမေရဲ့အိမ်ထောင်ရေး၊ ဖြစ်ချင်တိုင်းဖြစ်ပျက်၊ ပျက်စီးနေတဲ့ ဦးကျော်ရဲ့လက်ထပ်ဖို့ အစီအစဉ်ရှေ့ရေးများကြောင့်ပင် သူ့ထံမှ (ဘာတွေစဉ်းစားတုံ့ဆွဲနေသည် မသိသော) ရင်တွင်းခံစားချက်များကို ရှုရှုက ခပ်မြန်မြန်ပဲသိခွင့်ရလိုက်တာလား။ ဘာပဲဖြစ်ဖြစ် သူဟာ ရှုရှုကို သူ့ဘဝရဲ့လိုအပ်ချက်တစ်ခုလို့ သတ်မှတ်တယ်ပေါ့။ အိမ်ထောင်ရေးအတွက် စိတ်မဆင်းရဲချင်တဲ့သူဟာ ရှုရှုနဲ့သာ ဆိုရင်တော့ ပျော်မယ်လို့ ယုံကြည်တယ်ပေါ့နော်။

အဲဒီတစ်ချက်နဲ့ပဲ (ရှေ့ဆက်ရမယ့် ရှုရှုတို့ရဲ့ဘဝက မပြေလည်သည်ဖြစ်စေ မချောမွေ့သည်ဖြစ်စေ) ရှုရှုမှာ လူဖြစ်ရကျိုးနပ်ကာ ကိုယ့်ဘဝကိုယ်လည်း တန်ဖိုးထား ပျော်ပိုက်နိုင်ပါပြီ။ အဲဒီအတွက်လည်း သူ့ကို အရမ်းကျေးဇူးတင်သည်။





ဒါပေမဲ့ ...။ ဒါပေမဲ့ တော်ရေ။ အိမ်ထောင်ကွဲ၊ အိမ်ထောင်ပျက် အဖြစ်မခံနိုင်တဲ့ ကောင်ကလေးတစ်ယောက်ဟာ ချစ်သူကွဲ ချစ်သူပျက် အဖြစ်မျိုးကိုရော လက်သင့်ခံနိုင်ပါရဲ့လား။ "တစ်ခွေလုံး တစ်မျိုးလုံးထဲမှာ ဒီကံကြမ္မာက ဘယ်လိုဖြစ်နေသလဲ"လို့ ကံကြမ္မာကို ပုံချချင်သူအတွက် အဲဒီကံကြမ္မာက ရှုရှုတို့နှစ်ဦးသားအတွက်ဆို ပိုဆိုးဖို့သာရှိပြီး ဘယ်နည်းနဲ့မှ မျက်နှာသာပေးမှာ မဟုတ်ဘူး ဆိုရင်ကော။

"ညီအစ်မနှစ်ယောက်မှာ တစ်ယောက်က ဦးလေးနဲ့ တစ်ယောက်က တူနဲ့ဆိုရင် ကောင်းမလား။ နင်ရှောင်"လို့ အပြောခံရစဉ်က "ဘာဆိုင်လို့လဲ"လို့ စောဒက ပြန်တက်ချင်ခဲ့မိပေမယ့် ဘိုမနဲ့ ဒီမိသားစုကြီးနဲ့ တိုက်ပွဲဆင်နွှဲရတော့မယ်လို့ သိပြီးနေတဲ့ အချိန်မှာတော့ "ငါနဲ့ဘာဆိုင်လို့လဲ၊ ငါနဲ့က ညီအစ်မဆိုပေမယ့် ခြေမ,မကောင်း ခြေမ" ဘာဘာညာညာ စောဒက၊ ဆင်ခြေတွေ ထပ်မတက်သာတော့တာ ရှုရှုက တွက်မိနေပြီ။

ဘိုမ ပြောခဲ့တဲ့ "ကောင်းမလား"ဆိုတာ ခုမှတကယ် ဖြစ်တော့မှာ။ အစ်မက မွှေနှောက်လှည့်ပတ်သွားလို့ ပျက်စီးကျန်ခဲ့မယ့် မိသားစုထဲကို ညီမက အခန့်သား ထပ်ဝင်ချင်လို့ "ကောင်းမလား"။ ဒီမိသားစုဝင် လူကြီးတွေရဲ့စိတ်ထဲတွေမှာရော "ကောင်းမလား"။ ပတ်ဝန်းကျင်ရဲ့အမြင်အပြောတွေမှာရော "ကောင်းမလား"။ မခေါ်ရင်သာရမယ် ... မတော်လို့မရတဲ့ ဆွေမျိုးတွေအဖြစ် ရှုရှုနဲ့ ပတ်သက်မိတဲ့အတွက် သူတို့ရဲ့တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



တာ နှာကျင်စရာ ဘိုမကိုပါ ဆွေမျိုးစာရင်းထဲ မသွင်းချင်ဘဲ သွင်းပေးထားကြရရင်ကော "ကောင်းမလား"။

"ကောင်းမလား"... "ကောင်းမလား"... "ကောင်းမလား"။ "မကောင်းဘူး"။

အဖြေက နှစ်ခါထပ်စဉ်းစားနေစရာ မလိုပါ။ ချက်ချင်းပဲ အဖြေမှန်ထွက်နေနိုင်ပြီပဲ။ ကိုယ် အရမ်းချစ်တဲ့သူတစ်ယောက်ကို ချစ်သူကွဲ၊ ချစ်သူပျက်တစ်ယောက်အဖြစ် ဖြစ်မကျန်ခဲ့စေချင်လျှင် နဂိုတည်းကိုက ကိုယ့်ချစ်ခြင်းကို သူ့ဆီတရားဝင် အသိအမှတ်ပြု မအပ်နှင်းနဲ့။ ကိုယ်လည်း ဘယ်လောက်ထိချစ်ရတယ်ဆိုတာ သူလည်း သိကောင်းသိပြီး ဖြစ်နေလိမ့်မည်။ သို့သော် "သိသာသိစေ၊ မမြင်စေနဲ့"ဆိုတာတောင်ရှိလျှင် သိပြီး မြင်ပြီး ဖြစ်သော်လည်း ကိုယ်တိုင် ဘယ်တော့မှ ဝန်မခံနဲ့ဆိုတဲ့ သန္နိဋ္ဌာန်မျိုးလည်း ရှိကိုရှိရတော့မှာပေါ့။

"အစ်က ဒီလကုန်ရင် ပြန်မလို့။ ဒါပေမဲ့ ဦးကျော် ကိစ္စအတွက် နည်းနည်းစောင့်ကြည့်လိုက်ဦးမယ်။ ဦးကျော် စိတ်ဆင်းရဲနေရင် မေမေလည်း စိတ်ချမ်းသာမှာမဟုတ်ဘူး၊ သူတို့က သိပ်ချစ်ကြတဲ့ မောင်နှမတွေလေ။ ဒီကိစ္စကို လူကြီးတွေ ဘယ်လိုဆုံးဖြတ်ကြမလဲဆိုတာ ငါစောင့်ကြည့်မှကို ဖြစ်မယ်။ ဒီမှာ ... ရရ၊ မင်းအစ်မ ဘာဖြစ်ဖြစ်၊ ဦးကျော်နဲ့ ဘယ်လိုရှိရှိ ငါ မင်းအပေါ်မှာ လုံးဝမပြောင်းလဲဘူး။ မင်းလည်း မပြောင်းလဲပါနဲ့၊ ဟုတ်ပြီလား"





ဟင့်အင်း ... မပြောင်းလဲပါဘူး။ ဘယ်သူတွေ ဘယ်လိုဖြစ်ဖြစ်။ ဘာတွေ ဘယ်လိုရှိရှိ ရရရဲ့ တော့်အပေါ်ချစ်ခြင်းတစ်ခုကတော့ သေဆုံးသည်အထိ ထာဝစဉ်မပြောင်းမလဲ။ ဘယ်တော့မှ မပြောင်းလဲပါဘူး။ ဖွင့်ဟဝန်မခံနိုင်တာ တစ်ခုသာ ရှိမှာ။ သူ့ကျတော့ "ကောင်းမလား"ဆိုတဲ့ အချက်ကို စဉ်းစားဖို့ နေနေ ခေါင်းထဲပင် ရောက်လာဟန်မရှိပါ။ ဘာကြောင့်ကွာနေကြတာလဲ။ အချစ်ခြင်း ညီနိုင်တဲ့သူနှစ်ဦးမှာ သင့်မသင့် ကောင်းမကောင်းဆိုတဲ့ အတွေးအခေါ်ကကျတော့ အကွာကြီး ကွာနေကြပြီလေ။

"ဘာလို့ အဲဒီလိုကြီး ရှုံ့တွထားတာလဲ၊ အဘွားကြီးအိုကြီး ကျနေတာပဲ၊ တစ်ချက်လောက်တော့ ပြုံးပြပါလား"

"ရရလည်း အရမ်းချစ်တာပဲ"ဆိုတာကိုသာ ဝန်မခံနိုင်တယ်၊ ပြုံးပြရုံဆိုရင်တော့ "ကောင်းမလား" ..."ကောင်းမလား" စာရင်းတွေထဲ ဝင်သွားနိုင်စရာရှိမယ် မထင်ပါဘူးနော်။ ရရက တော်သဝဏ်ကို နှစ်နှစ်ကာကာနှင့် စိတ်ပါလက်ပါကြီးကို ပြုံးပြလိုက်ပါတော့သည်။ တော်က ရရရဲ့နားရွက်တစ်ဖက်က နားပြားပျော့စိလေးကို ကိုင်ဆွဲညှစ်ကာ လှုပ်ယမ်းလိုက်ရင်း ...

"သိပ်ချစ်ဖို့ကောင်းတာပဲ"

တော်က ရရဆီက အဖြေကိုလည်း မတောင်းပါ။ ရရရဲ့စိတ်သဘောထားနဲ့ ဆန္ဒကိုလည်း မမေးပါ။ ဘာဖြစ်လို့လဲတော့ မသိ။ သူ့ဘက်က အတင်းကာရော အဖြေတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေရင်လည်း ပြန်မှမပေးနိုင်တဲ့ကိစ္စ၊ ကိုယ်ပဲ စိတ်ဒုက္ခရောက်ရဦးမှာ ဖြစ်ပေမယ့် ခုလို သူ့ရင်ထဲက အကြောင်းတွေကိုချည်း ဖွင့်ပြောသွားပြီး ကိုယ့်ရင်ထဲက အကြောင်းကိုကျတော့ ပြန်မေး၊ ထုတ်ဖော်ခွင့် မပြုပြန်တာကိုကျတော့လည်း ရရမှာတစ်မျိုးကြီး။

ရရလည်း တော့်ရဲ့ စိတ်ဝင်စားစရာ ချွန်တွန်တွန် မေးဖျားလေးကို ပြန်ဆွဲကိုင်ညှစ်ပြီး "ရရရောပဲ"လို့ ဖြေခွင့် ဒီတစ်သက်မှာတော့ ရှိနိုင်တော့မယ် မထင်ပေ။ ပြည့်နိုင်မယ်မထင်တဲ့အတွက် ဆုတောင်းမတောင်းနိုင်အောင်ပါပဲ တော်ရေ။

"အန်တီမေဇော်က ခေါ်တယ်"ဆို၍ ရရမှာ ရင်တွေတဒိန်းဒိန်းမြည်အောင် အခုန်မြန်၊ တုန်လှုပ်နေရတော့သည်။ သတင်းရ ... တယ်မြန်ပါလား။ ကြီးစိန်ကြီးဟာ ရရကိစ္စကျတော့ ရက်မဆိုင်း ပြန်ပြီးသတင်းပို့တယ်ပေါ့နော်။ ဘာရှိမလဲ။ လက်ဆွဲကိုင်ပြီး ရေကူးကန်ဘေး နှစ်ယောက်သား ယှဉ်တွဲထိုင်မှု၊ ဆက်ပြီး လိုက်ကြည့်နေသေးတယ်ဆိုရင် ( ) နားရွက်အပြားကလေး အထိ လက်ရောက်မှု၊ အမြင်တင်မကာ အကြားပါ ရနေရင် "ချစ်ခွင့်ပန်မှု"။ တော်သေးလို့သာ "အဖြေပေးမှု"ပါ အပိုထပ်ဆောင်း မထွက်တော့ခြင်းပေ။



"လာ ... ရရ ထိုင်။ အန်တီတောင် မသိဘူး၊ အောက်ထပ်ဆင်းပြီး ခေါ်စိန်တို့အခန်းထဲ အတူသွားနေ့နေတယ်ဆို"

အန်တီမေဇော်ရဲ့ မျက်နှာထားက တစ်မျိုးတော့ဖြစ်နေပေမယ့် တင်းမာဒေါသထွက်နေတာမျိုးတော့လည်း မဟုတ်ပြန်ချေ။ ရရက အရိပ်အကဲကို ကြည့်နေရာက မပွင့်တပွင့်နှင့်။

"ဟုတ်ကဲ့"

"အင်း ... ဘာဖြစ်လို့လဲလို့တော့ မေးမနေတော့ပါဘူးကွယ်။ ဘာ့ကြောင့်ဖြစ်နိုင်တယ်ဆိုတာ တို့လည်း ရိပ်မိနေနိုင်တာပဲ မဟုတ်လား။ ကဲ ... ကဲ ... ထိုင် ... ထိုင်။ ရရကိုပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တာ။ ပြောစရာ ဆိုတာထက် တိုင်ပင်စရာ အကူအညီတောင်းစရာ ဆိုရင်လည်း မမှားဘူးကွယ်"

ဘိုမရဲ့စကားအရတော့ "ဒီမိန်းမကြီးဟာ ဟန်တုံးပန်တုံးကြီး၊ လူတစ်ကိုယ်လုံး ဟန်ဆောင်မှုတွေနဲ့ချည်း ပြည့်နှက်နေတဲ့ အတုံးကြီး။ အချိုသပ် နာမည်ကောင်းယူပြီးမှ သူလိုရာကို လှည့်လုပ်သွားတတ်တဲ့ နေရာမှာ နှစ်ယောက်မရှိဘူး။ အပြီးသတ်ကျတော့ သူ့စိတ်ကြိုက်၊ သူဖြစ်ချင်ရာတွေလည်း ဖြစ်သွားသေး။ စိတ်သဘောထား ပြည့်ဝသူကြီးအဖြစ် နာမည်ထွက်တော့လည်း သူ"တဲ့လေ။

ဘိုမဟာ အန်တီမေဇော်ကို "ပြိုင်ဘက်"လို့ သဘောထားပြီး မရှုစိမ့်နိုင် ဖြစ်နေတာကို မလုပ်သင့် မလုပ်ထိုက်၊ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သင့် မဖြစ်ထိုက်တဲ့ အမှုကိစ္စမျိုးအဖြစ် နားလည်နေမိပေမယ့် ရုရု ကိုယ်တိုင်ကလည်း သူတစ်ပါးအိမ်မှာ အိမ်ရှင့်မျက်နှာကိုကြည့် နေ့နေရတဲ့သူပီပီ တစ်ခုခုကြုံလာရင်တော့ အဲဒီအတင်းအဖျင်း စကားများကို ပြန်မစဉ်းစားဘဲ မနေနိုင်ချေ။

ခုလည်း မနေ့ကကိစ္စကို အန်တီမေဖော် သိလား၊ မသိဘူးလား။ သိရက်သားနဲ့ ဒေါသထွက်မပြဘဲ ဟန်ဆောင်ဆက် ပြုံးနေနိုင်တာလား။ မသိသေးလို့ မငြိုငြင်သေးတာလား။ ဒါမှ မဟုတ် သိပြီးပေမယ့် ဒေါသထွက်၊ ဆူပူစရာကိစ္စအဖြစ်ပဲ မသတ်မှတ်တာလား။ ရုရုမှာ ကိုယ့်ဉာဏ်ကလေး တစ်ထွာတစ် မိုက်နဲ့ မကွဲပြားနိုင်ပါ။

ကြီးစိန်ကြီး သိတာကတော့ သေချာသည်လေ။ သူ့ရှေ့မှောက်ကပင် လက်ချင်းတွဲ ထွက်ခွာသွားကြပြီး တော်နဲ့ ရုရုတို့ စကားထိုင်ပြောဖြစ်နေကြတာကလည်း အကြာကြီးမဟုတ် လား။ ဟိုတစ်ခါလို ဘိုမက အပြင်ကနေ ပြန်ဖေ့ဂုက်လာပြီး လာ ရောက်နှောင့်ယှက်တာမျိုးလည်း မရှိတော့ ရုရုတို့ ဆက်ထိုင်ဖြစ် နေကြတာက လိုအပ်တာထက် ပိုကြာသွားသည်။ စကားမပြော ဖြစ်ဘဲ ငြိမ်ဆိတ်နေကြတဲ့ အချိန်တွေကလည်း ကုန်မှန်းမသိ အကုန်မြန်နေတာမျိုးလေ။ သူ့ဘေးမှာ ကိုယ်ရှိတယ်၊ ကိုယ့်ဘေး မှာ သူ ရှိတယ်ဆိုတဲ့ အသိက နှစ်ဦးသားရဲ့ စိတ်ခွန်အားတွေကို ပြည့်ဝနေစေတာမို့ ရုရုတို့က အကြာကြီးကို ဆက်ထိုင်နေမိခဲ့ကြ တာ။





"တိုင်ပင်ဆွေးနွေးစရာ ဆိုတာကတော့ သမီးကိုပဲ ပြောစရာ ရှိတာမို့ သမီးကိုပဲ ခေါ်ပြောရတဲ့သဘောပါကွယ်၊ အပြစ် တင်ချင်တာ။ ငြိုငြင်ချင်တာလို့ မထင်နဲ့။ တကယ်တမ်း က ရုရုမှာ ဘာအပြစ်မှ,မှ ရှိတာမှ မဟုတ်ဘဲ။ ဟုတ်တယ် မှတ်လား။ အန်တီ ပြောချင်တာက ဘိုမကိုတော့ အန်တီ တို့ စိတ်ပျက်သွားပြီ"

ရုရုက ခေါင်းငုံ့ထားရာကနေ အန်တီမေဖော့်ကို မော့ကြည့်လိုက်ပါသည်။ သြော် ... ကိုယ့်ကိစ္စထက် ဘိုမကိစ္စပဲလား။

"ရှင်းရှင်းပြောရရင် သူနဲ့အန်တီတို့မိသားစုကြားမှာ ပြီးကြ ပြီလို့ သဘောထားလိုက်ပြီ ရုရု။ အဲဒါ ဒီအိမ်၊ ဒီမိသားစု ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲ။ အန်တီ့သဘောထားရော၊ ဦးကျော်ရဲ့ဆန္ဒရော။ နှစ်ယောက်လုံးရဲ့ ဆုံးဖြတ်ချက်က တစ်သဘောတည်းပဲ။ သူ့ကို အန်တီတို့စွန့်လွှတ်လိုက်တော့ မယ်။ အပြီးသတ်ပါ ပြောရရင် ဒီအိမ်မှာကိုလည်း မထား တော့ဘူး။ သူနဲ့ အန်တီတို့မိသားစုကြားမှာ ဘာအပတ် အသက်၊ အဆက်အဆံမှ မရှိစေရဘူး"

နောက်ဆုံးကျ ဒီလမ်းသို့ပဲရောက်မယ်၊ ဒီလိုပဲ အဆုံးသတ်မယ်ဆိုတာ ဘိုမ တစ်ယောက် စတင်မောက်မာ၊ မိုက်မှားလာချိန်ကတည်းက ရုရု တွေးထင်မျှော်မှန်း ကြောက်ရွံ့ ခဲ့ဖူးသားပဲ။ သူ ခေါ်တင်လာလို့ သူ့အိမ်ပေါ်ရောက်ရတဲ့ အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကလန်ကဆန်နဲ့ ရိုင်းစိုင်းမောက်မာပြနေမှတော့ ဘယ်သူက ဘယ်လောက်ထိ သည်းညည်းဆက်ခံနေနိုင်မလဲ။ အိမ်ရဲ့ခေါင်းချုပ်လို့ထင်တဲ့လူကို ဖြစ်တဲ့နည်းနဲ့ အပိုင်ချည် အနိုင်ကိုင်ထားနိုင်တာမျိုးကရော ဘယ်လောက်အထိ မြဲနိုင်မှာလဲ။

"ဒါပေမဲ့ အဲဒါ ဘိုမအတွက်ကိုပဲ ပြောတာ၊ ရုရုမပါဘူး။ ရုရုကို အန်တီတို့မိသားစုက မစွန့်လွှတ်နိုင်တဲ့အပြင် ကိုယ့်သွေးကိုယ့်သားလိုပဲ ဆက်သဘောထားနိုင်တယ်။ တစ်ဝမ်းပဲကွဲပေမယ့် တစ်မိတည်းပေါက် မဟုတ်တာကြောင့် ရုရုနဲ့ ဘိုမတို့က အရမ်းကွာတယ်။ ပုံစံချင်း လုံးဝမတူဘူး။ တကယ့် စိတ်ရင်းထဲရှိတာကိုပဲ ပြောတာ။ အန်တီရော ဦးကျော်ပါ ရုရုကိုတော့ သံယောဇဉ်လည်းဖြစ်၊ ချစ်လည်း ချစ်ကြပါတယ်။ အဲဒါ အမှန်အတိုင်းပဲ"

ဘိုမကတော့ အိမ်ပေါ်ကဆင်းတော့။ ရုရုတော့ နေခဲ့။ ဒီလိုပေါ့လေ။ တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော၊ ရုရုဟာ အဲဒီစကားတွေကြောင့် တင်းကျပ်နေတဲ့စိတ်တွေတော့ အနည်းငယ် သက်သာရ ရပါသည်။ "ငါ့အစ်မကို နှင်ချမှတော့ ငါလည်း မနေနိုင်ဘူး၊ လိုက်ဆင်းမယ်"ဆိုတဲ့ မာနမျိုး ရုရုမှာ ထားပြနိုင်ဖို့ အင်အားမရှိသလို ကိုယ်ခွေကိုယ်မျိုးကလည်း ကိုယ်ပါ လိုက်ပါဆင်းလာတော့ကော ဘယ်လောက်များ ကျေနပ်၊ အံသြ အမှတ်ပြု၊ ကျေးဇူးတင်နေမှာမို့လို့လဲ။





"ဒါ ... နင့်ဘာသာ နင့်ဆုံးဖြတ်ချက်ပဲဟာ။ ငါကဆွဲခေါ်လာတာမှ မဟုတ်တာ။ နင့်သဘော နင်ဆောင်ဆိုတော့ နင့်လမ်း နင်သွား၊ ငါ့လမ်း ငါသွားပဲ။ နင်နဲ့ပတ်သက်လို့က ငါ့တာဝန် ဘာမှမရှိဘူး"

အဲဒီလိုမျိုး ပြောကိုပြောမယ့်သူပါ။ အဘိုးဆုံးပြီး ရှိရှိသမျှ ပိုက်ဆံတွေပါ အကုန်သုံးပြီးကြတုန်းကလည်း အဲဒီလိုပဲလေ။ ခုဆို ပိုဆိုးပြီပေါ့။ သူ့ဒုက္ခ သူရှာကာ သူ့ကြမ္မာ သူဖန်တီးခဲ့သော ဘိုမဟာ ရုရုလည်း ဘာမှမလုပ်ရပါဘဲ ရုရုကို နေရင်းထိုင်ရင်း ကြည့်မရ၊ မနာလို၊ အမြင်တွေကတ်ကာ ရန်လုပ်နေချင်မျိုး ဖြစ်နေပြီလေ။

"ဖြစ်ပြီးခဲ့တဲ့ ကိစ္စတွေကတော့ မျိုးစုံပဲ။ အဲဒါတွေအတွက် အန်တီရော ဦးကျော်ပါ တစ်ယောက်မျက်နှာကို တစ်ယောက် ငဲ့ပြီး အစစအရာရာကို သည်းခံခဲ့တယ်။ ထောက်ထားခဲ့တယ်။ ရုရု သိသိ မသိသိပေါ့လေ၊ ဦးကျော်ဘက်က လွန်ခဲ့တာမျိုးတွေကလည်း ရှိနေတော့ လူကြီးပီပီ ကိုယ်ပဲစိတ်လျှော့ သင်ပုန်းချေဖို့ပဲ စဉ်းစားခဲ့ကြတယ် ...

ဒါပေမဲ့ ခုကိစ္စကတော့ အတော်ကြီး လွန်ကျူးသွားခဲ့ပြီ သမီး။ ဦးကျော်နဲ့ လက်ထပ်ကြမယ်။ လက်ထပ်ကို ထပ်ယူရမယ်။ တရားဝင် အသိအမှတ်ပြု လက်မှတ်ထိုး မင်္ဂလာဆောင်ယူကြမယ်လို့ သူ ပြောခဲ့ပြီးရင် သူ့'တာ'ကိုလည်း သူ လုံရမယ်လေ။ မဟုတ်ဘူးလား။ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိနေရက်နဲ့ ဒီဘက်ကို ခြိမ်းခြောက်အပိုင်ကိုင်ချင်တာမျိုးကျတော့ ဒီမိသားစုကလည်း အရူးတွေ၊ နွားတွေမှ မဟုတ်တာကွယ်။ ရုရု အန်တီတို့ကို နားလည်ရဲ့လား"

"ဟုတ်ကဲ့ ... ရုရု သဘောပေါက်ပါတယ် အန်တီ"

"အန်တီတို့ကလည်း မရိုင်းပါဘူး သမီး။ သူ့အတွက် တစ်ခုခု စီစဉ်ဆောင်ရွက်ပေးလိုက်ပြီးမှ လမ်းခွဲအဆက်ဖြတ်ကြမှာပါ။ ဒါကလည်း သူ ခြိမ်းခြောက်တာတွေ၊ လုပ်ပြလိုက်မယ်ဆိုတာတွေကို ကြောက်လို့မဟုတ်ဘူး။ သူ့ထက်စာရင် အန်တီတို့က အတွေ့အကြုံ၊ အသိုင်းအဝိုင်း၊ အသိဉာဏ် ဗဟုသုတက ပိုကျယ်ပြန့်ပါတယ်။ ဥပဒေကြောင်းကိုလည်း ပိုနားလည်တာပေါ့ကွယ်။ အန်တီတို့ရှေ့နေကိုလည်း မေးပြီးပြီ။ တိုင်ပင်ပြီးပြီ။ သူ ပေါက်ကရလျှောက်လုပ်ရင် အန်တီတို့ဘက်ကတောင်မှ အသရေဖျက်မှုနဲ့ ပြန်စွဲလို့ရနိုင်ပါတယ်။ တရားပြိုင်ကြပြီဆိုလည်း သူနိုင်ကိုမနိုင်နိုင်ပါဘူး ...

အန်တီ ဆိုလိုတာက ကြောက်လို့မဟုတ်ဘူး။ တာဝန်ရှိလို့ မဟုတ်ဘူး။ လျော်ကြေးမဟုတ်ဘူး။ ကိုယ့်အိမ်မှာ ခေတ္တခဏ ခိုလှုံနေထိုင်ခဲ့သူတစ်ယောက်အတွက် နောက်ဆုံးအနေနဲ့ စောင့်ရှောက်ပေးကမ်းလိုက်တဲ့ သဘောပဲ။ သမီးနာမည်ပါ ယူသုံးပြီး ပြောရရင်တော့ ကရုဏာကြေးသက်သက်ပဲ။ အဲဒါပဲ"



"တရားပြိုင်ကြပြီဆိုလည်း ဘိုမက မနိုင်နိုင်ပါဘူး" တဲ့။ "တာဝန်ရှိလို့ မဟုတ်ဘူး၊ လျော်ကြေးမဟုတ်ဘူး"တဲ့။ အန်တီမေဖော်ကို သူ ပြောသလိုပင် ကိုယ့်ဘက်ကလည်း တကယ့်ကို သံယောဇဉ်ဖြစ်၊ ချစ်ခင်အားကိုးပါလျက် ရုရုရဲ့မိတ်ထဲ အမြဲရွံ့ကိုရွံ့ကြောက်နေရသော၊ စိတ်တစ်ခုလုံးပုံ၍ မယုံမိသေးသော အကြောင်းမှာ အဲဒီစိတ်မျိုးကြီးတွေကိုပင်။

ဘိုမကသာ ဦးနှောက်မရှိလို့ ကိုယ်နဲ့ ဘယ်လိုမှ ပြိုင်ဖက်မဟုတ်တဲ့လူကို တက်ပြိုင်ဝံ့တာ။ ကိုယ့်ထက် ပိုက်ဆံလည်း ပိုရှိ၊ အသိပညာ၊ အသိုင်းအဝိုင်းလည်း ပိုပြန့်သေးတဲ့လူကို တရားချင်း ပြိုင်ချင်တော့ ဘယ်လိုပြိုင်ပြိုင် ကိုယ်နိုင်မလား။ အခု အန်တီမေဖော်က "တာဝန်မရှိဘူး။ လျော်ကြေးသဘောတော့မပေးနိုင်ဘူး"လို့ပင် အတိအလင်း ဆိုလာခဲ့ပြီ။ ဦးကျော်နဲ့မှားခဲ့၊ ဖြစ်ခဲ့ကြတာကို သိသိကြီးနဲ့ကို "တာဝန်မရှိပါဘူး"ဆိုတော့ ဘယ်လိုလုပ်မလဲ။ ရှေ့နေနဲ့ပင် တိုင်ပင်ပြီးပြီတဲ့။ ဘိုမတစ်ယောက် "ကျွန်မတို့က ဘယ်တုန်းက ဘယ်လိုဖြစ်ခဲ့ကြတာပေါ့"လို့ သက်သေအထောက်အထား မရှိရင်၊ ဘယ်လိုများ ကျုံးအော်နေလို့ရမလဲ။

"ဒါတွေ ဘိုမနဲ့တော့ မပြောရသေးဘူး။ ဒါပေမဲ့ ဒီနေ့ပဲ ပြောမှာ၊ အန်တီက သိပ်မဆိုင်းဘူး။ ပြီးရင်တော့ သူနဲ့ အန်တီနဲ့ညှိဖို့တို့၊ သူ့အတွက် ပစ္စည်းသိမ်းတာ အိမ်ပြောင်းနေဖို့ စီစဉ်ရမှာတွေနဲ့ဆိုရင် ဒီမှာ တစ်ရက် နှစ်ရက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



နေဖို့တော့ အခွင့်ပေးရမယ်နဲ့တူတယ်။ သိပ်ကြီး ကသိလင် တလည်း မဖြစ်စေချင်ပါဘူး ....

သူ့ကိုမပြောခင် ရုရုကို အရင်ခေါ်ပြောတာက အသိပေးတာလည်း ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အန်တီတို့ဘက်က ချွတ်ယွင်းချက်တွေ အများတွေ မြင်တယ်ဆိုလည်း ရုရု ပြောစရာရှိရင် တစ်ခုခု ပြန်သတိပေးနိုင်အောင်ပေါ့။ တိုင်ပင်ဆွေးနွေးတဲ့သဘောလည်း ဟုတ်တယ်။ ပြီးတော့ ရုရုကတော့ ဘာမှအားငယ်စရာမရှိဘူး၊ ပိုနေမြဲကျားနေမြဲ နဂိုအတိုင်းပဲ အန်တီတို့က စေတနာရှိတယ်ဆိုတာကို သိထားစေချင်တာလည်း ပါတယ်။ ဘိုမကိုသာ အရင်ပြောလိုက်ရင် သူက ရုရုနဲ့အန်တီတို့ကြားမှာ သွေးခွဲသပ်လျှိုပြီး ရုရုကိုပါ မပါ,ပါအောင်အတင်းပြောဆို၊ ဆွဲချ၊ ခေါ်ထုတ်သွားမှာလည်း စိုးတယ်။ အန်တီ မှာချင်တာက သူ ဘာပြောပြော ဘယ်လောက်ပြောပြော သမီးအသိဉာဏ်နဲ့ပဲ နားထောင်ပါ။ အန်တီ့စကားကိုယုံပြီး ဒီမှာပဲနေခဲ့ပါ"

ရုရုရဲ့မျက်နှာလေးက စိတ်ရှုပ်ထွေးဟန် ပေါက်လာပါသည်။ ရုရုနဲ့ အန်တီမေဇော်နဲ့ တွေးပုံချင်း မတူညီကြပါလား။ ရုရုက ကိုယ့်ကို ဘိုမက "နင်နဲ့ငါ ဘာမှမဆိုင်ဘူး။ ဘာတာဝန်မှ မယူနိုင်ဘူး"ဟု ငြင်းပယ်ထားခဲ့မည်ပဲထင်တာ၊ အန်တီမေဇော်ကတော့ "မရ,ရအောင် ကလန့်ပြီး ဆွဲထုတ်သွားမည်"ပဲ ထင်သတဲ့။





ဖြစ်နိုင်တာပါပဲ။ ရုရုကကျတော့ ဆက်ပေါက်ကောင်းတား ကျန်ရစ်မည်ဆိုလျှင် သူကတော့ သူ့အပြစ်ကြောင့်ဆိုတာကို မြင်နိုင်ပုံမရတဲ့ ဘိုမက ဘယ်လိုလုပ် ကြည်ဖြူကျေနပ်နိုင်ပါမလဲ။ အတင်းဆွဲဆောင်ခေါ်သွားပြီး အပြင်ရောက်မှ၊ ပြီးမှ ပစ်ထား လှည့်မကြည့်။ အမယ်လေး သူ မသွားမချင်း ရုရုဟာ ကြီးစိန်ရဲ့အခန်းထဲ၊ ကြီးစိန်ရဲ့ကျောကုန်းအနောက်ကကို ထွက်ဝံ့တော့မည် မထင်ပါ။

ရုရုက ဘိုမလောက် မျက်နှာမပြောင်၊ သတ္တိမရှိဝံ့သူလေ။ ဘိုမတို့များ ဒီအိမ်က အိမ်ဦးနတ်နှစ်ယောက်နဲ့ ထိပ်တိုက်လိုရှိပြီးထားတာတောင်မှ အစားမပျက် အသွားမပျက်။ ဒီအိမ်ပေါ်မှာ ငါနဲ့ မျက်နှာချင်းမဆိုင်ချင်တဲ့သူ ကိုယ့်ဘာသာကြည့်ရှောင်၊ ငါကတော့ ဗိုက်ဆာတဲ့အချိန် ထမင်းစားမယ်။ အပြင်သွားမယ်။ ပျော်သလိုနေမယ် ဆိုတဲ့ အချိုးနဲ့ပင်။

ရုရု ဆိုရင်လား။ ကိုယ့်ကိုမကြည်ဖြူတော့တဲ့အိမ်မှာ အပြင်က ပြန်လာလို့ သော့ခလောက်တန်းလန်းနဲ့ ကြုံလိုက်ရရင် တံခါးလာမဖွင့်မချင်း ဘဲလ်ကိုအဆက်မပြတ် နှိပ်ထားတာမျိုး၊ လူကြီးရှိနေတဲ့ အိမ်ဦးခန်းထဲ ရင်ကော့မေးပင့်ပြီး ဝင်လာရဲတာမျိုး လုပ်နိုင်မည်ကို မထင်ပေ။ ဘိုမကတော့ လုပ်နေ၊ အောင်မြင်နေတာပဲ။

" ခုတော့ သူ ဒုက္ခရောက်တော့မယ်။ ညီအစ်မချင်း မကူညီ မရိုင်းပင်းနိုင်တော့တဲ့ဘဝကိုလည်း ရုရုက အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်နာကျင်ပါသည်။ ဒီနေ့ နေ့လယ်၊ ဒါမှမဟုတ် ညနေဘက်ဖြစ်ဖြစ်၊ ခါတိုင်းလိုပဲ ရင်ကော့၊ မေးပင့်၊ ဘဲလ်ကို အဆက်မပြတ်နှိပ်ပြီး သူ ပြန်ရောက်လာခဲ့တဲ့အခါ ရုံးမသွားဘဲ သူ့ကိုထိုင်စောင့်ကြိုနေမည့် အန်တီမေဖော့်ကို ကြုံလိုက်ရရင် သူ ဘယ်လိုဖြစ်သွားမလဲ။

သူတို့ရဲ့ တွေ့ဆုံပွဲကို အနားမှာမနေဘဲ ပုန်းရှောင်တိမ်းနေမိမှာ ဖြစ်တဲ့အတွက် ညီအစ်မချင်း သစ္စာမဲ့မိသလိုလိုတော့ ရရရဲ့ရင်ထဲမှာ Guilty (အပြစ်မကင်း)ဖြစ်ရပါသည်။ ဒါပေမဲ့ ငုတ်တုတ်ကြီး လာထိုင်ပေးနေတော့ကော။ ကျန်ရစ်ခဲ့ရမယ့် ရရရဲ့ရှေ့မှာမှ "သွားတော့"လို့ အပြောခံရလေခြင်း။

သူ့ရဲ့ဆုံးရှုံးမှုကို ရရက အရသာခံ စောင့်ကြည့်နေလေခြင်းရယ်လို့ ဘိုမက ရရကို ပိုလို့တောင် မကျေနိုင် ဖြစ်နေဦးမှာပါ။

"ဒီကိစ္စနဲ့ပတ်သက်လို့ ရရမှာ အန်တီ့ကို ပြန်ပြောစရာဘာမှမရှိတော့ဘူးဆိုရင် အန်တီက နောက်တစ်ခုပေါ့။ ထပ်ပြီးပြောချင်တာ ကျန်သေးတယ်"

ဟော ...။ လာပြီ ...။ ဒီတစ်ခါကတော့ တကယ်ပဲ မနေ့ကကိစ္စဆီသို့ ရောက်လာခဲ့ပြီနဲ့ တူပါရဲ့။ ရရရဲ့နားထဲမှာ "တာဝန်မရှိဘူး။ လျော်ကြေးသဘော မပေးနိုင်ဘူး"ဆိုတဲ့ ခပ်ပြတ်ပြတ် အပြောတွေက ပဲ့တင်ထပ်လာသလို ခံစားရရင်း လက်ဖျားတွေ ခြေဖျားတွေ အေးစက်ကာ ချွေးပြန်ချင်လာသည်။



ရရကိုတော့ "ဒီအိမ်မှာပဲ ကျန်ရစ်ပါ"ဟု အတိအလင်း ပြောထားပြီးသားမို့ အဲဒီလောက် ကြောက်စရာစကားကြီးမျိုးတွေနဲ့တော့ သတိမပေးလောက်ဖူးနဲ့ တူပါရဲ့။ ရရမှာ "နင်ပဲငဆ"ပြောချလိုက်မှာကို ခံလိုက်ရမလားလို့ ထိတ်လန့်နေရလွန်းတာမို့ ဘိုမ ပြောသလို "အချိုသပ်ပြီးမှ သူလိုသလို လှည့်လုပ်သွားမှာ"ဆိုလည်း အဲဒီလိုပဲ လုပ်ပါစေတော့ဟုပင် ဆုတောင်းချင်လာပါသည်။

"ဒါကတော့ တိုင်ပင်တာ ဆွေးနွေးတာထက် အကူအညီတောင်းတာမျိုးဆိုရင် ပိုမှန်မှာပေါ့ သမီးရယ်။ သမီးသိတဲ့အတိုင်း အန်တီတို့က ပြေးကြည့်လို့မှ ဒီမောင်နှမနှစ်ယောက်တည်း ရှိကြတာ။ တော်ဆိုတာကတော့ ထည့်တွက်လို့ကိုမရနိုင်ဘူးလေ။ သူက အန်တီတို့ထက် သူ့အဖေကိုပဲ ပိုခင်တွယ်တယ်။ ဟိုကနေ ကျောင်းပြီးလို့ ဘွဲ့ရ၊ အလုပ်ရဆိုလည်း ဒီကို ခုလိုပဲ နှစ်ပေါင်းများစွာကြာမှ တစ်ခေါက်။ အလည်သဘောပဲ လာနိုင်မှာပေါ့။ ဟိုမှာပဲ အခြေချနေတော့မှာ သေချာသလောက်ပဲလေ။ စကားကုန်ပြောရရင် အမေနဲ့ဦးလေးကို ပြန်ကြည့်စောင့်ရှောက်ဖို့ထက် အသုဘမီအောင်တောင် သူ မနည်းကြိုးစားရမယ့်ပုံပါ ...

အန်တီက ကိုယ့်ကိုယ်ကိုယ် စိတ်မချတာထက် ဦးကျော်ကို ပိုစိတ်မချဘူး။ တော်တို့အဖေနဲ့ကိစ္စ ဖြစ်ပြ

www.burmeseclassic.com



တုန်းကဆိုလည်း အန်တီက ခဏပဲ။ ကာယကံရှင်မဟုတ်တဲ့သူက ယောက်ျားကြီးတန်မဲ့ ပိုဆိုးနေတယ်။ တစ်ခါ Accident ဖြစ်သွားပြန်တော့ ခု သမီးမြင်တဲ့အတိုင်းပဲ၊ သူ့ဘဝကြီးကို ရေစုန်မျှောထားပြီး Depression ဝင်နေတော့တာလေ။ စိတ်ဓာတ်က ကျလွယ်တယ်။ ပျော့ညံ့တယ်။ ခံစားတတ်တယ်။ အဲဒါကြောင့်လည်း ခပ်လည်လည် သွက်သွက် လွယ်လွယ်ထဲက ခုလို ဘိုမနဲ့ တွေ့လိုက်ကြတဲ့အခါ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာပေါ့။ အေးလေ ... ဒါက ထားလိုက်ပါတော့ ပြီးပြီးသားတွေပါ ...

ဒါပေမဲ့ ဒီကိစ္စကြောင့်ပဲ ရှေ့ဆက်ပြီးတော့ ဒီထက်သူပိုဆိုးဆိုးဝါးဝါး စိတ်ဓာတ်ကျပြီး ကျန်းမာရေးအန္တရာယ်တောင် ထိခိုက်လာမှာ အန်တီက စိုးတယ်။ ဒါမှမဟုတ် အန်တီ သူ့ထက်ပိုကျန်းမာတယ်၊ စိတ်ရော လူပါမာတယ် ဆိုပေမယ့် သခ်ါရသဘောတရားဆိုတာ ဘာမှပြောလို့မရဘူး၊ အကယ်၍များပေါ့နော် အန်တီသာ ဖျိုးခနဲ ဖျတ်ခနဲ တစ်ခုခု ဖြစ်သွားခဲ့သည်ရှိသော် သူ ဘယ်လိုကျန်ခဲ့ရမလဲ။ တစ်ခါတည်း အသက်ပါမသွားဘဲ ခဏတဖြုတ်လောက် ဆန့်ငင် ဆန့်ငင်များ ဖြစ်နေရဦးမယ်ဆိုရင် သူ့ကိုပူရတာနဲ့ အန်တီတော့ သရဲပဲဖြစ်နေမှာ၊ ကျွတ်မှာတောင် မဟုတ်ဘူး။ သေချာတယ် ...





ဒေါ်စိန်ကြီးတို့ ...။ စိတ်မချရဘူး မဟုတ်ပါဘူး၊ စိတ်ချရပါတယ်။ ဒါပေမဲ့ သူကတောင် ပိုအသက်ကြီးသေးတာနော်။ သွားချင်းသွား သူ ရှေ့ဆုံးက သွားရမှာ၊ အဲဒီလိုမဟုတ်လား ... နော်။ အဲဒီတော့ အန်တီ ဒီလောက်ထိချီပြီးပြောနေရတာက အန်တီစိတ်ချမ်းသာဖို့၊ စိတ်ချလက်ချနေနိုင်ဖို့ရာက အခုနောက်ဆုံး စဉ်းစားထားတဲ့ ကယ်တင်ရှင်က ရုရုလို့ပဲ အန်တီကမြင်တယ်၊ ဘုရားက အန်တီ့ကိုကံကောင်းစေဖို့ ရုရု ဆိုတဲ့ ကောင်မလေးကို ဒီအိမ်ပေါ်အရောက် ပို့ပေးလိုက်သလိုပါပဲ"

ရုရုမှာ "ငါ့သားနဲ့ ကင်းကင်းနေစမ်း၊ နို့မို့ဆိုရင်တော့ နင်ပါ ဒီအိမ်ပေါ်ကဆင်း"ဆိုတဲ့ စကားမျိုး ဘယ်တော့များကြားရပါ့မလဲလို့ ပင့်သက်ကိုပင် အောင့်ထားမိပြီး ပြန်မချမိသေးဘဲ စောင့်စားနားဆင်နေခြင်းမျိုးပါ။ ခုထိကတော့ မဆီမဆိုင်စိတ်ပူတာတွေ၊ စိတ်မချတာတွေနဲ့ ရုရုကို ဆုပူအပြစ်တင်ဖို့ထက် "ကျေးဇူးရှင်၊ ကယ်တင်ရှင် စာရင်း"ထဲပင် အသွင်းခံနေရပါလား။ ဘာကိုဆိုလိုချင်နေတာပါလိမ့်။

"ကျော့်ကို အန်တီက ရုရုနဲ့ စိတ်ချချင်တယ်"

"ရှင် ... ! "

အောင့်ထားမိသော ပင့်သက်ဟာ အေးအေးဆေးဆေး ချလိုက်နိုင်ခြင်းမျိုး မဟုတ်ဘဲ သူ့အလိုလို ဝုန်းခနဲ ဆင်းသွားခြင်းမျိုးမို့ ရင်ဝကို ဆောင့်ကန်ခံလိုက်ရသလို ထိုးအောင့်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနကတည်းက ချွေးပြန်နေပြီးသားမှာ ခုတော့ ဆီးကင်းခန့် ချွေးသီးချွေးပေါက်ကြီးများက မျက်နှာတစ်ပြင်လုံးနဲ့ လူတစ်ကိုယ်လုံးမှာပါ ပျံ့နှံ့သွားသည်။ ပါးစပ်ကလည်း အဖောင်းသားပွင့်ဟလို့။

"ခုပဲ ဘိုမနဲ့ အတိုးသတ်။ ခုပဲ ရုရုကိုပြော ... ဆိုတော့ အန်တီက ဘယ်လိုလဲလို့တော့ မထင်ပါနဲ့။ ဖြစ်ချင်းဖြစ် ရုရုနဲ့သာဆိုရင် ဒီ့ထက်ပိုပြီး ကျေနပ်စရာကောင်းမှာပဲ ဆိုတဲ့ စကားကို ဟိုးတုန်းတည်းက အန်တီပြောဖူးခဲ့တာ ရုရု မှတ်မိမှာပါ။ ဟိုးအရင်ကတည်းက ကျော်နဲ့ ဘိုမတို့ကိစ္စကို မသိရသေးခင်ကတည်းက ကျော်ကို ရုရုနဲ့စိတ်ချလိုက်ချင်တယ်ဆိုတဲ့ ဆန္ဒမျိုး အန်တီ့မှာရှိခဲ့တာ။ ကိုယ့်အိမ်က ကိုယ်စောင့်ရှောက်ထားတဲ့ ကလေးမလေးမို့ ဒီလိုဖွင့်ပြောရင် အခွင့်အရေးယူရာများ ကျမလားလို့ ချိန်ဆနေမိတာနဲ့ တစ်ခါလည်း နောက်ကျခဲ့ရပြီးပြီ ...

ခုလည်း အခွင့်အရေးယူတယ်လို့ ရုရုက မတွက်ပါနဲ့။ အန်တီက အနူးအညွတ် အကူအညီတောင်းတာလို့ သတ်မှတ်ပေးပါ။ ကျော့်အတွက်က ခုချိန်မှာ စိတ်ကောင်း၊ စေတနာကောင်း၊ စာရိတ္တကော င်းကောင်းကလေးနဲ့ နားလည်စာနာပေးနိုင်မယ့် အဖေ ကောင်းတစ်ယောက် လိုကိုလိုအပ်နေတာ ။ ဒီတစ်ခါ တော့ အန်တီက နောက်မကျချင်တော့ဘူးလေ။ ကျော့်ဘက် တော့ အပြောင်းအလဲ ထပ်ရှိ





နိုင်မှာ မဟုတ်ပေမယ့် ... ရုရုကျတော့ လွှတ်လပ်ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။ ခုနေမှာ ရုရုက လိမ္မာပြီး စဉ်းစားတတ်တဲ့ သူတစ်ယောက်မို့ ယောကျ်ားလေးကိစ္စက ကင်းကင်းရှင်းရှင်း ဆိုပေမယ့် အန်တီက အချိန်စောင့်ပြီး ထပ်ချိန်ဆနေတုန်း မတော်လို့ အပြောင်းအလဲရှိသွားရင် ဒီတစ်ခါလည်း ထပ်နောက်မကျချင်တော့လို့ ခုချက်ချင်းကြီးပဲ ကြိုပြောထားရတာပါကွယ်"

သြော် ...။ တစ်ချက်ခုတ် နှစ်ချက်၊ သုံးချက်လောက်ပြတ် ဆိုသလိုပေါ့နော်။ ပညာရှိနည်းကလေးနဲ့ အချိုသပ်ပြီးလိုရာလှည့်ကစား အကွက်ချသွားနိုင်တယ်ဆိုတာ ဒါမျိုးပေါ့နော်။ ရုရုလိုအခြေအနေနဲ့ မိန်းကလေးမျိုးကို မျိုးရိုးကောင်း၊ ပညာတတ်၊ ပိုက်ဆံရှိတဲ့အပြင် အဘက်ဘက်က တက်လမ်းတွေရှိတဲ့ အရွယ်ကောင်း၊ သားတော်မောင်ကလေးနဲ့တော့ မှန်းမြင်လို့မရနိုင်ပေမယ့် ချွတ်ယွင်းချက်ရှိတဲ့ မောင်တစ်ယောက်အတွက် ဆိုရင်တော့ သင့်တော်တယ်လို့မြင်တယ်၊ သဘောတူနိုင်တယ်ပေါ့နော်။

ရုရုမှာ "နင်ပဲငဆ ပြောချမခံပါရစေနဲ့၊ ချိုချိုကလေးနဲ့ သူလုပ်ချင်သလို လုပ်ပါစေတော့"ဟု ဆုတောင်းမိလိုက်သလိုရှိသည့် ကိုယ့်ကိုယ်ကိုယ်ပင် မုန်းတီးစိတ်ဝင်ချင်လာရပါသည်။ "နင်နဲ့ ငါသားနဲ့ တန်သလား ရာသလား ကင်းကင်းနေ"ဆိုလျှင်ပင် မျက်ရည်လည်ရွဲနဲ့ ဖွင့်ဟစိတ်ထိခိုက်ပြလိုက်၍ ရနိုင်ဦးမည်။ ခုဟာကတော့ "သံယောဇဉ်ရှိတယ်၊ ချစ်ကြတယ်"ဆိုတဲ့ အပြော



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေကလည်း ရှိသေး။ သာမန်ထက် မကအောင် လှုတန်းရေ ရုံထက် ပိုလျှံထားခဲ့တဲ့ ကျေးဇူးတရားတွေကလည်း ရှိနေသေး။

လူကုံထံ၊ အဆင့်အတန်းမြင့်၊ ပညာတတ်ပီသပါပေတယ် အန်တီရယ်။ နူးညံ့နွေးထွေးပြီး တကယ်ပဲ အကူအညီ တောင်းဆိုနေဟန် မျက်နှာထားလေးနဲ့ ပိရိနေတဲ့ အန်တီ့မေမေ့ဟာ ကြီးစိန်ကြီးဆီက အိမ်တွင်းရေး သတင်းစကားများကို ပြန်ကြားလိုက်ရစဉ်က သူ့သားအတွက်ရော၊ မောင်အတွက်ရော၊ သူ့ရဲ့အမည်သတင်းတစ်ခုအတွက်ပါ အဘက်ဘက်က ဟာကွက်မရှိတဲ့ တစ်ချက်ခုတ် သုံးချက်ပြတ် ဒီအစီအစဉ်ကောင်းကို ဘယ်နှစ်နာရီလောက်ပဲ အချိန်ယူ စဉ်းစားလိုက်ရပါလိမ့်။ တော်လိုက်တာ။

"ခုချက်ချင်းကြီး ဆိုလို့ကတော့ ရုရုအနေနဲ့ အံ့အားလည်းသင့်၊ ပြန်ပြောစရာ စကားတောင် အဆင်သင့်မရှိဘဲ ဖြစ်နေမှာပေါ့။ သမီး ခေါင်းအေးအေးထားပြီး စဉ်းစားပါ။ အချိန်ယူပါ။ အန်တီ ပြောသလိုပဲ နောက်တစ်ကြိမ် ထပ်နောက်ကျမသွားချင်လို့သာ အန်တီက ချက်ချင်းကို ပြောထားလိုက်တာ။ အန်တီ စောင့်နိုင်ပါတယ် ...

သမီးကိုတင်မကဘူး ကျော့်ကိုလည်း တိုက်တွန်းနှားချတာမျိုးက လုပ်ကိုလုပ်ရဦးမှာလေ။ သူ့ အနည်ထိုင်ဖို့လည်း အချိန်ပေး စောင့်ရဦးမှာဆိုတော့ မထူးဘူးလေ တူတူပဲ။ အန်တီက စောင့်ကိုစောင့်ရမှာပဲ။ ဒီကြားထဲမှာ





တော့ သမီးစိတ်ထဲ ဘယ့်နှယ်မှ မရှိပါနဲ့။ စိတ်အနှောင့်အယှက် ဖြစ်နေစရာလည်း မလိုဘူး။ ခါတိုင်းလို လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးပဲ နေပေါ့။ ဘာပဲဖြစ်ဖြစ် သမီးဟာ အန်တီ့သမီး အန်တီ့တူမပါပဲ"

ဒါပေမဲ့ "သမီး ငြင်းချင်လည်း ငြင်းနိုင်တယ်နော်၊ လုပ်ကို လုပ်ရမယ်လို့ မဆိုလိုဘူး။ အကူအညီတောင်းကြည့်တာ သက်သက်မို့ သမီး ငြင်းလိုက်ရင်လည်း အန်တီက ဘယ့်နှယ်မှ မနေဘူး"လို့တော့ တစ်လုံးမှကို ထည့်ပြောမသွားဘူးလေ။ "ဒါ တစ်ချက်လွှတ်အမိန့်"လို့တော့ မဆိုဘူးပေါ့။ ဒါပေမဲ့ "ခေါင်းအေးအေးထားပြီး စဉ်းစားပါ"တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဘိုမနဲ့ လုံးဝမတွေ့ဖြစ်ကြတာ လေး,ငါးရက်မက ရှိနေပြီဖြစ်တဲ့ ရရဟာ ဦးကျော်နဲ့လည်း ထိုနည်းလည်းကောင်း။ တော်နဲ့ကတော့ နှစ်ရက်လောက်ရှိပါပြီ။ ဒီတစ်အိမ်တည်းအတွင်းမှာ ဘယ်သူက ဘယ်သူ့ကို ရှောင်နေသည် မပြောနိုင်ဘဲ ဒီလူနည်းစု လက်တစ်ဆုပ်စာကလေးက တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြဘူးဆိုတာ (မရယ်ချင်ပါဘဲ) ရယ်ဖို့တောင်ကောင်းနေသည်။

ဒီနေ့ကတော့ အန်တီမေဇော်က မနက်အစော လက်ဖက်ရည်ဝိုင်းမှာ အားလုံး လူစုံတက်စုံ ဆုံကြရပါမည်တဲ့။ တစ်ခုခု အစီအစဉ်ရှိပြီဆိုတာ သေချာတော့ ရရဟာ ဖြစ်နိုင်ရင် ဘယ်သူနဲ့မှ မဆုံချင်ပါ။ အထူးသဖြင့်ကတော့ အရှုံးသမား ဖြစ်သွားရမယ့် ဘိုမကိုပေါ့နော်။ ဒါပေမဲ့ အမိန့်ဟာအမိန့်။ "ဆုံကြရမည်"ဆိုတာကို မလာဘဲ နေဝံ့တာမှ မဟုတ်ဘဲ။





ကြီးစိန်ကြီးက "နေပစေလေ ရရ၊ စားပွဲမှာပဲ သွားထိုင်နေစမ်းပါ"ဆိုပေမယ့် ရရကား ဖွတ်ပင် ကောင်မလေးတွေလုပ်ရမည့် အလုပ်တွေကို လုလုပ်နေရင်း ထမင်းစားခန်းနှင့် မီးဖိုထဲ လူးလာခေါက်တုံ့ လုပ်လျက်ရှိသည်။ ကြီးစိန် ပြောသလို သွားထိုင်နေရင် ဒီထက် စိတ်ကျဉ်းကျပ် မျက်နှာပူနေရမှာပေါ့။ ချိန်းဆို ခေါ်ယူထားတဲ့ လူကြီးဖြစ်သူ အန်တီမေဇော်တင်မက နှမ်းဖတ်ဖတ်နဲ့ သိပ်မမာလှပုံပေါက်နေတဲ့ ဦးကျော်ပင် ထမင်းစားစားပွဲထက်မှာ ရောက်ရှိနေကြပြီ။ ဘိုမကား ခုထိဆင်းမလာသေးပါ။ အဲ ... ဘိုမ တစ်ယောက်တည်းတော့ မဟုတ်ဘူးပေါ့လေ။ တော်လည်း မရောက်သေး။

ဒါပေမဲ့ တော်ကတော့ တော်သဝဏ်လေ။ သူ့ဘာသာ ရောက်ရောက်၊ မရောက်ရောက် ဒီကနေ့မနက် တွေ့ဆုံပွဲရဲ့ အဓိကကျတဲ့ ကာယကံရှင် ဘိုမကတော့ ရောက်ကိုရောက်သင့်နေပြီ မဟုတ်လား။ ဒီဝိုင်းမှာ ဘာတွေပြောဖြစ်ကြတော့မယ်ဆိုတာကို ကြိုရိပ်မိလို့ တမင်ပဲ ညစ်ကပ်နေတာများလား။

"ဒေါ်စိန်ရေ ... ရရရော ... ခါတိုင်းရော ဘိုမက ဘယ်အချိန်လောက်များ အိပ်ရာက ထတတ်တာလဲ"

အန်တီမေဇော့်ဆီကပင် အသံထွက်လာသည်။

"အမှန်တော့ မရှိလှဘူး မမေဇော်"

"ကျွန်မက ဒီနေ့ သူ့ကို အပြီးသတ်ညှိနှိုင်းကြမယ်ဆိုတာ ပြောပြီးသားလေ။ သူ့ကို လက်မခံနိုင်တော့ဘူး လမ်းခွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြစို့ဆိုတာတော့ မနေ့ကတည်းက ကြိုပြောခဲ့ပြီးသား။ ဒါကြောင့်များ တမင် ပေကပ်ကပ် လုပ်နေတာလား လို့”

“တင်တင့်ကိုဖြစ်ဖြစ် သွားခေါ်ခိုင်းလိုက်မယ် မမေဇော်”

ကြီးစိန်က ကောင်မလေးကို မှာကြားစကားသင်ပြီး အပေါ်ထပ်သို့ လွှတ်လိုက်ပါသည်။ ဘာမှမကြာလိုက်ဘဲ လှေကားကြီးပေါ်က ပြန်ဆင်းလာသံ ခပ်ပြေးပြေးမြန်မြန် ခြေသံတွေကို ကြားလိုက်ရတော့ ထမင်းစားခန်းထဲက လူတိုင်းရဲ့အကြည့်နဲ့ အာရုံတို့က လှေကားကြီးဆီသို့ ရောက်ရှိသွားပါသည်။ လှေကားပေါ်က ပြန်ဆင်းလာသူမှာ တင်တင်ပင်။

“မမဘိုမက သူ့အခန်းထဲမှာ မရှိပါဘူး အန်တီ၊ ဘုရားခန်းထဲမှာလည်း မရှိဘူး”

“ဟဲ့ … ဘယ်သွားသလဲ၊ နင် သေချာကြည့်ခဲ့ရဲ့လား။ ဒီမနက် ဘယ်သူမှ အပြင်မထွက်သေးဘူး ငါသိတယ်။ အောက်ထပ်က သော့တွဲတွေက ခုထိ ငါ့ဆီမှာ၊ သူ့အခန်းထဲက ရေချိုးခန်းထဲတွေ ဘာတွေ ဝင်ကြည့်လေ”

စိတ်အနှောင့်အယှက် ဖြစ်နေဟန်တွေ ခပ်များများ စွက်နေတဲ့ ကြီးစိန်ကြီးရဲ့အပြောကို တင်တင်က “အားလုံးသေချာ ဝင်ကြည့်ခဲ့ပြီးပါပြီ”ဟု တုံ့ပြန်လိုက်သည်။ အန်တီမေဇော်က နေရာကနေ ထရပ်လိုက်ကာ …

“သူ့ပစ္စည်းတွေ ဘာတွေရော”



“အကုန်လုံး ဒီအတိုင်းပဲ အန်တီရဲ့။ အခန်းက ကျွန်မညကပဲ ဝင်ရှင်းပေးထားခဲ့တဲ့အတိုင်းပဲ။ အိပ်ရာခင်းတို့ စောင်တို့တောင် ဒီအတိုင်းလေး ပြန့်ပြန့်ပဲ”

ရုရု ရင်ထဲ “ဒိန်း”ခနဲ ဖြစ်ရပါပြီ။ ဘိုမကား ဤအိမ်ပေါ်ရောက်မှမဟုတ်။ အဘိုးနဲ့နေကတည်းကပင် သူ့ခြင်ထောင်၊ စောင်တွေကို ဘယ်တော့မှ မခေါက်၊ မွေ့ရာတွေ၊ ဖျာတွေဆိုလည်း “ညကျပြန်ခင်းမှာပဲဟာ”ဟု ဒီအတိုင်းပင် ထား,ထားတတ်သူမို့ အဘိုးနှင့် ပြဿနာတက်ကြမည်စိုးသည့် ရုရုကပင် အမြဲသိမ်းဆည်းသေသပ်ပေးရတတ်မြဲ။ ခု အိပ်ရာခင်းတို့ စောင်တို့ သပ်သပ်ရပ်ရပ် ဒီတိုင်းလေးပဲဆိုတော့ …။ အဖြေက တစ်ခုတည်းပဲရှိသည်။ ညကတည်းက အဲဒီအခန်းထဲမှာ ဘိုမ … ရှိမနေခဲ့တာ။

အရင်ဦးဆုံး ထရပ်လိုက်သည့် အန်တီမေဇော်က တွေဝေနေဆဲ၊ ဖျိုးဖျိုးဖျတ်ဖျတ်နှင့် ထရပ်ကာ သွက်လက်စွာ လှုပ်ရှားလိုက်သူမှာ ဦးကျော် ဖြစ်ပါသည်။ တုတ်ကောက်ကြီး တယမ်းယမ်း၊ ခါတိုင်းထက်မြန်သော ခြေလှမ်းများနဲ့ ဦးကျော်ရဲ့ ဦးတည်ရာက သူ့အခန်းဘေးမှာ နေရာယူထားတဲ့ တော်သဝဏ်ရဲ့အခန်းဆီသို့။ ဦးကျော် နောက်ကနေ ချက်ချင်းပြေးလိုက်ကပ်ပါလာသူမှာ ရုရုပါ။ ဦးကျော်နှင့် ရုရုတို့ တော့်အခန်းသို့ ရောက်ကြသည်နှင့် တံခါးကို ခေါက်မနေ ထုမနေတော့ဘဲ ဦးကျော်က တံခါးလက်ကိုင်ဘုသီးကိုပဲ တန်းခနဲ လှည့်ဖွင့်လိုက်ကာ ရုရုက တံခါးကို အတွင်းသို့ တွန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကလည်း မျှော်လင့်ထားသလိုပင် ချက်ကျမနေဘဲ ရှောရှောရှူရှူပင် ပွင့်ဟသွားခဲ့ကာ အခန်းတွင်းကနေ "ဘယ်သူတွေလဲ"ဟု အိပ်မှုန်စုံမွှားလေသံနှင့် ထလာသူကား "ဘိုမ"တည်း။

"အမယ်လေး ..."

အန်တီမေဇော်ရဲ့ ထိတ်လန့်တကြား အော်သံကို ကြားလိုက်ရသည်။ "မမေဇော် ... မမေဇော်"ဆိုတဲ့ ကြီးစိန်ရဲ့ စိုးရိမ်တကြီး ပျာပျာသလဲ လေသံက နောက်ဆက်တွဲ။ ရုရုက တော့အခန်းတံခါးဝကနေ ခေါင်းသွင်းကာ အိပ်ခန်းရဲ့ဘယ်ဘက်ထောင့်က ခုတင်ကြီးဆီ အမြန်ဆုံး လှမ်းကြည့်လိုက်သော် ဖြစ်ပျက်နေသမျှပစ္စုပ္ပန်ကို ယခုထိ လုံးဝမသိသေးဘဲ ကလေးကြီးတစ်ယောက်လို ခြေပစ်လက်ပစ် အိပ်မောဆက်ကျလျက်ရှိသော တော့်ကို လှမ်းမြင်လိုက်ရပါသည်။

အပြစ်ကင်းလိုက်တာ။ လုံးဝအပြစ်မရှိ။ တော့်ရဲ့ အိပ်မောကျနေတဲ့ မျက်နှာဟာ အမိဝမ်းကကျွတ်ကာစ ကလေးငယ်တစ်ယောက်နီးပါး လုံးဝဥဿုံ အပြစ်ကင်းကြည်စင်လျက်ရှိသည်။ ဟင့်အင်း ...။ ဒီကိစ္စမှာ တော့်အပြစ် ဘာမှ တစ်စက်မှ လုံးဝမရှိဘူး။ မဟာပထဝီမြေကြီးကို ကိုင်ပြီးတော့တောင်မှ ကျမ်းကျိန်သစ္စာဆိုရဲသေးသည်။ တော်ဟာ"ဘာမှ မသိလိုက်သူ"ပဲ "ဖြစ်မှာပါ"မဟုတ်။ ဖြစ်ကို ဖြစ်သည်။ ဟုတ်ကို ဟုတ်သည်။





"မင်း ငါ့ကို သုံးခဲ့တဲ့နည်းနဲ့ ငါ့တူကိုပါ ချွတ်စွပ်၊ ဒီအတိုင်း ထပ်အကောက်ကြံတာ။ မင်း ... မင်း ... အဲဒီအတိုင်းလုပ်တာ။ တစ်ခါပဲရမယ်ဟော့ ဒီတစ်ခါတော့ မင်းဘာသာမင်း ဘာကြီးပဲဖြစ်ပါတယ် ပြောပြော လုံးဝပဲ။ အသိအမှတ်မပြုဘူး။ ငါ့လိုအဖြစ်မျိုး ဘဝမျိုးတွေ ငါ့တူလေး မရောက်စေရဘူး"

ဦးကျော်ရဲ့အသံကြီးနှင့် မာန်တို့မှာ နွမ်းဖတ်ဖတ်မမာမချာ ရှိလှတဲ့ သူ့ရုပ်သွင်ပုံပန်းနဲ့မှမလိုက် "ဟိန်း"ခနဲ့ ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်လာပါသည်။ ဘိုမက ဦးကျော်ရဲ့စကားကြောင့် ပခုံးစုံတွန့်ကာ လက်ဝါးနှစ်ဖက်ကိုလည်း ဖြန့်ပြလိုက်၏။ ပွရှုပ်ဖားလျားဝေလျက်ရှိသော ဆံပင်တို့ကိုလည်း ခေါင်းတစ်ချက် နှစ်ချက်လောက် ကုတ်လိုက်သေးကာ ...

"အရူးချေးပန်းပုံစံတွေနဲ့ တစ်အိမ်လုံး ဘာတွေဖြစ်ပြီး ဘာတွေ ဒီလောက် တုန်လှုပ် ချောက်ချားနေကြတာလဲ။ ဒီမှာဖြင့် အိပ်ရေးတောင် ကောင်းကောင်းမဝသေးဘူးထင်တယ်"

ဦးကျော်က ရှေ့သို့တစ်လှမ်းအတိုး ကြီးစိန်ကြီး လက်ထဲကနေ ရုန်းကန်ထလာသော အန်တီမေဇော်က ဦးကျော်နဲ့ ရုရုတို့ကို တွန်းတိုက်ဖယ်ရှားကာ ဘိုမရဲ့အနားသို့ ဖျတ်ခနဲရောက်ချသွားပါသည်။ လက်တစ်ဖက်ကလည်း အားရပါးရမြှောက်အလွှဲ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ချင်း ပြိုင်သတ်ကြကြေးဆိုရင် ရှင် မနိုင်လောက်ဘူးနော် ဒေါ်မေဇော်။ အဓောဒ်အထိနာလိမ့်မယ်။ အများအားနဲ့ ဝိုင်းအနိုင်ကျင့်ကြမယ် ဆိုရင်လည်း အမှုတွဲတိုးရုံပဲရှိမယ်။ အသားမထိကြေး၊ အေးအေးပဲ ဖြေရှင်းကြတာပေါ့"

အန်တီမေဇော်က "တောက်"တစ်ချက်ကို ကျယ်လောင်စွာခေါက်ကာ အခန်းထောင့်က ခုတင်ကြီးဆီသို့ထိ ဆက်ဝင်သွားပါသည်။ ပြီးလျှင်တော့ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းကင်း အိပ်မောကျနေဆဲ သူ့သားကိုပဲ ဘာမဆိုင် ညာမဆိုင် သည်းမည်းပြီး ထုထောင်းရိုက်ပုတ်လေတော့ကာ ...

"ထ ... ထ ... အခုချက်ချင်း ထစမ်း၊ ထဟဲ့ ... ကာလနဂါး။ ဘာမှဂရုမထား သတိဝီရိယမရှိဘဲ အခန်းတံခါးမပိတ် ဘာမပိတ် အသေကောင်လို ဝင်အိပ်နေရသလားဟဲ့။ ငါနဲ့ ဆေးကတည်းက စည်းကမ်းကန့်လန့်နား ပျက်နေတာ။ ကိုယ့်အခန်း လူဝင်လို့မှ ဝင်မှန်းမသိ။ သူများတကာက လုပ်ကြံချင်လို့မှ အကွက်ကောင်း ချောင်းနေမှန်းမသိ။ ဒီလောက် လူတိုင်း မီးဝိုင်းနေတာတောင် ခုထက်ထိ နိုးမလာနိုင်သေးဘူး။ မဟာဇနက္ကထုံး နှလုံးမူနေတာလား၊ အိပ်ဆေးတွေများ မိထားသလား ... ဟင် ... !"

သားကို ကရုဏာဒေါသော စိတ်ဆိုးမာန်ဆိုးနဲ့ ထုနက်ရိုက်ပုတ်နေရင်းတောင်မှ အန်တီမေဇော်ဟာ ပြဿနာရဲ့





အဖြေကို အများသိအောင်ပါ တစ်ခါတည်း သတင်းထုတ်ပြန်ကြေညာပြီးသား ဖြစ်နေနိုင်ပေသည်။ သူ့စကားတွေဟာ သူ့သားအတွက်လိုလိုနဲ့ ကျန်အိမ်သားအားလုံးကိုပါ ဖြေရှင်းပြီးရက်သားကွက်တိ။ ဘိုမကိုလည်း သိစေပြီးသား ဒက်ထိ။

အန်တီမေဇော်ရဲ့ အရိုက်အနှက်ကြောင့် တော်သဝဏ်တစ်ယောက် တကယ်ကြီး အိပ်မောကျနေရာကနေ ရုတ်တရက် အထိတ်တလန့်နှင့် နိုးထလာပါသည်။ နိုးနိုးချင်းပင် ဖြစ်နေတဲ့ အခြေအနေတွေနဲ့အတူ အခန်းအလယ်က ရုပ်တီးရုပ်ပွ ဘိုမ၊ အခန်းဝက လူအုပ်တို့ကိုပါ မြင်လိုက်ရတာမို့ တော်က ခုတင်ပေါ်ကနေ ခုန်၍တောင် ဆင်းလိုက်သည်။

"ဘာဖြစ်တာလဲ ... !"

"နင် စည်းကမ်းမရှိလို့ အလိမ္မာမရှိလို့ အကွက်ဆင်ခံရတယ်"

"ဟင် ... ! ဘာအကွက်လဲ"

တော်က ပြောလက်စ စကားကိုရပ်ကာ ညဝတ်အင်္ကျီ ခပ်ပါးပါးနဲ့ ထောင်ထောင်လွှားလွှား ဘိုမကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ပြီးတာနဲ့ အခြေအနေ၊ အကြောင်းစုံကို ခပ်မြန်မြန်ပဲ တွက်ဆသဘောပေါက်သွားနိုင်ဟန် နီရဲပျက်ယွင်းသွားသော မျက်နှာကြီးနှင့်အတူ ...

"လုံးဝ ... ဘာမှ မဖြစ်ဘူး။ ဘာဆို ဘာမှ မဟုတ်ဘူး"

"လူတိုင်းသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောပြော တစ်ခုမှ လက်မခံနိုင်ဘူး။ အားလုံး ငြင်းတယ်၊ လုံးဝရှင်းတယ် ... ဒါပဲ"

"လူတိုင်း အဲဒီအတိုင်းချည်းပဲ တစ်သဘောတည်းပဲရှိတယ်"

တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ စိတ်ချင်းတိုက်ဆိုင်မှုကြုံမရသည့် သားအမိနှစ်ယောက် ဒီတစ်ခါတော့ အတိုင်အဖောက် အတော်ညီသည်။ ရုရုမှာ လုံးဝပြေတ်သားနေကြသည့် သားအမိနှစ်ယောက်ထံမှ အကြည့်တို့ကိုခွာ၍ ဘိုမကိုပဲ လှမ်းကြည့်လိုက်မိပါသည်။ ဦးကျော်နှင့်ကိစ္စတုန်းကလောက် အလွယ်တကူကလေး ပွဲသိမ်းအောင်မြင်မသွားနိုင်လောက်ဘူး ဆိုတာကို ဘိုမက တွက်ဆထားပြီးဟန် ရှိပါသည်။ ရုရု လှမ်းကြည့်လိုက်တာကို အကဲခတ်မိလိုက်သည်နှင့် ...

"အိပ်ရေးမဝသေးပါဘူးဆိုမှ ပြဿနာတွေပဲ။ လန့်နိုးကြရတော့ ခေါင်းတွေက ဘယ်လိုလုပ် ကြည်လင်နိုင်တော့မလဲ။ ဘယ်နှနာရီတွေ ရှိကုန်ပြီလဲတောင် မသိဘူး၊ မိုက်တောင်မှ ဆာလာပြီ"

ပြောရင်း အိပ်ခန်းထဲက ခပ်တည်တည်ပဲ လှမ်းထွက်လိုက်ပါသည်။ အခန်းပေါက်ဝက ဦးကျော်က ဘိုမရဲ့လက်မောင်းတစ်ဖက်ကို လှမ်းဆွဲထားကာ "မင်း ... နေဦး"ဟု ပြောလိုက်ပေမယ့် ဘိုမကရပ်တန့်မပေးဘဲ နောက်ပြန်လက်ပြန်ကြီး ဆောင့်ရုန်းကာ ဆက်လက်ထွက်ခွာသွားတာမို့ ဦးကျော်ပင် ယောက်ျား





ကြီးတန်မဲ့ ယိမ်းယိုင်ပြီး ကျန်ရစ်ရပါသည်။ အခန်းဝရှိ အလုပ်သမား လူထုပ်ရိသတ်တို့ကလည်း ခြေလှမ်းမတန့်သည့် ခပ်တည်တည် ဘိုမကို လန့်ရှိန်ရှိန်နှင့် ယောင်ယမ်းပြီး ဘေးချဲပေးလိုက်ကြတာမို့ ဘိုမက အခန်းထဲက အလွယ်တကူ လွတ်မြောက်ကာ passage (စင်္ကြံ)လေးတစ်ခုကို ဖြတ်သန်းပြီး ထမင်းစားခန်းထဲသို့ ရောက်သွားသည်။

သဘောကတော့ "ဖြေရှင်းချင်ရင် အားလုံး ငါ့နောက်လိုက်လာခဲ့ကြ"ဆိုတဲ့ သဘောပေါ့။ စားပွဲပေါ်မှာ အသင့်ရှိနေသည့် ပေါင်မုန့်ချပ်များကို ဆွဲယူကာ ထောပတ်သုတ်ခြင်း၊ ကော်ဖီဖျော်ခြင်းများကိုလည်း ဟန်မပျက်ပင် ဆက်လုပ်နေသည်။ သူ့ရဲ့အနေအထားကလည်း သူ့တစ်ယောက်တည်းကတစ်ဖက်။ ကျန်တစ်အိမ်သားလုံးကတစ်ဖက်လိုကိုး။ သူ့ညီမဖြစ်တဲ့ ရုရုတောင် သူ့ဘက်ကမပါနိုင်တဲ့ဟာ။ ဒါပေမဲ့ အပြင်ကပရိသတ်ထုကို တမင်လူလုံးထွက်ပြလိုက်တာဟုလည်း ရုရုက နှစ်နှစ်နာနာ တွေးနေမိသေးသည်။

တော့် အခန်းထဲကနေ (အများအမြင်၊ မြင်မြင်ထင်ထင်) ထွက်လာခဲ့တဲ့ ဘိုမရဲ့ပုံစံကဖြင့် ကြည့်ဦးလေ။ အဲဒီလောက် ပါးလှပ်၊ ဟိုက်ပြတ်ကာ ညဘက် အိပ်ရာဝင်ချိန် သက်သောင့်သက်သာရှိဖို့ထက် တစ်မျိုးသဘောကိုသာ ဆောင်စေသော ညဝတ်အင်္ကျီမျိုးကို အန်တီမေဖော်က ရုရုတို့အတွက် ဘယ်တော့မှဝယ်ဆင်လိမ့်မည် မဟုတ်ပါ။ ရုရုဆီမှာလည်း မရှိပါ။ သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကတည်းက ဘယ်လိုအကြံနဲ့ ဝယ်ယူထားမှန်း မသိသည်ကို ဤအကွက်အတွက် သူက ကောင်းကောင်းအသုံးချလိုက်ပြီ။

ပြတင်းပေါက်တွေများများနှင့် လင်းထိန်နေသော ထမင်းစားခန်းကြီးထဲမှာ သူမို့ အဲဒီအဝတ်အစားကြီးနှင့် ထိုင်နေရဲသည်။ အိမ်ထဲမှာ ဦးကျော်နဲ့ တော်တို့အပြင်၊ အိမ်ထဲထိမဝင်ရဲကြရင်သာရှိမယ် အသံပလံတွေကြောင့် မီးဖိုခန်းထဲအထိ ရောက်ရှိလာချောင်းနေကြပြီဖြစ်တဲ့ မာလီနဲ့ဒရိုင်ဘာ နှစ်ယောက်။ ယောကျ်ားတွေ တစ်ပုံကြီးရှိနေကြတဲ့ဟာကိုလေ။ အရမ်းဝမ်းနည်းစရာ ကောင်းပါသည်။ အကွက်ဆင်ရ၊ ဉာဏ်များရတာတွေများလွန်းတော့ ဘာကိုမှ ဂရုမစိုက်၊ အမူမထားတတ်တော့အောင် ဘိုမရဲ့စိတ်ဓာတ်တွေက ခုလောက်ထိ ပျက်စီးသွားခဲ့ပြီလား။

ဘိုမရဲ့အကြံအတိုင်းပင် တော်၊ အန်တီမေဖော်၊ ဦးကျော်နဲ့ ကျန်တစ်အိမ်လုံးမှာ သူ့နောက်လိုက်ကြီးများသဖွယ် ထမင်းစားခန်းထဲ အကုန်လိုက်ပါလာကြရပါတော့သည်။

"မင်းကို ငါ တရားစွဲမယ်"

"ဟုတ်ပြီ၊ တရားရုံးမှာပဲ ရင်ဆိုင်ဖြေရှင်းကြတာပေါ့"

"ငါက (၁၀)နှစ်သားကတည်းက အဲဒီ တရားရုံးက ဝက်ခြံတံခါးလေးထဲ ဝင်ခဲ့ဖူးတာ၊ လုံးဝဂရုမစိုက်ဘူး"

"ဟုတ်ပါပြီ၊ အသက်(၂၀)ပြည့်ကာနီးမှာလည်း နောက်တစ်ခါ ထပ်ဝင်ကြည့်လိုက်ပေါ့"





"အခုချက်ချင်း လုပ်မှာကတော့ ရဲကို အကြောင်းကြားမယ်။ မှုခင်းဆရာဝန်တွေ ဘာတွေပါ ခေါ်မယ်။ တစ်အိမ်သားလုံး ဟိုအခန်းထဲ တစ်ယောက်မှ ထပ်ခြေမချကြနဲ့။ မင်းလည်း အားလုံး အကုန်ရောက်လာတဲ့အထိ ဒီတိုင်းနေ။ လုံးဝ အဝတ်အစားမလဲနဲ့။ မင်းအဝတ်အစားတွေရော တစ်ကိုယ်လုံးရော ချက်ချင်းစစ်ကြည့်ဖို့လိုတယ်။ ငါ့ခုတင်ပေါ်က အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး၊ ဖက်လုံး၊ အဝတ်စမှန်သမျှကိုလည်း ဆေးသက်သေခံ စစ်ကြည့်ဖို့ပေးရမယ် ...

ငါ့ခေါင်းရင်းက ကော်ဖီခွက်၊ သောက်ရေခွက်၊ အခန်းထဲက ရေခဲသေတ္တာ အသေးလေးနဲ့ အထဲက စားစရာတွေအားလုံး လက်ရာခြေရာ လက်ဗွေရာနဲ့ဆေးဝါးပစ္စည်း ပါမပါဆိုတာပါ စစ်ရမယ်"

ဦးကျော်က သူ့တူကို လှမ်းကြည့်နေသော အကြည့်များမှာ "ထိန်းသိမ်းနိုင်လေခြင်း၊ ပညာရှိလေခြင်း"ဆိုတဲ့ လေးစားအထင်ကြီးမှုတွေအပြည့်နှင့် ဖြစ်နေပါသည်။ တော့်ရဲ့စကားများကြောင့် ဘိုမရဲ့မျက်နှာပေါ်မှာတော့ စိတ်ရှုပ်ထွေးဟန်၊ စိတ်အနှောင့်အယှက် ဖြစ်ဟန်များ ထိန်းမရ သိမ်းမရတော့လောက်အောင် ပေါ်လာပါသည်။

ရုရုလည်းယုံ အန်တီမေဖော်၊ ဦးကျော်နှင့် ကြီးစိန်အထိပါ အားလုံး တစ်ထပ်တည်း၊ တစ်ထစ်ချ ယုံကြည်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် တော့်ရဲ့စကားတွေအတိုင်း ဘိုမဟာ တော်နဲ့ ဘာမှဖြစ်ခဲ့ကြမှာလည်း မဟုတ်တဲ့အတွက် တော့်ဘက်က ရဲနဲ့ရှေ့ မှူခင်းဆရာဝန်နဲ့အထိပါ အတိအကျကြီး စစ်ဆေးသက်သေပြတော့မည်ဖြစ်ရာ ဘယ်မှာလဲ ဘိုမအတွက် သက်သေကောင်း။

သူ့အနေနဲ့က (ဦးကျော်တုန်းကလိုပဲ) ရုံးရောက်၊ ဘာရောက်၊ တရားစွဲမခံ၊ လူသိမခံနိုင်လောက်ဘူးထင်ပြီး ညှာတာနိုင်ဘနက်ကလေး ရှိ့ရှိသလောက်နဲ့ အနိုင်ပိုင်းကြည့်တာမျိုးလောက်နေမှာပါ။ ဦးကျော်တုန်းကလို "တာဝန်ယူပါမည်"ဆိုတဲ့ စကားမျိုး ရလာဖို့ကိုတောင်မှ မျှော်လင့်ထားပုံမရ။ မသကာ "မင်းအတွက်လည်း နည်းနည်းပါးပါးတော့ စီစဉ်ပေးလိုက်မှာပါ"ဆိုတဲ့ အန်တီမေဇော်ကို ပမာဏ ပိုတိုးမြှင့်ညှိနှိုင်းလို့ ရရုံလောက်အကွက်ဆင်လိုက်တာမျိုးလောက် ဖြစ်နိုင်သည်။

ဦးကျော်လို လူတောမတိုးတော့သည့် "ကျလူ"တစ်ယောက်က "အားလုံးဖွင့်ချပစ်လိုက်မယ်"ဆိုတဲ့ သူ့ခြိမ်းခြောက်မှုကို ဂရုမစိုက်တော့ဘူး ဆိုရင်တောင် တော့်လို ရှေ့တက်လမ်းတွေတစ်လျှောက်ကြီးနဲ့ "တက်လူ"ကလေးကတော့ "နာမည်"တစ်လုံးကိုကြောက်လန့်တကြား ထိန်းချုပ်လိမ့်မည်ဟု သူက တွက်လိမ့်မည်လေ။

ဒါပေမဲ့လည်း (အန်တီမေဇော် ပြောသလိုဆိုရင်) နိုင်ငံရပ်ခြား တစ်ဝေးတစ်လံမှာသာ တစ်သက်တာ အခြေစိုက်တော့မယ့်သူတစ်ဦးဟာ ကိုယ်ကလည်း Celebrity (ထင်ရှားကျော်ကြား လူသိများသူ) တစ်ယောက်မဟုတ်။ တရားရုံးရောက်ရဖို့လည်း ဝန်မလေး၊ ဂရုမစိုက်သူ ဖြစ်နေတဲ့နောက်တော့ အဲဒီ "နာမည်"ဆိုတာကြီးကို ဒီလောက်ကြီး ဘယ်မှုပါတော့မလဲ။ အမှုဖြစ်ရင်တောင်မှလည်း ကိုယ့်ဘက်က နိုင်ဖို့ပဲရှိနေတော့မှာကို။ ဒီတော့ နာမည်က ပျက်စရာရှိလည်း "သူပေါ့ အကွက်ဆင်ခဲ့ရတာလေ၊ အနေအထိုင် ပေါ့လျော့တာကိုး" လောက်သာ ရှိမှာ။

ကော်ဖီခွက်ကို လှမ်းကိုင်လိုက်သော ဘိုမရဲ့လက်ကလေးတွေ တုန်ယင်လာသဖြင့် လူသိပ်မရိပ်မိခင် ဘိုမက ကော်ဖီခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်ပါသည်။ သို့သော် ပေါင်မုန့်ထောပတ်သုတ်ကို ဟန်မပျက် ဆက်ဝါးနေသည့် ပါးပြင်နှင့် မေးရိုးတစ်လျှောက်တို့ကပါ တရုစပ်လိုက်ပြီး ဘုန်ခါလာကြသည်။

သူ့ခများလည်း မှုက်ကန်းတစ္ဆေမှုကြောက်၊ ဦးနှောက်မရှိ၊ ပညာမဲ့ မိုက်မဲလွန်းလို့သာ သူများမြှောက်ပေးတိုင်း အဟုတ်ကြီးထင်ပြီး မိုင်ကုန်တင် ထ,ထကြွတတ်တာ၊ တကယ့်အတွေ့အကြုံရှိ လူဆိုးလူမိုက်၊ မိန်းမပျက်၊ မိန်းမရိုင်းကြီးမှ မဟုတ်တာ။ သူ့ထက် အကွက်စေ့စေ့ တင်းမာရဲသည့်သူနှင့်ကြုံတော့ အရှုံးတကွဲ အကျိုးနည်းရဦးမယ့်အပြင် လိမ်လည်မှု၊ အသရေဖျက်မှုတွေနဲ့ တရားတစ်ဘောင် ထပ်ဖြစ်ရဦးမယ်ဆိုတော့ သူ့ တုန်လှုပ်လာပြီ။

"ဘိုမ ... ဘိုမ ... ညှိလိုက်ပါ၊ တရားတစ်ဘောင်အဖြစ်မခံပါနဲ့။ ငါ တောင်းပန်ပါတယ် ... နော်။ ဒီအတွင်းမှာပဲ ပြီးလိုက်ပါ"







www.burmeseclassic.com

www.burmeseclassic.com



ရရက ဖွတ်ဝင်ပြောလိုက်ပါတော့သည်။ အားလုံး ရရကို အံ့အားတသင့် ဝိုင်းကြည့်လာကြသည်။

"နော် ... အန်တီ၊ ညိုရုံနဲ့ ပြီးလိုက်ကြပါ။ ကိုယ်မှန်တယ်ဆိုပြီး ဘယ်သူ့မျက်နှာမှ မထောက်ဘဲ အတင်းကာရော လျှောက်လုပ်လို့ ကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ဘယ်သူကမှ ဂရုမစိုက်ဘူး၊ မရှက်ကြဘူး ဆိုပေမယ့် ဒီကိစ္စ ရုံးတက်သွားရင် ဘိုမရဲ့ညီမလည်းဖြစ်၊ ဒီအိမ်ရဲ့အိမ်သားတစ်ယောက်လည်းဖြစ်တဲ့ ရရကတော့ ရှက်ပါတယ်။ ဂရုစိုက်ပါတယ်။ 'အဲဒါပေါ့ အဲဒီအိမ်က။ အဲဒါပေါ့ ဘယ်သူ့ညီမ'ဆိုတာမျိုး အပြောမခံနိုင်ပါဘူး။ ရရ အတွက် ငဲ့ပေးကြပါဦး။ တောင်းပန်ပါတယ်။ အန်တီရော ဘိုမပါ နဂိုကအတိုင်းပဲ။ ညိုရုံပဲညိုပြီး ပြီးလိုက်ကြပါနော်"

"ဟဲ့ ... ကောင်မလေး၊ မင်း ဘာတွေဝင်ပြောနေတာလဲ။ မင်းပြဿနာ ဘာမှမရှိဘူး။ ငါ စိတ်တိုလာလိမ့်မယ်နော်၊ ဖယ်နေ"

တော်သဝဏ်က ရရကို ဆောင့်ကြီးအောင့်ကြီးနှင့် ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။ အန်တီမေဇော်ကတော့ စူးစူးကြီး စိုက်ကြည့်လျက်ရှိ၏။ ဟုတ်တယ်လေ။ ရရက ဘိုမကို ဝင်ကယ်လိုက်တာပဲ အန်တီရဲ့။ ဒါပေမဲ့ အန်တီတို့ကောင်းကျိုးရော မပါလို့လား။ နောက်ဆုံးကျ အဖြစ်မှန်အတိုင်း အန်တီတို့ပဲ တရားနိုင်မယ်လေ။ ဒါပေမဲ့ "ဒေါ်မေဇော်"ဆိုတဲ့ အမျိုးသမီး





စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အတွက်တော့ လူပြောသူပြောအနည်းနဲ့အများ ရှိလာမှာပဲ၊ ခံရမှာပဲ မဟုတ်လား။

တရားတစ်ဆောင်ဖြစ်လို့ ဘိုမ ရှုံးခဲ့ရင် သူ့အတွက်သူ မျှော်လင့်သလို ဖြစ်မလာမယ့်အပြင် ဒုက္ခရောက်ရဦးမယ်။ "လျော်ကြေးသတော့ မပေးနိုင်ဘူး"လို့ ဆိုပေမယ့် (ဘိုမကစတင်ပြီး အတင်းဆွယ်ပူ လမ်းခင်းခဲ့တယ်ပဲပြောပြော) ဦးကျော်ဘက်က မှားယွင်းမှုကြီးတစ်ခုကတော့ ရှိကိုရှိမနေပေဘူးလား။ အကောင်အထည်နဲ့ လက်ဆုပ်လက်ကိုင်သာ မပြနိုင်တာလေ။ ဒီမိန်းကလေးကို ဒီယောက်ျားကြီးက မမှားယွင်းခဲ့ဘူးလား။ အဲဒီအတွက်ကတော့ ဘိုမ တစ်ခုခုလျော်ဖြစ်ဖြစ် ရကိုရသင့်တယ်လို့ ရရထင်တယ်။ မရထိုက်လို့လား ... ပေးလိုက်ပါ အန်တီရယ်။

အန်တီမေဇော်ရော ဘိုမပါ ရရကိုချည်း စိုက်ကြည့်နေကြပါသည်။ ကျေးဇူးမတင်ရင်နေပါ ဘိုမ။ ဒါပေမဲ့ နင့်ကို ငါ ကျုဉ်းထဲကျပ်ထဲက ဖွတ်ဝင်ဆွဲထုတ်လိုက်တာ။ နင် ရှက်ရမ်းရမ်းပြီး ဖွတ်တိုး ဆက်မိုက်မယ် မကြံနဲ့။ ဆရာဝန်နဲ့ ရဲနဲ့စစ်လိုက်ရင် နင့်ဘက်က ပိုင်ပိုင်နိုင်နိုင် ဘာမှလဲ သက်သေအထောက်အထားမရှိ။ အိပ်ဆေးတွေ ဘာတွေ ခတ်ထားမိရင် ဘွားခနဲ ပေါ်လာရဦးမယ်။ နင်ဆွဲကိုင်ထားတဲ့ နာမည်တို့၊ 'အရှက်တို့ကိုလည်း တစ်ဖက်က "လုံးဝဂရုမစိုက်ဘူး"ဆိုမှတော့ နင် ဘာဆက်လုပ်လို့ ရဦးမှာလဲ။

"ကောင်းပြီ ... ရရရဲ့နာမည်နဲ့ မျက်နှာကို ငဲ့လိုက်မယ်။ ဘိုမ ... ညိုကြမယ်ဆိုရင် ဒီမှာပဲ နေရစ်ပါ။ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတည်းပဲ ညှိမယ်။ ကျန်တဲ့လူတွေအားလုံး သွားနိုင်ပြီ။ ဒါမှမဟုတ် ဆရာဝန်တို့ ရဲတို့ တာဝန်ရှိသူတွေကို စောင့်မယ်ဆိုရင်တော့ ဧည့်ခန်းထဲက သွားထိုင်စောင့်။ တို့မျက်စိရှေ့မှောက်မှာ ဒီလိုကပျက်ကချော်ပုံစံနဲ့ ဆက်ထိုင်မနေနဲ့တော့"

"ကျွန်မလည်း ဒီညီမတစ်ယောက်ကို ဂရုမစိုက်လို့ မရဘူးဆိုတော့ လုပ်ထားလိုက်ကြပေါ့လေ။ သူ့ကို ငဲ့ရမယ်ဆိုနေမှတော့ ကိုယ်လည်း ဘာတတ်နိုင်မလဲ"

ခုမှပဲ ရှရှရဲ့မျက်နှာကို အလုအယက် ထောက်ထားနေ၊ ငဲ့နေ၊ သိတတ်နေကြတော့သည်။ သို့သော် နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါသည်။ ရှရှက "(၁၀)နှစ်သားတည်းက အဲဒီဝက်ခြံကလေးထဲ ဝင်ခဲ့ဖူးပြီးသား"ဆိုတဲ့ စကားကို ဂရုမစိုက်သလိုခပ်မာမာ ပြောတတ်တဲ့ ကောင်ကလေးတစ်ယောက်ကို ဘာအကြောင်းကြောင့်နဲ့မှ အဲဒီထဲ ထပ်မဝင်စေချင်တော့ဘူးလေ။

"ကျွတ် ... မင်းက ငါ့ကို မယုံလို့လား။ ငါ ရှုံးမယ်လို့များ ထင်နေသေးလို့လား။ မင်း တမင်ဝင်လုပ်တာ မဟုတ်လား။ အဲဒီလောက်ထိ ငါ့ကို အထင်သေးသလား"

ထမင်းစားခန်းထဲက ထထွက်လာခဲ့ကြရစဉ် တော်ကရှရှကို ကြိတ်မနိုင်ခဲမရသံနှင့် ခပ်တိုးတိုး ကျိတ်မေးပါသည်။ သူ့ကို ဝင်ကယ်လိုက်တာလို့ ထင်ပေးဖော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူရပါသည်။ ဒါပေမဲ့ ရှုံးနေပြီပဲ မဟုတ်ဘူးလား။ ဖြစ်ပျက်





နေလိုက်ကြတဲ့ ပြဿနာအစိုင်အခဲ အရှုပ်အထွေးကြီးထဲမှာ ဘယ်သူ့ ဘယ်သူမှ နိုင်သူမရှိနိုင်တော့တဲ့ကိစ္စ။ အရှုံးသေးသေးကလေးနဲ့ အရှုံးကြီး ကွာရင်ပဲကွာမယ်။ လူတိုင်းကိုယ်စီဟာ တစ်ခုမဟုတ်တစ်ခုတော့ ရှုံးလိုက်ရသူချည်း ဖြစ်နေပါပြီ။

ရှရှကတော့ ရင်ထဲရှိသမျှ အချစ်တွေအကုန်လုံးနဲ့ ဘဝတစ်ခုလုံးပါ အရှုံးကြီး ရှုံးရတော့မှာ။ အားလုံးထဲမှာ အရှုံးတကာ့အရှုံးဆုံးနဲ့ အထိအနာဆုံး။

"မင်း ... မင်း ... ဦးကျော်ကို လက်ထပ်မယ်လို့ ပြောတယ်ဆို"

တော်သဝဏ်က ရှရှရဲ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆောင့်ဆက်လှုပ်ခါရင်း မေးလိုက်ပါသည်။ မေးသာမေးလိုက်ရတယ် အဖြေမှန်ကိုလည်း အတိအကျ သိနှင့်နေပြီးပုံနှင့် တော့်ပုံစံက မချိတင်ကဲ နိုင်လှသည်။ သတိလက်လွတ်ပုံစံနှင့် မပြတ်တမ်း ဆောင့်ခါနေလိုက်တာ ရှရှရဲ့ပခုံးတွေလည်း အထိမခံနိုင်တော့လောက်အောင် နာကျင်နေပြီ။ သူ ယမ်းခါလိုက်တိုင်း ဦးခေါင်းက ရှေ့နောက် ဝေါက်ခနဲ ဝေါက်ခနဲ ငုံ့လိုက်မော့လိုက်ဖြစ်ဖြစ်သွားတာမို့ နောက်ထပ် လေးငါးချက်လောက် ထပ်ခါလိုက်ရင်ပဲ လည်ပင်းရိုးက ကျိုးထွက်တော့မတတ် ဖြစ်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ... နာလှပြီ"

ငိုသံပါကြီးနှင့် ပြောလိုက်တော့မှပင် သူက သူ့လက်တွေကို ရုပ်တန့်လိုက်ပါသည်။ ဒီတိုင်းလေးတော့ မဟုတ်။ ဆောင့်တွန်းပြီးမှ ရုပ်လိုက်တာမို့ ရုရုမှာ စည့်ခန်းရဲ့ဆိုဖာရှည်တွေထက် မတ်တတ်ကနေ နောက်ပြန်လဲကျသွားခဲ့ရပါသည်။ သူက ဆက်ငိုရှိုက်နေလိုက်သည့် ရုရုကို နာကျင်နေတဲ့ မျက်နှာကြီးနဲ့ ဆီးမိုးပြီး ငုံ့ကြည့်နေသည်။

"ဘယ်လိုဖြစ်တာလဲကွာ၊ လုံးဝမမျှော်လင့်ထားဘူး။ မင်းသိပ်မိုက်ရိုင်းတယ် ကရုဏာ၊ မိုက်လည်းမိုက် ရိုင်းလည်းရိုင်း။ ထင်မထားဘူးကွာ ... လုံးဝပဲ"

အန်တီမေဇော်က သူ့ကို ဘယ်လိုပညာရှိဆန်ဆန်နဲ့ အသိပေးလိုက်မလဲ ရုရု မသိနိုင်ပါ။ ကိုယ်မှ အတိအကျမသိနိုင်တဲ့ကိစ္စကို။ "ရုရုနဲ့တော်တို့အကြောင်းကို သိသွားလို့ အန်တီက ဒီလိုလာကမ်းလှမ်းလိုက်တာပဲ တော်" လို့ ရုရုက တော်သဝဏ်ကို အဖြစ်မှန်အတိုင်း ပြောပြလိုက်ရမှာလား။ မလုပ်နိုင်ပါ။ နဂိုတည်းကိုက မပြေလည်ကြတဲ့ ဒီအမေနဲ့ ဒီသားကြား ရုရုကပါ ထပ်ဝင်ပြီး သွေးခွဲသူ အဖြစ်ခံရမှာလား။

ရုရုကို အန်တီမေဇော်က တော်နှင့် ဘယ်လိုမှ သဘောမတူနိုင်ခြင်းဟာ တစ်ခုတည်းသော အကြောင်းပြချက်နှင့်သာဖြစ်သည်။ ဂုဏ်ငယ်လို့၊ ဆင်းရဲလို့။ ဒါပဲလေ။ အဲဒီလိုများ တော့်ကို ပြောပြလိုက်ရင် ဒီအမေနဲ့ ဒီသားဟာ ဘယ်တော့မှ





ပြန်မပြေလည်နိုင်တော့သူတွေအဖြစ် ရုရုမှာလည်း ငရဲတွေကြီး၊ အကုသိုလ်တွေ ဝင်နေရပေတော့မည်။

"ဒီသစ်စေ့ဆိုရင် ဒီသစ်ပင်ပဲ ပေါက်တာပဲပေါ့၊ မင်းတို့တစ်မျိုးလုံး ငွေမက်လိုက်ကြတာကွာ၊ တစ်ခါမှ မကြုံဖူးဘူး"

"ငွေမက်တာ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ၊ တကယ့်မေတ္တာစစ်နဲ့ ချစ်မိသွားတာထင်တယ်၊ ဟုတ် ... ဟုတ် ... ဟား ဟား ဟား ..."

"ကျေးဇူးဆပ်တာ"

"ကျေးဇူးဆပ်တာ။ ဒါဖြင့် ဦးကျော်က ငါ မင်းကိုလက်ထပ်ချင်ပြန်ပြီ လက်ထပ်ပါရစေလို့ တောင်းဆိုလာလို့ မင်းက ကျေးမွေးစောင့်ရှောက်ထားတဲ့ ကျေးဇူးတွေကို ထောက်ထားပြီး ဟုတ်လား ! တော်စမ်းပါ။ ယုံလောက်အောင် ပလီတတ်ရင်လည်း ကောင်းမယ်ကွာ၊ ဦးကျော်လား ဒါမျိုးလုပ်မှာ"

ဦးကျော် မလုပ်ရင် ... ဦးကျော်အစ်မကများ လုပ်လေမလားလို့ကော နည်းနည်းလေးလောက် ချဲ့မတွေးချင်တော့ဘူးလားဟင်။ လူကြီးဘက်က စတင်ကမ်းလှမ်းမှုကို ခေါင်းညိတ်လိုက်တာဟု သူက မစဉ်းစားပေးနိုင်လျှင် "ကျေးဇူးဆပ်တာပါ" ဟူသော စကားဟာ ခု သူ သတ်မှတ်လိုက်သလိုပဲ ဟာသကြီးသက်သက်သာ ဖြစ်နေပေတော့မပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရုရုကလည်း ရုရုပါပဲ။ ခုတလော ဖြစ်နေတဲ့ အိမ်တွင်းရေး အခြေအနေတွေမှာ ဦးကျော်ကလည်း အခန်းတွင်းက အခန်းပြင်ကို သိပ်မထွက်တော့။ အစ်မလုပ်တဲ့သူက အတင်းဆွဲထုတ်တာတောင်မှ မရ။ သူ့အမေနဲ့ ဘာလဲတော့ မသိ တစ်ခုခုတော့ ဖြစ်လိုက်သေးပုံရတဲ့ တော်ကလည်း အိမ်ကပ်တယ် မရှိဘဲ သွားစရာ လာစရာ အထူးမရှိရင်တောင် သူ့အဖေ အမျိုးတွေအိမ် ဆိုတာကို နေကုန်နေခန်း သွားနေနေတဲ့အခါ သူ့မောင်လုပ်တဲ့သူကို စိတ်ပူပြီး အလုပ်တောင်မှသွားဘဲ အိမ်မှာတင် နေနေတဲ့ အန်တီမေဇော်ခမျာ တစ်ယောက်တည်း အမြဲတမ်းတငုတ်တုတ်တုဝ်။

အန်တီမေဇော် ကြည့်ရတာ မောင်ဖြစ်သူအတွက် နည်းနည်းမှ ရတက်အေးပုံမရတာ။ အိမ်မကပ်တဲ့ သားတော်မောင်ကိုတောင် ရန်မလုပ်နိုင်အားပဲ ဒီမောင်တစ်ယောက်အတွက်ပဲ အမျိုးမျိုးစဉ်းစားပြီး ပူပင်နေပုံရပါသည်။ ဦးကျော်ကလည်းပဲ အခန်းထဲက အခန်းပြင် မထွက်တော့တဲ့ပြင် ညိုမောင်းသော အသားအရေတို့သည်ပင် ဖြူရော်ရော် ဖြစ်လာပြီး လူကလည်း ပျော့တိပျော့ခွေပုံသဏ္ဌာန်မျိုးကြီး ဖြစ်နေတော့တာလေ။

အဲဒါနဲ့ နောက်ဆုံးကျတော့ ရုရုကပဲ အဖြေထပ်တောင်းလာဖို့ မေ့နေသလို ရှိနေသူကိုပင် ...

"အန်တီမေဇော် ... ဦးကျော်ကို ပိုင်ပိုင်နိုင်နိုင် ပြုစုကြည့်ရှုနိုင်မယ့် အဖော်ကောင်းတစ်ယောက် လိုအပ်တယ်ဆိုရင် အဲဒါ ရုရု လုပ်နိုင်ပါတယ်။ တူမနဲ့ ဦးလေးအရွယ်ပေမယ့်





မသင့်တော်ဘူးလို့ သတ်မှတ်ပြောဆိုကြမှာတွေ အတွက်လည်း တရားဝင်ဇနီးမယားတစ်ယောက်အဖြစ်နဲ့ ဆိုရင်တော့ တင့်တယ်သွားနိုင်မယ်လို့ ထင်ပါတယ်"

အန်တီမေဇော်မှာ "ဟယ်"ခနဲပင်ဖြစ်ကာ ထကိုခုန်လိုက်သေးတာမို့ ရုရုအဖို့ ကုသိုလ်ရတယ်ပဲ သတ်မှတ်ပါသည်။ အန်တီမေဇော်ကို သံယောဇဉ်ရှိပေမယ့် ရှိန်ရတာတွေ၊ စိတ်ထင့်စရာတွေကလည်း တစ်ပုံကြီးမို့ ကိုယ့်ရင်ထဲ ဒီလောက်နှစ်နှစ်ကာကာ ရှိမိမယ် ထင်မထားမိတာ။ ဝမ်းသာအားရ ထခုန်ပြီး မျက်ရည်တွေပင် ဝေလာတဲ့ အဖြစ်ကို မြင်လိုက်ရတော့လည်း ကိုယ့်ရဲ့ဘဝတစ်ခုအတွက် ကိုယ့်ဆုံးဖြတ်ချက်ကို "နောင်တမရစေရဘူး"ဟုသာ စိတ်တင်းလိုက်မိပါသည်။

ဒီအဖြစ်ဟာ တော့်ဆီကိုကျတော့ ဘယ်လိုသတင်းစကားမျိုးအနေနဲ့ ပြန်ရောက်သွားမလဲ မပြောနိုင်ပါပေ။ ရုရုကပင် စတင်ကမ်းလှမ်းခဲ့သူမျိုး ဖြစ်သွားခဲ့လေ‌မလ်ား။ ထားလိုက်ပါ။ "နောင်တမရဘူး"လို့ ဆုံးဖြတ်ပြီးပြီပဲ။

"မင်းကို ငါ နှစ်ခုတည်းပဲ တောင်းဆိုခဲ့ဖူးတယ်၊ ပိုက်ဆံ၊ ပိုက်ဆံပဲ မြင်နေတဲ့ မိန်းမတစ်ယောက် မဖြစ်ပါစေနဲ့ဆိုတာရယ်၊ ပြဿနာတွေ ဖြစ်ပြီးသွားကြရင်လည်း ငါ့အပေါ်မှာ မပြောင်းလဲပါနဲ့ ဆိုတာရယ်။ ခုတော့ မင်းက ခဲတစ်ခုတည်းနဲ့ ငှက်နှစ်ကောင် မှန်အောင်ပစ်လိုက်သလိုမျိုး အကွက်တစ်ခုတည်းနဲ့ ငါ့ရဲ့တောင်းဆိုချက် နှစ်ခုစလုံးကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက စိတ်တိုဒေါသထွက်နေဟန်ကနေ ဝမ်းနည်းဟန်ပေါက်လာသည်။ ရှုရှုမှာလည်း သူ့ကို သနားရလွန်းလို့ ဆယ်ခါပြန်ပင် သေပစ်လိုက်ချင်လာသည်။

"ရှင် ... ရှုရှုကို ဘာပဲပြောပြော ပြောချင်တာ ပြောနိုင်တယ်။ ဒါပေမဲ့ ငွေမက်တယ်ဆိုတဲ့ အချက်ကိုတော့ လုံးဝ ငြင်းပယ်တယ်။ အဲဒါ လုံးဝမဟုတ်ဘူး"

"ခုဟာက ငွေမက်တာ မဟုတ်လို့ ဘာလဲကွ။ ငါကကျောင်းသား။ ဦးကျော်က လုပ်ငန်းရှင်။ ငါ့အဖေက သူဌေးမဟုတ်ဘူး။ ငါ့အမေကလည်း မင်းနဲ့ငါ အိမ်ထောင်ပြုပါမယ်ဆိုတာနဲ့ မင်းကိုရော ငါ့ကိုပါ စွန့်လွှတ်လိုက်မယ့် သူမျိုးပဲဆိုတာ မင်းသိနိုင်တယ်လေ။ ဒီတော့ မင်းအတွက်က လွှတ်လပ်သွားတဲ့ ဦးကျော်ကို ပစ်မှတ်ထားလိုက်တာကသာ အကောင်းဆုံးလုပ်ရပ် မဟုတ်လား"

"မဟုတ်ဘူး၊ အဲဒါကြောင့်ကို မဟုတ်ဘူး"

"ခြေစုံကန် ငြင်းနေလည်း အခြေအမြစ်က မရှိဘူး ကရုဏာ။ မင်းက မင်းအစ်မထက်တောင်မှ ဆိုးသေးတယ်လို့ ပြောရမလို ဖြစ်နေတယ်။ သူ့ကိုတောင် ရွံလှပြီ။ မင်းကတော့ အစ်မနဲ့ပတ်သက်ပြီးသားမှန်း သိတာတောင် သူနဲ့ပြီးကြပြီဆိုတော့ ဒီတစ်ခါ ငါ့အလှည့်ပဲလို့ တန်းဝင်စီချင်တဲ့ထိ မျက်နှာပြောင်ရဲတာ။ ပိုဆိုးတယ်ကွ"





တစ်ပုံစံတည်းပဲ။ သူကသာ ဘိုမကို ရွံလှချည့်လို့ ဖြစ်နေတာ။ ရှုရှုကို စွပ်စွဲပြောဆိုချင်ကြတဲ့ နေရာတွေမှာတော့ သူနဲ့ ဘိုမဟာ ပြောပုံဆိုပုံတွေကအစ တစ်ပုံစံတည်းပါပဲ။ ဘိုမဆို တမင်တကာကို ဖုန်းဆက်လာပြီးမှ ပြောတာလေ။ ဟိုတစ်နေ့က "ဖုန်းလာသည်"ဆို၍ သွားကိုင်လိုက်တော့ ဘယ်လိုမှမျှော်လင့်မထားတဲ့ ဘိုမ။

"ငါမှန်းမသိလို့ လာကိုင်တာ မှတ်လား"

အစစ်ပဲပေါ့။ သူလို့သာ ကြိုသိမှတော့ ရှုရှုဟာ ခုလို အချိန်ကြီးမှာ အပြောအဆိုခံရတော့မယ်ဆိုတာ သိသိကြီးနဲ့ ဖုန်းကိုင်ပါ့မလား။

"ဘာမှမဟုတ်ဘူး။ နှင် ငါ့အတွက် ပူပန်မယ် မဟုတ်မှန်း၊ ဝမ်းသာနေမယ်မှန်း ငါ သိပါတယ်။ ဒါပေမဲ့ နှင်ဝမ်းသာအားရဖြစ်ရလောက်အောင် ငါ့အခြေအနေက ဆိုးမသွားဘူးဆိုတာ ပြောပြချင်လို့။ ငါ အခု သိပ်ပျော်နေရတာပဲ သိလား။ လွတ်လင်ပေါ့ပါးပြီး စိတ်ချမ်းသာလိုက်တာ။ သူများမျက်နှာ ကြည့်နေနေရတဲ့ အနေအထားမှ မဟုတ်တော့တာ။ ကိုယ့်အမေအိမ်မှာ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လပ်ခွင့်နဲ့ဆိုတော့ အဆင်ပြေတယ်"

ပြောတဲ့အတိုင်းပါ ဖြစ်ပါစေလို့ ရှုရှုကလည်း စိတ်ရင်းကောင်းနဲ့ကို ဆုတောင်းပေးချင်တာပါ။ လက်ထဲပါသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပိုက်ဆံတွေ မကုန်ခင်ပြောတဲ့ စကားမျိုးတော့ မဖြစ်စေချင်ပေ။ ထွက်သွားရတဲ့လူက ကျန်ရစ်ခဲ့တဲ့လူကို "ငါမရှုံးဘူး"ဆိုတာမျိုး တမင်ပြန်လုပ်ပြချင်တာမျိုး ဖြစ်မှန်းလည်း သိပါသည်။

ခုမှ လွတ်လပ်ပျော်ရွှင်တယ်။ စိတ်ချမ်းသာတယ်ဆိုရအောင် ဒီမှာတုန်းကလည်း သူ့အနေနဲ့ ဘယ်သူ့မျက်နှာများကြည့်နေခဲ့ရတာမို့လဲ။

သူကချည်း အထက်စီးက အနိုင်ယူ မောက်မာနေနိုင်ခဲ့တာ မဟုတ်လား။ ခုကျပြန်တော့လည်း ပါသွားတဲ့ သူ့ပိုက်ဆံတွေရဲ့မျက်နှာနဲ့ အမေရော ပထွေးနဲ့ ချစ်သူရည်းစားကတင်မက ကျန်ပုစုခရု အကုန်လုံးကပါ ဝိုင်းဖူးဖူးမှုတ်ထားကြမှာမို့ "သိပ်ပျော်နေရတာပဲ" ဆိုတာတော့ ဟုတ်ချင်ဟုတ်မှာပေါ့လေ။

"နင်ဟာလေ ... လူလေးကြည့်တော့ အေးတိအေးစက် မခုတ်တတ်တဲ့ကြောင်လိုလိုနဲ့ တကယ်တမ်းကျတော့ မင်းသမီးခေါင်းအောက်က နှင့်ဘီလူးမရုပ်ကို မသိနိုင်ကြသေးရင်တော့ အဲဒီအိမ်ကသည့်တွေ ခံပေါ့။ ငါ့ကို လူတိုင်းက အပိုင်ကြံတယ်တို့၊ ချုတယ်တို့ ပြောနေတတ်ကြတာ၊ ငြိမ်ငြိမ်ကလေးနဲ့ လိုရာရောက်အောင် လှမ်းတတ်တဲ့နေရာမှာတော့ နင့်ဟာက ငါတောင် ဆလံနှစ်ထပ်ကွမ်းလောက်ပြန်သ,ရနိုင်တယ် ...





တော်သဝဏ်တုန်းကလည်း တော်သဝဏ်မို့။ အခုဟိုအဘိုးကြီးကိုလည်း နင်နဲ့စီစဉ်နေကြပြန်ပြီဆို။ ငါ့အကျွေချည်း လိုက်ကောက်နေပါ့မယ်လို့ သစ္စာဆိုထားရင်တော့ အဘိုးကြီးရော တော်သဝဏ်ပါ နင် ဆက်လုပ်လေ။ အောင်မြင်သလားဆိုတာ ငါစောင့်ကြည့်နေမယ် ဟုတ်ပလား"

ရရက ဘာမှကို ပြန်မပြောလိုက်တာပါ။ ပြောလေ ရှည်လေ။ ရှင်းပြလေ ရှုပ်လေပဲဖြစ်မည်။ လက်ခံနားလည်ပေးကြမှာမှ မဟုတ်တာ။ ဘေးလူတွေ မပြောနဲ့ ကာယကံရှင်ဖြစ်တဲ့ ဦးကျော်ပင် ရရကို နားလည်နိုင်လှတာမှ မဟုတ်တာ။ ရရက လက်ခံလိုက်ပြီဆိုတာနဲ့ Zombie (အသက်သွင်းထားသော ဖုတ်ကောင်)ကြီးတစ်ကောင်လို ငုတ်တုတ်မှိုင်နေတဲ့ အန်တီမေဇော်ဟာ ရုတ်တရက် ဖျတ်လတ်တက်ကြွလာပြီး သူ့မောင်သူ ပြေးပြေး၊ နားချ၊ စီစဉ်တာတွေလုပ်တယ် ရှိမှာပေါ့။ သူ့ဘာသာ အခန်းတံခါးပိတ် ဂူတွင်းအောင်းနေတတ်တဲ့ ဦးကျော်က ရရကိုတမင်ခေါ်ယူပြီး ပြောတာက ...

"ရရ ... ဒီအိမ်က ပြဿနာတွေနဲ့ ပတ်သက်လို့ မမရဲ့ စိတ်တွေ မတည်ငြိမ်နိုင်ဘူး၊ ကယောက်ကယက်နဲ့ လှုပ်ခါနေတာ။ သူ့စိတ်ထင်တိုင်း လျှောက်ပြော လျှောက်လုပ်ချင်နေတာတွေကို ရရက နောက်ကနေ ခေါင်းညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါပြီး တွန်းအားပေးနေစရာ မလိုဘူး သမီး။ ကိုယ်က အငယ်ပေမယ့် သမီးအန်တီ မှားနေပြီ၊ လွန်ကဲနေပြီလို့ ထင်မိတဲ့အခါတွေမှာ ခေါင်းညိတ်ဖို့ထက် ငြင်းပေးပါ။ ဖျောင်းဖျနားချပါ။ ဘာမဆိုကို တစ်ထပ်တည်း လိုက် သဘောတူ လက်ခံနေတာက ကူညီတာထက် အခြေအနေ တွေကို ပိုဆိုးလာအောင် လုပ်နေသလိုပဲ ရှိလိမ့်မယ်"

ကိုယ်ရပ်တည်နေနေရတဲ့ နေရာ၊ ကိုယ်ရထားတဲ့ အခြေအနေနဲ့ နေထိုင်ကြီးပြင်း အရွယ်ရောက်လာခဲ့ရတဲ့ ပုံစံအနေ အထားတွေအရ လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ စိတ်အခြေခံ တွေက ဘယ်လိုမှ တူနိုင်မှာ မဟုတ်ဘူး ဦးကျော်။

"ဘာလို့ မငြင်းနိုင်ရမှာလဲ။ မှားနေရင် မှားနေပြီလို့ ဘာလို့ ပြန်မပြောရဲရမှာလဲ"ဆိုတာတွေဟာ ဘဝတစ်သက်လုံး သူများတကာရဲ့ အထက်မှာချည်း ရပ်တည်ကြီးပြင်းနိုင်ခဲ့သူတွေ အတွက်ကျတော့ လွယ်ကူတဲ့တကူ ဆုံးဖြတ်လုပ်ဆောင်နိုင်နေတဲ့ အရာတွေ ဖြစ်လိမ့်မယ်။ ငယ်ကတည်းက မျက်နှာရိပ် မျက်နှာကဲနဲ့ ကြီးပြင်းအထာကျလာသူတွေအဖို့တော့ ခေါင်းထဲတောင် ဝင်လာ စရာမလိုတဲ့ "ကလန်ကဆန်အတွေးတွေ၊ လုပ်ရပ်တွေ"အဖြစ်ပဲ သတ်မှတ်ပြီးသား ဖြစ်နေတတ်ကြတာပါ။ မတူနိုင်ဘူး။

"ရတယ် သမီး။ ဦးကျော် ကျန်းမာဖို့ ဦးကျော်ဘာသာ ဂရုစိုက်နေထိုင်ပါ့မယ်။ သမီးအကူအညီကို မလိုဘူး။ ရရ





အေးအေးပဲနေပါ။ ပြီးတော့ ဦးကျော်နဲ့ ဝေးဝေးပဲနေပါ။ ဒီလိုပြောလို့ စိတ်ထဲမှာ ဘာမှမထားနဲ့။ ကြုံရင်လည်းကြုံ သလို ကုသိုလ်ယူလိုက်တာက အကြောင်းမဟုတ်ပေမယ့် ငါ့တာဝန်ပဲလို့ ခေါင်းထဲထည့်ထားစရာတော့ မလိုဘူးလို့ ဆိုလိုတာ။ နားလည်သလား"

သိပ်တော့ နားမလည်ပေမယ့် အန်တီမေဇော်ရဲ့အစီ အစဉ်တွေကို ဦးကျော် အနေနဲ့ သဘောတူ ကျေနပ်လက်ခံနိုင် ဖွယ်မရှိ ဆိုတာလောက်တော့ သဘောပေါက်ပါသည်။ ဒါပေမဲ့ ကိုယ်က အန်တီမေဇော်ကို ကတိပေးပြီးပြီ။ အန်တီမေဇော်ကိုယ် တိုင်ကလည်း "ဒီနှစ်ယောက် အနေးနဲ့အမြန် အဆင်ပြေရင် သူ့ မောင် ပြန်လည်လန်းဆန်းတက်ကြွလာပြီး လူ့ဘဝထဲ ပုံမှန်ပြန် ရောက်လာမယ်" ဒီလိုချည်း ယုံကြည်နေသူလေ။ တစ်ယောက် တည်း အကွက်တွေထွင်၊ အစီအစဉ်တွေလုပ်လိုက်၊ ရရကို ခိုင်း စေလိုက်၊ သူ့မောင်သူ တွန်းလိုက်။

ကြာတော့ သူ့အစ်မလက်ချက်တွေဆိုတာ သိသိကြီး နဲ့ကို ဦးကျော်က ရရကို မျက်နှာတည်တည်ကြီးနဲ့ ဆက်ဆံ၊ ရှောင်ရှားနေရော။ ဦးကျော်ကတောင် "ဟ ... ဒီကောင်မလေး ကကော ဘယ်လိုလဲ ! "လို့ နားလည်မပေးနိုင်ဘဲ တစ်မျိုးထင် ချင်လာမှတော့ တော်သဝဏ်ရဲ့ "အစ်မနဲ့ပတ်သက်ပြီး သားကြီး" တို့၊ ဘိုမရဲ့ "ငါ့အကျတွေချည်း လိုက်ကောက်နေတယ်"တို့က



www.burmeseclassic.com

www.burmeseclassic.com



ဘာများ ထူးဆန်းနေရဦးမလဲ။ "အပြောခံထိုက်ဖို့ လူဖြစ်လာတယ်"လို့သာ အပြီးခံယူထားလိုက်ရင် စိတ်အေးချမ်းရမည်ထင်သည်။

"မင်းကို ငါ နောက်ဆုံးပြောမယ်ကွာ၊ မင်း ဦးကျော်နဲ့ လက်ထပ်မယ်ဆိုတဲ့ အစီအစဉ်ကို ဖျက်ပေးပါ။ မေမေ့ကို မင်းကိုယ်တိုင်ပြောပြီး မင်းကိုယ်တိုင် ပြန်ဖျက်ပါ။ ငါဖျက်ရင်လည်း ရပါတယ်။ အဲ့ဒီအစီအစဉ်က ပျက်ကိုပျက်မှာပဲ။ ဒါပေမဲ့ ပျက်ပြီးရင် ငါနဲ့ ငါ့အမေလည်း အပြီးကိုပြတ်သွားကြမှာပဲ။ ဦးကျော် အပေါ်မှာလည်း ငါ မျက်နှာပျက်ရမယ်။ အဲဒီတော့ မင်းလုပ်ခဲ့တဲ့ မဟုတ်ကဟုတ်ကကို မင်းဘာသာပဲ ပြန်ဖျက်ပေးပါ ...

ပြီးရင် ငါ့ကို နှစ်နှစ်ပဲစောင့်။ နှစ်နှစ်ပြည့်ပြီးမှ ငါ့ခြေထောက်ပေါ်လည်း ငါရပ်နိုင်မယ်။ မင်းကိုလည်း တာဝန်ယူနိုင်မယ်။ ဒီနှစ်နှစ်အတွင်းမှာ ထပ်ပြောတာနော်။ ငါလည်း မပြောင်းလဲဘူး။ မင်းလည်း ဘာဘာညာညာ ကကျိကကျောင်တွေ ထပ်ပေါ်မလာပါစေနဲ့၊ မပြောင်းလဲပါနဲ့၊ အိုကေလား"

မကောဘူး။ တစ်ပတ်၊ တစ်လဆိုသော အချိန်တိုတွေအတောအတွင်းမှာပင် အဖြစ်အပျက်မျိုးစုံတို့က ဖြစ်ချင်သလို သူ့သဘောသူဆောင် ဖြစ်ပျက်သွားကြတာ၊ ဒီအိမ်ကြီးပေါ်မှာ





မြင်နေ၊ ကြုံနေရတာပဲ။ "နှစ်နှစ်"ဆိုတာကတော့ "နှစ်နှစ်ပဲ"ဆိုတာထက် "နှစ်နှစ်တောင်"မှ မဟုတ်ဘူးလား။ နှစ်နှစ်ဆိုတဲ့ကာလဟာ ဒီကမ္ဘာမြေပေါ်က လူပါပျောက်သွားပြီး သေဆုံးအရိုးကျသွားစေဖို့ ဆိုရင်တောင် အချိန်ကာလက လုံလောက်နေသည်။ ရှုရှုကဘယ်လိုတန်ခိုးရှင်မို့ သူ့သဘောသူဆောင်နေတဲ့ အဖြစ်အပျက်သဘောတရားတွေကို "ဒီလိုမဖြစ်ပျက်ကြနဲ့"လို့ တားထား၊ ဆိုင်းထားလို့ ရမှာလဲ။

ပြီးကျတော့ ခုပဲ စာကလေးကြော်၊ ခုပဲ ဆီထမင်း။ ခုပဲ လက်ခံပါပြီ။ ခုပဲ ဖျက်သိမ်းပေးပါ။ လူကြီးတစ်ယောက်ကို ဘောလုံးလို လိမ့်ပုတ်ကစားလို့ရမလား။ ရှုရှုကိုယ်တိုင် ကတိပေးလိုက်မိပြီဖြစ်တဲ့ အစီအစဉ်ဟာ ကာယကံရှင် ဦးကျော်က ငြင်းပေးမယ့် ကာယကံရှင်ထက်ပိုပြီး အဓိကကျကျ တက်ကြွနေတဲ့ အန်တီမေဇော့် ကိုယ်ဥ္စကဲ "မျှော်လင့်ချက်ထား ကြိုးစားနေဆဲပါ" ဆိုရင် ကိုယ့်ဘက်က ဘယ်လိုမှ ခြေလှမ်းပြန်ရုပ်လို့ မကောင်းတဲ့ အရာ ဖြစ်သွားပြီ။

ပြီးကျပြန်တော့ အဲဒီအစီအစဉ်ကို လက်ခံလိုက်၊ ငြင်းလိုက်လုပ်ပြီးမှ နောင်နှစ်နှစ်ပဲဖြစ်ဖြစ် ဆယ်နှစ်ပဲခြားခြား သူ့သားနဲ့ စီစဉ်ကြပြန်ပြီ ဆိုရင်ကော အန်တီမေဇော်က လက်ပိုက်ငုတ်တုတ် ခေါင်းညိတ်နေမယ် ထင်လို့လား။ ခုတောင်သဘောမတူနိုင်တဲ့ကိစ္စဟာ စကားတစ်ခွန်းကို ဗလောင်းဗလဲ ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက် ပြောပြီးမှ နောင်နှစ်နှစ်မကလို့ အနှစ်နှစ်ဆယ်ကြာရင် ကော သဘောတူလာနိုင်မယ့် အရာလား။

အဓိက အကြောင်းအချက် တစ်ခုကတော့ တော်ဟာ ရုရုကို (သူ့အမေရဲ့ရန်ကိုကြောက်လို့) အဖြေတောင်းမထားဘဲနဲ့ ထိုင်စောင့်နိုင်းထားတာမျိုး ဖြစ်နေပါတယ် တော်ရေ။

"ရုရုက ကိုယ့်ဆုံးဖြတ်ချက်တစ်ခုကို တက်လိုက် ဆုတ်လိုက်၊ မောက်ချည် လုန်ချည်နဲ့ ခုတစ်မျိုး တော်ကြာတစ်မျိုး အကြိမ်ကြိမ်ပြောင်းဖို့ ဆန္ဒမရှိဘူး တော်။ ရုရုအတွက် အင်မတန်ခက်ခဲတဲ့အရာကို ဆုံးဖြတ်လိုက်ကတည်းက ရုရုဘက်က ပျက်ကွက်မှုနဲ့တော့ ပြန်မပြောင်းလဲတော့ဘူးလို့ပဲ ယတိပြတ် ဆုံးဖြတ်ထားတယ်"

"ဘာ ... အင်မတန် ခက်ခဲတာလဲ။ မင်းက ကြိုးစားရုန်းကန်ယူဖို့ သတ္တိမရှိတဲ့သူပဲ။ အင်မတန် လွယ်ကူတဲ့ သက်သောင့်သက်သာ လမ်းကြောင်းလေးတစ်ခုကိုပဲ အေးအေးလေး လျှောက်လှမ်းလိုက်ချင်တာ။ လူဆိုတာ ရုန်းကန်နေရတာပဲ။ ငါတို့လည်း အမေသူဌေးမကြီးရဲ့အောက်မှာ ဆယ်နှစ်၊ ဆယ့်တစ်နှစ် သက်သက်သာသာကလေး နေလာခဲ့ပေမယ့် ခု သူတစ်ပါးနိုင်ငံမှာ ဒီလိုပဲ ရုန်းကန်နေရတာပဲ။ ဓိမ်ကလေးနဲ့ ငြိမ်းငြိမ်းလေး ထိုင်စားနေရမှ လူ့ဘဝမဟုတ်ပါဘူးကွာ ...





ဘာ ... ခုတစ်မျိုး တော်ကြာတစ်မျိုးကော မလုပ်ချင်ရမှာလဲ။ မင်းလောက် ခုလက်ဖမိုး၊ ခုလက်ဖဝါး လုပ်တတ်တဲ့သူ ရှိဦးမလား။ ပြဿနာတွေ ကြီးလိုက်ကြတာ ဘယ်နှစ်ပတ်များ ရှိသေးလို့လဲ။ ခုပဲ မင်းနောက်တစ်မျိုးဖြစ်သွားပြီ။ တော်ပါပြီကွာ။ မျှော်လင့်ယုံစားနေတဲ့သူသာ အရှုံးပဲ"

အရမ်းကောင်းတဲ့ စကားပဲ။ "မျှော်လင့်ချက်"ဆိုတာ မရှိလေ ကောင်းလေ။ "ယုံစားမှု"ဆိုတာကတော့ လူသတ်လက်နက်ထက်တောင်မှ ဆိုးသေးတဲ့ ခံစားချက်တစ်ခုပဲ။ ရုရုကတော့ ဘာကိုမှ မမျှော်လင့်၊ ယုံစားမထားတော့ပေမယ့် ကိုယ့်ကိုယ်ကိုယ် "အရှုံး"မဟုတ်ဘူးလို့လည်း ရဲရဲကြီး မပြောနိုင်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ရုရု အခု(.........)အထည်ချုပ်မှာ အလုပ်ဝင်လိုက်တယ် တော်။ လခက ဒီလောက်ကြီး မဟုတ်ပေမယ့် အိုဗာတိုင်ကြေးက များပါတယ်။ စက်ရုံက တစ်ခုကောင်းတာက အမြန်အော်ဒါကျတဲ့ အချိန်မျိုးမဟုတ်ရင် အိုဗာတိုင်က ကိုယ့်ဘာသာ ဆင်းချင်ဆင်း မဆင်းချင်နေ၊ ကိုယ့်စိတ်သဘောအတိုင်း ဆုံးဖြတ်လို့ရတယ်။ အဲဒီတော့ ရုရုကတော့ အိုဗာတိုင်မယူဘူး။ အိုဗာတိုင်ယူလိုက်ရင် ညနေဘက် စက်ရုံကအပြန် တော့်ဆီကို အမြဲဆက်သွယ်နေကျ Internet Cafe' လေးကို ဝင်နိုင်ဖို့မလွယ်တော့ဘူး၊ ရုရုတို့စက်ရုံရဲ့အိုဗာတိုင်ချိန်က ညကိုးနာရီကျမှ ပြီးတာမို့ ဖယ်ရီနဲ့ပြန်ပို့ပေးပေမယ့် အဲဒီ Cafe' ဆိုင်လေးရှေ့ ရုရုရောက်တဲ့အချိန်ကျ Cafe' ဆိုင်လေးကပိတ်ပြီ။ နေ့တိုင်း ဘယ်လိုလုပ် စာရေးလို့ ရနိုင်တော့မလဲ ...





တော်ရေ ... ပိုက်ဆံစကားပြောတာ မဟုတ်ဘူးနော်။ ရုရုမှာ ညည်းညူစရာ ရင်ဖွင့်စရာရယ်လို့ တော်ပဲရှိတာမို့ပါ။ အိုဗာတိုင် မဆင်းတော့လေ ရတဲ့လခနဲ့ မလောက်ဘူး၊ လကုန် ငွေကုန် ကွက်တိတောင်မကျဘူး။ နှစ်ဆယ့်သုံးရက်နေ့လောက်ကျ လက်ထဲရှိတဲ့ပိုက်ဆံ အကုန်ပြောင်သွားရင် လကုန်ဖို့ကျန်နေသေးတဲ့ တစ်ပတ်စာအတွက် ရုရုဘာဆက်လုပ်ရမယ်မှန်း မသိဘူး။ စိတ်ညစ်ပေမယ့် တော့်ဆီကို စာရေးနေတာကိုတော့ မပျက်ကွက်စေရပါဘူး။ စိတ်ချပါ။ ထမင်းစားဖို့ မရှိပေမယ့် Internet ဆိုင်ထိုင်ဖို့တော့ တစ်လစာကွက်တိ ပိုက်ဆံက လဆန်းကတည်းက အရင်ဆုံး ဖယ်ထားပြီးသား"

---

"ရုရု ...

အရင်ဦးဆုံး ပြောချင်တာက ရုရုအတွက် ကိုယ်ဂုဏ်ယူပါတယ်။ မင်း မေမေတို့ရဲ့ လောင်းရိပ်အောက်က ရုန်းထွက်နိုင်လိုက်တယ်။ မင်းဘဝကို မင်းဘာသာ ကြိုးစားရုန်းကန်ပြီး ရပ်တည်နေတယ်။ ပင်ပန်းဆင်းရဲမှုတွေ အများကြီး ခံရနိုင်ပေမယ့် အပြောအဆိုခံ၊ အထင်မြင်သေးခံပြီး ရပ်တည်နေရတာနဲ့စာရင် ခု မင်း ရွေးချယ်လိုက်တဲ့လမ်းက မှန်ကန်ပါတယ်။ ကြိုးစားပါ။ အားတင်းထားစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ခံယူချက်တစ်ခုနဲ့ ရိုးရိုးသားသား ရုပ်တည်ကြိုးစားနေတဲ့ သူတစ်ယောက်အတွက် အောင်မြင်မှု အခွင့်အလမ်းတွေက သိပ်မဝေးကွာလှတဲ့ နေရာမှာပဲ ရှိနေပါလိမ့်မယ်။ အခွင့်အရေးယူ အတ္တကြီးရာများ ကျမလားတော့ မသိဘူးကွာ။ ရုရုရဲ့ အခက်အခဲတွေကြားထဲမှာ ကိုယ်နဲ့ နေ့တိုင်းဆက်သွယ်လို့ရနေတဲ့ e-mail စာတွေအတွက် Internet ဆိုင်ထိုင်ဖို့ တစ်ခုလေးကိုတော့ လက်မလျှော့၊ မရပ်တန့်လိုက်ဘူး မဟုတ်လား ...

ရုရုကို ချစ်တယ်”

❦ → ❦

“ဒီနေ့ တော့်ဆီကစာကိုဖတ်ဖို့ ရုရုရဲ့ e-mail address ထဲကိုဝင်တာ pass word စကားလုံး မှားရိုက်မိလို့ ဝင်လို့မရ ဖြစ်နေတော့ တော်နဲ့ အဆက်အသွယ်ပြတ်ကြရပြီလားလို့ စိတ်ပူလိုက်ရတာ တော်ရေ။ တော့်ဆီကစာကို နေ့စဉ်နဲ့အမျှ မဖတ်ရရင် ရုရုတော့ ရူးထွက်သွားမလားပဲ။ ဘယ်လိုမှ ဆက်အားတင်းထားနိုင်မှာ မဟုတ်ဘူး ...

အန်တီမေဇော်တို့ အိမ်ကနေ ဒီအဆောင်အထိ ပြောင်းဆင်းချလာဖို့က ရုရုအတွက် အင်မတန်ခက်ခဲခဲ့တဲ့ ရင်ဆိုင်ရမှုပါ။ အဲဒါကို ရင်ဆိုင်နိုင်လိုက်မှတော့ တခြားဘယ်လိုအခက်အခဲမျိုးမဆို အချိန် အခိုက်အတန့် တစ်ခုကို





ကျော်လွှန်ပြီးသွားရင် အားလုံးကျော်ဖြတ် ပြီးဆုံးပြီးသားဖြစ်သွားလိမ့်မယ်လို့ချည်း သဘောထားတတ်လာတယ် ...

တော် စိတ်မဆိုးနဲ့နော်။ ရုရုက ရုရုပေးထားခဲ့မိတဲ့ကတိကိုတော့ ခုထက်ထိ ပြန်မရုပ်သိမ်း၊ မဖျက်ပစ်သေးဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကြိုးစားရုန်းကန်ကြည့်ချင်လို့ ကိုယ့်ဘာသာပဲ နေခွင့်ပြုပါ။ ကိုယ့်ဘာသာပဲ အလုပ်လုပ်ခွင့်ပြုပါလို့ တောင်းဆိုပေမယ့် ဦးကျော်သာ စိတ်ပြောင်းပြီး ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချချင်လာပြီ ဆိုရင်တော့ ရုရုဘက်က ဘာမှမပြောင်းလဲပါဘူးလို့ပဲ အန်တီမေဇော်ကို ပြောခဲ့တယ်။ ဒါပေမဲ့ ဦးကျော်တစ်ယောက် စိတ်ရောလူပါ ဒီ့ထက်ကြံ့ခိုင်ကျန်းမာပြီး သူ့ဆုံးဖြတ်ချက်ကို မပြောင်းလဲချင်လာပါစေနဲ့လို့ပဲ အမြဲဆုတောင်းပါတယ် ...

တစ်ခါတလေ အချိန်ရရင် လူကြီးတွေဆီကိုသွားတယ်။ ပင်ပန်းဆင်းရဲရတာက မဆနိုင်ပေမယ့် စိတ်ခံတော်ချိန်ချိန်နဲ့ချို့တဲ့လာတာက သေလောက်တယ်လို့ ရုရုကထင်တယ်လေ တော်ရဲ့။ အန်တီမေဇော်က ကြိုးစားရုန်းကန်လို့ဝရင် ဒီကိုပြန်ပြောင်းလာခဲ့လို့ အမြဲခေါ်ပါတယ်။ ဒါပေမဲ့ ရုရု မသွားဘူးတော်။ ကတိပေးတုယ်။ လိမ္မာတယ်မဟုတ်လား ဟင်”

❦ → ❦



www.burmeseclassic.com

www.burmeseclassic.com



"ရုရု ...

ကိုယ် မနေ့ညက ရုရုကို အိပ်မက်,မက်တော့ အိပ်မက်ထဲမှာ မင်းက ပိန်ပိန်ကလေး ဖြစ်နေတယ်။ နေကောင်းရဲ့လားလို့ စိတ်ပူလိုက်ရတာ။ မင်းရဲ့အနားမှာ ကိုယ်လည်း ရှိမနေနိုင်ချိန်၊ ဘယ်သူမှလဲ မရှိနိုင်ချိန်မျိုးမှာ ကျန်းမာရေးတစ်ခုကိုတော့ သတိထား ဂရုစိုက်ဖို့ ကိုယ်မှာချင်တယ်။ ခပ်ပိန်ပိန်နဲ့ ဝမ်းလည်းနည်းနေပုံရတဲ့ မင်းရုပ်ကို မြင်လိုက်ရတော့ အလကားနေ မျက်ရည်ဝိုင်းပြီး အားငယ်နေတတ်တဲ့ ကောင်မလေးတစ်ယောက် ဘယ်လိုများ တစ်ယောက်တည်း နေ,နေနိုင်ပါလိမ့်လို့လည်း စဉ်းစားမရနိုင်အောင်ပဲ။ သူငယ်ချင်း အဖော်အပေါင်းမိတ်ဆွေကောင်းတွေ ရှာထားပါလား ...

စိတ်မချလိုက်တာကွာ စိုးရိမ်တယ်။

မင်းကို ငါ သိပ်ချစ်တယ်"

❦ → ❦

"ပိန်တာကတော့ ပိန်သလား မမေးနဲ့ တော်ရေ။ လုပ်လုပ်ကလေးပဲရှိတယ်။ လူကြီးတွေဆီ နှစ်ပတ်တစ်ခါ၊ သုံးပတ်





တစ်ခါလောက် မရောက်,ရောက်ဖြစ်အောင်သွားရင် ပိန်သွားတာကို ရိပ်မိပြီး အတင်းပြန်ခေါ်နေကြမှာစိုးလို့ အကျီ င်္ပွပွကြီးတွေနဲ့ အပေါ်ဝတ်တစ်ထည်ပါ အမြဲထပ်ဝတ်သွားတယ်။ အဲဒီအခါကျတော့လည်း ဒီလောက်အိုက်နေတာကို နေမကောင်းလို့လားတဲ့ ပူကြပြန်ရော။ ရုရုက ရုရုကို သူများတွေ စိတ်ပူရင် တအားဝမ်းသာတယ်။ တော်က အနားမှာမရှိပေမယ့် ဘယ်သူမှလဲ မရှိပေမယ့် မြင်ရင်စိတ်ပူကြတဲ့ လူကြီးသုံးယောက်တော့ရှိတယ်။ လူကြီးတွေကို အပူပေးရတာ ပျော်စရာကြီးလိုလို ဖြစ်နေတာကတော့ တစ်မျိုးကြီးပဲ ...

ဘယ်လောက်ထိ ပိန်သလဲဆိုရင် ဟိုတစ်နေ့က ဘိုမနဲ့ စက်ရုံနားမှာတွေ့တယ် (ရုရုစိတ်ထင် သူ သတင်းကြားလို့ တမင်လာကြည့်တာများလားတောင် ထင်မိသေး) တော် စိတ်တိုမလာနဲ့ဦးနော်၊ သူကလေ 'ပိန်လိုက်တာဟယ် ပြီးတော့လည်း စုတ်ပြတ်သတ် ရုပ်ပျက်နေတာပဲ' တဲ့။ 'တစ်ပြားမှမရဘဲ နှင်ချခံလိုက်ရပြီ မဟုတ်လား' တဲ့။ 'နင် 'တစ်ပြားမှမရဘဲ နှင်ချခံလိုက်ရပြီ မဟုတ်လား' တဲ့။ 'နင် နည်းလမ်းလေးများ လိုချင်ရင် ငါ့မေးပါတော့ ကရုဏာရယ်၊ ဖားတုလို့ ခရုကုန်တော့ ခရုခွံပဲ 'ခွပ်' ခနဲကွဲရုံရှိတော့မှာပေါ့' တဲ့ ...

'တော်နဲ့ စာအဲသွားအလာ နေ့တိုင်းရှိနေနိုင်လို့ စုတ်ပြတ်သတ် ရုပ်ပျက်နေပေမယ့် ငါပျော်ပါတယ်"လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရင် ယုံမှာလည်းမဟုတ်ဘူး တမင်ရွဲ့ပြောတာပဲလို့ ဟားတိုက်နေဦးမှာစိုးလို့ ရုရုကဘာမှမပြောဘူး။ သူ့ကျတော့ ဝတာမှ ပြဲထွက်တော့မလားတောင် ထင်ရတယ်။ အတင်းတုပ်တာ မဟုတ်ဘူးနော် မှန်ရာပြောတာ။ ပြီးကျတော့ ရုပ်ကြီးကလည်း တစ်မျိုးကြီးပဲ။ သူကမှ ရုပ်ပျက်နေတာ။ ဝတ်စားထားတာကလည်း လော်မာလိုက်တာ။ တော်သာမြင်ရင် နောက်တစ်ခါကျ စကားပြန်မပြောနဲ့ အပတ်အသက်ကို မလုပ်နဲ့လို့ တားမြစ်လိမ့်မှာပဲထင်တယ်"

🍎 → 🍎

"ရုရု ...

အရမ်းပိန်တယ်ဆိုတာ ထမင်းမစား ဟင်းမစားနိုင်အောင် အသုံးအစွဲတွေ ချွေတာနေရလို့များလား။ ကိုယ်စိတ်ပူတယ်။ မင်း တအားပင်ပန်းဆင်းရဲနေပြီဆိုရင် နောက်ထပ် Plan B (ဒုတိယအဆင့် နောက်တစ်မျိုး ကြိုးစားကြည့်ခြင်း)အနေနဲ့ ဘာရှိလဲ၊ ငါ မင်းကို တအားခက်ခဲပြီး မဖြစ်နိုင်တာကြီးတစ်ခုကို ကြိုးစားခိုင်းထားမိပြီလား။

သိပ်ချစ်တယ်"

🍎 → 🍎





"အဘိုးနဲ့ နေ့တုန်းကလည်း ခုလောက်တော့ မပင်ပန်းမကျပ်တည်းပေမယ့် ရုရုတို့ ချမ်းမှမချမ်းသာတာ။ ဆင်းရဲတာကိုတော့ ခံနိုင်မယ်လို့ ထင်တာပဲ။ ရုရု ကြောက်တာတဆင်းရဲတာထက် တစ်ကောင်ကြွက် ဖြစ်ရမှာ၊ Lonely ဖြစ်နေမှာ၊ အားပေးဖော်၊ တိုင်ပင်ဖော် မရှိမှာကိုပါ။ ရုရုမှာဘာ Plan B မှ မရှိဘူး။ တော်က လူဆိုတာ ရုန်းကန်နေရတယ်ဆိုလို့ ရုရုက ဘာမှကြိုတင်ပြင်ဆင်တာမျိုး မရှိလိုက်ဘဲ တော် ပြန်သွားတာနဲ့ ချက်ချင်း ဝုန်းခနဲ ခုန်ဆင်းပြောင်းချပစ်လိုက်တာပဲလေ။ ဒီလိုမဖြစ်နိုင်ရင် နောက်တစ်မျိုး ဆိုတာ တော်ပြောမှပဲ ခေါင်းထဲရောက်လာတော့တယ် ...

ရုရု အခုနေနေတဲ့ အဆောင်ကနေ ဒီ့ထက်နည်းနည်း ပိုသက်သာတဲ့ အခန်းတစ်ခုကို ပြောင်းလိုက်မလားလို့ စဉ်းစားထားတယ်။ စက်ရုံနဲ့တော့ ပိုဝေးသွားမယ်။ ဒါပေမဲ့ အဲဒီစက်ရုံကလည်း အိုဗာတိုင်မဆင်းရင် လစာရင်းက တအားနည်းတော့ အိုဗာတိုင်ပဲ ပိုဆင်းလိုက်ရင်ကောင်းမလား။ ဒါမှမဟုတ် အိုဗာတိုင်တော့ ဆင်းကိုဆင်းရမယ်။ ဒါပေမဲ့ လစာရင်းကော အလုပ်ချိန်ကော မဆိုးတဲ့ စက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



မျိုး ရှိနိုင်မလားလို့ ရှာကြည့်မယ်။ အဲဒါဆိုရင် အရင်ဆုံး ဦးစားပေးပြီး လုပ်ရမှာက နေမယ့်အခန်းနဲ့ နီးနီးနားနားမှာ ညလုံးပေါက် ဒါမှမဟုတ် ည(၁၀)နာရီကျော်ကျော်လောက်အထိ မပိတ်ဘဲ ဖွင့်ထားတတ်တဲ့ Internet ဆိုင်မျိုးကို အရင်ရှာရမယ်"

❦ → ❦

"ရုရု ...

တစ်ခါတလေကျရင်တော့ လူဆိုတာ အားပေးလေ ပိုအားငယ်နေလေလည်း ဖြစ်တတ်တယ်ကွ။ ကလေးတွေများ ချော့လေ ငိုလေ ဆိုတာမျိုးပေါ့။ ဒါကြောင့် ဒီစာထဲမှာတော့ မင်းအတွက် "ကြိုးစားထား"တို့၊ "အားတင်းထား" တို့ မပါအောင် ရေးကြည့်မယ်လို့ တွေးထားတယ်။ မင်းကို ငါ ချစ်တယ် ...

ချစ်တယ် ... ချစ်တယ် ...

ချစ်တယ် ...

ချစ်တယ်ကွာ ..."

❦ → ❦





"တော် ... ရုရုရော တစ်ခုခု ပြန်ပြောလို့ ရသလား မသိဘူး။ အပြင်မှာမပြောရဲလည်းပဲ စာထဲမှာပဲလေ။ ဟင် !"

❦ → ❦

"ရုရု ...

မင်း တစ်ခုခု ပြန်ပြောမယ်ဆိုလို့ မင်းစာကို ကိုယ်စောင့်နေတယ်။ မင်း ပြန်ပြောမယ့် တစ်ခုခုကို ငါအရမ်းမျှော်လင့်ပါတယ်။ မင်း ကိုယ့်ကို ခုပဲပြန်ပြောပါ။ ချက်ချင်းပြောပါ ...

မင်းကို ငါ ချစ်တယ်။

❦ → ❦

"တော့်ကို ရုရုလည်း ချစ်တယ် ... အရမ်းချစ်တာပဲ ... သိပ်ချစ်တယ်"

❦ → ❦



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်း စကားမပြောဖြစ်ကြသော်လည်း တော်နှင့် ရုရုတို့ စာအသွားအလာ နေ့စဉ်အနည်းဆုံး တစ်စောင်လောက် မပြတ်စေရအောင်တော့ ရုရုက အမြဲကြိုးစားပါသည်။ ပထမဦး ဆုံးအကြိမ်အဖြစ် e-mail ပို့တတ်ဖို့၊ မြန်မာစာလုံးလက်ကွက်များ နဲ့ ရိုက်တတ် ပို့တတ်ဖို့တို့ကို သင်ကြားပေးခဲ့တဲ့ Internaet Cafe' ဆိုင်ကကောင်ကလေးဟာ e-mail ပို့ဖို့အတွက် G-mail address account နှစ်ခုဖွင့်ခိုင်းသော ရုရုကို “အစ်မက ဘာလို့လိပ်စာကို နှစ်ခုထားချင်ရတာလဲ။ တစ်ခုက အလုပ်အတွက်၊ တစ်ခုက private သူငယ်ချင်းတွေအတွက် ဒီလိုလား”တဲ့။ စပ်စုတာလေ စပ်စုတာ။

ဘာလို့ပြောပြရမှာလဲ။ ဒီကဖြင့် မလုပ်တတ်လို့ သူ့ခိုင်းရတာ၊ သင်စရာမလိုဘဲ ကိုယ့်ဘာသာ,သာ လုပ်တတ်နေ ရင် အဲဒီလျှို့ဝှက်ချက်ကို ဒီကမ္ဘာပေါ်မှာ ရုရုကလွဲလို့ ဘယ်သူ့ ကိုမှ မသိစေရ။ အသိမခံချင်ပါ။ ခုတော့ ကိုယ့်ဘာသာ G-mail account ဖွင့်ပြီး လိပ်စာယူဖို့ကို မလုပ်တတ်လို့ သူ့လုပ်ခိုင်းကာ မှ သူက စပ်စပ်စုစုနဲ့။ လူတစ်ကိုယ်မှာ ဂျီမေးလ်(အီးမေးလ်)လိပ် စာတစ်ခုပဲ ရှိရမည်။ ယူရမည်လို့ ဘယ်သူက သတ်မှတ်ထား သလဲ။ လူတစ်ယောက်တည်းနဲ့ အီးမေးလိပ်စာ အခုတစ်ရာပိုင် ချင်တော့ကော ဘာဖြစ်သေးလဲ။





တကယ်တော့ “ru ru”ဟူသော ဂျီမေးလ်လိပ်စာ နှင့် “Taw”ဆိုတဲ့ ဂျီမေးလ်လိပ်စာနှစ်ခုစလုံးကို တစ်ဦးတည်းပိုင် အဖြစ် ru ru ကနေ Taw ဆီစာပို့။ Taw ကနေ ru ru ဆီ ပြန်ပို့။ password နှစ်ခုနှင့် လိပ်စာနှစ်ခုကနေ တစ်ခုနဲ့တစ်ခု အပြန်အလှန် စာတွေပို့နေတော့ရော ဘာဖြစ်သေးလဲ။ အဲဒီလိပ်စာနှစ်ခုစလုံးဟာ ရုရု တစ်ယောက်တည်း ကိုင်တွယ်သုံးစွဲနေတာဖြစ်ပြီး အပြန်အလှန် ပေးပို့နေခဲ့သော စာများမှာလည်း ရုရု တစ်ယောက်တည်းကပင် (အရူးမလေးတစ်ယောက်သဖွယ်)ရေးလိုက် ပြန်လိုက် လုပ်နေတော့ ရော ဘာဖြစ်သေးလဲ။

“နေ့တိုင်းစကား ပြောကြမယ်”တဲ့။ တော်ပြောသလို pfingo တို့ VZO တို့ကနေဆိုရင်တော့ တစ်ယောက်တည်း အပြန်အလှန် ပြောနေလို့ မရနိုင်တဲ့အတွက် ရူးချင်တိုင်းတောင် ရူးခွင့်မရှိဘူးပေါ့ တော်။ စာပို့တာ၊ စာရေးတာကကျတော့ ရုရု အဖြစ်လည်း ရုရု ပဲ။ တော်အဖြစ်လည်း ရုရုပဲ တစ်ယောက်တည်း ကြိနေနိုင်ခွင့် အပြည့်ရှိတယ်လေ။

အဆင်မပြေတာတွေ၊ လိုအပ်ချက်တွေ၊ ရင်ဖွင့် ညည်းညူချင်တာတွေ၊ အကူအညီ အကြံဉာဏ် တောင်းခံချင်တာ တွေ အားလုံး “တော့်”ဆီ စာရေးပြောလို့ရတယ်။ တော့်ဘက်က လည်း နှစ်သိမ့်တာတွေ၊ အားပေးမှုတွေ၊ အကြံဉာဏ်တွေ ပြန်ရ တယ်။ ချစ်ခင်မြတ်နိုးမှုကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား နဲ့ အထပ်ထပ် အခါခါလည်း ပြောခွင့်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကတော့ ကိုယ့်ရင်ထဲက ခံစားချက်ကို ဘယ်တော့မှ ထုတ်ပြခွင့်မသာ၊ အဖြေပေးခွင့်မရှိတော့ဘူးလို့ စိတ်ပျက်အားငယ်ခဲ့ရတဲ့ ရရအဖို့ "Taw"ဆိုတဲ့ ဂျီမေးလ်လိပ်စာတစ်ခုဆီကိုတော့ အရှက်အကြောက်၊ ဆင်ခြင်ဉာဏ်၊ စောင့်စည်းမှုအားလုံးကို လွှင့်ပစ်ပြီး ဝမ်းသာအားရ ထုတ်ပြ၊ အဖြေပေးခွင့်ရှိတယ်။

"Taw"ဆိုတဲ့ ဂျီမေးလ်လိပ်စာကနေ ပြန်ရလာတဲ့ စာကလေးတွေကို ရ ရ ဆိုတဲ့ လိပ်စာထဲမှာ ပြန်ဖွင့်ဖတ်လိုက်တဲ့အခါ ခံစားရတဲ့ ခံစားချက်ကို ရရက ဘာနဲ့မှ မလဲနိုင်ပါဘူး။ "ကိုယ်တိုင်ပဲ ရေးထားတာပဲ၊ အတုတွေပဲ"လို့များ ဘယ်တော့မှ မတွေးမိဘူး။ ဗွာဖျပ်ဖျပ် ခုန်နေတဲ့ ရင်အစုံနဲ့ တကယ့်ကို စိတ်ပါလက်ပါ ဝမ်းသာအားရ ဖွင့်ဖတ်နေမိတဲ့ စာကလေးတွေဟာ ရရကို စိတ်ဓာတ်ခွန်အားကော ပျော်ရွှင်မှုနဲ့ လုံခြုံစိတ်ချရမှုတွေကိုပါ ဆောင်ကျဉ်းလာစေတယ်။

တစ်ခါတလေ ဟိုဘက် ဒီဘက် ပို့တာမှားလို့ ပြန်ဖွင့်ဖတ်တဲ့အခါ စာအသစ်တစ်စောင်လောက်များ ရောက်မလာဘဲနဲ့ ကြားမှာပျောက်နေခဲ့ရင် "ဒီနေ့ တော့်ဆီက အဆက်အသွယ် မရဘူး"ဆိုတဲ့ ခံစားချက်ဟာ ရရ အတွက် တစ်ကိုယ်လုံးကို ညှိုးချုံးရင်နာစေတယ်။ "ဟိုဘက် ဒီဘက် ငဲ့ကြည့်လို့မှ အရိပ်ကလွဲရင် ဘာမှမရှိ"ဆိုတဲ့ ခံစားချက်ဟာ မကြုံဘူးတဲ့ သူတွေအတွက်တော့ သေရတာထက် ကြောက်စရာကောင်းနေသေးမှန်း ကျမ်းကျိန်ပြောရလောက်အောင် နားမလည်နိုင်ပဲ ဖြစ်နေကြလိမ့်မယ်။





ရရကတော့ အသွားအပြန် နေ့စဉ်မှန်ကန်နေတဲ့ ဂျီမေးလ်စာကလေးတွေနဲ့ပဲ ဘဝကို ရှင်သန်နေထိုင်နေပါတယ်။ တော်ကမှ အခေါ်အပြော၊ အပတ်အသက် မလုပ်တော့ဘဲ ကျောင်းထွက်ခွာ၊ အိမ်ပြန်သွားခဲ့ပြီကိုး။

အန်တီမေဇော်တို့အိမ်မှာ အန္တရာယ်ကင်း၊ ဘုန်းကြီးဆွမ်းကပ်ပွဲ ရှိသဖြင့် ရရမှာ ရှားရှားပါးပါး မရမက ခွင့်တစ်ရက်ကို စက်ရုံကနေ မရ,ရအောင် တောင်းဆိုကာ ဒီအိမ်ကြီးသို့ မိုးလင်းလောက်ကတည်းက ရောက်ရှိနေရပါသည်။ မနက်ပိုင်း နေ့ဆွမ်းကပ်လှူပြီးသွားချိန်ကျတော့လည်း အန်တီမေဇော်က ...

"မပြန်ဘဲ ဆက်နေလိုက်ပါလား၊ ခွင့်ယူထားပြီးပြီဆို။ ညနေပိုင်း စားပြီးသောက်ပြီးမှပြန်ပေါ့၊ မရဘူးလား"

"ဟုတ် ... ရတာကတော့ ရပါတယ်"

ရရရဲ့ ပုံစံအင်တင်တင်ကို အန်တီမေဇော်က သတိမပြုမိချင်သလို ဟန်ဆောင်ကာ ...

"ဒါဖြင့် ခြောက်နာရီ၊ ခုနစ်နာရီလောက်ကျမှ ဒရိုင်ဘာနဲ့ ပြန်ပို့ပေးမယ်။ ဘာမှလုပ်စရာမရှိတော့ရင်လည်း အရင်က ရရအခန်းထဲမှာပဲသွားနားနေပေါ့။ အဲဒီထဲမှာ ဘိုမရဲ့ပစ္စည်းတွေသာ ဖြုတ်သိမ်းထားတာ။ ရရရဲ့အသုံးအဆောင်တွေကတော့ ဒီတိုင်း ဆက်ဆင်ထားသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရရကဖြင့် နေ့လယ်တစ်နာရီ၊ နှစ်နာရီလောက်ကျပြန်လိုက်ပြီး ဒီကအပြန် Internet ဆိုင်ဝင်ကာ နေကုန်နေခန်း အချိန်ကြာကြာကြီး ဖြုန်းတော့မလားလို့ပါ။ ခါတိုင်းလို "ru ru" ဆိုတဲ့လိပ်စာကို အရင်ဝင်။ တော့်ဆီက (အဲလေ) "Taw"ဆိုတဲ့ လိပ်စာဆီက စာရောက်မရောက်စစ်။ ပြီးတာနဲ့ ရရရဲ့ခံစားချက်တွေ ရင်ဖွင့်သံတွေ စီကာပတ်ကုံး ပါနေတဲ့ စာတစ်စောင်ရေးပို့။ ပြီးရင် "Taw"ဆိုတဲ့လိပ်စာကို ထပ်ဝင်။ မနေ့ကနေ့ဖွဲ့နဲ့ "ru ru" ဆိုတဲ့လိပ်စာကနေ ဘယ်လိုညည်းညူသံတွေ ဝင်နေပြီလဲစစ်။ ပြီးတာနဲ့ အားပေးသံတွေ နှစ်သိမ့်မှုတွေ၊ ချစ်မြတ်နိုးတာတွေ အပ်ကြောင်းထပ် တလှိုင်လှိုင်ပါနေတဲ့ စာတစ်စောင်ကိုပြန်။

အဲဒါတွေကို အပြေးအလွှားနဲ့ ခပ်မြန်မြန် ခပ်သွက်သွက် လုပ်ရှားဖို့သာ ရရမှာ အချိန်ရပါသည်။ အိုဗာတိုင်ပါဆင်းခဲ့ရတဲ့ညမျိုးတွေဆို ဆိုင်ပိတ်ချိန်ကလည်း နီးကပ်နေတာနဲ့တင် နောက်ကနေ ကျားလိုက်လာသလို ပြေးလွှားလုပ်ရှားနေရတာ ဇိမ်ခံပြီး ကြည်နူးနှစ်သိမ့်နေချိန်တောင်မှ မရှိ။ ခွန်အားဖြစ်ရတာတောင်မှ ကသုတ်ကရက် နိုင်လှပါသည်။

ဒါကြောင့်မို့ ပိုက်ဆံကုန်ရင် ကုန်ပါစေ။ (တချို့လူတွေအတွက် ဘာမှမဟုတ်လောက်တဲ့ တစ်နာရီ(၇၀၀)ကျပ်ဟူသော ပိုက်ဆံဟာ ရရ အတွက်တော့ နေ့စဉ်နဲ့အမျှဆိုတော့ ကုန်ချင်ကုန်ပါစေဟု ပြောရလောက်သော ပမာဏမျိုး ဖြစ်လာပါသည်။) ဒီနေ့တော့ ကုန်ချင်ကုန်ပါစေ၊ နေ့လယ်နှစ်နာရီလောက်ကနေ



ညမိုးချုပ်လောက်အထိကို စိမ်ပြေနပြေ ဇိမ်ခံကြည်နူး၊ ခွန်အားဖြည့် အားမွေးမလားလို့ပါ။

ဪ ... စာကြည့်ခန်းထဲမှာ ဦးကျော် အမြဲသုံးတဲ့ Lap top ကွန်ပျူတာ ရှိနေတာပဲ။ ပြီးကျတော့ ဒီအိမ်မှာ ADSL လိုင်းလည်း တပ်ဆင်ထားတာ ရရ သိသည်။ အဲဒါက ရရတို့ ဒီမှာနေတုန်းက လေ့ကျင့်သင်ကြားဖို့ ပေးထားသည့် Desk top ကွန်ပျူတာကြီးလို မဟုတ်။ ဦးကျော်တစ်ယောက်ပဲကိုင်ကာ Internet ရော e-mail ကိစ္စတွေအတွက်ရော သုံးသည်။ ဟုတ်ပြီ။ ဒီအိမ်ကို လာလိုက်တိုင်းလည်း ... အားတဲ့အချိန်လေးလောက် ကသုတ်ကရက်၊ အပြေးအလွှား၊ ခဏတဖြုတ်ကြီးပဲမို့ ဒီမှာလည်း အင်တာနက်သုံးလို့ရတယ် ဆိုတာ မေ့တောင်နေသည်။ ခုကျတော့ တစ်နေကုန်ကြီး အလုပ်တွေပြီးသွားရင် အလဟသအားနေတော့မှာလေ။ ပိုက်ဆံတောင် အပိုထပ်မကုန်ဘဲ တစ်ချက်ခုတ်နှစ်ချက်ပြတ် အဆင်ပြေနိုင်တာပေါ့၊

"ဦးကျော် ... ရရ စာကြည့်ခန်းထဲက ကွန်ပျူတာ ခဏ သုံးလို့ရမလားလို့ပါ"

"ဟေ ... ဘာဖြစ်လို့လဲ သုံးပေါ့။ ညည်းရှိတုန်းကလည်း လေ့ကျင့်နေကျပဲ မဟုတ်လား"

"ရရက ဦးကျော် Lap top ကိုပြောတာပါ၊ ရရတို့ Desk top ကြီးက Hub နဲ့ လိုင်းမချိတ်ထားဘူး မဟုတ်လား။ ရရက အီးမေးလ်စစ်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုလား၊ အေး ... အေး ... ရတယ်၊ သုံးသုံး။ ဦးကျော်က နေ့ခင်း အလုပ်လုပ်စရာ မရှိပါဘူး။ မနက်က ပင်ပန်းလိုက်တော့ နားနားနေနေပဲနေမယ် စိတ်ကူးထားတယ်။ ရတယ် ... ရှရ ဝင်သုံးလိုက်လေ"

ရှရရဲ့မျက်နှာလေးက ပြုံးရွှင်ကြည်လင်လို့နေတော့သည်။ အချိန်ရတယ်ဆိုတော့ တကယ်တမ်းသာ တော် ဖတ်ခွင့်ရခဲ့ရင် ခုချက်ချင်း လေယာဉ်ပေါ် ပြန်တက်ပြေးချင်စရာကောင်းလောက်အောင် ချွဲနွဲ့ရင်ဖွင့်ပစ်လိုက်မယ်။ ဘေးလူတွေလည်း ဖတ်ခွင့်များ ရခဲ့ရင် မျက်ရည်တောက်တောက်မကျလို့ကတော့ ပြောချင်တိုင်းပြော။

ခုဟာက တဖြည်းဖြည်းနဲ့ တော့်ဘက်ကစာတွေမှာချည်းမဟုတ်တော့ဘဲ ရှရဘက်ကစာတွေမှာလည်း တရားဝင်၊ ပွင့်ပွင့်လင်းလင်း ချစ်ခင်မြတ်နိုးရတာတွေကို ထည့်ပိုင်ခွင့်ရှိသွားပြီ(ကိုယ့်ဘာသာကိုယ် ပြန်ရှက်နေမိတာမျိုးတောင် မရှိတော့ဘဲ ထည့်ရေးရဲသွားပြီ)ဆိုတော့ အဲဒီ"ချစ်မြတ်နိုးမှု"တစ်ခုအတွက်လည်း မြန်မာအဘိဓာန်မှာ ပါ,ပါသမျှ စကားလုံးအားလုံး တစ်လုံးမကျန် စုပေါင်းပြီးတော့ကို အတုံးလိုက်၊ အတစ်လိုက်ထည့်ရေးပစ်လိုက်ဦးမည်။

တော့်ဘက်က ပြန်စာကျတော့လည်း ခါတိုင်းလို အချိန်မရတော့လို့ တိုတိုလေး ပိစိကွေးမဟုတ်ဘဲ ခွန်အားတွေ အင်အားတွေ အသားကုန်တက်ကြွဖွယ်ရာ စဉ်းစဉ်းစားစားနဲ့



အချိန်ပေး တွေးတောပြီးတော့ကို တရှည်တလျား တဖွဲ့တနွဲ့နဲ့ စီကာပတ်ကုံး ပြန်ရေးရမည်။ နက်ဖြန်ခါကျမှ ပြန်ဖွင့်ကြည့်တော့မယ့် တော့်ဘက်က ပြန်စာအတွက် ဒီနေ့တောင် ကြိုပြီးရင်ခုန်ပါသည်။ နက်ဖြန်ခါ တကယ်ပြန်ဖတ်လိုက်ရင် ရှရတော့ Internet ဆိုင်ကြီးထဲမှာ သူစိမ်းတွေရှေ့ ကြက်သီးမွေးညင်းတွေထပြီး မျက်ရည်များပင် ရစ်ဝိုင်းလာဦးမလား၊ မပြောတတ်ပေ။

ရှရ တစ်ယောက် နှုတ်ခမ်းထောင့်စွန်းတွေ နားရွက်တက်ချိတ်တော့မတတ် မျက်နှာနဲ့ စာကြည့်ခန်းထဲမှာ အချိန်တွေကုန်မှန်းမသိ ကုန်နေဆဲ၊ အပြင်ကနေ ဝူးဝူးဝါးဝါး အော်သံဟစ်သံတွေကို ကြားလိုက်ရပါသည်။ ဒီအိမ်မှာ မကြားဖူးတော့တာ ကြာနေပြီဖြစ်တဲ့ အန်တီမေဇော်ရဲ့ အော်ဟစ်ဆူပူသံမျိုးမို့ ရှရမှာတစ်ယောက်တည်း ကြည်နူးချမ်းမြေ့နေရာကနေ အပြေးအလွှား ထထွက်ကာ စာကြည့်ခန်းတံခါးကို အသာလှစ်ဟပြီး အချောင်း၊ အနားက ဖြတ်သွားသည့် တင်တင့်ကို တွေ့လိုက်ရတာမို့ ...

"ဟော့ ... ချွတ် ... ချွတ် ... တင်တင်၊ ဘာဖြစ်ကြတာလဲ"

"အန်တီပါ။ စန်းစန်းကို ဆူနေတာ"

"ဘာဖြစ်လို့လဲဟေ၊ အရမ်းကြီးပဲ။ ကြောက်စရာကြီး။ အန်တီက တင်တင်တို့ကို အဲသလို ဆူတတ်တာမျိုး၊ ဒီမှာ နေတုန်းကတောင် တစ်ခါမှ မတွေ့ဖူးပါဘူး။ ဘာဖြစ်လို့လဲ၊ စန်းစန်းက ဘာလုပ်လိုက်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမဘိုမဆီက ဖုန်းလာတာလေ၊ အဲဒါ ဦးကျော်ကိုခေါ်ပေးလိုက်လို့ပေါ့။ စန်းစန်းကိုလည်း ဒီအသံကို မသိရကောင်းလား။ သိရင်လည်း ဒီအိမ်မှာ အဲဒီတစ်ယောက်ကို သေစာရင်းတောင် သွင်းထားပြီးသားဆိုတာ အလိုက်မသိရကောင်းလားလို့ဆူတာ။ ဦးကျော်ကိုလည်း ဆူတယ်၊ သိလား မမရ။ ဖုန်းကို ဘယ်သူမှန်းမသိလို့ လာကိုင်မိပြီးရင်လည်း သူမှန်းသိသိချင်း ပြန်မချပစ်ရကောင်းလားတဲ့"

"ဒုက္ခပဲ။ စန်းစန်းက အဲဒါမျိုးတွေ ဘယ်လိုလုပ် အလိုက်သိမှာလဲ၊ ဒီလောက် အေးတာ ထုံတာကို။ ကျွတ် ... ဘိုမကလည်း ဘာကိစ္စနဲ့များ ထပ်ဆက်နေရသေးတာလဲ၊ လုံးဝမပတ်သက်ပါဘူးလို့ လက်မှတ်ပါထိုးပေးခဲ့ပြီးမှ ကြိုက်သလောက် တောင်းယူသွားတဲ့ကိစ္စကို ခက်ပါတယ်၊ ဆက်မယ့်ဆက်တော့လည်း ခုလို အားလုံးသိမကုန်အောင်လို့ တိုးတိုးတိတ်တိတ်နဲ့ ဦးကျော်ရဲ့လက်ကိုင်ဖုန်းကိုပဲ ဆက်လိုက်တာမဟုတ်ဘူး"

"ဦးကျော်ရဲ့လက်ကိုင်ဖုန်းက မနက်က ဘုန်းဘုန်းတွေ တရားဟောနေတုန်းက အနှောင့်အယှက်ဖြစ်မှာစိုးလို့ ပိတ်ထားတာ ခုထိ ပြန်မဖွင့်ဖြစ်သေးလို့ လိုင်းဖုန်းကိုပါ ထပ်ဆက်လိုက်တာဖြစ်မယ်တဲ့ မမရရဲ့"





ဟင်း ...။ တိုက်တိုက်ရယ်မှဆိုင်ဆိုင်။ ရရ ဒီအိမ်ရောက်နေတုန်းမှာမှ ဒီလိုပြဿနာတွေကလည်း ကြုံရတယ်လို့။ ကိုယ့် မသိလိုက်ရင် သူ့ဘာသာဘာသာပဲလုပ်လုပ် မျက်နှာပူ အနေခက်ရတာ သက်သာတာပေါ့။ ခုတော့ ...။ ရရမှာ ကိုယ်နဲ့ဘာမှ မဆိုင်သလို စာကြည့်ခန်းထဲပြန်ဝင် အခန်းတံခါးပိတ်ကာ ကြည်နူးမှုရေယာဉ်ထဲ ပြန်စီးမျောဝင်နေလို့ မဖြစ်တော့ပါ။

ရင်မဆိုင်ချင်ပေမယ့် ထွက်ရင်ဆိုင်ရတော့မှာပေါ့။ ကိုယ့်အပြစ် ဘာမှမရှိပေမယ့် မျက်နှာငယ်ကလေးနဲ့ ခေါင်းငုံ့လျှိုးပြီး ဝတ္တရားရှိတဲ့အတိုင်း နေရတော့မှာပေါ့။ ကိုယ်က အဲဒီပြဿနာရှင်နဲ့ ဆွေမျိုးအရင်းကြီး တော်ထားမိပြီကိုး။

"ဪ ... အေး၊ ရရပါ ရှိနေတာ အန်တီက မေ့သွားလို့။ ဒါပေမဲ့ ရရရယ်၊ ရရရှိလည်း ပြောရမှာပဲလေ၊ သိပြီးပြီလား"

"ဟုတ်"

"အဲဒါ တမင်လုပ်ပြန်တာလေ။ လုပ်စရာလားကွယ်။ ဒါပေမဲ့ အန်တီက လုပ်သွားတဲ့သူကို စိတ်တိုတာထက် ဒီအိမ်က အလိုက်မသိတွေ၊ အားနာသမှုတွေကို ပိုစိတ်ကုန်တာ။ ဘယ့်နှယ်လဲ။ စန်းစန်းကလည်း ဒီလောက်တော့ သိတတ်ရမှာပေါ့။ ရရတို့ ဦးကျော်ကလည်းပဲ ကိုယ့်အိမ်မှာ နေသွားဖူးတဲ့ မိန်းကလေး ဘာညာငဲ့နေသေးတယ် ဆိုတာကိုက မဟုတ်တာကြီးလေ၊ ခုတော့ ဟိုက ဝမ်းသာအားရ နိုင်ထက်စီးနင်း ပြောဆိုသွားတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရုရုက ဦးကျော်ကို ကြည့်လိုက်စဉ် အစ်မဖြစ်သူ ဆုံမတာကို ကလေးငယ်တစ်ယောက်လို ငိုခဲ့နေခဲ့သည့် ဦးကျော်က သက်ပြင်းတချချ၊ ခေါင်းတညိတ်ညိတ်နှင့် ထိုင်နေရာမှ ထွက်သွားပါတော့သည်။ ဦးကျော်ရဲ့ပုံစံက စိတ်ထိခိုက်တာတွေ၊ ဒေါသထွက်တာတွေ၊ နာကျင်ခံစားရနေပုံတွေ ဘာတစ်ခုမှမရှိဘဲ ခပ်အေးအေးပဲ ဖြစ်နေသည့်အတွက်သာ တော်ပါသေးသည်ဟု ဆိုရပေမည်။

"အန်တီကလေ ... ဂယက်ကို မထစေချင်တော့တာ။ အနည်ထိုင်စေချင်ပြီ။ သူ့ကိုဒီကိစ္စတွေအပြီးမှာ အပြင်ပြန်ရောက်ဖို့ မပြောနဲ့ အခန်းထဲက အခန်းပြင်ရောက်အောင်တောင် ဘယ်လောက်လုပ်ထားရသလဲ အန်တီပဲ အသိဆုံးပဲ။ ထပ်မဖြစ်စေချင်တော့ဘူးလေ။ ခုပုံစံကြည့်ရတာတော့ အေးအေးဆေးဆေးပါ။ ဒါပေမဲ့ ဘယ်လိုပြောမလဲ။ စိတ်အနှောင့်အယှက်ကတော့ အနည်းနဲ့အများ ဆိုသလို ဖြစ်သွားမှာပေါ့။ အန်တီက အဲဒီလောက်ကလေးကိုတောင် မဖြစ်စေချင်တော့တာ"

အန်တီမေဇော်က ရုရုလည်း ရောက်လာသဖြင့် သူ့စကားတွေကို အရှိန်ရော၊ အသံနဲ့ခံစားချက်တို့ကိုပါ လျှော့ချ ထိန်းသိမ်းလိုက်ပါသည်။ အဲဒီတော့မှပင် အလုပ်သမားတွေရဲ့ရှေ့မှာ မောင်လှုပ်သူ မကြီးမငယ်ကြီးကိုပါ အော်ဟစ်မိပြီဟု သတိထားမိပြီး စိတ်မကောင်းတွေ ဖြစ်နေပုံရသည်။ ပြေရာပြေကြောင်း





သဘောနှင့် စန်းစန်းရဲ့ခေါင်းကိုပါ တစ်ချက် နှစ်ချက်လောက် ပုတ်ရင်း ...

"ကျော့် GSM ရော ဒီအိမ်က လိုင်းဖုန်းကိုပါ နံပါတ်သစ်နဲ့ လဲပစ်ရင် ကောင်းမလား မသိပါဘူး။ ဟင် ... ! ဘယ်လို သဘောရကြသလဲ ဒေါ်စိန်နဲ့ ရုရု"

"ကောင်းပါတယ် မမေဇော်၊ ဒါပေမဲ့ နောက်ထပ်,ထပ်ဆက်လာစရာအကြောင်းလည်း သိပ်တော့ ရှိလောက်မယ် မထင်ပါဘူး၊ ခုဟာကတော့ သူ့ကိုယ်သူ သိပ်အောင်မြင်ပြီလို့ ထင်တဲ့ဟာ တစ်ခုကို ဝါကြွားချင်တဲ့ သဘောလေ"

"မပြောနိုင်ပါဘူး ဒေါ်စိန်ရယ်။ အဲဒါမျိုးတွေပဲ ရှေ့ဆက်ပြီး ဆက်တိုက် ထပ်,ထပ်အောင်မြင်နေရင် ဘယ့်နှယ်လုပ်မလဲ"

အန်တီမေဇော်က မရယ်ချင့်ရယ်ချင် မချိရယ်ကလေးရယ်ကာ ဦးကျော် ထွက်သွားရာဘက်သို့ လိုက်ထွက်သွားပါသည်။ ကြည့်ရတာ သူ့အော်မိတာရော၊ ဘိုမအတွက်ပါ ဦးကျော်တော့ ဘာများထပ်ဖြစ်တော့မလဲရယ်လို့ လိုက်ချော့မော့ဖျောင်းဖျတာမျိုး။ အရေးမကြီးပါဘူး၊ ဘာမှမဖြစ်ပါဘူး ဆိုတာမျိုးတွေ မောင်နှမနှစ်ဦးတင် နှစ်ကိုယ်ကြား သွားလုပ်နေဦးမလို့ပဲ ဖြစ်ဟန်တူပါသည်။

"ဘာပြောသွားတာလဲဟင် ... ကြီးစိန်"

ရုရုမှာ အန်တီမေဇော် မရှိတော့မှ ကြီးစိန်ကို ကျိတ်မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တော့မယ်တဲ့ ဦးမြတ်ထွန်းအောင်တဲ့။ ကြီးစိန်ကတော့ မသိပါဘူး။ ဒါပေမဲ့ မမေဇော်တို့ပြောတော့ တအားချမ်းသာတဲ့ အသက်ကြီးကြီး အဘိုးကြီးထဲကပဲလို့ ပြောတာပဲ။ ဒီအိမ်မှာတုန်းက ဦးကျော်ကို ရည်ရွယ်လိုက်၊ တော့်ကိုကြဲလိုက်နဲ့ မအောင်မြင်သွားတော့ အဲဒီလိုချမ်းချမ်းသာသာ ဟုတ်ဟုတ်ကြားကြားကြီးနဲ့ ရမယ်ဆိုတော့ 'တွေ့ပြီလား၊ နင့်ထက်သာတယ်"လို့ ဦးကျော်ကို ပြောချင်တာနေမှာပေါ့"

ဟင် ... ဒါပေမဲ့ ...။

ဦးမြတ်ထွန်းအောင် ဆိုတာ ကြီးစိန်သာ မသိတာ။ ရှုရှုလို ခပ်တုံးတုံးထဲကလူတောင် သိပါသည်။ ဟုတ်ဟုတ်ကြားကြားကြီး ဆိုတာကတော့ ဟုတ်ပါရဲ့၊ တအားချမ်းသာတယ်ဆိုတာလည်း မှန်ပါရဲ့။ ဒါပေမဲ့ နာမည်နဲ့ ဂုဏ်သတင်းက ဒီလောက်မွှေးပျံ့တာ။ သူ့သားကြီး သမီးကြီးတွေပင် အန်တီမေဇော်တို့၊ ဦးကျော်တို့နီးပါးလောက် ရှိနေပြီဖြစ်တာတောင် အဘိုးကြီးဟာမင်းသမီးမှ၊ မော်ဒယ်လ်မှ၊ နောက်ဆုံးပေါ်မှဆိုတဲ့ အမျိုးစားထဲက။

လက်ထပ်ပေးမယ် ဆိုတာတောင်မှ အင်မတန်ရင်ဖိုအံ့သြစရာဖြစ်လျက် Sponsor ပေးရုံလောက်မဟုတ်ဘူး ဆိုတာကိုပဲ ဝမ်းသာရမယ့်သဘော။ "ဘယ်နှယောက်မြောက်လဲ"ဆိုတာကိုတော့ မေးကို မမေးနဲ့တော့ဆိုတဲ့အထဲက ဖြစ်ပါသည်။





"ဟင် ... အဲဒီလူကြီး ဆိုရင်တော့ ဦးကျော်ထက် ဘယ်မှာသာလို့လဲ။ မသာပါဘူး။ စိတ်ညစ်စရာကြီးကို"

"မသိပါဘူးအေ ... အသံကတော့ ရှင်ချို့နေတာ ပါးစပ်ထဲကနေ သကြားရည်တွေ တပေါက်ပေါက် ကျနေသလောက်ပဲတဲ့"

ဦးကျော်ကတော့ အဲသလိုပြောမယ် မထင်ပါ။ စန်းစန်းရဲ့အာဘော်ပဲ ဖြစ်ရမည်။ အဲဒီဟာမကလေးကလည်း အလိုက်မသိတတ်တဲ့နေရာသာ မသိတတ်တာ၊ အဲဒီလိုပေါက်တတ်ကရ၊ တွန်းတွန်းပိုပို၊ အဆင်းဘီးတပ် မှတ်ချက်မျိုးကျတော့လည်း ချတတ်သား။

"ကဲ ... ကဲ ... ရှုရှု ပြန်ရဦးမယ်ဆိုရင် ထမင်းကြိုစားရင် စားထားလိုက်တော့။ စောစောပဲ စားလိုက်။ ဟိုမောင်နှမနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အကဲတွေခတ်၊ အားတွေပေး၊ မေးမ။ အဲဒါမျိုးတွေကိုပဲ သူ လုပ်နေတာကိုယ်မသိအောင်၊ ကိုယ်လုပ်နေတာ သူ့မသိအောင် ဖုံးကြဖိကြနဲ့။ ကြာဦးမှာ ကြာဦးမှာ။ ပြီးကြမှာမဟုတ်ဘူး။ ကြည်နူးမှုဒီတာလည်း ပွားရပါရဲ့။ အဖြစ်သည်းလိုက်ကြတာလို့လည်း အတင်းအုပ်ချင်ပါရဲ့။ အဲဒါ ရှုရှု ညနေစာကို ကြိုသာစားထားလိုက်တော့။ ကိုယ်က ပြန်ရပြုရဦးမှာ"

ဟင် ...။ ကြီးစိန်ကြီးပြောမှ၊ ပြန်ရဦးမယ်ဆိုမှ ကိုယ် ခုနက ဘာတွေလုပ်နေဆဲ တန်းလန်းကြီးလဲ ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သတိရမိတော့သည်။ ဘုရားရေ ...။ အန်တီမေဇော်ရဲ့ ဒေါသကြီးကို လန့်တာနဲ့ပဲ ဆက်ထိုင်မနေရဲတော့ဘဲ အမြန်ဆုံး ထပြေးလာမိတာလေ။ ဟိုမှာ Lap top ကွန်ပျူတာကြီးက ပွင့်ရက်ကြီး။ တန်းလန်းကြီး ကျန်ရစ်တာ။ သေချာပြန်စစ်၊ ခလုတ်ပိတ်၊ မီးပိတ်ဖို့နေနေ "Taw" ဆိုတဲ့ G-mail Address ထဲကတောင်မှ Log out ပြန်မလုပ်မိရသေး။

ဦးကျော်ရဲ့ကွန်ပျူတာကို ခွင့်တောင်းယူကိုင်ပြီး စည်းကမ်းမရှိမိတာက အသာထား၊ ပွင့်နေတဲ့ ဂျီမေးလ်အကောင့်ကြီးတစ်ခုထဲကစာတွေ ... စာတွေ။ တစ်စောင်မှ ဖျက်မပစ် Delete လုပ်မပစ်သေးဘဲ "ru.ru" ဆိုတဲ့ address မှာရော "Taw" ဆိုတဲ့ address ဘက်မှာပါ ရုရုဘက်၊ တော်ဘက် အဝင်၊ အထွက်ရဲ့ တစ်စောင်မကျန် အထပ်လိုက် စုသိမ်းထားဆဲဖြစ်တဲ့ စာတွေ။

ပြင်ပ Internet Cafe' တွေ၊ ဆိုင်တွေမှာတုန်းက အပြေးအလွှား ကသုတ်ကရက် နိုင်လှတာတောင် ဒါမျိုးတစ်ခါမှ မမေ့လျော့ဖူးခဲ့ပါ။ Log in လုပ်ထားပြီးသား ဂျီမေးလ်လိပ်စာတစ်ခုထဲကနေ Log out မလုပ်မိဘဲ ကွန်ပျူတာရှေ့ကနေ တစ်ခါမှကို ထမထွက်ခဲ့ဖူးတာပါ။ သေပါပြီ။ အစ်မရဲ့ပါးစပ်တိုက်စစ်အောက်ကနေ ရှောင်တိမ်းထွက်ခွာသွားခဲ့တဲ့ ဦးကျော်ဟာ ဘယ်ကိုများ ဦးတည်ရောက် ရှိသွားခဲ့ပါသလဲ။ ရုရုတို့နဲ့ ပြေရာပြေကြောင်းတွေ ဘာတွေ ပြောဆိုပြီးတဲ့အခါ သူ့မောင်ကို ချော့ဖို့၊ ဖေးမဖို့ မောင်ငယ်နောက်ကို လိုက်သွားတဲ့ အန်တီမေဇော်ကရော။





ရုတ်တရက် "သုတ်" ခနဲ ထထွက်ပြေးသွားတဲ့ ရုရုကြောင့် ကြီးစိန်တစ်ယောက် အံ့သြတကြီးနှင့် ကျန်ရစ်ခဲ့ပါသည်။ ရုရုမှာတော့ ဘယ်သူ့ကိုမှ အမှုထားမနေနိုင်ဘဲ စာကြည့်ခန်းအထိ တောက်လျှောက်ပြန်ပြေးလာ။ ရောက်တာနဲ့ တံခါးကို ခေါက်ပြုမကြည့်မိတော့ဘဲ ဖြုန်းခနဲ လှည့်ဖွင့်တွန်းဝင်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာတုန်း။ အလန့်တကြားပါလား ရုရုရယ်"

မောင်နှမနှစ်ယောက်သားဟာ ဦးကျော်ရဲ့ Lap top တင်ထားရာ စားပွဲရှေ့မှာ ပူးပူးကပ်ကပ် ထိုင်နေကြရင်း ဘာတွေမှန်းမသိ တစ်ခုခုကိုတော့ ပြောနေခဲ့ကြပုံနှင့်ပါတကား။

"ဟို ... ရုရုက ဦးကျော် Lap top ကို ခွင့်တောင်းယူကိုင်ပြီးမှ တန်းလန်းကြီးမေ့ပြီး ထားခဲ့မိလို့ ဟိုဒင်း ... အဲဒါ ..."

ရုရုက ဦးကျော်ကိုသာ ပိုအကဲခတ်ပြီး ပြောလိုက်ပါသည်။ သူတို့နှစ်ဦးတည်း ရှိနေကြသည့် အခန်းထဲသို့ ခွင့်မတောင်းဘဲ ပြေးလွှားဝင်လာခဲ့မိတာကိုလည်း ဖြေရှင်းချက်က ပေးရဦးမည်ဆိုတော့လေ။ ဦးကျော်ကတော့ မောပန်းဖိုးထိုတ်နေသော ရုရုကို ဘာမှသိပ်မထူးခြားလှတဲ့ မျက်နှာမျိုးနှင့်ပင် လှမ်းကြည့်လိုက်ကာ ...

"သြော် ... ငါကဖြင့် ပိတ်တောင် ပိတ်ပေးလိုက်ပြီ။ ပြီးပြီလားလို့။ ဘာလဲ မပြီးသေးလို့လား"

"ပြီး ... ပြီးပါပြီ၊ ပွင့်ရက်သားကြီး မေ့ကျန်ခဲ့တာသာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပိတ်လိုက်ပြီ။ နောင်ဆိုရင်တော့ ဒါကိုပဲ လာသုံးသုံး၊ တခြားဘယ်နေရာမှာ ဘယ်ကွန်ပျူတာကိုပဲသုံးသုံး၊ အဲဒီလို တန်းလန်းကြီးတော့ မေ့မကျန်စေနဲ့ပေါ့"

"ဟုတ်"

ဦးကျော်က မထူးခြားသလို အန်တီမေဇော်ကလည်း ပကတိ ခပ်အေးအေးအသွင်နှင့်သာ။ "ပြန်မယ်ဆိုရင် ဒရိုင်ဘာကို ကြိုပြောထားနော်။ လမ်းထိပ်ထွက်နေဦးမယ်။ ထမင်းတော့စား သွားဦးနော်"တဲ့။

ရုရုမှာ စာကြည့်ခန်းထဲက နောက်ပြန် နောက်ပြန် လေး အသာပြန်လျှိုထွက်ရင်း အခန်းတံခါးလေးကိုသာ ပြန်ပိတ် ပေးခဲ့ရပါတော့သည်။ ဘုရားသိကြားမ,လို့ ဦးကျော်ဟာ ပွင့်လျက် သားကြီး မြင်နေရတဲ့ စာတွေကို ယောင်လို့တောင် တစ်လုံးတလေ လောက်မှ ဖတ်မိမသွားပါစေနဲ့။

ခါတိုင်းဆိုရင်တော့ စက်ရုံကလည်း ခွင့်ရဖို့၊ အနားရဖို့ ကျပ်လှတာရယ်၊ ရတဲ့အခိုက်ကလေးတွေမှာလည်း Internet ဆိုင် တစ်ဆိုင်ဆိုင်မှာပဲ အချိန်သွားဖြုန်းဖို့ စိတ်စောနေတာရယ် နဲ့ ရုရုဟာ ကိုယ့်ကျေးဇူးရှင်တွေဆီကို နှစ်ပတ်တစ်ခါ၊ သုံးပတ် တစ်ခါ၊ မေ့လောက်မှ တစ်ခါဆိုသလို အနိုင်နိုင်အားယူပြီးသွား ရတာပါ။





သို့သော် ဟိုတစ်ခေါက်ပြန်လာခဲ့ပြီး ဘာမှမကြာသေး ခင်မှာပဲ ခုနောက်တစ်ခေါက် ထပ်လာခဲ့မိပြန်ပါပြီ။ အကြောင်း ကတော့ ရင်ဆိုင်ရမှာလည်း ကြောက်လှပေမယ့် ဦးကျော်နဲ့ အန်တီမေဇော်တို့ကို စိတ်မချ၊ လက်မချနဲ့ နောက်ထပ်အကြိမ်ကြိမ် အကဲထပ်ခတ်နေချင်သေးလို့ပဲ ဖြစ်ပါသည်။

ကြေးစားလူသတ်သမား ပို မဟုတ်ဘဲ အတွေ့အကြုံ မရှိ၊ မတော်တဆနဲ့ လူသေမှု၊ လူသတ်မှုတို့ကို ကျူးလွန်မိသူများ ဟာ အဲဒီလူသေကြီး ကျန်ရစ်တဲ့၊ ကိုယ်လူသတ်မှုကျူးလွန်မိတဲ့ နေရာကို စိတ်မချလက်မချနဲ့ ပြန်ပြန်လာကြည့်လေ့ရှိကြသည် ဟု ရုပ်ရှင်ကားတွေမှာ ရုရု ကြည့်ဖူးခဲ့ပါသည်။

"အဲဒါ တကယ်ပဲ ဖြစ်နိုင်သည်"ဆိုတာ ခုမှပဲ ကိုယ်ချင်းစာမိပြီ။ တကယ်ဆို ရုရုဟာ ရုရုရဲ့စာတွေကို ဦးကျော် တို့၊ အန်တီမေဇော်တို့ ဖတ်များဖတ်မိသွားကြသလားလို့ သံသယ စိတ်နဲ့ ကြောက်ထိတ်နေရင် အဲဒီအိမ်နဲ့ အဲဒီလူတွေကို အတွေ့ မခံတော့ဘဲ အတတ်နိုင်ဆုံး ပုန်းရှောင်နေလိုက်ရမှာ မဟုတ်လား။ ခုတော့ ရုပ်ရှင်တွေထဲက လူသတ်မှုရဲ့တရားခံလို "ဘယ်လိုများ နေမလဲ"လို့ တစ်ခါထပ်သွားကြည့်ချင်စိတ်တို့ကပဲ ထိန်းမရနိုင် ဖြစ်နေသည်။

စိတ်ချလက်ချကလည်း နေနိုင်ပါရိုးလား။ ဦးကျော် ကိုတော့ဖြင့် အကြောင်းမသိသေးပေမယ့် အန်တီမေဇော်ကား သိသိကြီးနှင့် မသိဟန်ဆောင်ပြီး အေးချမ်းစွာ နေပြတတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ နှစ်ယောက်မရှိ ကျွမ်းကျင်သူလေ။ တော်နှင့် ရုရုတို့ ကိစ္စတုန်းကပဲ ကြည့်ပါလား။ သိသိကြီးနဲ့ကို ကိုယ်လိုရာကို အေးအေးလေး စီမံသွားနိုင်ဖို့ ဟန်မပျက်တဲ့ မျက်နှာထားမျိုး လုံး၁ထားတတ်ခဲ့သည်။

"မသိဘူး"ဆိုတာက အေးတယ်လေ။ မသိဘူးဆိုတော့ကာ ကိုယ်နဲ့သူအကြား ဘာမှမျက်နှာပျက်ရဖို့ မရှိသလို ဘာမှ အရေးတယူ ဖြေရှင်းပေးနေစရာလည်း မလိုဘူးပေါ့။ ပြီးရော။

အဲဒါကြောင့်ပဲ ကိုယ့်ကိုယ်ကိုယ် မလုံလေတဲ့ ရုရုခများ ဒီအိမ်ကြီးဆီ မဝေးကွာလှတဲ့ ရက်ကလေးအတွင်း ထပ်ခြေချခဲ့ရတော့တာပေါ့။

"ဟဲ့ ... ရုရု၊ အမယ်လေးဟဲ့ ... ခိုးကြောင်ခိုးဝှက်နဲ့ ဘယ်လိုလုပ် ရောက်လာတာလဲ"

လာလည်းလာသေး။ အိမ်ရှေ့ပေါက်ကလည်း လူလိုသူလို ပေါ်တင်ကြီး မျက်နှာပြောင်တိုက် တက်မလာရဲသေးသည့် ရုရုခများ နောက်ဖေးပေါက်ကနေ သူခိုးခြေလှမ်းနဲ့အဝင် ကြီးစိန်နှင့် တန်းတိုးပါသည်။

"မမေဇော်ဆီ လာတာလား"

ထင်လို့လားတော့ မသိ။ ကြီးစိန်ရဲ့ပုံစံကလည်း သူများကိုသာ ပြောနေတာ။ သူလည်း ကျီးကြည့်ကြောင်ကြည့်နှင့် တစ်ခုခုတော့ ဖြစ်နေပုံ။





"အန်တီ ပြန်မရောက်လောက်သေးဘူး ဆိုတာ သိပါတယ်၊ ဦးကျော်နဲ့ပဲ တွေ့ရအောင် ဖြစ်ဖြစ်ပေါ့။ ဦးကျော် မအားလည်း နေမကောင်းလည်း ကြီးစိန်တို့နဲ့ပဲတွေ့ပြီး ပြန်တာပေါ့ ဆိုပြီး ..."

"မမေဇော်က ပြန်ရောက်နေပြီ။ နည်းနည်းတောင် ကြာပြီပဲ"

ဟုတ်တော့ နေပါပြီ။ ကြီးစိန်ကြီး တစ်ခုခုဖြစ်နေပါတယ်။ တော့်လိပ်စာနဲ့ ရုရု စီစဉ်ရေးသားသောစာများအကြောင်းကို ဟိုလူကြီးနှစ်ယောက်ကတစ်ဆင့် ကြီးစိန်ပါ သိနေနှင့်ပြီလား။ ဖြစ်ချင်တော့ ဖွင့်ကျန်ရစ်သော address account မှာ တော့်လိပ်စာနှင့် တော်နာမည်နှင့်။ တော်လိုလို တစ်ဖက်လူညှိဟန်လုပ်ကာ ရုရုကချည်း အပြန်အလှန်တွေ ဖြစ်နေခဲ့တာကို လူကြီးတွေက ဘယ့်နှယ်များ ဆုံးဖြတ် သတ်မှတ်ကြမှာပါလိမ့်။

"ကဲပါအေ ... ဒါတွေ ညည်းသိဖို့လည်း လိုပါတယ်။ အမှန်အတိုင်း အရှင်းအတိုင်း ညည်း သိသွားရင်လည်း ခပ်ကောင်းကောင်းပါပဲ။ တိုက်တိုက်ဆိုင်ဆိုင် ညည်းကလည်း ခုချိန်မှာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဆိုတော့ နားသာထောင်သွားပေတော့ ရုရုရေ"

"ဟာင် ... ! ဘာတွေလဲ ကြီးစိန်။ ဘာတွေကိုလဲ"

"တစ်နာရီလောက်က မမေဇော် ပြန်လာတယ်။ သူ့ခများ ရောက်ရောက်ချင်း ဦးကျော်ကို ရင်ဖွင့်ချင်တာ၊ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



က အိပ်ပျော်နေလို့ မောင်ကိုလည်း မနှိုးရက်၊ အောင့်က လည်း မအောင့်နိုင်တော့ ကျုပ်ကိုပဲ အရင်ဦးဆုံး အားလုံး ပြောပြသတော့၊ ခုတော့ ဦးကျော် နိုးပြီဆိုလို့ သူ့မောင်ဆီ သူသွားနေတယ် ...

အစကတော့ တိုက်တိုက်ဆိုင်ဆိုင် ရုရုက ရောက်ချ လာတော့ သူတို့ချင်း ပြောကြမှာတွေကို ကြားကုန်မှာစိုး လို့ အဲဒီဘက်ကို မသွားဖြစ်အောင် လှီးလွှဲတားထားဦးမ လို့၊ ခုတော့ ဆုံးဖြတ်ချက် ပြောင်းသွားပြီ။ မမေဇော် ပြောမယ့်ဟာတွေကို တကယ်တော့ သမီးလည်း ကြားသင့် ပါတယ်၊ သူတို့မောင်နှမချင်း ပြောနေကြတဲ့ကြားတော့ သွားထိုင်နေလို့ မကောင်းဘူးပေါ့၊ ဒီလိုလုပ်လိုက် အခန်းချင်း ကပ်ရပ်က သစ်သားကန့်လန့်ကာ (pariation)တစ်ဖက်ကပဲ ချောင်းပြီးတော့သာ ခိုးနားထောင်လိုက်ပေတော့"

ရုရုမှာ "ဘာတွေလဲ"လို့ တထိတ်ထိတ်နှင့်ပါ။ ကိုယ့်မှာက နဂိုတည်းကိုက ကိုယ့်အပူနဲ့ကိုယ် ပါလာရတဲ့အထဲ လေ။ အန်တီမေဇော်တစ်ယောက် ရုံးကနေတောင် အချိန်မဟုတ်ကြီး ပြန်ပြေးလာပြီး သူ့မောင် အိပ်ပျော်နေလို့ ကြီးစိန်ကိုပဲ ပြောနှင့်တယ် ဆိုတာတွေက ဘာတွေလဲ။

"ဘိုမရဲ့အမေ ဆိုတာနဲ့ တွေ့ခဲ့တာ။ ကိုယ်က သူ့မသိ ပေမယ့် သူက အတင်းလိုက်ကပ်ပြီး နှုတ်ဆက်မိတ်ဆက် တာလေ။ အဓိက,ကတော့ ပိုက်ဆံတောင်းချင်တာပေါ့"



"ဟင်း ... မပြီးသေးဘူးလား မမရာ၊ တစ်ခါပတ်သက်မိ တဲ့ဝဋ်ကို ကျွန်တော်တို့ တစ်သက်လုံးပဲ ဆက်ခံရတော့မှာ လား"

"ဘိုမက ဦးမြတ်ထွန်းအောင်နဲ့ကိစ္စ ပျက်သွားတယ်တဲ့၊ သူ့ကောင်လေးဆိုတာ ရှိတယ်မဟုတ်လား။ အဲဒီကောင် လေးက အဘိုးကြီးကိုသွားပြီး ခြိမ်းခြောက်သလိုလို၊ ငွေ ညှစ်သလိုလိုလုပ်တော့ ဟိုက ဘယ်ခံနေပါ့မလဲ။ ဘိုမကိုပဲ ပြောဆိုနှင်ချလိုက်မှာပေါ့"

"ဒါတွေလည်း မသိချင်တော့ပါဘူး မမရာ"

"မဟုတ်ပါဘူး၊ မမက စကားအဖြစ်သာ ထည့်ပြောတာပါ၊ အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက အဲဒီဘိုမရဲ့ အမေဆိုတဲ့ မိန်းမကြီးကို မမက သူလိုချင်တဲ့ပိုက်ဆံကို ပေးလိုက်တယ်"

"ဟင် ... ! ဘယ်လိုဖြစ်လို့လဲ။ ဘာမှမပတ်သက်တော့ ဘူးလေ၊ အဲလိုအဆက်အစပ် သွားလုပ်လိုက်ရင် အဲဒီဟာ မျိုးတွေက အစရှိအနှောင်နှောင် ဆိုသလို"

"ကိုယ်က သူ့ကို ကြောက်နေ ငဲ့နေစရာမှ မလိုတာ။ အနှောင်နှောင်တွေ ရှိလာလည်း ကိုယ်ပေးချင်မှ ဖြစ်တဲ့ကိစ္စ လေ။ ခုတစ်ချီကတော့ မမက တမင်ပဲ ကျေးဇူးတင်လို့ ပေးလိုက်တာ"

"ကျေးဇူးတင်လို့ ... ! "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ့ဆီက ကိုယ်တစ်သက်လုံး တစ်ခါမှမသိခဲ့တဲ့ ကြားတောင်မကြားဖူးခဲ့တဲ့ အကြောင်းအရာတစ်ခုကို သိလိုက်ရလို့။ လုံးဝမျှော်လင့်မထားမိတဲ့ကိစ္စပဲ။ ဒီမှာ ... ကျော်။ တော်နဲ့ ရုရုတို့ဟာ ကလေးချင်း သံယောဇဉ်ရှိကြတယ်တဲ့ ... ကြည့်စမ်း"

ချောင်းနားထောင်နေမိသော ရုရုမှာ ကိုယ့်နှုတ်ခမ်းလေးကိုယ် လက်ဝါးနှင့် ပိတ်အုပ်ကာ အငိုက်မိသလို ဖြစ်သွားရပါသည်။ ဒီကိစ္စကို အန်တီမေဇော် လုံးဝမသိခဲ့ဘူးတဲ့။ ခုမှသိလာခဲ့တာတဲ့။ ထိုအခိုက်မှာပင် အန်တီမေဇော်၏အသံကျယ်ကျယ်ကို ပြန်ကြားလိုက်ရပါသည်။

"ဟင် ... ! ကျော်။ ကျော့်ပုံစံကြည့်ရတာ တစ်ခုခုပဲ၊ ကျော် ကြိုသိနှင့်သလား"

"ဟုတ်တယ် ... ကျွန်တော်သိတယ်"

"ဟာ ... ! ဒါဖြင့် ဒီကိစ္စဟာ ငါကလွဲပြီး လူတိုင်းသိနေနှင့်ကြတဲ့ကိစ္စပေါ့၊ မင်းက မမကို ဘာဖြစ်လို့ မပြောပြခဲ့ရတာလဲ"

ဦးကျော်ထံမှ ပြန်ဖြေသံ မကြားရပါ။ အန်တီမေဇော်ရဲ့အသံကသာ ဆို့နင့်နင့်နှင့် ...

"မင်းက ငါ့ကို အဲဒီလောက်အထိ အထင်သေးတာပဲနော် ကျော်။ မင်း မပြောခဲ့တာ အဲဒါ မမက ပွဲဝင်သိမ်းပစ်မယ်၊ ကြမ်းပစ်မယ် ခွဲပစ်မယ်လို့ ထင်လို့ မင်း မပြောတာ။ ဒါပဲရှိတာပဲဟာ"





"မဟုတ်ပါဘူး။ ကျွန်တော်က တော့်တစ်ဖက်တည်းကိုပဲ သိခဲ့တာပါ။ ရုရု စိတ်ထဲကို မသိခဲ့ရတာရယ်၊ အမေနဲ့သားကြား စိတ်အခန့်မသင့် ဖြစ်ကြရင် မကောင်းဘူးလို့ တွက်မိတာရယ်နဲ့ မပြောတော့တာ။ ရုရုကပါ အပြန်အလှန်အားဖြင့် အတူတူပဲ ဆိုတာတော့ ဟိုတစ်နေ့ကမှ သိလိုက်ရတာပါ"

"ဘယ်လိုသိသလဲ"

"သူ့ ကျွန်တော့် Lap top ကို ယူသုံးပြီး Log out ပြန်လုပ်ခဲ့ဖို့ မေ့သွားတယ်။ အဲဒီမှာ သိတာ။ တော်နဲ့သူ အပြန်အလှန် ရေးကြသလိုလိုနဲ့ သူချည်းရေးထားပုံရတဲ့ စာတွေကို ဖတ်ရတယ်။ ရုရုဟာ တော့်စိတ်နဲ့ ရူးတော့မနေပြီလားလို့တောင်မှ ထင်လိုက်မိတယ်"

ရုရုမှာ နံ့သာနား၌က ကြီးစိန်ကြီးကို ရက်စနီး မရဲတရဲလေး ကြည့်လိုက်မိပါသည်။

"ဒါဖြင့် သူတို့က အပြန်အလှန် ပွင့်ပွင့်လင်းလင်းတွေ မဟုတ်ကြသေးဘူးလား"

"မမသားက ရုရုကို စိတ်ဆိုးပြီး ပြန်ချသွားခဲ့တာပဲဟာ၊ လုံးဝ အဆက်အသွယ်တောင် မလုပ်ဘူး"

"ဒါဆို ဒေါ်စိန် ပြောတာ မှန်တာပေါ့။ ဒေါ်စိန်ကလည်း အဲဒီအတိုင်းပဲ ပြောတယ်။ အဲဒီ ဒေါ်စိန်ကလည်းပဲ ဘယ်လောက်ထိ ယုံကြည်စိတ်ချရသလဲဆိုရင် အစောကြီးတည်း



www.burmeseclassic.com

www.burmeseclassic.com



က သူ ကြိုသိခဲ့ရဲ့သားနဲ့ မမကို ပြောမပြဘဲ တမင်ဖုံးထားတာတဲ့ ...

'ရှင်က ကျွန်မကို အာဗွာဝကလို့ သတ်မှတ်ပြီး ကောင်မလေးဘက်က ကာကွယ်တယ်ပေါ့လေ' ဆိုတော့ 'ကောင်မလေးဘက်က ပါတာ မဟုတ်ပါဘူး'တဲ့။ 'မမဇော် အတွက်ပဲ ငဲ့တွက်ပြီး ဒီလို ဆုံးဖြတ်လိုက်တာပါ'တဲ့။ အဲဒါလည်း ဘာပဲဖြစ်ဖြစ် မမကို သူ လျှော့တွက်တာပဲလေ"

ကြီးစိန်က ရရရဲ့လက်ကလေးကို လာဆုပ်ကိုင်လိုက်ကာ ...

"သိသွားရင် သဘောတူချင်မှာ မဟုတ်ဘူးလို့ ကြီးစိန်က ထင်ခဲ့မိတယ်။ ဒါပေမဲ့ မမဇော်က အင်မတန် စိတ်ကောင်းရှိတယ်၊ စာနာတတ်တယ်၊ ပြီးတော့ ဒီလောက် သူ့အပေါ်မှာ အထင်မှား၊ တလွဲစိတ်ဝင်နေတဲ့ သားလုပ်တဲ့သူနဲ့လည်း ပြဿနာတက်ချင်မှာ မဟုတ်ဘူး။ ဒီတော့ သဘောမတူချင်တဲ့ကြားကနေ အရာရာကို ငဲ့တွက်ပြီး သူ့ဆန္ဒမပါဘဲ သဘောတူပေးလိုက်ရတာမျိုး လုပ်ချလိုက်လိမ့်မယ်လို့ ကြီးစိန်က ထင်နေလို့ မမဇော်ကို တမင် ဘာမှအသိမပေးတော့ဘဲ ဒီတိုင်းဖုံးကွယ်ထားလိုက်တော့တာပါ။ ဘာမှ မသိလိုက်ရတော့ စိတ်ထဲကမပါဘဲ သဘောတူပေးလိုက်ရတာမျိုးလည်း လုပ်ဖို့မလိုတော့ဘူးလေ"





ရရမှာ အန်တီမေဇော်ကို မျက်နှာချင်းတောင် ပြန်မဆိုင်ရဲတော့လောက်အောင် ရှက်အားနာရပါပြီ။ "သိသိကြီးနဲ့ တစ်ချက်ခုတ် သုံးချက်ပြတ် သူ လုပ်ချင်ရာကို လုပ်ချသွားတာပဲ"ဟု အထင်တွေမှားနေခဲ့မိတာ အင်မတန် ရှက်စွံ့အားနာစရာ ကောင်းလောက်အောင် အပြစ်ကြီးလှပါသည်။

"သားကတော့ မမကို အရမ်းနာသွားပြန်တော့မှာပဲ ကျော်ရယ်။ သူနဲ့ သဘောမတူချင်တာနဲ့ပဲ ကျော်နဲ့ ဖွတ်စီစဉ်ပစ်တယ်လို့ ထင်သွားလိမ့်မယ်"

"အဲဒါ ရရကပဲ ထင်နေတာ ဖြစ်နိုင်မယ်။ မမသိပြီး ဖွတ်စီစဉ်ချင်တာလို့ တော်ဘ် သိသွားပုံမရပါဘူး။ ကောင်မလေးက တော့်ကို မမက ဖွတ်စီစဉ်တာတို့၊ သိနေပြီထင်တယ်တို့ ဘာမှ ပြောလိုက်ပုံမရဘူး။ အဲဒါကြောင့်ပဲ မမသားက ရရကိုချည်း စိတ်ဆိုးပြီး အပြတ်ဖြတ်သွားခဲ့တာပေါ့"

"ကလေးမလေးက တော်လိုက်တာ။ ဒီမှာ ကျော် ... ဒါမြင့် မမ မင်းကို ပွင့်ပွင့်လင်းလင်း ပြောချင်တာတွေ ရှိလာပြီ။ ရှင်းရှင်းပြောရရင် ကျော့်ကိုအရမ်းချစ်သလို သားကိုလည်း ချစ်တာပဲ။ ကျော်ကမှ ဒီအစ်မတစ်ယောက်ကို နားလည်ပေးတတ်သေးတယ်။ သားကတော့ အထအနကောက်ပြီး အထင်လွဲဖို့ပဲ အကွက်ချောင်းနေသလိုရှိတော့ သားအမြင် တိမ်းသွားမှာကို မမ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး ကျော် ...



www.burmeseclassic.com

www.burmeseclassic.com



နှင် စိတ်မဆိုးနဲ့။ နင်နဲ့ ရှုရှုကို ငါ သဘောတူစီစဉ်ချင်ခဲ့တယ်ဆိုတာ ကျော့်မှာက လိုအပ်ချက်ရှိနေလို့ တော်ရုံရော်ရုံ မိန်းကလေးမျိုးလောက်နဲ့ပဲ သဘောတူလိုက်နိုင်တာမျိုး မဟုတ်ပါဘူး။ အဲဒီ ကလေးမကို ငါကိုယ်တိုင်က လက်ခံနိုင်လို့။ မမ သူ့ကို နှစ်ကိုနှစ်သက်လို့ ကိုယ့်မိသားစုထဲ ဝင်လာနိုင်မယ့် မိန်းမကောင်းလေးအဖြစ်ရွေးချယ်ခဲ့တာ။ အချစ်ချင်း အတူတူပဲရယ်ဟာ၊ မောင်နဲ့တောင်သဘောတူနိုင်သေးရင် သားနဲ့ကျမှ ဘာလို့သဘောမတူနိုင်ရမလဲ ...

ကျော်ကိုယ်တိုင် ဒီကလေးမလေးကို ငြင်းခဲ့တာမမ ခုမှပြန်ဝမ်းသာတယ်။ တော်ပါသေးရဲ့လို့ ကံကြမ္မာကိုကျေးဇူးတင်တယ်။ ကျော့်ဘက်က တကယ်စိတ်မပါလို့ငြင်းခဲ့သည်ဖြစ်စေ။ မကောင်းတတ်သေးလို့၊ အချိန်စောင့်ချင်သေးလို့ ခဏငြင်းထားခဲ့တာမျိုးပဲ ဖြစ်ပါစေ။ မမကအတွေ့ကြီးကြီးနဲ့ပဲ ပြန်တောင်းဆိုရတော့မှာပဲ။ ငြင်းပြီးတာကို ငြင်းပြီးတဲ့အတိုင်းပဲ ရှိပစေတော့။ မမ တစ်ချိန်လုံးဆက်နွှားချ တိုက်တွန်းနေခဲ့တာတွေကို မရှိခဲ့ဘူးလို့ပဲ မေ့လိုက်တော့"

"ကောင်းပါရဲ့ဗျာ၊ နားပူနားငြီး သက်သာတာပေါ့။ မမရဲ့သားတော်မောင်ကိုရော ကိုယ်တိုင်ပဲပြောမှာလား။ ကျွန်တော်ပြောပေးရမှာလား။ ဒီကောင်က ကောင်မလေးကိုလောက်



အသည်းအသန် စိတ်ဆိုးနာကျင်သွားတာမျိုးသာ မရှိတာ။ ကျွန်တော့်လည်း သိပ်ကြည်လင်ပုံတော့ မရပါဘူး။ တကယ့်ကောင်"

"ငယ်စိတ်လေ ကျော့်ရယ်။ ငယ်စိတ်နဲ့ အရာရာကိုမှားယွင်းဆုံးဖြတ်ရင် ပြန်ပြင်လို့မရတဲ့ နောင်တတွေနဲ့ ဆက်တိုက်ကြုံရနိုင်တယ်ဆိုတာလေး တစ်ခုကို သူ ဒီအဖြစ်တွေကနေ သဘောပေါက် နားလည်မှု ယူနိုင်ခဲ့ရင် အဆိုးထဲက အမြတ်ပေါ့။ အဲဒီငယ်စိတ်တစ်ခုနဲ့ပဲ မှားခဲ့ဖူးတဲ့ အမေတစ်ယောက်ကိုလည်း နားလည်စာနာနိုင်ကောင်းပါရဲ့"

"မမကရော ဒေါ်စိန်ကြီး ထင်သလို သားနဲ့ပြေလည်ချင်တာနဲ့ပဲ ကိုယ့်စိတ်ကိုယ် ကြိတ်မှိတ်မျိုသိပ်ပြီး သဘောမတူချင်ဘဲ တူပေးလိုက်ရတာမျိုး တကယ်မဟုတ်တာ သေချာတယ်နော်"

"လူတွေက ငါ့တို ဘာလို့ တစ်ပုံစံတည်း အထင်မှားကြတာလဲ မသိဘူး။ ငယ်ငယ်က အရိုပ်မည်းက ဒီလောက်နှစ်ကြာကြာအထိ အမည်းရောင်ကြီး အုပ်မိုးခံထားရဆဲပဲလား။ ကရုဏာကိုတော့ ငါ တကယ်ပဲ ချီးကျူးလိုက်ချင်ပါရဲ့။ အထင်တွေ မှားနေတဲ့ကြားကကို ဟန်ဆောင်ကောင်းနိုင်လိုက်တာ။ ကိုယ့်စိတ်ကိုယ် ချိုးချထားပြီး ကျိုးကျိုးဝပ်ဝပ် ဣန္ဒြေမပျက် နေနေရမှာ။ ငါသာဆိုရင်တော့ မလုပ်တတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက တော်ရှာပါတယ်"

မတော်ဘူး။ နည်းနည်းလေးမှ မတော်ဘူး။ လူကဲခတ်ညံ့ပြီး အထင်မှားလွယ်တတ်တဲ့ နေရာမှာ ထိပ်ဆုံးကပဲဖြစ်နေမှတော့ တော်ရှာပါဦးမလား။ အဆင့်အတန်းလည်း မခွဲခြား။ စိတ်ကောင်းလည်းရှိပြီး စာနာတတ်တယ်ဆိုတဲ့ အန်တီမေဇော်ကို သံယောဇဉ်ရှိမိပေမယ့် နှစ်နှစ်ကာကာကြီး မယုံကြည်ခဲ့မိဘဲ စိတ်ထဲ အမြဲထင့်ပြီး သံသယတွေချည်း ကြီးနေမိခဲ့တာ တော်ရှာတယ်လို့ ဆိုနိုင်ပါဦးမလား။

"ရုရု ပြန်တော့မယ် ကြီးစိန်"

"ဟဲ့ ... တွေ့သွားလိုက်ဦးလေ။ သူလည်း အားလုံးရှင်းရှင်းလင်းလင်း သိသွားကြပြီးမှ တွေ့ချင်မှာပေါ့"

"ဟင့်အင်း ... ဟင့်အင်း ... ရုရုက အန်တီ့ကို အထင်တွေမှားထားမိတာ၊ အရမ်းလွန်ခဲ့မိတာပေါ့၊ ရင်မဆိုင်ရဲဘူး"

လူကြီးလုပ်တဲ့သူ့ဘက်ကတော့ တစ်ချိန်လုံး စစ်မှန်မှုနဲ့ ဖြစ်နေခဲ့တယ်။ ကိုယ်ကကျတော့ မှားယွင်းမှုတွေအပြင်ဟန်ဆောင်မှုတွေနဲ့။ အန်တီမေဇော့်ကို ချက်ချင်းကြီး ပြန်ရင်ဆိုင်လိုက်ရမှာ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်။

ဦးကျော်ကိုကျတော့ ရှက်တာ။ တအားရှက်တာ။ ရုရုရဲ့စာတွေကို ဖတ်မိသွားသလား မဖတ်မိခဲ့ဘူးလား မသေချာခင်ကတော့ ရင်ဆိုင်ရမှာကို မပုံမရဲနဲ့ ကြောက်ရွံ့တာ။ ခုကျတော့ ရှက်တာ။ "ရုရုဟာ တော့်စိတ်နဲ့ ရူးတောင်နေပြီလားလို့တောင်မှ





ထင်လိုက်မိတယ်"တဲ့။ အား ...။ ဘယ်လောက်ရှက်စရာကောင်းထားလိုက်သလဲ။

ရုရုမှာ ကြီးစိန်ကြီး အတင်းတားနေတဲ့ကြားကပင်မရမက အတင်းရုန်းပြေးကာ ပြန်လာခဲ့ပါတော့သည်။ ကိုယ် လူသတ်ခဲ့မိတဲ့နေရာကို "ဘယ်လိုများနေမလဲ"ရယ်လို့ မနေနိုင်မထိုင်နိုင်၊ စိတ်မချ‌ႉလက်မချနဲ့ (ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို) တစ်ခါထပ်သွားပြန်ကြည့်မိတဲ့ လူသတ်သမားဟာအဲဒီအလောင်းကောင်ကြီးကိုလည်း အသက်ရှင်ကာ ငုတ်တုတ်ကြီးတွေ့နေ၊ ကိုယ်လည်း ဘာအမှုမှမပတ်နိုင်ဘူးလို့ပါ "ဘွား"ခနဲသိလိုက်ရရင် ဘယ်လိုနေမယ် ထင်ပါသလဲ။

ရုရု တစ်ယောက် ရောက်လာပြီး စကားအားလုံးကြားသွားပြီဆိုတာ ကြီးစိန်ကြီးက အန်တီမေဇော်တို့ကို ပြန်ပြောပြမှာပါ။ ရတ်တရက်ကြီးတော့ လူကြီးတွေ ကိုယ်နေနေတဲ့အဆောင်ကို ရောက်ချမလာကြပါစေနဲ့ဦးဟုသာ ရုရုက အထပ်ထပ် ဆုတောင်းနေမိပါသည်။

❦ → ❦

တစ်နေ့သော အခါမှာတော့ ရုရုဟာ "ru ru @gmail.com"ဆိုတဲ့ ဂျီမေးလ်(အီးမေးလ်)လိပ်စာလေးကို ခါတိုင်းလိုပဲ အလွမ်းသယ် အပန်းဖြေနိုင်ဖို့ ဖွင့်လိုက်တဲ့အခါ ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် (မနေ့က) လှမ်းပို့ထားခဲ့တာ မဟုတ်တဲ့ စာကလေးတစ်စောင်ကို အံ့ဩစရာ ကောင်းလောက်အောင် တွေ့လိုက်ရပါသည်။

အစစ်ကလေး။ တော့်ဆီကို တကယ့်အစစ်အမှန်ရောက်လာခဲ့တဲ့ တကယ့် တော့်စာအစစ်ကလေး။ တော်ဟာ ရုရုရဲ့ ကျီမေးလ်လိပ်စာကို စာတွေဖွင့်ဖတ်ထားတဲ့ ဦးကျော်ကတစ်ဆင့် ရရှိသွားနိုင်ခဲ့ပြီ။

"ဟဲ့ ... ကောင်မလေး ...

ငါ (၁၀)ရက်နေ့ ရောက်မယ်၊ လေဆိပ်မှာလာကြို

မနေရင်တော့ မင်း သေပြီမှတ်"

ရယ်သံအကျယ်ကြီး ထွက်သွားတဲ့အခါ ဆိုင်ထဲက လူအချို့က ရုရုကို စောင်းကြည့်လို့တစ်ဖုံ၊ တည့်တည့်ကြီးလာကြည့်လို့ တစ်နည်းနှင့် လှမ်းကြည့်လာကြပါသည်။ တော့်ရဲ့စာအစစ်ကလေးမှာ ရုရု ဖန်တီးတဲ့ အတုကလေးတွေလို အချစ်များစွာတို့ဖြင့် (မဖြစ်မနေ) ပြည့်လျှံထုံမွှမ်းလို့ မနေပါ။

သို့သော်လည်း ချစ်ခြင်းရဲ့ရနံ့၊ သင်းပျံ့လာတာကို အသက်ရှူလမ်းကြောင်းတစ်လျှောက်နှင့် အဆုပ်နှစ်ခုတို့မှ ခံစားသိရှိနိုင်သည်။ မြတ်နိုးခြင်းရဲ့ အထိအတွေ့တို့က လူတစ်ကိုယ်လုံးနဲ့ နှလုံးသားတစ်ခုကို ရစ်ပတ်သိုင်းဖွဲ့ကာ တင်းတင်းကျပ်ကျပ်ဖွဲ့ဖက်လိုက်သည်။

သူ တကယ်တမ်း ရုရုရဲ့နံဘေးသို့ ရောက်လာသောအခါမှာလည်း အနိုင်ယူ အော်ငေါက်ဆူပူကာ ရက်ရက်စက်စက်





လေသံတို့နှင့် တင်းတင်းစီးစီး စကားလုံးတို့နဲ့ပဲ ကိုင်ပေါက်ဦးမှာပဲ မဟုတ်လား။ အဲဒီအခါကျရင်လည်း ရုရုမှာ နားစည်တစ်လျှောက်နားဝင်ချိုကျေနပ်နေကာ နှုတ်ခမ်းဖူးလေးကလည်း အတင်းကြီးဖိကိုက်ခံထားရတဲ့ကြားက ပြုံးယောင်သမ်းချင်လာရဦးမှာပါပဲ။

တကယ့်စာအစစ်ကို ဖတ်ခွင့်ရပြီးတဲ့အခါ တကယ့်နှုတ်ဖျားအစစ်ကနေ "ရုရုရောပဲ တော့်ကို သိပ်ချစ်တာပဲ"လို့ ပြန်ပြောခွင့် ရချင်လှပါပြီတော်။ ပြောခွင့်မရနိုင်တော့ဘူးလို့ ထင်နေတုန်းကထက် ရနိုင်တော့မယ် ဆိုတာကို သိကာမှ ထပ်မစောင့်နိုင် မအောင့်နိုင်တော့လောက်အောင် ......"

နက်ဖြန်ခါတွေ အမြန်ရောက်လိုက်ပါတော့ တော်ရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ကြီးလည်း … ပြိုကျလာစရာ မလိုပါဘူး။
မြေပြင်တစ်ခုကလည်း … ခုန်တက်ပြေးကပ်လို့ မလာနိုင်ဘူး။
ဒါပေမဲ့ …"မိုးကုပ်စက်ဝိုင်းတစ်နေရာ"… ဆိုတာရှိတယ်။
မိုးကုပ်စက်ဝိုင်းကို ယုံကြည်ရင် … ဆုံနိုင်ခွင့် ဆိုတာလည်း …
တစ်နေ့တော့ ရှိလာနိုင်လိမ့်မယ်။

ပုဏ္ဏမီ

BURMESE CLASSIC .com

www.burmeseclassic.com